
www.burmeseclassic.com



BURMESE CLASSIC .com

မေ့လို့မရသည့်အကြောင်းအရင်း

DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၂၂၀၃၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၃၀၆၀၅၁၂

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ–၀၄၅၀၆) (ဖျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျော်ရင် (မြ–၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၂ ခုနှစ်၊ ဇူလိုင်လ

တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

ဖြန့်ချိရေး

စိုးပိုးစာပေ

ဖုန်း – ၀၁– ၂၉၀၉၉၅

၈၉၅ . ၈၃

လုံမ

မေ့လို့မရသည့်အကြောင်းအရင်း / လုံမ ။ – ရန်ကုန်။

ဖျူးစာပေ ၊ ၂၀၁၂ ။ ၈၀ စ

၂၈၀ – စာ ၊ ၁၂ X ၁၈ စင်တီ။

(၁) မေ့လို့မရသည့်အကြောင်းအရင်း

BURMESE CLASSIC .com

# အခန်း (၁)

"လူနှစ်ယောက်သေတာတောင် မတောင်းပန်လို့ဖြစ်မလား။ နှစ်ဦးနှစ်ဖက် အတူတူမှားကြတယ်ဆိုရင်တောင် လူ့ကျင့်ဝတ်ဆိုတာ ရှိတယ်"

"မလိုဘူး။ အဲဒီအမှုအတွက် ငါ့သားကြီးတစ်ယောက်လုံး ဥပဒေကပေးတဲ့ အပြစ်ကို ခံနေရပြီ၊ သူတို့ကရော လူ့ကျင့်ဝတ်ဆိုတာ သိခဲ့လို့လား။ လူလည်းသေပြီးနေပြီ၊ အပြင်မှာပဲ အေးဆေး ညှိနှိုင်းကျေအေးရအောင် ပြောခဲ့တာ လက်ခံတာမှ မဟုတ်ဘဲ"

"ကာယကံရှင်ဘက်က မေမေကိုယ်တိုင်သွားခဲ့လို့လား၊ ငွေထုတ်ပေးပြီး ရှေ့နေကိုပဲ လွှတ်ခဲ့တာလေ၊ သေဆုံးသူတွေရဲ့ဈာပနကိုလည်း မေမေ လူကိုယ်တိုင်ရှုရေးအရ သွားခဲ့တာမဟုတ်ဘူး။ ဟိုဘက်က ကျေနပ်ကျေအေး မပေးနိုင်တာ မမှားဘူး မေမေ"

ဖျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆစ်ထန်"

ရုံးခန်း အော်သံနှင့်အတူ ဆစ်ထန် မျက်နှာကို ဒေါ်မြသားနွယ် စိမ်းသက်စွာ အတန်ကြာ ကြည့်၏။ မျက်လုံးမျက်ခုံး မျက်နှာကျပုံစံကအစ သူ့အဖေနှင့်တစ်ပုံတည်း။

ဘယ်သူ့ကိုမှ လေးစားရမှန်းမသိသလို မှန်တယ်ထင်လျှင် မအောက်တောင် တုံ့ပြန်တိုက်ခိုက်ရဲ၏။ ဒါကြောင့်မို့ နိုင်ငံခြားကျောင်းသွားတက်ဖို့ မဖြစ်မနေ လွှတ်လိုက်တာ။

မျက်စိအောက်မှာ မြင်နေရလျှင် ပြဿနာတွေနှင့် အကုသိုလ်များလွန်း၏။ ဆစ်ထန်ကို မျက်စိအောက်မှာ မြင်နေရတာ တစ်နေ့မှ စိတ်မချမ်းသာ။

အခုတော့ မိမိကမခေါ်ချင်တောင် ရောက်လာရမည့်အကြောင်းက ပေါ်လာ၏။

မိမိတို့ကုမ္ပဏီကထုတ်သည့်ကားကို အစမ်းမောင်းရင်း သားကြီး ကားအက်ဆီးဒင့်ဖြစ်သည်။ တစ်ဖက်က ဘာအကြောင်းရယ်မသိဘဲ အရှိန်ပြင်းမောင်းလာသည့်ကားက လင်မယားနှစ်ယောက်လုံး ပွဲချင်းပြီး သေဆုံးသည်။

အမှုကျေအေးလိုက်လျှင် အချုပ်ရက်လျှော့ပေါ့ပြီး လျော်ကြေးပေးလိုက်လျှင် ပြီးသွားမည့်ကိစ္စ။

အခုက ထောင်ခုနစ်နှစ်တောင်တဲ့။

[illegible]



စီရင်ချက်ချပြီးချိန်မှာ ရင်တစ်ခုလုံး မီးပြင်းပြင်းလောင်မြိုက်ခံရသလို ရှိန်ရှိန်ငြိုးသွား၏။ ဒီလောက်ထိ ဖြစ်သင့်လို့လား။ နှစ်ဦးနှစ်ဖက် အမှားမှာ ညှိနိုင်းလို့အဆင်မပြေဘူးဆိုရင်တောင် အလွန်ဆုံး သုံးလေးနှစ်ပေါ့။ အခုတော့။

"ဟိုဘက်ကလည်း အကောင်းဆုံးရှေ့နေတွေနဲ့ အပြစ်ဒဏ်အကြီးမားဆုံးဖြစ်အောင် လုပ်နေတယ် ထင်ပါတယ်၊ ဒီဘက်က တရားခံက အရက်သေစာသောက်စားထားလို့ ဘယ်လောက်ပဲ ကြိုးစား ကြိုးစား ကွင်းလုံးကျွတ်လွတ်ဖို့ မလွယ်ရတဲ့အထဲ ညှိနှိုင်းလို့မရတာ တော်တော်ခက်ခဲပါတယ်"

ရှေ့နေကြီးရဲ့ သတင်းစကားကြောင့် နဂိုရှိရင်းစွဲ မာနများက အမုန်းအငြိုး အာဃာတများကျယ်ပြန့် အားကောင်းသွားခဲ့သည်။ တကယ်ဆို သားကြီးကို မိမိအချစ်ဆုံးပါ။ ဘယ်သူနှင့်မှ နှိုင်းယှဉ်လို့မရအောင် တန်ဖိုးထားခဲ့သည်။

"မင်း အခု ဘယ်သူ့ဘက်က ခုခံတင်ပြနေတာလဲ ဆစ်ထန်၊ အခု အဖမ်းခံနေရတာ မင်းအစ်ကို၊ လုပ်ငန်းကြီးတစ်ခုလုံး မင်းဦးစီးလုပ်ရတော့မှာမို့ မင်းပျော်နေတာလား"

"မေမေ"

"မပျော်လင့်နဲ့၊ လုံးဝ မပျော်လင့်နဲ့၊ မင်း ကျောင်းသားအရွယ် ပညာရေးကိုပဲ ဆုံးခန်းတိုင်အောင်တက်"

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ပညာတတ်ကြီးဖြစ်စေချင်တဲ့ စေတနာနဲ့ရော ဟုတ်ရဲ့လား မေမေ"

"ဘာ"

"ကျွန်တော် ဘာကိုမှ မမက်မောတဲ့အကောင်းဆိုတာ မေမေ သိပါတယ်။ မေမေ သွားဆိုတဲ့နေရာကိုသွားတယ်၊ ကျောင်းပိတ်ရက် ပြန်မလာနဲ့ဆိုလည်း ပြန်မလာခဲ့ဘူး၊ အခု ကုမ္ပဏီမှာ မေမေ အားကိုးတဲ့ သား မရှိဘူး"

"အဲဒါ ဘာဖြစ်လဲ၊ သူ့ ခဏမရှိလို့ ဒီလုပ်ငန်းတွေ ကျဆုံး မသွားဘူး။ မင်းအဖေ အိပ်ရာထဲလဲကတည်းက ဒီလုပ်ငန်းကြီးကို ငါ တာဝန်ယူခဲ့တာ"

"ထင်သလောက် မတိုးတက်ခဲ့တာ ကိုကို ဖြုန်းတီးနေတာ ကြောင့် မဟုတ်လား မေမေ။ မင်းပညာရေးအတွက်လည်း ကုန်တာပဲလို့ လည်း လက်ထောက်မချနဲ့ နိုင်ငံခြားကို ကျွန်တော် သွားချင်ခဲ့တာ မဟုတ်ဘူး"

မေမေ နှင်လွှတ်လိုက်တာလို့ မပြောလည်း သိပေလိမ့်မည်။ သွားခါနီးအချိန်မှာ သူ မျက်ရည်တောင် ကျခဲ့ရသေးတာပဲ မဟုတ်လား။

"ကျွန်တော် မသွားချင်ဘူး ဖေဖေ၊ မေမေ့ကို တားပေးပါဦး။ ဖျောင်းဖျပေးပါဦး ဖေဖေရယ်။ နိုင်ငံခြားမှာ ကျောင်းသွားတက်မှ ပညာ ဂုဏ်မြင့်တာ မဟုတ်ပါဘူး။ ကျွန်တော် ကားလုပ်ငန်းကို ဝါသနာပါတာ





ဖေဖေ သိတယ် မဟုတ်လား၊ အဝေးသင်နဲ့ဘွဲ့လက်မှတ်ယူပြီး ကားနဲ့ ပတ်သက်တဲ့ ပညာကိုပဲ သင်ပါရစေ၊ ဖေဖေ့အတွက်လည်း အထောက် အကူ ရတာပေါ့"

"မင်းက ဒီကကိစ္စကို တွေးမပူနဲ့၊ ဖေဖေလည်း လုပ်နိုင်ပါသေး တယ်၊ သားအမေက သားကို နိုင်ငံခြားကျောင်းသွားတက်စေချင်တာ ဂုဏ်ရှိစေချင်လို့ပါ။ ဒီမှာက သား ကိုကိုလည်းရှိတယ်မဟုတ်လား၊ ကျောင်း ပြီးလို့ အလုပ်ခွင်ထဲတောင် ဝင်နေပြီ၊ သားအမေ စိတ်ချမ်းသာအောင် သွားလိုက်ပါ သားရယ်"

ဖေဖေ့ကို အကူအညီတောင်းကြည့်တော့လည်း အဆင်မပြေ။ အမြဲလို မေမေ့အရိပ်အကဲကြည့်နေတတ်ပြီး ငြိငြင်အထင်လွဲမှာမျိုး အဖြစ် မခံခဲ့။

ဖေဖေ့ပုံစံက ခက်ထန်တင်းမာသောစတိုင်မရှိပေမယ့် မေမေ့ရှေ့ မှာဆိုလျှင် အပြစ်သားတစ်ယောက်လို အမြဲမဝံ့မရဲ ရှိလွန်းခဲ့သည်။

ဒါကြောင့်လည်း ဖေဖေ့စကားကို နားထောင်ပြီး သူ သွားခဲ့ ရတာ။ တကယ်တော့ ဖေဖေ လေဖြန်းပြီး အိပ်ရာထဲလဲခဲ့တာတောင် မေမေက ဖုန်းဆက်အသိမပေးခဲ့ပေ။ စာသင်နေချိန်မှာ စိတ်အနှောင့် အယှက်ဖြစ်မှာစိုးလို့ဆိုပြီး နောက်အချိန်တွေကြာမှ သိခဲ့ရတာ ဖြစ်၏။

"မင်း ပြန်လာလို့လည်း ဘာမှအကြောင်းထူးမှာမဟုတ်ဘူး။ ငါတို့အကောင်းဆုံး ကုသထားလို့ စာသင်ချိန်ပြီးမှ ပြန်လာခဲ့ပါ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



အဖေကလည်း အဲလိုပဲ ဖြစ်စေချင်လို့ ကျန်းမာရေးမကောင်းတဲ့အဖေကို စိတ်ဆင်းရဲအောင် မလုပ်နဲ့''

မေတ္တာသက်သက်နဲ့မဟုတ်ဘဲ အမိန့်သံဆန်လွန်းသည်ဟု ထင်ပါသည်။ သူ့ အရွယ်မရောက်ခင်က ဘယ်လိုနေခဲ့ရသည် မမှတ်မိသော်လည်း သိတတ် နားလည်သောအရွယ်ကစလို့ ခုချိန်ထိ မေမေ့ဆီက ဒွေးထွေးမှုမျိုး မခံစားဘူးချေ။

ကိုကို့အပေါ်တော့ သိသာစွာ အလိုလိုက်ဖြည့်ဆည်းမှုတွေ ရှိခဲ့ပြီး တန်ဖိုးထား မြှောက်စားလွန်းတာလည်း မနာလိုဖြစ်မိလောက်အောင်ပင်။

"သားဦးဆိုတော့ ဘယ်မိခင်မဆို အချစ်ပိုကြတာ သားက နားလည်ပေးလိုက်ပါ၊ သားအိမ်ထောင်ရက်သားကျလို့ သားသမီးရရင်လည်း ဒီအတိုင်းပဲ ရှိမှာ''

ဖေဖေ့ကို တိုင်တန်းမိတော့ ထိုအတိုင်းပဲ ဖျောင်းဖျနားချခဲ့သည်။ မွေးထုတ်ခဲ့တာချင်းအတူတူ ဒီလို ခွဲခြားဆက်ဆံခံရတာမျိုး ရှိသလား။

နောက်ဆုံးတော့ ကိုယ့်တာသာ နေတတ်အောင် အလေ့အကျင့်လုပ်နေခဲ့ရသည်။ စိတ်ဆန္ဒအလျောက် တစ်စုံတစ်ရာကို မတောင့်တမိအောင် ကြိုးစားခဲ့ရ၏။

အခုဒီကိစ္စမှာတော့ ကိုယ်နဲ့မဆိုင်သလို မျက်နှာလွှဲနေလို့ မဖြစ်။





ဖြစ်ဖြစ်ချင်း ရောက်မလာနိုင်တာကိုပဲ တာဝန်မဲ့သလို ခံစားနေရ၏။

စာမေးပွဲချိန်မို့ ပြီးပြတ်အောင် နေနေခဲ့ရတာ။

နောက်ကျနေပြီဆိုသော်လည်း ကိုယ့်ဘက်က ဝတ္တရားရှိသေးတာမို့ . . ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဝဋ္ဋရှားအရတောင် သတင်းမေးဖော်မရတဲ့ အဲဒီဘက်ကို ဘာမှငဲ့ညှာစာနာနေစရာ မလိုဘူး ကြီးမေ၊ နိုက မိဘနှစ်ပါးလုံး ဆုံးရှုံးထားရတာ၊ ကိုယ်ချင်းစာစိတ်လေးနဲ့တောင် လာပြီး နှစ်သိမ့်ပေးလို့လား"

"သူတို့ဘက်မှာလည်း သားတစ်ယောက်လုံး ထောင်ကျသွားတာ ပူပင်သောကတွေ ရှိနေမှာပေါ့ကွယ်"

"ဒါ သူ့အပြစ်နဲ့သူလေ အရက်သေစာသောက်ပြီး မဆင်မခြင် မောင်းလို့ ဒီလိုဖြစ်ရတာပေါ့။ လူချမ်းသာ သားသမီးဆိုပြီး ထင်သလို လုပ်တာ ခံပေါ့၊ သူ့ကြောင့် ဖေဖေနဲ့မေမေ အဖြစ်ဆိုးနဲ့ ကြုံရတာ နိုလုံးဝ ခွင့်မလွှတ်နိုင်ဘူး"

မျိုးဝေဇေမ



အံကြိတ်ထားသော်လည်း မျက်ရည်က အလိုလိုကျလာပြန်၏။ မိဘတွေအဖြစ်ကို ယူကျုံးမရ ခံစားရင်း ဘယ်လိုမှ မဖြေနိုင်။ တကယ်ဆို ဒီကိစ္စက ကံကြမ္မာကြောင့်ဆိုသော်လည်း တစ်ဖက်ကလူ အရက်သေစာ သောက်စားမထားလျှင် ဒီလိုအဖြစ်ဆိုးမျိုး ကြုံစရာမရှိ။

သူမ ဘွဲ့ယူသွားဖို့ အလှပြင်နေတာ ကားငှားနေတာနှင့် အချိန်တွေ အရမ်းနောက်ကျနေခဲ့သည်။

"ကားက လေးဆယ့်ငါးမိနစ်ကျော်လောက် မောင်းရမှာ၊ ပီးပွဲ မီရင် မှီနောက်ကျဦးမယ်၊ ပိရိယရှိရှိ စောစောစီးစီး လုပ်ကြတာ မဟုတ်ဘူးကွယ်"

ရုံးကခွင့်ယူပြန်လာသော ဖေဖေက ကရုဏာဒေါသော ဆူပူ မာန်မဲသည်။ မေမေက ဆွမ်းချိုင့်ချက်ရမှာမို့ ဈေးသွားချက်ပြုတ်နေတာ၊ အသျှင်အမြန်ပြီးအောင် သူမလည်း ကူပြီးလုပ်ပေးနေတာပါပဲ။

အားလုံး ပြီးစီးသွားတော့ အလှပြင်ဆိုင်ပြေး ကားငှား။

"ဦးလေးကြီး မြန်မြန်မောင်းပေးပါနော်၊ ဘွဲ့ယူရမှာ အမှတ်စဉ်နဲ့ခေါ်တာမို့ နောက်ကျလို့ မဖြစ်လို့ပါ"

"အေးပါ စိတ်ချ သမီး မီစေရမယ်၊ ဦးလေးသမီး ဘွဲ့ယူတုန်းကလည်း ဒီလို ကသုတ်ရိုက်ပဲကွ၊ ငွေကြေးပြည့်စုံတဲ့သူတွေ အရာရာ အဆင်သင့် အဆင်ပြေနေတာမျိုးမှ မဟုတ်တာ"

ကားသမား ဦးလေးကြီးက သားသမီးချင်း ကိုယ်ချင်းစာရှာ

မျိုးဝေဇေမ

www.burmeseclassic.com

www.burmeseclassic.com



ကားရှင်းသော ဖြတ်လမ်းတွေကနေ ကားကို အမြန်မောင်းပေးရှာသည်။

ထိုအချိန်မှာပဲ လမ်းကြားတစ်ခုကနေ လမ်းမဘက်ကို ဖြတ်ပြေး တစ်ဖက်က ဝင်လာသော ဟိုင်းလတ်ယာဉ်က သူမတို့ကားနောက်ပိုင်းကို အရှိန်ပြင်းဝင်တိုက်လိုက်သည်။

အရှိန်ဘယ်လောက် ပြင်းသလဲဆိုလျှင် သူမတို့ ကားလေးက လမ်းဘေးဓာတ်တိုင်ကို ဝင်ဆောင့်ပြီး မထိန်းနိုင်သော ထိုကားက ထပ်ဆောင့်ကာ ဓာတ်တိုင်နှင့် ညှပ်ရိုက်ချလိုက်သလို ဖြစ်သွားသည်။ အလှတွေ ပြင်ထားသော သူမကို ရှေ့ခန်းက ထိုင်နိုင်းခဲ့သည့်အတွက် ကားသမား ဦးလေးကြီးရော သူမရော ဒဏ်ရာအနည်းငယ်သာ ရကြပေမယ့် ဖေဖေနှင့် မေမေ အဖြစ်က မြင်ရက်စရာမရှိပေ။ ဘဝမှ အစကနေ ဆင်ခြင်ပြင်ဆင်လို့ မရတော့သော အဖြစ်ဆိုးကြီးကြောင့် သူမ အာခေါင်ကွဲမတတ် အော်ဟစ်ငိုယိုခဲ့သည်။

ရင်ကွဲမတတ် နာကျင်ကြေကွဲ ခံစားရင်း ထိုအဖြစ်ကို မျက်ဝန်းထဲမှာ အကြိမ်ကြိမ် ပြန်မြင်ယောင်မိ၏။ ဘယ်လိုလုပ် ဖြေနိုင်မှာလဲ။ ဘယ်လိုလုပ် မေ့နိုင်မှာလဲ။ မိဘနှစ်ပါးလုံး မရှိတော့သည့်ဘဝမှာ ကြီးမေသာ လာပြီးမစောင့်ရှောက်ပေးဘူးဆိုလျှင်

"ပန်းနီနီ"

"ဟင် ရှင် ကြီးမေ"

"ဘာတွေ ဒီလောက်အတွေးများသွားရတာလဲ၊ လူ့လောကမှာ



ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက်တာ ဓမ္မတာပဲ၊ ဟိုလူ ဒီလူအပြစ်ဖို့နေမယ့်အစား နားလည်ပေးလိုက်တာ သမီး စိတ်သက်သာပါလိမ့်မယ်"

"နားလည်ပေးဖို့ မတန်တဲ့သူတွေအတွက် ကိုယ့်စိတ်သက်သာရာရမယ်ဆိုလည်း နားလည်မပေးနိုင်ဘူး ကြီးမေ၊ ကိုယ်ဖြစ်ကိုယ်ခံလို့ သဘောထားလို့ သူတို့ ဒီလိုလုပ်တာ၊ သူတို့ဘက်က လူသေသလို ငါတို့ဘက်ကလည်း သားတစ်ယောက်လုံး ထောင်ကျရတာပဲ၊ ခွေးမျိုးသားချင်းလည်း မဟုတ်ဘဲ တကူးတက အသုဘသတင်းမေးစရာ ပလိုဘူးဆိုတဲ့ အချိုးမျိုး"

"နှစ်နာကြေးနဲ့ ပြီးမလားလို့ လာညှိနှိုင်းသေးတာပဲ၊ သမီးမှ လက်မခံတာ၊ သူတို့ဘက်က စိတ်ခုသွားနိုင်တာပဲကွယ်"

ပန်းနီနီ နှုတ်ခမ်းပါးလေး တွန့်ကွေးသွားအောင် မဲ့ပစ်လိုက်သည်။ ဒေါသအဟုန်ကြောင့် ဖြူဝင်းသော မျက်နှာလေးထက်မှာ ပန်းသွေးရင့်ရောင် ပြေးနေ၏။

"ပြီးတာပဲဆိုပြီး အားနာနာနဲ့ လက်ခံရအောင် သူတို့ကိုယ်တိုင်တောင်းပန်တိုးလျှိုးပြီး လာညှိနှိုင်းတာ မဟုတ်ဘူး ကြီးမေ၊ မပြည့်စုံတဲ့လူတွေ ငွေပေးလိုက်ရင် ပြီးသွားမှာပဲဆိုပြီး ရှေ့နေက တစ်ဆင့် ငွေထုတ်ပြတာ၊ ကရုဏာနဲ့နစ်နာကြေးပေးတယ်ဆိုရင်တောင် လူမှုရေးအရ [illegible]လိုက်တာမျိုးတောင် လုပ်လို့ရတယ်"

"အေးလေ အဲဒါက ဟုတ်တယ် ထား၊ အခုက အိမ်မှာရှိသမျှ

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်း ရောင်းချပေါင်နှံပြီး အကောင်းဆုံးရွှေနဲ့ အမှူကြီးအောင် မွဲချက်တင်လိုက်တာ သမီး မှားတယ်''

''အမှန်တရားအတိုင်း ဖြစ်သွားတယ်လို့ ပြောပါ ကြီးမေ၊ ငွေများတရားနိုင်၊ မတရားမှုလုပ်လို့ရတဲ့ခေတ် မဟုတ်တော့ပါဘူး။ အရက်သေစာသောက်စားပြီး ကားမောင်းလို့ ထိုက်သင့်တဲ့အပြစ်ဒဏ်ခံရတာပါ၊ ထောင်ကျတယ်ဆိုတာလည်း အချိန်တန်ရင် လွတ်လာဦးမှာ၊ ဖေဖေနဲ့ မေမေကသာ ဘယ်တော့မှ နို့ဆီကို ပြန်လာတော့မှာ မဟုတ်ဘူး''

စိတ်အားတင်းနေရသော်လည်း ထိုအဖြစ်ကိုတွေးမိလျှင် မျက်ရည်ဝိုးဖြိုင်ဖြိုင်စွေခနေပြန်ပင်၊ ကြီးမေက ပန်းနီနီ လက်ဖဝါးလေးကို ဆုပ်ညှစ်ပြီး နှစ်သိမ့်သည်၊

''မျက်စီးသွားပြီးအရာအားလုံးက ဘာမှအကောင်းအတိုင်း မဖြစ်တော့ဘူး သမီး၊ ရွှေရှေ့ချောက် ကိုယ့်ဘဝ ဘယ်လိုအကောင်းဆုံး ရပ်တည်ရမလဲဆိုတာပဲ စဉ်းစားပါ''

''တာဝန်ယူစောင့်ရှောက်လာတဲ့ ဖေဖေနဲ့မေမေမှ မရှိတော့တာ၊ အလုပ်တစ်ခုရှာပြီး ရုန်းကန်ရတော့မှာပေါ့ ကြီးမေရယ်၊ ဒါကို နီ မကြောက်ပါဘူး ဖေဖေနဲ့မေမေကိုလုပ်ကျွေးပြုစုခွင့် မရလိုက်တာကိုပဲ ရင်နာတယ်''

''ကံအကြောင်းသဘောတရားအတိုင်းပဲလို့ ပြောပါ သမီးရယ်၊ လူ့ဘဝက ကိုယ်ဖြစ်ချင်တဲ့အတိုင်း ဖြစ်ရတာမှ မဟုတ်ဘဲ''



''တရားသဘောနဲ့ဆိုတာလည်း သူများကိုပဲ ဖျောင်းဖျနားချနိုင်တာပါ၊ ကိုယ်တိုင်လက်တွေ့ခံစားရတဲ့အခါ ပုထုဇဉ်ဖြစ်လို့ ဖြေဆည်နိုင်ဖို့ ခက်ခဲပါတယ်၊ အချိန်က ကုစားသွားရင်လည်း ဒီဒဏ်ရာတွေက အမှတ်တရ ရှိနေဦးမှာပါ''

''သမီးရယ် ဒါတော့ ဒါပေါ့ကွယ်၊ ကိုယ့်ရှေ့ရေးလည်း တွေးရဦးမယ် မဟုတ်လား''

''ကြီးမေတော့ အညာကို မပြန်ပါနဲ့ဦးနော်၊ နီနဲ့နေပေးပါဦး၊ ဟိုမှာ တူသားမောင်ဘွားတွေ ရှိတာတော့ နားလည်ပါတယ်''

''ကြော် သမီးရယ် ကြီးမေကလည်း မပြန်ပါဘူး၊ ဟိုမှာက မိသားစုတွေရှိကြတယ်၊ တူမလေးမှာက တစ်ယောက်တည်း၊ မထားခဲ့ရက်ပါဘူးကွယ်''

''ကြီးမေရယ် ဒီလိုတွေ ဘာကြောင့် ဖြစ်သွားရတာလဲ''

ရင်ခွင်မှာ မျက်နှာအပ်ရင်း ငိုရှိုက်နေသည့် တူမလေးကို ဒေါ်မေဖင် ဘယ်လိုဖျောင်းဖျနှစ်သိမ့်ရမှန်း မသိတော့ပေ။

မိဘတွေနှင့်က မိသားစုနည်းတော့ အတွယ်တာ ပိုခဲ့ကြသည် မဟုတ်လား၊ ငယ်စဉ်တည်းက တာဝန်အရ နယ်တကာလှည့် ထမ်းဆောင်နေရသော်လည်း မောင်လေးက မိန်းမနှင့်သမီးကို ရွာမှာမထားခဲ့ပေ။ တာဝန်ကျရာနေရာတွေ လှည့်လည်ခေါ်သွားရင်း ရန်ကုန်ရောက်မှ အခြေချသည်။ အသောက်အစားမရှိ၊ အသုံးအဖြုန်းလည်း မကြီးတာမို့

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာ အိမ်လေးဝိုင်းလေး ဝယ်နိုင်ခဲ့၏။

ပိန်းမဖြစ်သူကလည်း အိမ်ထောင်မှုထိန်းသိမ်းနိုင်ပြီး အပိုဝင်ငွေရအောင် စာအုပ်ဆိုင်လေးလည်းဖွင့် အိမ်စက်လည်း ချုပ်၏။

လင်မယားနှစ်ယောက်လုံး သမီးလေးကို ပညာရေး ဆုံးခန်းတိုင်အောင် သင်ပေးပြီး ဂုဏ်ရှိစေချင်ခဲ့သည်ပဲ။ အခုတော့ စိတ်မချဘဲ ထားရစ်ခဲ့သည်။ နောက်ဆံတင်းလျက်နှင့် ထွက်သွားကြ၏။

ပန်းနီနီလေးဘဝ ရှေ့ဆက် ဘယ်လိုလျှောက်လှမ်းမလဲ။

□ □ □

## အခန်း (၃)

လမ်းက ကားဝင်လို့ရသော်လည်း လိပ်စာအတိုင်း မေးမြန်းစုံစမ်းရဦးမှာမို့ ဆစ်ထန် ကားကို လမ်းထိပ်မှာ အပ်ထားခဲ့ပြီး ခြေလျင်ရောက်လာခဲ့သည်။

လိပ်စာလေးကိုင်ကာ ဟိုမေးဒီစမ်းလုပ်ရင်း သွားရမည့်အိမ်ရှေ့ကို ရောက်လာခဲ့တော့ ခြံဝင်းတံခါးက စေ့ပိတ်လျက်။ ခြံစည်းရိုးက သံဇကာအကွက်လိုမျိုး ကာရံထား၍ အထဲကိုလှမ်းမြင်ရပေမယ့် လူရိပ်လူခြေတော့ အပြင်မှာမတွေ့ပေ။ အိမ်ရှေ့မြေကွက်လပ်လေးမှာ အလှပန်းအိုးလေးတွေ အစီအရီ တွေ့ရပြီး သွပ်မိုးပျဉ်ထောင်လုံးချင်းအိမ်လေးက သပ်သပ်ရပ်ရပ်လေး ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မကြီးရှေ့မှာ အဖိအဝှဲသားခြင်းက ခုံတန်းလျားလေးတွေ ချထား၍ ညည့်ခန်းသဖွယ်လေး ဖြစ်နေသည်။

"မောင်ရင် ဘယ်သူ့ကိုတွေ့ချင်လို့လဲကွယ့်"

"ဟင်"

ခွဲခြင်းကိုင်လျက် နောက်က အဒေါ်ကြီးရဲ့မေးသံကြောင့် သူ ဟင်ခနဲ လှည့်ကြည့်လိုက်ရ၏။

"ဒီအိမ်ရှင်တွေနဲ့ တွေ့ချင်လို့ပါ ခင်ဗျာ၊ ဟိုတလောက ကား တိုက်မှုဖြစ်တဲ့ကိစ္စအတွက်"

"ဪ ခဏလေးနော်၊ အဒေါ် သောဖွင့်လိုက်ဦးမယ်၊ တူမ လေးက မရှိဘူးကွယ့် အလုပ်ကိစ္စ စုံစမ်းဖို့ ထွက်သွားတယ်၊ လာ မောင်ရင် အဒေါ်လည်း အခုမှ ဈေးက ပြန်လာတာ"

"ဟုတ်ကဲ့ ခင်ဗျ"

အဒေါ်ကြီး နောက်က လိုက်ဝင်လာရင်း အိမ်ရှေ့ခုံတန်းလျား မှာပင် ထိုင်လိုက်ကြသည်၊ သူက လက်ထဲကိုင်လာသော လက်ဆွဲအိတ် ကို စားပွဲခုံရှည်လေးပေါ် တင်လိုက်၏။

"ညည့်ခံရအောင် ဘာမှလည်း အဆင်သင့် မရှိဘူး။ ကော်ဖီ မစ်လေး ဖျော်လိုက်ဦးမယ်၊ ခဏစောင့်ပါနော်"

"နေပါစေ ခင်ဗျာ၊ ကျွန်တော် မသောက်တော့ပါဘူး။ ဟို ကိစ္စက အဒေါ်နဲ့ပဲ ပြောလို့ဖြစ်ရဲ့လား မသိဘူးနော်"





"မင်းက အရင်တစ်ခါလာတဲ့ ရှေ့နေတော့မဟုတ်ဘူး။ ကား တိုက်တဲ့ကိစ္စနဲ့ ဘယ်လိုပတ်သက်"

"အက်ဆီးဒင့်ကြောင့် ထောင်ကျနေတာ ကျွန်တော့်အစ်ကိုပါ"

"ဪ"

ဉပမိရှပ်လေးက ချောမောသန့်ပြန့်နေသည်မို့ တစ်ခုခုပတ်သက် နေလိမ့်မည်ဟု တွေးလိုက်မိသား။ ပြဿနာတွေ ဖြစ်ခါစ သွေးပူနေချိန်မှာ တစ်ယောက်မှ ရောက်မလာဘဲ အခုမှ ဘာကိစ္စပါလိမ့်။

ခုချိန်မှာ တူမလေး မရှိတာပဲ တော်ပါသေးသည်။ နို့မို့ဆိုလျှင် အဲဒီဘက်ကလူတွေကို အိမ်ထဲဝင်ဖို့မပြောနှင့် အိမ်ရှေ့တောင် အရပ်ခံ လိမ့်မည် မဟုတ်။

ဒေါ်သတကြီး အော်ဟစ်ရန်တွေ့လွှတ်မှာ။

"ဘယ်လိုမှ မအောက်မေ့ပါနဲ့ ခင်ဗျာ၊ သေဆုံးသူတွေအတွက် နစ်နာကြေးရယ်လည်း မဟုတ်ပါဘူး၊ ကုသိုလ်ဒါနပဲလုပ်လုပ်၊ ဘာပဲလုပ် လုပ် ဒီငွေလေးကို လက်ခံပေးပါ၊ သိန်းနှစ်ဆယ်ပါ ခင်ဗျာ"

"ဟင် မ မဖြစ်ဘူး၊ လက်ခံလို့ မဖြစ်ဘူး"

"ဗျာ ဘာဖြစ်လို့လဲ ခင်ဗျာ"

"တူမလေးက ဘယ်လိုမှလက်ခံမှာမဟုတ်လို့ပါကွယ်၊ ပြဿနာ တွေဖြစ်ခါစကဆိုလည်း တစ်မျိုးပေါ့၊ အခုက သေတဲ့လူကိစ္စကလည်း ပြီးပြီ၊ ထောင်ကျတဲ့သူလည်း ကျနေပြီမဟုတ်လား၊ မင်းတို့ဘက်က



www.burmeseclassic.com

www.burmeseclassic.com



ဈာပနအတွက် ဝတ္တရားမရှိခဲ့တာကို တူမလေးက အရမ်းကို စိတ်ဆိုးနာကြည်းနေတာ''

''ဪ ကျွန်တော်လည်း အဲလို ဖြစ်နေလိမ့်မယ်လို့ ထင်ပါတယ်၊ ကျွန်တော်တို့ဘက်မှာလည်း အခက်အခဲလေးတွေ ရှိနေလို့ပါ။ ဖေဖေက ကျန်းမာရေးမကောင်းလို့ အိမ်မှာနားနေရတဲ့ အခြေအနေနဲ့ မေမေကလည်း သားကြီးစိတ်ကြောင့် အိပ်ရာထဲ ဗုန်းဗုန်းလဲခဲ့တယ်၊ ကျွန်တော်ကဆို နိုင်ငံခြားမှာ ကျောင်းတက်နေရင်းနဲ့ အခုမှ ပြန်လာရလို့ ရခဲ့ပါတယ်၊ ရောက်ရောက်ချင်းပဲ ကျွန်တော် လာခဲ့တာပါ''

မှသားတစ်ဝက်၊ အမှန်တစ်ဝက်ဖြင့် သူ ရှင်းပြတော့ အဒေါ်ကြီး ခေါင်းတညိတ်ညိတ် နားလည်သဘောပေါက်သွားဟန်တူသည်။

''ဖြစ်တတ်ပါတယ်၊ သူ့ဘက်ကိုယ့်ဘက် အခက်အခဲတွေနဲ့ အထင်လွဲစရာတွေ ရှိတတ်တာပေါ့၊ ဒါပေမဲ့ တူမလေးက လူငယ်ကလည်း ဖြစ်တော့ စိတ်ဆတ်တယ်၊ စိတ်ဆိုးလွယ်တာပေါ့ကွယ်၊ ပြီးတော့ မိဘနှစ်ပါးလုံး ဆုံးရတာ၊ သူ့မှာ ဒဏ်ရာကြီးကြီးမားမား ကျန်ခဲ့တယ်လေ''

''သူ အရမ်းကို ပင်ပန်းနေမှာပေါ့၊ စိတ်နာလို့လည်း ရှေ့နေငှားပြီး အမှုကို ရင်ဆိုင်ခဲ့တာဖြစ်မယ်''

''ဟုတ်ပါတယ်၊ မင်းတို့ဘက်က ငွေပေးပြီး ပြီးလွယ်ကျေအေးဖို့ ကြိုးစားတယ်၊ ကိုယ်တိုင်ညှိနှိုင်းကြရင်တောင် အဆင်ပြေသွားမလားမသိနိုင်ပေမယ့် ကာယကံရှင်တွေ ထင်ပေါက်မှ ရောက်မလာတာ





တူမလေး လွန်တယ်လို့လည်း ပြောလို့မရဘူးလေကွယ်''

''ဟုတ်ကဲ့ ကျွန်တော် နားလည်ပါတယ်''

''အေး-အခုတော့ ရှေ့နေကို အိမ်မှာရှိသမျှ ရောင်းချပေါင်နှံပေးလိုက်ရလို့ စားဝတ်နေရေးအတွက် တူမလေး အလုပ်ထွက်ရှာနေတယ်''

သူ့ခင်ထဲ ထိထိရှရှပင် စိတ်မကောင်းဖြစ်သွား၏။ မာနနှင့်မခံချင်စိတ်ကြောင့် ဒီလို လက်တုံ့ပြန်ခဲ့တာ ဖြစ်လိမ့်မည်။

အခု သူပေးတဲ့ငွေကိုသာ ယူလိုက်လျှင် အတိုက်အခံလျော့ပေါ့ အဆင်ပြေသွားပေလိမ့်မည်။

''ဒီလိုလုပ်ပါ အဒေါ်ရယ်၊ ဒီငွေကို ယူထားလိုက်၊ ကျေအေးဖို့ တောင်းပန်တဲ့သဘောမှမဟုတ်တာ၊ ကျွန်တော့်အစ်ကိုလည်း စီရင်ချက်ချပြီးပါပြီ၊ အခုဟာက ကျွန်တော်တို့ဘက်က ပျက်ကွက်မှုတွေ မသိတတ်မှုတွေအတွက် နောက်ကျမှပဲ လာခဲ့ရပါတယ်''

''ဒါဆိုလည်း မင်းဘာသာ နောက်တစ်ခေါက် တူမလေးနဲ့ လာတွေ့ကြည့်ပါ၊ အကျိုးအကြောင်း အဒေါ်ပြောပြထားလိုက်ပါ့မယ်''

''ဟုတ်ကဲ့ အဲလိုပဲ လုပ်လိုက်ပါ့မယ်၊ မြစ်မင်းရော ကုမ္ပဏီက သစ်ထန်ကိုယ်တိုင် လာသွားတယ်လို့ ပြောပေးပါ ခင်ဗျာ၊ ဒါနဲ့ အဒေါ့်တူမလေးနာမည်က''

''ပန်းနီနီ''



www.burmeseclassic.com

www.burmeseclassic.com



"ပန်းနီနီ"

သူ့ သံယောင်လိုက် ရေရွတ်မိရင်း တိုနာမည်လေးကို မှတ်မှတ်ယင်ထင် ဖြစ်သွား၏။ ပန်းနီနီတဲ့လား။

□ □ □

မျိုး၁၀၇၉၈

## အခန်း (၄)

"ပန်းနီနီ"

"ရှင် ကြီးမေ"

အပြင်က ပြန်လာပြီး ရေမိုးချိုး အဝတ်အစားလဲ၍ သနပ်ခါးလိမ်းနေချိန်မှာ ကြီးမေ အနားမှာလာထိုင်ကာ ခေါ်၏။ ပါးကွက်ပါးပါးကွက်ရင်း ပြန်ထူးသော်လည်း ကြီးမေ ဘာမှမပြောပေ။ အိမ်ထဲဝင်လာကတည်းက တစ်ခုခု ပြောချင်နေပုံပါ။ ဘာကိုစဉ်းစားချင့်ချိန်နေမှန်းမသိရဘဲ သက်ပြင်းချသံကိုလည်း ကြားရသည်။

"ကြီးမေ ဘာပြောစရာရှိနေလဲ ပြောလေ၊ နေပူထဲ တစ်နေကုန်လျှောက်သွားနေရတာ တစ်ကိုယ်လုံး ပူစပ်ပူလောင်နဲ့မို့ ရေချိုးပြီး သနပ်ခါးရေကြဲလေး ပွတ်နေတာပါ၊ ကြီးမေ ဘာပြောပြော နားထဲရောက်တယ်

မျိုး၁၀၇၉၈

www.burmeseclassic.com

www.burmeseclassic.com



ပြော"

စိတ်မရှည်သလို သူမ တိုက်တွန်းတော့လည်း မဟုတ်။ အိမ်အောက်ဆင်းသွားကာ ခုံတန်းလျားလေးမှာ သွားထိုင်သည်။ မနေနိုင်သောသူမက အိမ်အောက်ဆင်း လိုက်သွားရ၏။

"ကြီးမေ ဘာဖြစ်နေတာလဲ၊ ပြောစရာရှိတာ ပြောပါဆို"

"ဆစ်ထန် တဲ့၊ မြစ်မင်းရော ကုမ္ပဏီက သားအငယ် လာသွားတယ်"

"ဘာကိစ္စလဲ"

"ဟို နှစ်နာကြေးသဘောတော့ မဟုတ်ဘူး။ သူတို့ဘက်က အခက်အခဲ အမျိုးမျိုးကြောင့် တွေ့ဆုံးမျက်ကွက်တွေ တောင်းပန်ရင်းနဲ့ ငွေလာပေးတာ"

"ဟင် ကြီး ကြီးမေ ယူထားလိုက်သလား"

"မယူပါဘူးကွယ်၊ တူမလေးလာမှ လာပေးလို့ ပြောလိုက်တယ်"

"အို ဘာလို့ အဲလို ပြောလိုက်တာလဲ၊ ငွေပေးစရာလည်းမဲဘူး၊ လာစရာလည်းမလိုဘူးလို့ ရန်တွေ့လွှတ်လိုက်မှာ"

"ကိုယ့်မှာလည်း အခဝင်ပြေတာ မဟုတ်တဲ့ ဘာလို့ မာနကြီးနေတာလဲကွယ်၊ ဟိုကပေးမယ့်ငွေက နည်းတာမဟုတ်ဘူး၊ သိန်းနှစ်ဆယ်တောင်"





"ဘာ"

အခုမှ ဘာတွေလာပြီး ရက်ရောနေတာလဲ။ မနည်းဘူးဆိုရင်တောင် ဒီငွေတွေနှင့် ဖေဖေ မေမေတို့ အသက်ကို ပြန်ဝယ်လို့ရမှာ မဟုတ်တော့ပေ။

"သူတို့လို နာမည်ကြီး အောင်မြင်နေတဲ့ ကားကုမ္ပဏီအတွက် ဒီငွေတွေက မပြောပလောက်ပါဘူး၊ ကိုယ့်အတွက်တော့ အရမ်းတန်ဖိုးကြီးတဲ့ပမာဏပဲ သမီး၊ ပေးတဲ့ငွေကို အေးအေးဆေးဆေး ယူထားလိုက်ပါ"

"ဟင့်အင်း၊ လူ့အသက်က ငွေနဲ့တန်ဖိုးဖြတ်လို့ မရဘူး ကြီးမေ၊ မတွေ့မထာန်သလို လျစ်လျူရှုခဲ့ပြီးမှ အခုက ဘာ့သဘောလဲ"

"လူ့အသက်သေရင် လျော်ကြေးပေးကြတာ ထုံးစံပဲကွယ်၊ တောင်ကျွခံရေင် မသိသလို နေလိုက်တဲ့သူတွေ ရှိပေမယ့် နားလည်မှုနဲ့ နစ်နာကြေးအဖြစ် ထောက်ပံ့ကြတာတွေလည်း ရှိတာပဲ"

"အသုဘ သတင်းမေးတောင် မလာဘဲနဲ့ နှစ်သိမ့်အားပေးတာမျိုးရော ရှိလို့လား"

"သမီးရယ် မောင်ဆစ်ထန်ပြော သေချာရှင်းပြသွားပါတယ်၊ သူ့အဖေက ကျန်းမာရေးမကောင်းလို့ အိမ်မှာအနားယူနေရတာတဲ့၊ အမေကလည်း သားကြီးရဲ့စိတ်နဲ့ အိုင်ရာထဲလဲတဲ့အထိ စိတ်ပင်ပန်းသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပြစရာ မကျန်သေးဘူးလား"

"အဓိကကတော့ ဒီနေ့ရှာတဲ့ ဆစ်ထန်က နိုင်ငံခြားကနေ အခုမှပြန်ရောက်တာတဲ့၊ တခြားမိသားစု အရင်းအချာလည်း ရှိဟန်မတူဘူး၊ နားလည်ပေးလိုက်ပါကွယ်"

ဟင့်အင်းလို့ ခေါင်းရမ်းလိုက်ပေမယ့် ကြီးမေကို အခြေအနေ အတင်းမပြောချင်တော့တာနဲ့ ပါးစပ်ပိမှင့်ဟဖြစ်တော့ပေ။ ကြီးမေက လည်း ဒါကို သဘောပေါက်ကာ ထိုအကြောင်းကို မပြောတော့ဘဲ ရေနွေး တစ်ခွက် ငှဲ့သောက်ပြီးမှ

"အလုပ်ကိစ္စရော အဆင်ပြေခဲ့လား နီနီ"

"သွားတဲ့နေရာဘိုင်းမှာ သင်တန်းဆင်း အောင်လက်မှတ်တွေ မပါလို့ အဆင်မပြေဘူး။ အခုကကာ ဘွဲ့လက်မှတ်မဟုတ်တော့ဘူး ကြီးမေရဲ့၊ ကွန်ပျူတာနဲ့ ဘာသာစကားပဲ အရောင်းတော့တာ"

"အဲဒီတော့"

"မသိဘာနဲ့ တွေ့ခဲ့တယ်၊ စက်မှုဇုန်က ကော်ဖီမစ်စက်ရုံမှာ သူသုပ်နေတယ်၊ စာရေးမ အလုပ်လေး သူပြောပေးရင် ရနိုင်တယ်တဲ့ လေ၊ ဒါပေမဲ့ ကွန်ပျူတာနဲ့ စာရင်းအင်းကျွမ်းကျင်မှ လစာက ကိုးသောင်း ဘစ်သိန်းလောက် ရနိုင်တာဆိုတော့ အဲဒါကိုပဲ အရင်သင်ရတော့မယ် ထင်တယ်"

"သုံးဖို့စားဖို့နဲ့ သင်တန်းကြေးလိုမှာပေါ့ ဟုတ်လား၊ ထပ်ပြီ





ချောင်းချပေါင်နှံ့စရာလည်း မရှိတော့ဘဲနဲ့ အထာကိုင် သွေးကြီးမနေပါနဲ့ အေ၊ ဟိုသူငယ်လေး လာပေးရင် လက်ခံထားလိုက်ပါတော့"

"ကြီးမေရယ် နီတို့မှာ မာနတစ်ခုပဲ ချမ်းသာတာပါ၊ လူချမ်းသာ တွေ ပေးကမ်းစွန့်ကြဲတာကို မျှော်မစားချင်ဘူး"

"အဲဒီမာနက ကိုယ့်ဘဝပြည့်စုံအောင် လုပ်မပေးနိုင်ဘူး နီနီ၊ အရှိကိုအရှိအတိုင်း လက်ခံပြီး ဖြစ်သင့်တာကို ဦးနှောက်နဲ့ စဉ်းစား"

"အဲလုပ်ရအောင် အရင်ကြိုးစားမယ် ကြီးမေ"

"ခေါင်းမာလိုက်ပုံများအေ"

ကြီးမေ မှဲ့ရွဲ၍ စိတ်ဆိုးသွားသည်။ ဒါပေမဲ့လည်း မတတ်နိုင်။ ကိုယ့်ခွန်ကိုယ့်အား ကိုယ့်အစွမ်းအစဖြင့် ကိုယ့်ရပ်တည်မှုအတွက် ကြိုးစား ကြည့်ချင်သည်။

သူများကို မှီခိုခြင်းရဲ့ ဝန်ထုပ်ဝန်ပိုးကို အဖြစ်မခံချင်တာ။ ……အဖနှင့်မေမေ မရှိမှတော့ ကိုယ့်အားကိုယ်ကိုးရမည့် ကံဇာတာ ……လာခဲ့ပြီပဲ။

တက်ကျိုးလျှင် လက်ထိုးလှော်ရတော့မည့် အခြေအနေ။
ဆစ်ထန် ရှင် ဘယ်လိုလူမျိုးလဲ။
ရှင်တို့ရဲ့ အသောက်အပံ့နဲ့ ပန်းနီနီ အသက်မရှင်ဘူး။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"အဲအဖေတွေကလည်း တလွဲခံပင်ကောင်းနေတာလို့ မသီတာ ယူဆတယ် နီရယ်၊ မာနကို နေရာတကာ အသုံးမချသင့်ဘူး၊ သူ့နေရာနဲ့ သူ မသုံးသင့်ဘူးလို့တော့ မပြောပါဘူး၊ တို့လို မပြည့်စုံတဲ့သူတွေက မာနနဲ့ပဲ အားတင်းနေရတာ၊ အဲဒီတစ်ခုသာ မရှုမ်းသာလို့ကတော့ လူ အထင်သေးစရာဖြစ်ပြီပဲ"

အဲလိုတွေ သိနေရင် ဘာလို့ပြောနေသေးလဲဟုသော အဓိပ္ပါယ်ဖြင့် ပန်းနီနီ ချာ်လုံးလှန်ကြည့်တော့ မသီတာ ပြုံးစိစိသုပ်နေသည်။ ခြေလှမ်း တို့ကတော့ ခပ်သွက်သွက်ပါ။

"ဖယ်ရီကား မမီမှာစိုးရင် အိမ်ကစောစော ထွက်တာ မဟုတ်



ဘဲနဲ့ ဒီလောက် မြန်မြန် သွားနေရလား၊ နီ မောနေပြီ မသီတာရဲ့"

"ဟီတ် နင် အလုပ်ရရင်လည်း ဒီလိုပဲ ဖြစ်မှာ၊ အလေ့အကျင့် ရအောင် ကြိုးစားထား"

"အမလေး အဲဒါတော့ စိတ်ချ၊ နီတို့က အလုပ်ရရင် မသီတာ လို အိမ်မှာအချိန်ပုတ်အောင် မနေဘူး၊ ဝီရိယနဲ့ အိမ်က စောထွက်မှာ"

"အမယ်အေး တော်တော်တတ်နေတယ်၊ စက်ရုံတွေ အခြေ အနေလိုက်ကြည့်ရှုဖို့လို့သာပဲ၊ အလုပ်ရလို့များ အလုပ်ဆင်းရပြီဆို ငါ့ကို [illegible]တောင် အဖော်လုပ်မှာ့မလား မသိဘူး"

မသီတာ မျက်နှာစောင်းရွယ်ကာပြောတော့ ပန်းနီနီ တဟားဟား [illegible]ယ်လိုက်မိ၏။ ဒီးတွင်း လက်ကျန် ဇွက်ဒိုင်များကို ကျော်ခွရင်း မသီတာ [illegible] အနီးလိုက်နေရသည်။ ကိုယ်က အလုပ်ဆင်းမှာမဟုတ်ပေမယ့် စက်မှု [illegible]က စက်ရုံတွေ ဘယ်လိုဝန်ထမ်းတွေ ခေါ်မလဲဆိုတာ လေ့လာချင်၍ [illegible]သီတာနှင့် လိုက်လာခဲ့ခြင်းပင်။

ကွန်ပျူတာနှင့် စာရင်းကိုင်သင်တန်း မတတ်နိုင်လို့ စာရေးမ [illegible]လုပ်မရဘူးဆိုလျှင်တောင် တခြားအလုပ်တစ်ခုခုတော့ အမြန်ဆုံး [illegible]လုပ်မှဖြစ်မည်။ ကြီးဒေါ်လည်း ရှိနေတော့ စားစရိတ်က နှစ်ယောက် [illegible]တောင် လိုအပ်နေသည်။

ဖေဖေ့အလုပ်က လုပ်သက်စေ့ပင် မရပေမယ့် ရက်မလည်ခင် [illegible] အတက်ပုံကြေးများများစားစား ရတော့လည်း ရှေ့နေခနှင့် ပြတ်ပြတ်

www.burmeseclassic.com

www.burmeseclassic.com



ပြန်းသွားသည်။ ရေများရေနိုင်၊ မီးများမီးနိုင်၊ မတရားမှုကို မခံချင်လို့ အမှန်တရားအတိုင်း ဖြစ်အောင် ငွေကုန်ခံလိုက်တာလည်း အခုမှ နောင်တရမနေချင်တော့။

ဟာနတစ်ခုအတွက် လောကခံကို ပြန်ပြီး အံတုဖို့ ပြင်ဆင်ထားပြီးပြီပဲ။

''ဗွမ်း''

''အမလေး''

''ဟယ် နီနီ''

အတွေးစတွေ ပြန့်ကျဲလျက် ရွံ့နွံတွေ ဗွက်တွေကို ရှောင်တိမ်းကာ ထဘီလေးမ၍ ဟန်ချက်ထိန်းလျှောက်နေစဉ်မှာပဲ ကားတစ်စီးရဲ့ မှုန်နံ့သာခြယ်ခြင်း ခံလိုက်ရသည်။

''တောက် ရပ်စမ်း ဟိတ် ကားသမား ရပ်စမ်း''

ဒေါသက အနက်ရောင် မတ်တူးကားကြီးနောက် တောက်လျှောက် ပြေးလိုက်သွား၏။

''ဟိတ် ရပ်စမ်း၊ အုတ်ခဲနဲ့ ထုမှာနော်''

ဗွက်မရှိသောနေရာမှာ သွားရပ်ချင်၍လား၊ သူမ လက်ထဲက အုတ်နီခဲကြောင့်လား မသိဘဲ ခပ်လှမ်းလှမ်းရောက်မှ ကားက ရပ်သွား၏။ မသိတာက ဖယ်ရီမမီမှာစိုးရိမ်တာ တစ်မျိုး၊ ပန်းနီနီ ပြဿနာတက်မှာ စိတ်ပူတာတစ်မျိုးနှင့် ရှေ့တိုးနောက်ငင် ဗျာများလျက်ရှိသည်။





''မင်းက လူမိုက်လား''

ကားပေါ်က ဆင်းလိုက်ပြီး ဆစ်ထန် မျက်မှန်အမည်းကြီးကို နဖူးပေါ်လှန်တင်၍ မေးလိုက်သည်။ ဖြူဝင်းသော အသားအရေ၊ ပန်းနုရောင်အကျႌပ်ဝတ်စုံလေးနှင့် လုပကြော့ရှင်းနေပါလျက် အုတ်ခဲကိုင်ကာ ပြေးလိုက်လာပုံက တော်တော် စွာတေးလန်လွန်းသည်။

မျက်လုံးဝိုင်းဝိုင်းလေးတွေက ဒေါသကြောင့် ပြူးကျယ်ဝိုင်းစက်နေပြီး နှုတ်ခမ်းပါးလေးတွေက တအားအော်လိုက်သော်လည်း အလှ မပျက်ပေ။ လူမိုက်လားလို့ မေးလိုက်တာကို ပို၍ ဒေါသထွက်သွားပုံရပြီး ခါးပါထောက်လိုက်ကာ

''လူမိုက်လုပ်သင့်ရင်လည်း လုပ်ရမှာပဲ၊ ရှင့်အပြစ် ရှင်မသိဘူးလား။ ဒီမှာ တစ်ကိုယ်လုံး ဗွက်တွေစင်ကုန်ပြီ''

''ကိုယ်လည်း ထိန်းမောင်းလာတာပဲ၊ လမ်းကကောင်းမှ ပကောင်းတာ၊ မင်းကလည်း ကိုးရိုးကားယား ဟိုဘက်လျှောက်မလို ဒီဘက်လျှောက်မလိုနဲ့ ဖိနပ်ကို ဗွက်ပေမှာ တော်တော်ကြောက်နေတယ် ပင်တယ်''

''ဘာ''

ကိုယ့်အမှားပဲဖြစ်ရသေးတာမို့ ယောကျ်ားဖြစ်ပြီး ရန်တွေ့ ...ောင်းသော ထိုလူ့မျက်နှာကို ပြူးလည်းပြူး မျက်စောင်းလည်းထိုးပစ် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ကိုယ်ပိုင်ကားစီးနိုင်တိုင်း မြေကြီးပေါ်ကလူကို ပြော ချင်တိုင်းပြောလို့ရမယ်ထင်နေလား၊ ရှင် အခု မတောင်းပန်ရင် ရှင့် ကားမှန်တွေ ခွဲပစ်မယ်၊ မယုံမရှိနဲ့"

"ဟဲ့ ဟဲ့ နီ မလုပ်နဲ့လေ၊ နင် လျော်ကြေးပေးနိုင်လို့လား၊"

အုတ်နီခဲ တရွယ်ရွယ်ဖြင့် ဒေါသကြီးနေသော ပန်းနီနီလက်ကို ပသီတာ ဒုခပြေးအလွှား လာဆွဲသည်။ ဒီလောက် စွာတေးလန်သော ကောင်မလေးကို ခပ်ချဉ်ချဉ် ဖြစ်သွားပေမယ့် ဆစ်ထုန် ကိုယ့်အဖြစ် ကိုယ်တွေးကာ ရယ်လည်းရယ်ချင်မိသည်။

သူ မနက်စာအိမ်ကနေ ဘရိတ်ဖတ်တောင် စားမလာခဲ့ပါ။ နေမြင့်လျှင် ပန်းနီနီဆိုသော ကောင်မလေး အပြင်သွားနေတာတွေ ဘာတွေဖြင့် မတွေ့မှာစိုးလို့ စောထွက်လာခဲ့တာ။

ဟိုတစ်ခေါက်ကတော့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ကား ကို အပ်ထားခဲ့တာပါ။ ဒီနေ့တော့ အိမ်နေရာလည်း သိနေပြီမို့ ကားကို ရပ်ကွက်ထဲမောင်းဝင်လာခဲ့ခြင်းပင်။

ဖြစ်ချင်တော့ ဒီအချိန်က အလုပ်သွားရုံးသွားချိန်။ ဟိုလမ်း ဒီလမ်းထဲက အလျှိုအလျှို လူတွေထွက်လာလိုက်ကြတာ မနည်း။ ဆေး တရာကားလမ်းမကြီးလည်း မဟုတ်တာမို့ လူတွေက ရပ်ကွက်ထဲကား တစ်စီးနှစ်စီး ဝင်လာတတ်တာကို အရေးတယူလုပ်ပြီး မရှောင်ကြသေး၊ စက်ဘီးတွေ ဆိုက်ကားတွေ ဘဲလ်တီးပြီး အော်နေလည်း ကိုယ့်လမ်းကိုယ်

[illegible]



သွားနေကြတာပဲ ဖြစ်၏။

ဒါကြောင့်လည်း သူ့မှာဟိုရှောင်ဒီရှောင်ဖြင့် သတိထားမောင်း တော့ မောင်းတာပါပဲ။

ဒါပေမဲ့ ရှေ့က ဆိုက်ကားနှင့်မျက်နှာချင်းဆိုင်မိတော့မှာမို့ စတီရာရင်ကို ဆွဲလှည့်လိုက်စဉ်မှာပဲ ခုလိုအဖြစ်မျိုးဖြင့်

"ရှင်က ဘာရယ်နေတာလဲ"

"ဟောဗျာ"

"ဟော့ရအောင် ဗေဒင်ဆရာမမှတ်နေလား၊ ရှင့်ကို တောင်းပန် ပိုင်းနေတာ၊ ရှင် မတောင်းပန်ရင် ကျွန်မ မကျေနပ်ဘူး"

"နီရယ် ဒေါ်တုတ်ကြီးဆိုင်ရောက်မှ ရေဆေးချလိုက်စမ်းပါ ဟယ်၊ နင် စက်မှုဖုန့်လိုက်မယ်ဆို၊ ဖယ်ရီမမီလို့ လိုင်းကားတိုးစီးရရင် ဒုက္ခပဲ"

"ကဲ မသီတာ ဖယ်ရီမမီမှာစိုးရင် သွားတော့၊ ပြဿနာလည်း ရှင်းရဦးမယ်၊ ဒီပုံစံကြီးနဲ့လည်း လိုက်လို့မဖြစ်ဘူး"

"အေး အဲဒါ ဟုတ်တယ်၊ နောက်နေ့မှလိုက်ခဲ့တော့၊ ငါ သွား ပြီနော်"

ပသီတာ ချိုင့်ထည့်ထားသော ဆွဲခြင်းတောင်းရမ်းရမ်းဖြင့် ပြေးထွက် သွားသည်။ အခုထိ မထီတရီ ပြုံးလျက်ရှိနေသော ထိုလူကို သူမ မျက်စောင်းပြန်ဝင့်လိုက်သည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ရှင် ဘာလုပ်မှာလဲ ပြော"

"ဘာပြောရမှာလဲ"

"ရှင် အပြစ်လုပ်ထားတယ်လေ၊ တောင်းပန်ရမှာပေါ့၊ လူ့ကျင့်ဝတ် ရှင် နားမလည်ဘူးလား"

"မင်းကရော တောင်းပန်ခံရအောင် ဆက်ဆံနေလို့လား၊ အုတ်နီခဲတရွယ်ရွယ်နဲ့ ထုမယ်ရိုက်မယ် လုပ်နေတာ"

"အဲဒါ ဒီလို ဗွက်စင်ခံလိုက်ရလို့ ဒေါသထွက်နေတာလေ၊ လူတန်းစားချင်းတူရင်တောင် နားလည်ပေးလိုက်ဦးမယ်၊ ရှင်တို့လို ချမ်းသာတဲ့သူတွေတော့ လုံးဝ ခွင့်မလွှတ်ဘူး"

"စွတ်တင်နေတော့တာပဲကွာ၊ ပြဿနာကို အေးဆေးဖြေရှင်းမယ်မရှိဘူး၊ ငါ့မှာလည်း အကြောင်းကိစ္စရှိသေးတယ်"

"ဘယ်သူမှ ဆွဲမထားဘူး၊ တောင်းပန်ပြီးရင် ကြိုက်တဲ့နေရာကြွ"

ဘယ်လိုဟာလေးလည်းမသိ။ လူကောင်သေးသေးနှင့် လေကြီးမိုးကြီး ပြောနေလိုက်တာ။ သူ့ပခုံးအောက်လောက်သာရှိသော အရပ် အမောင်းလေးနှင့် မာနကတော့ တနင့်တပိုး။

နာရီကြည့်ရင်း စိတ်ကတော့ သိပ်မရှည်တော့။ ဒီနေ့သာ ပန် နီနီနှင့် မတွေ့ရလျှင် နောက်တစ်ခေါက်ဆိုတာမျိုး ထပ်လာနေရဦးမည်

"ကဲ တောင်းပန်တယ်ကွာ၊ ရပြီလား ကားရှေ့ကဖယ်"

[illegible]



"မကျေနပ်သေးဘူး"

"ဘာ"

"ရှင် တင်တင်စီးစီးနဲ့ ဆောင့်ကြီးအောင့်ကြီး ပါးစပ်ဖျားက တောင်းပန်နေတာလေ၊ ကိုယ့်အမှားကိုယ်သိရင် ရင်ထဲကနေ လှိုက်လှိုက် လှဲလှဲ တောင်းပန်ရမှာပေါ့"

"ကျွတ် ခက်လိုက်တာ"

ဒီကောင်မလေး မလောက်လေးမလောက်စားနှင့် ကတ်ဖဲ့ကိုင်နေတာ သူ အောင့်သီးအောင့်သက်၊ ကသိကအောက် ဖြစ်နေရသည်။ လူတချို့ ကွက်ကြည့်ကွက်ကြည့် လုပ်နေတော့ ရန်တွေ့ခံရတာ ပူထူရှက်ရွံ့လာ၏။

"မင်း ဘာဖြစ်ချင်နေတာလဲ၊ လျော်ကြေးလိုချင်တဲ့ ဦးတည်ချက်ရှိလို့ ဒီလောက် ရစ်နေတာလား"

"ဘာ ရှင် ရှင်"

"မင်း ဘယ်လောက်လိုချင်လဲပြော၊ ငါ အခုချက်ချင်း ထုတ်ပေးမယ်"

"တောက်"

"အား"

ရှူးဖိနပ်ပေါ် အုတ်ခဲကျိုးနှင့်ပစ်ပေါက်ချလိုက်တာမို့ သူ ခုန်ဆွခုန်ဆွနှင့် ငယ်သံပါအောင် အော်လိုက်မိ၏။ ရှူးဖိနပ်ထဲက သူ့ခြေထောက်

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပြဲသွားလား၊ ကျိုးကန်းသွားလေပြီလား။

"ဟား တော်တော်ဆိုးတဲ့ မိန်းကလေး၊ အား သေပါပြီကွာ"

သူ ဘာမှပြန်ပြောချိန် မရလိုက်ပါ။ ဘောက်ဆတ်ဘောက်ဆက်ဖြင့် နောက်ကြောင်းပြန်လှည့်သည့်လမ်းနှင့် သူ သွားရမည့်လမ်းက လမ်းကြောတစ်ကြောတည်းမို့ သူမအနားကပင် ကားဖြတ်မောင်းလာခဲ့ရသည်။ သူမအနားရောက်မှ သူ ကားဟွန်းအကျယ်ကြီး တီးပစ်လိုက်၏။

"တီ တီ"

"အမယ်လေး"

သူမ မျောက်ခုန်ခုန်ကာ လန့်ဖျပ်တုန်တက်သွား၏။

"သေနာကြီး မြွေပွေးကိုက် ကားမှောက်ပြီး သေပါစေ၊ မိန်းမဆိုးသိုးနဲ့ရပြီး လေဖြတ်ပါစေ"

သူ့ကို နှုတ်ခမ်းတလန်လန်နှင့် ကျိန်ဆဲတာ သူ ကြားဖြစ်အောင် ကြားသည်။ စိတ်မဆိုးဖြစ်သည့်အပြင် လက်သီးဆုပ်ထောင်ပြခဲ့ပြီး ရယ်ပင်ရယ်လိုက်မိ၏။

ဒီကောင်မလေး တော်တော်ကို အဆဲသန်သည်။

□ □ □

မျိုး၁၀၁၈၇

## အခန်း (၆)

"ဖေဟာတော်"

သူမနှင့်ပြဿနာဖြစ်သည့် လူယုတ်မာကားက အိမ်ရှေ့မှာ ရပ်ထားတာမို့ သူမ အံ့သြသွားရ၏။ ကိုယ်တော်ချောက အိမ်ရှေ့ခုံတန်းလျား ကြီးမေနှင့်တောင် စကားပြောလို့နေသည်။

ဘာလဲ ဘယ်ကလဲ ဒီလူ ဘာလာလုပ်တာလဲ။

"ငါ့ပိုင်နက်ထဲရောက်ပြီ၊ ဒင်းတော့ သေပြီသာမှတ်"

ထဘီကို တိုတိုပြင်ဝတ်ပြီး ခြေလှမ်းကျဲကျဲဖြင့် အိမ်ထဲကိုမြန်မြန်ရောက်သွား၏။

"ဟယ် သမီးလေး၊ မသိတာနဲ့ စက်မှုဖုန်အလုပ် သွားလျှောက်မည်မလို့ဆို၊ ဘယ်လိုဖြစ်တာလဲ"

မျိုး၁၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



"ဟင် မင်း"

ကြီးမေက ဘာမသိဘာမသိ လှမ်းအော်၏။ မျက်ဒထောက်နီကြီးနှင့် ရှုံးရှုံးရှားရှား ဒေါသဖြစ်နေသော သူမကို ထိုလူလည်း မြင်သွားကာ အံ့သြတကြီး မျက်လုံးပြူးသွား၏။

"အဲဒါ ကြီးမေ တူမလေး ပန်းနီနီလေ၊ သမီး သူက ကြီးမေ မနေ့ကပြောတဲ့ မောင်ဆစ်ထန်"

"ဟင်"

"ဟာ"

သူက ထပ်မံအံ့သြရင်း သူမက အလိုမကျမှုများဖြင့် မျက်မှောင်ကုတ်၏။

"ဒီအိမ်ထဲ အဝင်မခံနဲ့၊ ရှင်-ခုထွက်သွား"

"ဟဲ့ သမီး ဘယ်လိုပြောလိုက်တာလဲ၊ ဧည့်သည်ကို"

"သူ ဧည့်ကောင်းဆောင်ကောင်း မဟုတ်ဘူး ကြီးမေ၊ ဘာမှ လက်ခံစကားပြောနေစရာ မလိုဘူး"

"နီနီ အဲလို ရိုင်းရိုင်းစိုင်းစိုင်း စကားတွေ မပြောရဘူးလေ၊ အေးအေးဆေးဆေး ထိုင်ပါဦးကွယ်၊ ကိုယ်က သူတို့ပေးတဲ့ နစ်နာကြေး မယူနိုင်ဘူးဆိုလည်း လူ့ကျင့်ဝတ်အရ မရိုင်းစိုင်းသင့်ဘူး သမီး"

"အို ဒီလူက လူ့ကျင့်ဝတ်ဆိုတာ နားလည်တဲ့သူ မဟုတ်ပါဘူး၊ ကိုယ်က ဘာနားလည်ပြစရာလိုလို့လဲ၊ ဒီလို တင်စီးမော်ကားတဲ့သူမျိုး



အိမ်ထဲကို အဝင်မခံသင့်ဘူး"

"ဘာတွေပြောနေတာလဲဟယ်၊ ငါတော့ နားမလည်တော့ဘူး တကယ်ပါပဲ"

လိုတာထက် အိုဗာဖြစ်နေသည်ဟု ယူဆကာ ဆစ်ထန်ကို ဒေါ်မေခင် အားတုံ့အားနာ ဖြစ်နေသည်။ အခုမှမြင်ဖူးတွေ့ဖူးသည့် သူကို ဒီလောက်ပဲ ခါးခါးသီးသီး ဖြစ်နေရလား။

ဒီကလေးမ ဘယ်သူ့အပေါ်မှ မရိုင်းစိုင်းဘူး။

"ဟို ပြီးရင် ကိုယ် ပြန်ပါ့မယ်၊ ခဏထိုင်ပါဦး"

"ဒါ ကျွန်မအိမ်၊ ထိုင်ချင်ထိုင်မယ်၊ မထိုင်ချင် မထိုင်ဘူး၊ ဘာမှလာပြီး ဧည့်ဝတ်ပြုမနေနဲ့၊ ရှင့်မျက်နှာကို အခုချက်ချင်းကို မတွေ့ချင်တော့တာ ပြန်တော့"

"မပြန်ဘူးကွာ၊ မင်း ရိုက်ထုတ်ချင်ထုတ်"

"ဘာ"

"ဟုတ်တယ်လေ၊ မနေ့ကလည်း မင်းနဲ့မတွေ့ရလို့ ပြန်သွားရတယ်၊ အခု တွေ့တော့လည်း ဘာမှမပြောရဘဲ ပြန်ရမယ်လို့ အဓိပ္ပာယ်မှမရှိတာ"

သူမနဲ့အပြိုင် အရွဲ့တိုက်ပြောတော့ သူမ မျက်နှာနီမြန်းမြန်းနှင့် ရှေ့ခြေတစ်လှမ်းတိုးလာ၏။ နီးရာတစ်ခုခုနှင့် ကောက်ရိုက်လိုက်လျှင်တော့ သူ ထိပ်ပေါက်ခေါင်းကွဲ ဖြစ်ဦးတော့မည် ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ အသင့်အနေအထားဖြင့် ခေါင်းနှင့်မျက်နှာကို လက်သီး လက်မောင်းတန်း၍ ကာကွယ်ထားရသည်။

"ဟဲ့ ဘာဖြစ်ကြတာလဲ"

"ကြီးမေကိုတော့ အားနာပါတယ်၊ ခုနက သူနဲ့ လမ်းမှာတွေ့တာ၊ ကျွန်တော့်ခြေထောက်ကို အုတ်ခဲကျိုးနဲ့ ထုခံရတယ်။ အခုတစ်ခါ လုပ်ရင် ကျွန်တော် သည်းမခံဘူး။ ကျွန်တော် ကရာတေးနဲ့ ဖန်တိုဖန်ရှည် တတ်တယ်၊ ပညာကုန်သုံးပြီး ပြန်ခေါ်မှာ"

သူမကို စချင်နောက်ချင်စိတ်နှင့် ကလေးကလား ပြောလိုက်တော့ သူမ ဒေါသအဟုန်ကို မီးတိုးပေးလိုက်သလို ဖြစ်သွားသည်။

ခုံတန်းလျားမှာ ထိုင်နေသောသူ့ကို ဆူးရှူးဝါးဝါး ကြည့်ပြီး

"ရှင် ဘာပညာတွေ တတ်တတ် ပန်းနီနီကို ဂရုမစိုက်ဘူး။ မကြောက်ဘူးသိရဲ့လား၊ ရှုကြည့်တော့ လူကြီးလူကောင်း၊ ဂုဏ်ခြပ်ရှိ သလိုလိုနဲ့ အခြေအမြစ်မရှိတဲ့ စကားတွေ လာပြောနေတယ်၊ ဒီ ကျွန်မ အိမ်ခန်းထဲ၊ ရှင့်ကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲပစ်မယ် သိရဲ့လား"

"ကြောက်လိုက်တာ"

သူ့ ပုန်းတွန့် ဒူးတုန်ပြလိုက်တော မခန့်လေးစား လုပ်ရာကျသွားမလား မသိပေမယ့် ရန်တွေ့ခံရတာ ပျော်လာလို့ စနောက်နေမိခြင်းပင်။ သူ့တစ်သက်နဲ့တစ်ကိုယ် ဘယ်သူနှင့်မှ အခြေအတင် ရန်မဖြစ်ဘူးပါ။ မေမေနှင့်အမြဲလို ပဋိပက္ခဖြစ်တတ်တာက လွဲလို့ပေါ့လေ။





တည်ငြိမ်ရင့်ကျက်ချင်ဟန်ဆောင်နေရပေမယ့် အသက်နှစ်ဆယ်ကျော်ဆိုတော့ သူလည်း လူငယ်စိတ်ပဲ။ မဟုတ်မခံ အရွဲ့တိုက်တာမျိုးကို သင်ယူစရာမလိုဘဲ တတ်မြောက်နေပြီးသား။ တမင်တကာကြီး မဟုတ်သော်လည်း ဒီကောင်မလေးနှင့် ဒီလိုဖြစ်နေရတာ ပျော်စရာပင်။

ကြီးမေက ဒါကို သဘောမပေါက်ဘဲ ပန်းနီနီလက်ကို ဆောင့်ဆွဲဆိုင်းနိုင်းကာ

"ဘယ်လိုဖြစ်နေတာလဲ ပန်းနီနီ၊ အဆင့်အတန်း မရှိတဲ့ စရိုက်ဘယ်က သင်ယူထားတာလဲ၊ လူဆိုတာ စိတ်ဆိုးခွင့် စိတ်နာခွင့် ပေါက်ကွဲခွင့် ရှိတယ်၊ ဒါပေမဲ့ အောက်တန်းမကျရဘူး၊ နှစ်နာကြေးကိစ္စ ရှင်းဖို့လာတာ လက်ခံမယ် လက်မခံဘူး လူလိုသူလို ပြော"

"ကြီးမေကလည်း အဲဒီလူနဲ့ လမ်းမှာ ပြဿနာတက်လာလို့ပေါ့ ပါတာနဲ့ စက်မှုဖုန်တောင် လိုက်မသွားရဘူး၊ ဒီမှာမြင်လား၊ အဲဒီလူ ပျောက်မသွားတာ ရှုံ့ဖွက်တွေ"

"ဟင်"

အခုမှ ပန်းနီနီကို လှည့်ကြည့်ကာ ဒေါ်မေခင် အံ့အားသင့်သွားသည်။ ဒီလိုတွေ ဖြစ်ခဲ့လို့ တူမလေး ဒီလောက်တောင် ပေါက်ကွဲနေတာပဲ၊ ခုနက ဆစ်ထန်ကို အားနာနေတာနှင့် ပန်းနီနီကို သေချာမကြည့်မိခြင်း

"ကဲ ဘာဖြစ်ဖြစ် အဲဒီကိစ္စ အဲဒီမှာထား၊ အခုက မောင်ဆစ်



www.burmeseclassic.com

www.burmeseclassic.com



ထန် လာရင်းကိစ္စကိုပဲ ဆွေးနွေး"

"ဘာဆွေးနွေးစရာလိုလို့လဲ၊ မနေ့ကတည်းက ကြီးမေကို ပြောထားတယ်လေ၊ အဲဒီငွေတွေ မယူပါဘူးဆိုတာ"

"ပန်းနီနီ"

"ဘာလဲ"

ကြီးမေ ပြောဆိုဆုံးမနေလည်း ဒီလူကို သူမ စကားကောင်းပြောချင်စိတ်မရှိပေ။ ငွေကြေးချမ်းသာသူတွေရဲ့ မထိမဲ့မြင် ဆက်ဆံခံရတာကို မုန်းတာ။

"မင်း မိဘတွေကိစ္စ ကိုယ်တို့ ရောက်မလာနိုင်ခဲ့တာ"

"ကြီးမေ ပြောပြတယ်၊ ဟုတ်လား မဟုတ်လား မုသားလား အမှန်လား ဘယ်သူသိမှာလဲ"

"အမှန်တွေပါ၊ ကိုယ် လိမ်ညာပြောတာ မဟုတ်ပါဘူး"

"ဟုတ်ဟုတ် မဟုတ်ဟုတ် ကျွန်မဘက်က ဘာမှအကြောင်းထူးလာမှာမဟုတ်ဘူး။ ရှင်တို့ အခုမှ ငွေလာပေးလို့လည်း ကျေးဇူးမတင်ဘူး၊ ကျွန်မမိဘတွေအတွက် ကျွန်မလုပ်သင့်တာ လုပ်ပေးပြီးပြီ၊ ရှင်တို့ဘက်ကလည်း ထိုက်သင့်တဲ့အပြစ်ဒဏ်ခံနေတာပဲ၊ ဘာမှပတ်သက်စရာ အကြောင်းမရှိတော့ပါဘူး"

"လူမှုရေးရှုထောင့်ကကြည့်ရင် ကိုယ်တို့ဘက်က ဝတ္တရားပျက်ကွက်တာတွေရှိလို့ အဲဒီအတွက်လည်း တောင်းပန်ပါတယ်၊ ခုနက အခြေ





အနေကလည်း မင်းမုန်းမသိလို့"

"အစပြန်မဖော်နဲ့"

သူမက လေသံမာမာနှင့် အံကြိတ်ကာ ဟန့်တား၏။ ကြီးမေကြောင့် ထိန်းချုပ်လိုက်သည့် သဘော။ သူလည်း လူကြီးတစ်ယောက်ရှေ့မှာ မထိမဲ့မြင် ပမာမခန့် မဖြစ်ချင်ပါ။

"ကောင်းပြီလေ အခုကိစ္စမဟုတ်ဘဲ မင်းမိဘတွေအတွက်ပဲ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ် ပြန်ရောက်မှ သတင်းစုံစမ်းမိသလောက်က ငါ့အစ်ကို ထောင်နှစ်များများကျဖို့ မင်း အများကြီး ရင်းနှီးလိုက်ရတယ်ဆို"

"အမှန်တရားအတွက် အကုန်ခံတာ၊ သက်သက်ယုတ်မာချင်တဲ့စိတ်နဲ့ မဟုတ်ဘူး"

"မခံချင်စိတ်နဲ့ မာနကြောင့်ဆိုတာ ကိုယ် နားလည်ပါတယ်၊ လုပ်သင့်လို့ လုပ်တာကို ကိုယ့်အနေနဲ့ ဘာမှမပြောချင်ပေမယ့် မေမေက"

"ဘာလဲ ရှင့်အမေက မကျေနပ်ဘူးတဲ့လား"

အင်းဟု ခေါင်းမညိတ်ဖြစ်ဘဲ အသံတိတ်နေလိုက်တာကို သူမ သဘောပေါက်ပေလိမ့်မည်၊ ဒီအကြောင်းတွေ မပြောချင်ပေမယ့် တခြားပြောစရာမရှိတာမို့ ရင်ဖွင့်မိသလို ဖြစ်နေလားပင် မသိပါ။ သူမက ဒါကို ဆတ်ဆတ်ခါသွားကာ

"သူ့မှာ သားထောင်ကျပေမယ့် တစ်နေ့ လွတ်လာပြီး မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ပျော်ပျော်ရွှင်ရွှင် နေလို့ရသေးတယ်၊ ကျွန်မက အားကိုးစရာ မြင့်မိုရ်တောင်ကြီးပြိုသွားတော့ သိရဲ့လား၊ ရှင်တို့လို ချမ်းသာတဲ့သူတွေ ကိုယ်ချင်းစာစိတ်လည်း မရှိကြပါဘူး၊ ကဲ ဒီလောက် ရှည်ရှည်ဝေးဝေး ပြောမနေချင်တော့ဘူး၊ ရှင့်ငွေကို ယူပြီးပြန်တော့"

"ပန်းနီနီ ညည်းအေ"

ဒေါ်မေခင် ရေနွေးခွက်ကို ဆောင့်ချပြီး ပန်းနီနီကို မျက်စောင်းဝင့်ကာ

"ပေးတာကို အေးအေးဆေးဆေး ယူသွားလိုက်၊ ညည်းတစ်ခွန်းမှ ထပ်မပြောနဲ့တော့၊ ကိုယ့်မှာ ဘာမှလည်း ရှိတာမဟုတ်ဘဲနဲ့ ဟန်ကြီးပြနေတယ်၊ အေး ညည်းကိုအားကိုးပြီး ငါ ဒီမှာလာနေတာ မဟုတ်ဘူးနော်၊ ညည်းတစ်ယောက်တည်း အားငယ်နေမှာစိုးလို့ လာပြီး စောင့်ရှောက်နေတာ၊ ငါ့ကြားမှ နားမထောင်ချင် ငါက ဘာလို့နေရတော့မလဲ"

"ကြီးမေ"

"ဘာအကြောင်းမှမကြားရ ဘာသတင်းမှ လာမမေးကြတော့လည်း လူစိတ်မရှိဘူး၊ ကိုယ်ချင်းစာတရား မရှိဘူးဆိုပြီး မုန်းနေတယ်၊ အခု အကျိုးအကြောင်း ရှင်းပြပြီး လာတောင်းပန်တော့လည်း မဟုတ်၊ အဲဒီညည်းရဲ့မာနက အရည်ကျိုသောက်လို့ရသလား၊ ကိုယ့်မှာ အခက်အခဲရှိနေတာကို ဒီငွေ မယူပါဘူးဆိုတော့ လောကစံကို ညည်း ဘယ်





လောက် အထင်နိုင်မှာမို့လို့လဲ"

"ကြီးမေကို ထမင်း မငတ်အောင် နီ ရှာကျွေးနိုင်ပါတယ်"

"တော်စမ်းပါအေ၊ ညည်း ပင်ပန်းတကြီး ရှာကျွေးတာကို ကျုပ်က မျိုကျပ့်မလား၊ ဒီငွေကို အရင်းအနှီးလုပ်ပြီး အေးအေးသက်သာလေးသာ နေစမ်းပါ၊ ဒီငွေယူမလား၊ ငါ့ကိုပြန်စေချင်လား၊ နှစ်ခုထဲက တစ်ခုရွေး ပန်းနီနီ"

"အား စိတ်ရှုပ်လိုက်တာ ကြီးမေရာ"

ခြေသံတဒုန်းဒုန်းဖြင့် ပန်းနီနီ အိမ်မကြီးပေါ် တက်သွားသည်။ ကြီးမေတာ သူ့ကို အားတုံ့အားနာဖြစ်နေကာ

"ဒီကလေး အရင်က အဲလို မိန်းမရိုင်းလေး မဟုတ်ပါဘူးကွယ်၊ မိဘတွေသေသွားတဲ့အချိန်မှာ မင်းတို့ တာဝန်မဲ့တယ်ထင်ပြီး တဖက်သတ် နာကြည်းနေခဲ့တာပါ၊ ငွေကြေးချမ်းသာလို့ မျက်နှာလွှဲခဲပစ်နိုင်တယ် ထင်ပါလေ၊ ပြီးတော့ မင်းတို့ဘက်က ငွေနဲ့အမှုကို ပိတ်ချင်တာကိုလည်း ဂရု မကျေနပ်ဘူး"

"ကျွန်တော် နားလည်ပါတယ် ကြီးမေ၊ ကျွန်တော်တို့ဘက်က ထင်လွဲလောက်အောင် တာဝန်မဲ့ခဲ့တာပဲ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲကွယ်၊ အခု မင်းရောက်မလာဘဲ ငွေတွေ ပေးတော့ရော ကြီးမေတို့ ဘာပြောလို့ရမှာလဲ၊ ရုံးပြင်ကနား ရောက်ချင်လို့ ဘာမှမရလည်း ဒီအတိုင်းပဲ နေရမှာပါ၊ အားလည်းနာ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ ပန်းနီနီလေးမှာလည်း ခံစားချက်တွေ ရှိနေလို့ သူ့ကိုအပြစ်မယူပါနဲ့ကွယ်"

"ဟုတ်ကဲ့ပါ ကြီးမေ၊ သူ စိတ်တိုတာ ကျွန်တော့်အတွက်တော့ ပျော်စရာပါ။ သြော် နောက်အခေါက် ကျွန်တော် အလည်လာဖြစ်ရင် ခွင့်ပြုပါနော်"

"ဘယ်လိုကွယ့်"

"ဟို ဒီလိုပါ ကြီးမေတို့က မိန်းကလေးတွေချည်းပဲလေ။ ကျွန်တော် စောင့်ရှောက်ပေးပါရစေလို့ တောင်းဆိုတာပါ"

သူ ထိုသို့ပြောတော့ ကြီးမေ ဘာကိုတွေးမိသွားသည် မသိဘဲ ပြုံးစိစိ ဖြစ်သွား၏။ လူကြီးဆိုတော့ တွေးချင်စရာ တွေးပေမပေါ့။

ဘာဖြစ်ဖြစ် ငွေထုပ်ကို ထားခဲ့နိုင်းပြီဖြစ်လို့ သူ့ရင်ထဲက အလုံးကြီး ပေါ့ပါးသွားသည်။ ပန်းနီနီ မင်း ဘယ်လောက်ပဲ မာနကြီးကြီး ငွေသိန်းနှစ်ဆယ် မင်းအတွက် ထားခဲ့နိုင်ပြီ။

◻ ◻ ◻

## အခန်း (၇)

"ဘာ သိန်းနှစ်ဆယ်တောင် ပေးပစ်ခဲ့တယ်၊ မင်း ဒါ ဘာလုပ် ဘာလဲဆစ်ထန်။ ငါ့သားက တောင်ကျနေပြီ၊ ဒီငွေ သိန်းနှစ်ဆယ် ဘာ ...ပြီ ပေးရမှာလဲ။ မပေးနိုင်ဘူး၊ မင်းအခုချက်ချင်း အဲဒီငွေတွေ ပြန်သွား ယူ"

"မေမေ"

"ငါ ပြောနေတယ်နော် ဆစ်ထန်၊ သူတို့က ချမ်းသာပြည့်စုံ ... ဟုတ်ဘဲနဲ့တောင် ရှိသမျှ ပစ္စည်းပေါင်နှံရောင်းချပြီး ငါ့သားကို ...တောင်ကျအောင် လုပ်ကြသေးတာ၊ မင်းက ဘာလို့ အထောက်အပံ့ ...ပေးရတာလဲ၊ လုပ်ကြံအားပေး၊ သူခိုးဓားပြကမ်းလို့ဖြစ်မလား။ ငါ

www.burmeseclassic.com

www.burmeseclassic.com



သား ဒီလိုဖြစ်သွားရတာ လုံးဝကျွန်မကြောင့် ဟဲဟော့"

ဒေါ်မြသားနွယ် နုတ်ပူးသလို တစ်ကိုယ်လုံး ဆတ်ဆတ်တုန် လောက်အောင် ဒေါသဖြစ်နေသည်။ ဆစ်ထန် ဒီလိုမျိုး မိမိကိုကျော်၍ ဟိုအိမ်ကိုသွားလိမ့်မည် မထင်မိ။ လူမှုရေးအရ သာရေးနာရေး မေးရုံ လောက်ဆိုရင်တောင် ခံသာသေးသည်၊

အခုတော့ ငွေသိန်းနှစ်ဆယ်တောင် နှစ်နာကြေးထောက်ပံ့ပေး ခဲ့တာတဲ့။ သားကြီး ဒီလိုဖြစ်သွားတာကို ဝမ်းသာအားရ ထောက်ခံတဲ့ သဘောလား။

"တောက်"

"မေမေရယ် ဒီငွေက လူသေသွားပြီဆို ကိုယ့်ဘက်က ထောင် ကျကျ ထောင်ကျကျ ပေးကိုပေးရမယ့်ငွေပါ၊ အဆင့်အတန်းအလိုက် အနည်းအများ ပိုင်းခြားလိုက်တာပဲရှိချင်ရှိမယ်၊ သူတို့ဘက်က တရားရုံး ကနေ ဆင့်ခေါ်တာမျိုး မလုပ်တာဘဲ ကျေးဇူးတင်ရဦးမှာပါ"

ဒေါ်မြသားနွယ် ဟွန့်ခနဲ ရယ်၍ ဆစ်ထန်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဆောင့်ခနဲ ထိုင်ချ၏၊

"ဆစ်ထန် ငါ့သားကြီး ထောင်ကျတာကို မင်း မျော်နေသလား"

"ဗျာ မေ မေမေ ဘယ်လိုပြောလိုက်တာလဲ၊ ကိုကို ထောင်ကျ တာ ကျွန်တော်က ဘာလို့ မျော်ရမှာလဲ"

"ကုမ္ပဏီမှာ မင်း နေရာရတော့မယ်လေ၊ တခြား ဒါရိုက်တာ





အဖွဲ့ဝင်တွေက ငါ့သား ထောင်က လွတ်လာရင်တောင် ဥက္ကဋ္ဌရာထူးပေး ချင်ကြပါ့မလား။ မင်း အရည်အချင်းတွေ အစွမ်းပြခွင့်ရပြီပေါ့"

"မေမေက အဲလို ထင်နေတာလား။ ဒါဆို ကျွန်တော့်ကို နိုင်ငံ ခြားပို့လိုက်တာ ကိုကို့ကို ကုမ္ပဏီမှာနေရာပေးချင်လို့ပေါ့ ဟုတ်လား မေမေ"

"ဘာ"

"မေမေ ဒီလို ဆွေးခွဲစကားတွေပြောလို့ ကျွန်တော် ဒီမေးခွန်း ကို မေးကြည့်တာပါ၊ ငယ်ငယ်တည်းက ကျွန်တော့်ကို အသုံးကျတဲ့လူ တစ်ယောက်ဖြစ်မှာ မေမေ ဒိုးဖိုမ်နေခဲ့တယ် မဟုတ်လား၊ ကိုကို့ကိုတော့ ပူတကာရွှေမှာ တော်တဲ့တတ်တဲ့ လိမ္မာတဲ့သားတစ်ယောက်အဖြစ် အမြဲ တမ်း ပွဲထုတ်ကြွားဝါခဲ့တယ်"

"မင်း ဘာတွေအထင်လွဲနေတာလဲ"

"ကျွန်တော့်ရင်ထဲမှာ အဲလိုခံစားချက်တွေရှိတယ်ဆိုတာ မေမေ ကားအောင်လို့ပါ၊ ကွယ်ရာမှာ ဖေဖေဖျောင်းဖျခဲ့လို့ ကျွန်တော် ဒီလိုမျိုး တောင်းရှုပ်တည်နိုင်ခဲ့တာ မေမေ၊ ကိုယ့်ကိုယ်ကိုယ် တစ်ခါတလေ မေး မွေးထုတ်ခဲ့တာမှ ဟုတ်ရဲ့လား၊ လမ်းဘေးက ကောက်ယူမွေးစား ကာလားလို့ သံသယတွေ ဝင်မိပါတယ်"

ဒေါ်မြသားနွယ် ပြန်မဖြေရှင်းဘဲ မျက်မှောင်ကြုတ်ကာ နှာခေါင်း နေ၏။ အဲဒါ မင်းအမေကို မေးကြည့်ရင် သိနိုင်တာပဲလို့ ပြောပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်သည်။ လူမမာကို အသက်ရှင်ချင်စိတ် ရှိအောင် တွန်းအားပေးသလို ဖြစ်မှာစိုးလို့ ငြိမ်နေလိုက်သော။

''မေမေ အဲဒီမေးခွန်းကို ဖြေကြည့်ပါလား''

''ဘာ''

''ကျွန်တော်က မေမေ မွေးထားတဲ့ သားတစ်ယောက် ဟုတ်ရဲ့လားဆိုတာ''

''ဆစ်ထန် မင်း ငါ့ကို ဘာတွေ လာမေးနေတာလဲ''

''ကျွန်တော် ငယ်ငယ်တည်းက သားတစ်ယောက် အခွင့်အရေးတွေ ဆုံးရှုံးခဲ့တယ်လို့ ထင်ပါတယ်။ ကိုကို့အပေါ် ပြည့်ဝစည်းစေးဆပ်လှန်းတာကို မနာလိုဖြစ်တာမျိုး မရှိခဲ့ပေမယ့် ကိုယ့်ရဲ့စိတ်တွေ သိမ်ငယ်ခဲ့ရတာတော့ အမှန်ပါပဲ၊ ဒါကြောင့်လည်း ပညာရေးဘက်မှာ ကျွန်တော် အားရုံစိုက် ကြိုးစားခဲ့တာ မေမေ''

''မင်းပြောတာတွေ ငါ နားထောင်ပေးနေလို့ အကောင်းမှတ်နေလား ဆစ်ထန်၊ လူတစ်ယောက်ရဲ့ ခံစားချက်တွေက သူ့ဘက်ကိုယ့်ဘက် တော့ မှန်နေကြတာချည်းပဲ၊ မင်းဘက်က တွေးထားတာတွေ ငါ မကာန့်ကွက်ဘူး၊ ငါ့ဘက်က သားချင်းအတူတူ ဘက်လိုက်တယ်လို့ ဝင်လည်းငါ ဂရုမစိုက်ဘူး၊ အေး ခုကိစ္စမှာလည်း ဟိုဘက်က ကောင်မလေးကို သိန်းနှစ်ဆယ် ပေးလိုက်တာ ငါ လုံးဝမကျေနပ်ဘူး ဆစ်ထန်''

''အဲဒီပိုက်ဆံက ကျွန်တော့ငွေ မဟုတ်ပါဘူး မေမေ၊ ကျွန်တော်





နိုင်ငံခြားမှာနေတုန်းက မေမေတို့ မုန့်ဖိုးပေးထားတာပါ၊ အသုံးအစွဲလျှော့ပြီး ကျွန်တော် ဘဏ်စာအုပ်ထဲထည့်ထားတာ၊ အဲဒီငွေကိုပဲ''

''ကျွတ်''

ဒေါ်မြသားနွယ် ကျွတ်ခနဲ အသံမြည်လျက် ဆိုဖာထိုင်ခုံ လက်တန်းကို ဗုန်းခနဲ ပုတ်၏။ ဆစ်ထန် ဘာလုပ်လုပ် အကောင်းမမြင်တာ ခံရခက်စေသည်။ တကယ်ဆို မေမေတို့ ဥပေက္ခာပြုထားတာကို အပြောခံရလွတ်အောင် ကိုယ်က ဝင်ရှင်းပေးတာ။

''မင်းကို ဒီကိစ္စ ဘယ်သူမှတာဝန်ပေးပြီး ရှင်းခိုင်းတာ မဟုတ်ဘူးနော်၊ ငါ ဘာကောင်ဆိုပြီး မဏ္ဍပ်တိုင်တက်ပြတာမျိုးကို လုံးဝ ခွင့်မလွှတ်ဘူး''

''ခါးခါးသီးသီး ဖြစ်ရတဲ့အကြောင်းရင်းက ကျွန်တော့်ကို နေရာပေး ပွဲမထုတ်ချင်တာသက်သက်ပဲလား၊ စိတ်ချ မေမေ၊ ကျွန်တော် ကျူးကျော်နဲ့မပတ်သက်အောင် နေပေးမယ်၊ ဖေဖေလည်း မလုပ်နိုင်ဘူး၊ ကိုကိုလည်း မရှိဘူး၊ မေမေ တစ်ယောက်တည်း ဖြစ်တယ်ဆို ပြီးတာပဲ''

ပြောတာက ရွဲ့သလိုလို စောင်းသလိုလိုနှင့် တင်းထန်နေသော မျက်နှာကိုလည်း မပြင်ဘဲ ဆစ်ထန် ထထွက်သွားသည်။ ရင်ဘတ်ထောင့်တစ်နေရာမှာ ခံပြင်းခြင်းများဖြင့် မကျေမချမ်း ခပ်ကြိတ်ကြိတ် တက်လာပါတော့၏။

ထိုအချိန်မှာ အရိပ်တစ်ခုက သက်ပြင်းရှိုက်သံများနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



လှိုမ့်ထွက်လာသည်။

"မြသား"

လှည့်မကြည့်သော်လည်း ဦးမောင်မောင်ဦး စိုးရိမ်ချက်ကို တွန်း၍ ထွက်လာတာ သိလိုက်သည်။ ခုနက ဆစ်ထန်နှင့် ပြဿနာကို ကြားပြီး ပြောစရာရှိနေမှာပေါ့။

"သားငယ်နဲ့ အမြဲတမ်း အဲဒီလို ပဋိပက္ခတွေဖြစ်နေတော့မှာလား မြသား"

"ဖြစ်စရာအကြောင်းတွေရှိလို့ ဖြစ်နေတာ ရှင် သိနေတယ် မဟုတ်လား ကိုမောင်"

"မသိချင်ယောင်ဆောင်နေပါလို့ ပြောချင်သေးလို့လား မြသား ရယ်၊ မင်းစိတ်တိုင်းကျ နေပေးခဲ့တာ အချိန်တွေ အရမ်းကြာခဲ့ပါပြီ ကိုယ့်အပြစ်တွေ မကျေနိုင်တော့ဘူးလား"

"အခုမှ အပြစ်က ပိုကြီးလာတာ ကိုမောင်၊ ဆစ်ထန်က ကျွန်မသွေးသား မဟုတ်ဘူး၊ အဲဒီအပေါက် ကျွန်မ မကြည့်ဖြူနိုင်တာ မှားနေလို့လား"

"မမှားပေမယ့် ဒီကလေးက ကိုယ့်သွေးသားလေ"

"ရှင် အိမ်ထောင်ရေးဖောက်ပြန်လို့ ရလာတဲ့ ဒီကလေးကို ကျွန်မ သေသည်အထိ အသိအမှတ်ပြုမှာမဟုတ်ဘူး ကိုမောင်၊ ဒီအချိန်ထိ ဒီအကြောင်းတွေ ဖုံးကွယ်ပြီး ကျေးမွေးစောင့်ရှောက်လာတာ ရှင့်အပြစ်



တွေအတွက် ခွင့်လွှတ်တယ်လို့ ထင်နေလား၊ ဒီကလေးကို မြင်နေသရွေ့ အဲဒီအချိန်တွေကို ပြန်အမှတ်ရပြီး အသစ်ဖြစ်နေဦးမှာပဲ"

ငင့်သက်ရှိုက်သံတို့က လေးပင်လျက် အပြစ်သားတစ်ယောက်လို ဦးမောင်မောင်ဦး မျက်နှာ ညှိုးကျသွားသည်။ ဒီအပြစ်တွေကို နောင်တတွေနှင့် ဆေးကြောခဲ့တာတောင် မစင်ကြယ်သေးပါလား။ သားငယ်လေးက သူ့အပြစ်တွေရဲ့ ဒဏ်ရာ။

"ဒီကိစ္စတွေကို သားငယ်လေး အခုထိ မသိသေးပါဘူး၊ မြသား ကလေး သိသိသာသာ အထင်လွဲနိုင်တာတွေ ရပ်တန်းက ရပ်ပါတော့ မြသားရယ်၊ ကိုယ့်သား သူ့သားခွဲပြီး ဆက်ဆံရေးတွေ ခွဲခြားမပေးတာ သားရင်ထဲမှာ ဒဏ်ရာတွေ ရှိအောင်းနေပါပြီ"

"ဒီလိုတွေဖြစ်အောင် မြသား လုပ်ခဲ့တာ မဟုတ်ဘူး ကိုမောင်၊ တဒင်္ဂသာယာမှုရှာပြီး အမှားလုပ်ခဲ့တာ ဘယ်သူလဲ၊ အသိုက်အဝန်း ပတ်ဝန်းကျင်ကြားမှာ ဂုဏ်သိက္ခာကျမှာစိုးလို့ ဒီအိမ်ထောင်ရေးကို တည်မြဲအောင် လုပ်နေပေမယ့် မြသားရင်ထဲမှာလည်း သေရာပါဒဏ်ရာ တွေနဲ့ပါ၊ ရှင် မချစ်လို့ စွန့်ပစ်ခဲ့ရင်တောင် ဒီဒဏ်ရာတွေက အကင်းသေ နေလောက်ပြီ"

"မြသား"

"ဟိုမိန်းမသာ ဒီကလေးကိုမွေးပြီး မီးတွင်းထဲမှာ မသေခဲ့ရင် တာဝန်ယူရမယ်ဆိုတဲ့အသိနဲ့ ရှင် ပြန်လာချင်မှ ပြန်လာမှာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲလိုတော့ မပြောပါနဲ့ မြသားရယ်၊ ကိုယ် ကျူးလွန်မိတဲ့ ဝဒ်ဂံအများအတွက် အဆုံးထိတာဝန်ယူရမယ့်အသိမှုရှပမယ့် မင်းအပေါ်မှာ လင့်ဝတ္တရား ပျက်ကွက်ခဲ့တာ မရှိပါဘူး၊ ပတ်ဝန်းကျင်မှာ သိက္ခာကျလောက်အောင်လည်း ကိုယ် အနေအထိုင် မမှားယွင်းခဲ့ပါဘူး၊ အဲဒါ မင်းကိုချစ်တဲ့စိတ်ကြောင့်လေ မြသား"

ဒေါ်မြသားနွယ် ဟွန့်ခနဲ မဲ့ပစ်လိုက်ရင်း ဦးမောင်မောင်ဦးကို မထီတရီ လှည့်ကြည့်၏။ မျက်ဝန်းတွေက မျက်ရည်ရိပ်ကြောင့် စူးစူးလက်လက်။

"အဲဒီအချစ်ဆိုတဲ့အကြောင်းအရာတစ်ခုနဲ့ မြသားနွယ် ငြိုလဲနေရတာ၊ တခြားမိန်းမနဲ့ ကလေးရတဲ့အထိ ရှင့်ဘက်က မမှားယွင်းခဲ့ဘူးဆိုရင် ကျွန်မတို့မိသားစုဘဝ အရမ်းကို ပျော်စရာကောင်းမှာပါ ကိုမောင်"

"အခုရော သားဆစ်ထန် အပိုရှိတာကလွဲရင် ကိုယ်တို့မိသားစုဘဝ ဘာတွေစိတ်ညစ်စရာကောင်းနေလို့လဲ၊ အားလုံးက မင်းသဘောအတိုင်းပဲ နေနေကြတာ"

"ဟွန်း မင်းသဘောအတိုင်းတဲ့လား၊ ရှင့်သား နှုတ်လှန်ထိုးပြီး ကျွန်မဆန္ဒတွေနဲ့ ဆန့်ကျင်နေတာ ရှင် မြင်တယ် ကြားတယ် မဟုတ်လား။ သားကြီးကို ထောင်ကျအောင် လုပ်တဲ့သူတွေကို ဝမ်းသာအားရ ပေးကမ်းထောက်ပံ့နေတာ"



"မြသားရယ် အဲဒီသဘောနဲ့ မဟုတ်ပါဘူးကွာ"

"အဲဒီသဘော သက်ရောက်ပါတယ်လို့ ဘယ်သူက ဝန်ခံမှာလဲ၊ လုပ်ရပ်တွေက အဲဒီအတိုင်း ဖြစ်နေတာ၊ ဒီမှာ အစကတည်းက ရှင့်ကို ပြောထားပြီးသားနော်၊ ရသင့်ရထိုက်တဲ့အမွေပစ္စည်းမှန်သမျှ သားကြီးနဲ့ တန်းတူ မပေးနိုင်ဘူးလို့ အခွင့်အရေးလည်း အဲဒီအတိုင်းပဲ"

"ကျွတ် မြသားရယ်"

စောဒကတက်လျှင် ဒီလို ဒီအကြောင်းကြောင့် ဒီလိုဖြစ်ရတယ် ယို့ပြီး သားငယ်ကို အခုပဲ ဖွင့်ပြောတော့မှာလိုလို ခြိမ်းခြောက်ဦးမည်။ ပသိသလို နေလိုက်ဖို့ကလည်း သားငယ်လေးအပေါ် မတရားမှုတွေ များလွန်းနေ၏။

တကယ်ဆို ဒီကလေးမှာ ဘာအပြစ်ရှိလို့လဲ။

ဟိုအရင် အတိတ်မှာလည်း သားလေးအမေ မြနှင်းမှုံလည်း ပြစ်မရှိခဲ့။ သားကြီးသုံးနှစ်သားအရွယ်ထိ စီးပွားရေးလောကမှာ သူများ ူနှင့် ရင်ပေါင်တန်းနိုင်ဖို့ ရုန်းကန်ကြိုးစားနေရတုန်းပါ။ မိတ်ဆွေစစ် ာလည်း ရှားပါးနေချိန်ပင်။ နိုင်ငံခြားဆိုလည်း သွားချည်ပြန်ချည်။

တစ်နေ့မှာတော့ နိုင်ငံခြား ကားလေလံတစ်ခုကို သူ ရလိုက် ည်။ လုပ်ငန်းတူ အပေါင်းအသင်းမိတ်ဆွေထဲက ကိုယ့်အတွက် ဝမ်း ာပေးသူရှိသလို မနာလို ချောက်ချချင်သူတွေလည်း ရှိ၏။

"တစ်ဝိုင်းကောင်းအောင်း မပြုစုရင် မရဘူးနော် ကိုမောင်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါက ကံကောင်းခြင်းအစ၊ လုပ်ငန်းနှစ်ခုလောက် ပွင့်သွားအောင် တစ်ချိ တည်း ကျန်မှာ၊ မြန်မာပြည် ကိုယ်စားလှယ်ထဲက ခင်ဗျားတစ်ယောက် ပဲရတာ''

မြောက်ပင့်ပေးသူရှိတော့ ဂုဏ်ယူဝံ့ကြွားမှုတွေဖြင့် နိုင်ငံခြား ဟိုတယ်တစ်ခုမှာ ပါတီပေးဖြစ်သည်။ အပျော်လွန်ကာ အရှုးအမူး သောက်ကြစားကြ၏။ မနက်မိုးလင်းတော့ နိုင်ငံခြားမှာ အလုပ်လာလုပ် သည့် မြနှင်းမှုံ ဆိုသော မိန်းကလေးနှင့် ဟိုတယ်အခန်းတစ်ခုတည်း အိပ်မိလျက်သား။

''ဒီကိစ္စ ခင်ဗျား တာဝန်မယူလို့ မရဘူး ကိုမောင်၊ ဒီကောင် မလေးက ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက်လေး၊ သူ့ဘာသာ ရိုးရိုးသားသား ဒီမှာ သူနာပြုအလုပ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုနေတာ၊ ဟိုတယ် နားက အဆောင်မှာနေရင်း မြန်မာပြည်ကလူတွေ ပါတီပေးတယ်ဆိုလို့ မိတ်ဆွေဖွဲ့ချင်တာနဲ့ ရောက်လာတာတဲ့''

''ခင်ဗျားဗျာ မူးရင် တော်တော်သွေးဆိုးတာပဲ၊ ဒီကောင်မလေး ကို ပြလေး မြလေးနဲ့ ဟိုတယ်ခန်းထဲ ဆွဲခေါ်သွားတော့တာပဲ၊ ခင်ဗျာ မိန်းမ မြသားနာမည်နဲ့ ဆင်လို့ စိတ်ဖောက်ပြန်သွားတာလား''

သူတို့တွေ ဘယ်လိုပြောပြော ကိုယ်ကတော့ ဘာဆိုဘာမှ မှတ်မိပါ။ ဘယ်သူထောင်ချောက်ဆင်တာလဲ၊ မကောင်းကြံတာလဲ၊ ဇ ချိန်ပင် မရလိုက်ဘဲ လူသိရှင်ကြား အရှက်တကွဲ အကျိုးနည်းမြ





အောင် မြနှင်းမှုံကို လက်မှတ်ထိုးယူလိုက်ရသည်။

နောက်မှ မြနှင်းမှုံက ဘယ်သူက ငွေပေးခိုင်းသည်ဆိုတာ ဖွင့်ဟဝန်ခံ၏။ ကိစ္စတွေက လွန်ကုန်ပြီ၊ ဘာဘာတ်နိုင်တော့မှာလဲ။ အဲဒီ ပိတ်ဆွေကို မြန်မာပြည်က မြသားနွယ်ဆီ သတင်းမပေါက်ကြားအောင် ထိန်းချုပ်ပေးဖို့ တောင်းဆိုပြီး ပြဿနာတက်လျှင် ခင်ဗျား တာဝန်ဟု ပြီးခြောက်ခဲ့ရ၏။

ထို့နောက်ပိုင်းမှာ မြသားနွယ်မသိအောင် တစ်နှစ်နီးပါး လျှို့ဝှက် ထားနိုင်ခဲ့သည်။

ဖြစ်ချင်တော့ ဆစ်ထန်လေးကို ကိုယ်ဝန်လွယ်ပိုးချိန်မှစ၍ မြနှင်းမှုံ ကျန်းမာရေး မကောင်း၊ ကလေးမွေးပြီး ငါးရက်လောက်အကြာ မှာ ဆုံးသည်၊ ဒီလိုနဲ့ မြသားနွယ်ကို အကျိုးအကြောင်းပြော၍ ကလေးကို ခေါ်လာခဲ့တာ။

''လုပ်ငန်းကို အကြောင်းပြ၊ ဒါကြောင့် နိုင်ငံခြားကို သွားချည် ပြန်ချည် လုပ်နေတာကိုး၊ ငါ့ယောက်ျား၊ ရိုးသားကြိုးစားလုပ်ပြီအောက်မေ့ နေတာ၊ အိမ်ထောင်ရေး ဖောက်ပြန် နောက်မီးလင်းနေတာပဲ၊ အသိုက် အဝန်းနဲ့ ဓနီးမယားဂုဏ်သိက္ခာ မထောက်၊ သားကိုလည်း မငဲ့ညှာ၊ ငိုင်မို့ လုပ်ရက်တယ်၊ ရက်စက်တယ် ကိုမောင်ရယ် မြသားဘက်က ဘာတွေများ မယားဝတ္တရား ပျက်ကွက်နေလို့လဲ၊ ချို့ယွင်းချက်ရှိနေလို့လဲ၊ ပြဿနာ ဘာတွေ တာဝန်မကျေတာရှိလို့လဲ၊ ရှင် အရမ်းယုတ်မာတယ်



www.burmeseclassic.com

www.burmeseclassic.com



အောက်တန်းကျတယ်၊ ရှင့်ကို မြသား လုံးဝ ခွင့်မလွှတ်ဘူး၊ နာကြည်းတယ်၊ မုန်းတယ် သိလား''

ကိုယ့်ကို မြသား ထုရိုက်ကုတ်ဖဲ့ ပေါက်ကွဲသမျှ ခုခံချေပဖို့ စကားလုံးတို့ ပျောက်ဆုံးနေခဲ့သည်။ ထိုအများအတွက် မြသား ဘာလုပ်လုပ် ဘာပြောပြော ဒီနေ့ထိ ခေါင်းငုံ့အရှုံးပေး။ စိမ်သမျှ နာခံရင်း အပြစ်သားတစ်ယောက်လို နေခဲ့ရတာ။

သားငယ်ကိစ္စမှာလည်း ဒီလိုပါပဲ။ သားငယ်အပေါ် မတရားမှုတွေရှိနေလည်း ရေငုံနှုတ်ပိတ်သည်းခံရင်းနှင့် စိတ်လျှော့ထားခဲ့ရတာ အကြိမ်ကြိမ်။

ဒီဘဝတော့ ဒီအပြစ်ကြွေးဆပ်လို့ ကျေတော့မည် မဟုတ်။

□ □ □

## အခန်း (၈)

''ဘာ အဲဒီငွေတွေ ဘယ်ရောက်သွားတယ်''

''ဘဏ်မှာအပ်ထားလိုက်တယ်၊ ပန်းနီနီက သူတို့ထောက်ပံ့လို့ ထူထူထောင်ထောင်ဖြစ်လာတာပါလို့ အထင်မခံချင်ဘူး''

''ညည်းက ဘယ်လိုအစွမ်းအစတွေနဲ့ တောက်ပြောင်အောင် ကြိုးစားနိုင်မှာမို့လဲ''

''နေစရာအိမ်ရှိတယ်၊ စားစရာကို ကိုယ့်ဘာသာ ဘယ်လိုနည်း ဖြစ်ဖြစ် ရှာဖွေစားသောက်လို့ရတယ် ကြီးမေ၊ အလွယ်မှီခိုချင်စိတ်ရှိနေရင် ဘယ်တော့မှ တိုးတက်အောင်မြင်မှာ မဟုတ်ဘူး၊ ဒီငွေတွေက ဖေဖေ မေမေတို့အသက်နဲ့လဲပြီးမှ ရတဲ့ငွေတွေ၊ နီ ကိုယ်ကျိုးအတွက် မသုံးရက်ဘူး''

စကားပြောလျှင် ဘာကိုဦးတည်မှန်းမသိဘဲ အမြီးအမောက်က

www.burmeseclassic.com

www.burmeseclassic.com



မတည့်။ ဖြစ်ချင်တာတွေ မများဘူးဆင်ရှေသော်လည်း ဖြစ်သောတာလည်း တစ်ခုမှမရှိသေး။ မာနလေးကြောင့် အသည်းမာနေပေမယ့် အလုပ်တစ်ခု ရှာပြီးလို့ ပြန်လာတိုင်း မလွယ်ပါဘူး ကြီးမေရယ်လို့ ညည်းညူတတ်သူ။

ဒါကိုပဲ ဒီငွေတွေအရင်းအနှီးမလုပ်ဘဲ ဘဏ်အပ်လိုက်သည် ဆိုတော့ စိတ်တိုမိတာ ဖျပ်ဖျပ်လူး။ မျက်စောင်းတစ်ချက် ထေ့ရင်း ကန့်ကွက်သင်နေသော ပန်းနီနီအနား ဝင်ထိုင်လိုက်သည်။ ပန်းနီနီ မျက်ခုံးတစ်ချက်ပင့်ကြည့်ပြီး အေးအေးပင် ကန့်ကွက်ရှာ ဆက်သင်နေ၏။

"ဝမရှိဘဲ ဝိလုပ်ချင်လို့ မရဘူး နီ၊ အခြေခံအုတ်မြစ် မရှိဘဲ တိုက်ဆောက်လို့မရဘူး။ ဒီငွေနဲ့ သင်တန်းဘက်အောင် လက်မှတ်ရမှ ညည်းအလုပ်တစ်ခု ကောင်းကောင်းအဆင်ပြေမှာ မဟုတ်လား"

"ဘုရင့်နောင်ခေန်ပွဲရုံမှာ စာရေးမလုပ်ဖို့ ပြောခဲ့ပါပြီ"

"ဘာ စက်ရုံတွေ ကုမ္ပဏီတွေ မဟုတ်ဘူးလား"

"လစာ ခုနစ်သောင်း ရှစ်သောင်းရမှာပါ"

"ဟဲ့ ငွေ ဘယ်လောက်ရလဲ မေးနေတာ မဟုတ်ဘူး ဘုရင့် နောင်ပွဲရုံတွေမှာလုပ်ရင် အပြန်ကားတိုးစီးရော နေဝင်မိုးချုပ် အိမ်ပြန်ရင် ကားတွေ ဘယ်လောက်ကျပ်လဲ"

"ဒီလို ဒုက္ခတွေ တွေးမနေရင် ဒီအလုပ်ကိုလုပ်ဖို့ ဆုံးဖြတ်ဖြစ် မှာမဟုတ်ပါဘူး။ ကိုယ်က ဟိုအလုပ် ဒီအလုပ် ရွေးနေရအောင် ဘွဲ့ လက်မှတ်လေးကိုင်ထားနိုင်တာကသွဲပြီး ဘာအရည်အချင်းမှ ရှိတာ



မဟုတ်ဘူး ကြီးမေ"

"အေးလေ ငါ ပြောနေတာလည်း လိုအပ်တဲ့အရည်အချင်း အောင်လက်မှတ်တွေရှိအောင် အဲဒီငွေနဲ့ အရင်းအနှီးလုပ်ပါလို့ ပြောနေ တာပေါ့။ အခု ညည်း အဲဒီငွေတွေ ဘဏ်အပ်အပ်၊ သုံးသုံး ဘယ်သူ ပါမှာလဲ၊ ဘယ်သူကရော အဲဒီငွေတွေ ဘာလုပ်ပစ်လိုက်လဲလို့ လာမေး မှာလဲ"

"မသိဘူး ကြီးမေရာ၊ ကြီးမေကို ရှင်းပြနေလည်း ကြီးမေ နားလည်မှာမဟုတ်ဘူး။ နီက ကိုယ့်ယုံကြည်ချက်နဲ့ကိုယ်လုပ်နေတာ"

"သဘော ညည်းသဘောပဲ ပန်းနီနီရေ"

ကြီးမေ စိတ်ရှည်သလို အိမ်ရှေ့ထထွက်သွားသည်။ ကြီးမေ ထွက်သွားပြီဆိုတာ ပန်းနီနီ သိလိုက်၏။ လူကြီးကို စိတ်ဆိုးအောင် လုပ်သင့်မှန်းသိပေမယ့် မတတ်နိုင်။

ဒီကိစ္စ ဒီလိုလုပ်ဖို့ ဆုံးဖြတ်ချက်ချထားရတာ လွယ်တာမှတ် ။ ကိုယ့်မှာ အဆင်မပြေမှန်းသိသိကြီးနဲ့ ဆစ်ထန်ပေးခဲ့သောငွေတွေ တစ်ပြားမကျန် ဘဏ်ကို အကုန်အပ်ထားလိုက်တာ မဟုတ်ပါလား။ ရင်းအနှီးလုပ်လို့ရတယ်ဆိုပေမဲ့လည်း ကိုယ့်ငွေမှမဟုတ်ဘဲ။

စိန်နားကပ်ရှောင်ဖွင့် ပါးပြောင်တာမျိုး အဖြစ်မခံနိုင်။

"ပန်းနီနီရေ နီနီ"

ဟော မသိတာ အသံ၊ ကြီးမေက အိမ်ထဲမှာလို့ ပြောလိုက်လို့

www.burmeseclassic.com

www.burmeseclassic.com



အော်ခေါ်နေတာ ဖြစ်သည်။

"မသီတာ နောက်ဖေး ဝင်ခဲ့၊ နီး ဟင်းချက်နေတာ"

လှမ်းအော်လိုက်တော့ သူမရှိရာ မသီတာ ရောက်လာသည်။

"ဒီနေ့ အလုပ်မဆင်းရဘူးလား မသီတာ"

"အေး ဘုန်းကြီးနေ့မို့ အလုပ်ပိတ်တယ်လေ၊ နှင် ဘုရင့်နောင် ပွဲရုံမှာ အလုပ်လုပ်မလို့ဆို"

"ဟုတ်တယ် မသီတာ၊ မသီတာတို့စက်ရုံမှာ စာရေးမ လုပ်ဖို့က ကွန်ပျူတာအောင်လက်မှတ်၊ စာရင်းကိုင်အောင်လက်မှတ်ပါမှနဲ့ ရှုပ်နေတာပဲ"

"ဟဲ့ ဟိုလူပေးသွားတဲ့ငွေနဲ့ အဲဒီသင်တန်းတွေတက်ဖို့ အဆင်ပြေနေတာကို"

"ဘာကို အကုန်အပ်လိုက်ပြီ၊ အရေးအကြောင်း မဖြစ်မနေမှပဲ ထုတ်သုံးတော့မယ်၊ အလွယ်သုံးလို့ရမှန်းသိရင် ဘဝကို အလေးအနက် ဖြတ်သန်းချင်စိတ်ရှိမှာမဟုတ်တော့ဘူး"

"အမယ်လေး စကားကြီးစကားကျယ်နဲ့ ဆန်မရှိ သောက်စားကြီးလို့အေ၊ ဒီငွေက ကိုယ်ရသင့်ရတိုက်လို့ ရတာပဲ၊ ကိုယ့်ဘာသာ ဘယ်နေရာသုံးသုံးပေါ့"

"လာပြန်ပြီ ကြီးမေ ဒုတ်ယ"

မသီတာကိုတော့ မျက်စောင်းထိုးကာ ချေပမိသည်၊ စေတနာ





စကားတွေဆိုတာ သိပေမယ့် သူမ လုပ်ရပ်ကို နားမလည်တော့ ရင်မှာ နိုးလိုးနဲ့လုပင် ဖြစ်ရ၏။

. သူမမှာ ပိုင်ဆိုင်တာဆိုလို့ ဒီမာနလေးတစ်ခုပဲ။

"ဟဲ့ ကန်စွန်းရွက်ကြော်နေတာ တရှဲရှဲနဲ့၊ အိုးခင်းပူတိုက်နေတာလား၊ မီးဖုတ်နေတာလား"

မသီတာ အသံကြားမှ ကန်စွန်းရွက်အိုးကို လက်နှီးစုတ်နှင့်ကိုင်၍ မီးပေါ်က ချလိုက်ရသည်။ ပြီးတော့ ငါးပိရည်အိုး တင်လိုက်၏။

"နှင့်အရင်က ဒါမျိုးတွေ မလုပ်ရဘူးနော်၊ ချမ်းသာကြွယ်ဝကြီး မဟုတ်ပေမယ့် နှင့်အဖေက မိသားစု မတောင့်မတ ပြည့်စုံအောင်တော့ ထားနိုင်ခဲ့တယ်၊ နှင်လည်း ပညာရေးအတွက်ကလွဲပြီး ဘာအပူအပင်မှ ရှိဘာ မဟုတ်ဘူး"

"ကံကြမ္မာက ပုံသေသတ်မှတ်ချက်မှမရှိဘဲ အချိန်အခါ အနိမ့်အမြင့်အလိုက် လည်ပတ်ပြောင်းလဲနေတာ၊ ခံနိုင်ရည်ရှိဖို့ အားကိုးအားထား ပြုရမယ့်သူ လိုအပ်တယ်ဆိုပေမယ့် နီမှာ တစ်ယောက်တည်းလေ၊ ကိုယ့်အားကိုယ်ကိုးမယ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားမယ်"

"အဲ ဟုတ်ပါပြီတော်၊ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ်ပေါ့၊ နှင့်မှာ အဲလို မာနလေးရှိနေတာ ကောင်းပါတယ်၊ ဒါပေမဲ့ ငါနဲ့အလုပ်အတူတူ ပသွားရမှာတော့ စိတ်မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှစိတ်မကောင်းဖြစ်မနေနဲ့၊ ညအလုပ်ပြန်တွေ့လို့ရတာပဲ၊ အိမ်က အဝေးကြီးမှ မဟုတ်တာ၊ ကဲ ထမင်းစားပြီးမှ ပြန်နော် မသီတာ"

"အေး ငါလည်း နင့်လက်ရာလေး စားချင်လို့လာတာဟ၊ ကြီးမေကိုရော ခေါ်လိုက်ရမလား"

"မခေါ်နဲ့ သူ စိတ်ကောက်သွားတာ၊ အခုဆို မသီတာ အမေ ဆိုသွားပြီး လေဖောနေပြီလားတောင် မသိဘူး၊ လာ ကြီးမေဖို့ ဦးချပြီး ထမင်းချူးထားလိုက်တော့"

"အေးပါဟ့ ငပိရည်နှံ့လေးက မွှေးနေတာပဲ"

ထမင်းဝိုင်းက ဟင်းခွက်အများကြီးနှင့် မဖွယ်ရာသော်လည်း သူများထောက်ပံ့မှုကြောင့် မဟုတ်တာမို့ ဝမ်းဗိုက်ထဲကို လည်မနင်ဘဲ ဖြောင့်ဖြောင့်တန်းတန်း ဝင်လေသည်။

အဆိပ်အတောက် ကင်းသော မာနများဖြင့်. . .။

◻ ◻ ◻

## အခန်း (၉)

"ဟင် ပန်းနီနီ"

ကားတစ်စီး ရပ်လာလိုက်၊ လူတစ်ပြုံတစ်မကြီး တိုးတက်လိုက် ...ျှံနေခဲ့သူက ကျန်နေလိုက်နှင့် အဲဒီဘက်ကို အမှတ်တမဲ့ မျက်လုံး ...ျက်သွားတာ။

ထဘီအနက် ပန်းနုရောင် စပို့ရှပ်လေးနှင့် ထမင်းဘူးနှင့် တိုလီ ...ပါသော ခြင်းလေးကို ဆွဲ၍ ပန်းနီနီ စိတ်စောနေဟန် ပျာယာခတ် ...ကိုသည်။ သူငယ်ချင်းနှင့်အတူ ဖွင့်မည့် အီလက်ထရွန်းနစ်ဆိုင်လေး ...ယိုကားမှတ်တိုင်အနီးမှာ။

ဆိုင်အတွင်းပိုင်း ပြင်ဆင်နေဆဲမို့ အထဲကို မဝင်ဖြစ်သေးဘဲ ...ကိုမိုရပ်ကာ ပတ်ဝန်းကျင် လေ့လာနေမိခြင်းကြောင့်။

"ဟိတ်ကောင် ထန်ကြီး မင်းက အရင်ရောက်နေတာလား၊

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်သွားရအောင်"

"နေ နေဦး ခဏလေးကွာ"

ချိုးမင်း ရောက်လာပြီး သူ့ကို လက်တို့ပြောနေတာမင် ဂရုမစိုက်နိုင်။ ကားပေါ်တက်ကာ စက်နှိုးလိုက်ရင်း ပန်းနီနီ ရှိရာ ကားမှတ်တိုင်ကို မောင်းလာခဲ့သည်။

ကားကိုကပ်နှင့် မနီးမဝေးလေးမှာ ရပ်လိုက်ပြီး ပန်းနီနီအနား လျှောက်လာခဲ့၏။

"ပန်းနီနီ"

"ဟင် ရှင်"

လိုင်းကားပေါ်တက်လို့ မရလို့ စိတ်ညစ်ညူးနေဟန်ရှိသော ပန်းနီနီ မျက်ဝန်းလေး အံ့အားသင့်ကာ ပြူးဝိုင်းသွား၏။

"မင်း ဘယ်သွားမလို့လဲ"

"ဘယ်သွားသွား ရှင်းအပူလား။ ကားကျပ်နေလို့ စိတ်ရှုပ်နေရတဲ့အထဲ"

"ဒီအချိန် ကားကျပ်တတ်တာ မင်း မသိဘူးလား။ လူတွေ ဒီလောက်ရှုပ်နေတဲ့အချိန် သွားဖို့လာဖို့ စဉ်းစားနေတာ အံ့ပါရဲ့"

အံ့မယ် ဒီလူ မိန်းမလိုမိန်းမရ ပြောဆိုနေတာ ပိုင်စိုးပိုင်နင်း။ ဘယ်ကနေ ပေါ်လာပြီး အုပ်ထိန်းသူ လုပ်ချင်နေသည်မသိ။

"ဒီမှာ ရှင် ကိုယ့်လမ်းကိုယ်သွား။ ဒီမှာ အလုပ်နောက်ကျတော့





မှာမို့ တင်းနေတာနော်"

"ဘာ ဘာအလုပ်လဲ"

"ကျွန်တော် ယောကျ်ားလေးဖြစ်ပြီး စပ်စုလိုက်တာ၊ ဘယ်လိုဟာလည်းမသိဘူး"

"ဟိတ် ဟိတ် နေဦး"

လူအမြည့်နှင့် ကားတစ်စီးပေါ်တက်ဖို့ ပြင်လိုက်တာမို့ ပန်းနီနီ လက်ကို ဆောင့်ခနဲ ဆွဲထားလိုက်သည်။ ပန်းနီနီ ဆတ်ဆတ်ခါအောင် ဖြစ်သွား၏။

လက်ကို ဆတ်ခနဲ ပြန်ရုန်းရင်း မျက်ဝန်းများက အခိုးအလျှံများဖြင့် စူးလက်နေသည်။

"ရှင် အဲဒါ ဘာလုပ်တာလဲ၊ ဒီကားတစ်စီးမှမရရင် သွားပြီ"

"အော်မနေနဲ့ မင်း ဘယ်သွားမှာလဲ လိုက်ပို့မယ်"

"မလိုဘူး ရှင်တို့လို လူမျိုးဆီက ဘာအကူအညီမှ မတောင်းဘူး"

"မာနတွေနဲ့ ခွတ်တင်းနေတော့တာပဲ၊ ငါ့ကို ဘယ်လိုလူတွေနဲ့ ရောတွေးပြီး ဆက်ဆံနေတာလဲ၊ ငါက အကူအညီပေးပြီး အခွင့်အရေး ပြန်လိုချင်တဲ့ကောင် မဟုတ်ဘူး။ လာ လိုက်ခဲ့"

"ရှင် ဘယ်လိုဖြစ်နေတာလဲ ဆစ်ထန်နော် ရှင်"

သူမ ရုန်းလို့မရပါ။ လက်ကောက်ဝတ်ကနေ ခပ်တင်းတင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်၍ ဆွဲခေါ်သွားရင်း သူ့ကားပေါ်ကို တွန်းတင်လိုက်သည်။

ပြီးတော့ ချက်ချင်းလိုပင် ကားကို ငြိမ့်ခနဲ မောင်းထွက်ခဲ၏။ ကားမှတ်တိုင်ကလူတွေ ဝိုင်းကြည့်နေကြတာမို့ ပန်းနီနီ မျက်နှာလေး ထူပူနီမြန်းရှက်ရွံ့နေသည်။ ဘယ်လိုပတ်သက်မှုမှမရှိပါဘဲ ဒီလူရဲ့ ရှုတ်တရွတ်ဆန်မှုကို သူမ မုန်းတီးသွားသည်။

"ကဲ သွားရမယ့်နေရာပြော၊ အိုင်တင်ခံမနေနဲ့"

"ကျွတ်"

ဒီလူ ပြောလိုက်သမျှ သက်တောင့်သက်သာမရှိ၊ အမြင်ကတ် လွန်းလို့ စကားမပြောဘဲ ငြိမ်နေတာကို အိုင်တင်ခံသည်ဟု စွပ်စွဲလို သေးသည်။ ထိန်းသာ လော့ခ်ချမထားလျှင် ကားပေါ်ကနေ ခုန်ချ လိုက်ချင်၏။

"အခု ကားရပ်"

"ဘယ်သွားမှာလဲ ပြော"

"ကားရပ်လို့ ပြောနေတာ မကြားဘူးလား"

"သွားမယ့်နေရာပဲပြော"

"ရှင်နော် ပအောရမီ လာရောနေတာ ဘာသဘောလဲ"

"ဘာ"

"ရှင်နဲ့ဘာမှမဆိုင်ဘဲ လိုက်ပို့မယ်တွေ ဘာတွေနဲ့"

"အမြင်မတော်လို့ကွ၊ မင်းကို အလကားသက်သက်ရေ



အောင် ငါကိုနာဘူးမှတ်နေလား"

"မသိဘူးလေ"

"ဘာ"

ထပ်အော်ရင်း ကားကို ရမ်းခါသွားအောင် စတီယာရင်ကို ဆွဲ လှည့်ပစ်လိုက်တော့ သူမကိုယ်လေး ယိမ်းထိုးသွားသည်။ ပြီးတော့ ပြုံး လိုက်သည်။ ဒေါသဖြစ်နေတာမဟုတ်ဘဲ မိန်းမလှလေးနှင့် ရန်ဖြစ်ရတာ အရသာတွေ့နေခြင်းပင်။

အိပ်ရာဝင်ပြီး နဖူးလက်တင်လိုက်လျှင် သူမ ရန်တွေ့သံလေး တွေ ကြားယောင်ပြီး မထိတရိ မျက်နှာလေးကို မြင်ယောင်သည်။ မြင် ယောင်ကြားယောင်လျှင်လည်း စိတ်ဆိုးဒေါသမဖြစ်မိဘဲ ပြုံး၍သာ နေမိ သည်။

ဒီကောင်မလေး ဘယ်လောက်တောင် ဆွဲဆောင်မှု ရှိလိုက်သ လဲ။

"ဒီမှာ"

"ဘာလဲ ပြော"

"အဲလောက် လိုက်ပို့ချင်နေရင် ဘုရင့်နောင် သစ္စာဆန်ပွဲရုံကို မောင်း"

"အဲဒီမှာ ဘာလုပ်တာလဲ"

"ဈေးမ"

www.burmeseclassic.com

www.burmeseclassic.com



"ငါပေးတဲ့ငွေက ဘာလုပ်ငန်းမှ အရင်းအနှီး လုပ်လို့မရအောင် နည်းနေသဖော"

"ရှင့်ငွေ"

"အေးလေ မင်းကို အဲဒီငွေတွေပေးတာ ချို့တဲ့တာမျိုး မဖြစ်စေချင်လို့ပဲ၊ မင်းမိဘတွေ သေသွားတဲ့အတွက် လျော်ကြေးပေးတာ မဟုတ်ဘူး၊ ရသင့်ရထိုက်တဲ့ နစ်နာကြေး။ လုပ်ငန်းလေးတစ်ခု တူတောင်ပြီး ရလာတဲ့ အကျိုးအမြတ်နဲ့ မင်းမိဘတွေအတွက် ကုသိုလ်ဒါန လုပ်ပေးလို့ရတာပဲ"

"ဟုတ်လား"

မဲ့ရွဲ့ကာ ခနိုးခနဲ့ မျက်ခုံးပင့်ကာ ပြောလိုက်တာကြောင့် သူ ခပ်ချဉ်ချဉ်နှင့် သူမ နှာခေါင်းလေးကို ဆွဲလိမ်ပစ်လိုက်ချင်သည်။ ဖြူဖြူ နုနု ဝင်းဝါနေသော သူမ မျက်နှာလေးကို စွဲလမ်းစိတ်နှင့် ဥပေက္ခာမပြုနိုင်တော့တာ ဒီကောင်မလေး သိအောင် ဘယ်လိုပြောပြရမလဲ။

ရန်စောင်တတ်တာလေးကိုလည်း မြတ်နိုးနေပြန်သေးတော့ အတော် ကသိကအောက်နိုင်သည့် ဝေဒနာပင်။ ဘဝမှာ လိုချင်တာတွေ အများကြီးမရှိပါဘဲ ရှိနေတာတွေကိုလည်း မက်မောမှုမရှိပါဘဲ သူမလေး ကိုတော့ တောင့်တမှုတွေနှင့် တစ်စုံတစ်ရာကို မျှော်သင့်နေမိသည်။

"ရောက်ပြီ ပွဲရုံရှေ့ထိ လိုက်မပို့နဲ့တော့၊ တော်ကြာ ဟာစ်ပျံ ထင်ခံနေရဦးမယ်"





သူမအသံကြောင့် အတွေးစပြတ်ကာ ကားရပ်ပေးလိုက်ရ၏။ တံခါးကို နောက်ပြန်ပိတ်ကာ နှုတ်မဆက်ဘဲ ပန်းနီနီ ဘောက်ဆတ် ဘောက်ဆတ် လျှောက်သွားလေသည်။

မချင့်မရဲဖြစ်သွားသော်လည်း သူ လှမ်းမခေါ်ဖြစ်။

နောက်တစ် တွေ့ရဦးမှာပဲ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟ ထပ်တွေ့ဖို့တောင် ကြိုးစားဦးမှာလား၊ အသည်းအသ(ည်း) လိုက်သွားကတည်းက မင်းရောဂါသည်းနေပြီလို့တော့ ထင်သား၊ ဒါ(နဲ့) အဲဒီကောင်မလေးနဲ့မင်းနဲ့က ရောက်ဆိုးနဲ့ဆုံတာနေ့ဘ်"

"ဘာရေစက်ဆိုးလဲ၊ သေနာကလည်း ပြောတော့မယ်"

မျိုးမင်းကို အားမနာတမ်း ဆဲပစ်လိုက်၏၊ မျိုးမင်းက ကား(ရ) သော့ကို စားပွဲပေါ် ပစ်တင်ပြီး ကန့်လန့်ကလျှောဟန်ဖြင့်

"ဟင့် ဟင့် လူဆိုး သူများကို သေနာတဲ့၊ သူက ပွန်ကြောင်"

"အာ ဒီကောင်"

မျိုးမင်း လက်မောင်းကို လက်သီးတစ်လုံး ခပ်နာနာလေ(း) ပစ်သွင်းလိုက်၏။ မျိုးမင်းမျက်နှာ ရှုံ့မဲ့မဲ့။

"ငါ တကယ် အံ့ဩတယ် ဆစ်ဘန်၊ ဘယ်မိန်းကလေးကို(မှ)

မျ||၀၁၈၈၀



စိတ်မဝင်စားဘူးဘဲနဲ့ ကိုယ့်ကို ရန်သူလိုသတ်မှတ်ပြီး အရေးတယူမရှိတဲ့ မိန်းကလေးကို ဘာလို့ ရင်ဘတ်ကြီးနဲ့ ခံစားနေတာလဲ"

"အရေးတယူ မရှိဘာ မဟုတ်ပါဘူး၊ အဲဒါ သူ့စတိုင်"

"ချော့ပြီး ဖြေသာသလို လုပ်မနေနဲ့ မင်းပြောသလို ကြား နေရတာ နားထဲမှာ ရေးကြောင်း ကြမ်းလွန်းတယ်ကွ၊ ပန်းနီနီကို အမှတ်တမဲ့ မြင်လိုက်ပါတယ်၊ တင်စားလောက်အောင်လည်း မချောဘဲ နဲ့"

"အချစ်မှာ မျက်စိမပါဘူး၊ လုပ်ကြံဖန်တီးလို့လည်း မရဘူး၊ ဒီရင်ဘတ်ကြီးထဲက လာတာ၊ အမြဲမြင်ချင်တွေ့ချင်နေတဲ့ စွဲလမ်းမှုလို့ လည်း ပြောလို့ရတယ်"

"မင်းတို့ ဘယ်နှစ်ခါ ဆုံဖူးလို့လဲ"

"အကြိမ်ရေများမှ အချစ်ဆိုတာ ဖြစ်ပေါ်တတ်တာမှ မဟုတ် ဘာ"

"အဆင်ပြေတဲ့ ဆက်ဆံရေးလည်း မဟုတ်ဘဲနဲ့ကွာ၊ ရန်ပဲ ဖြစ်နေကြတာ မဟုတ်လား"

"အဲဒီလို ဖြစ်ရတဲ့ ခံစားမှုကို ရင်ခုန်တာ၊ အိမ်ကိုပြန်သွားရင် မေမေနဲ့ ပဋိပက္ခတွေဖြစ်လည်း အရင်လို စိတ်ညစ်မနေတော့ဘူး၊ အိပ်ခန်း ထဲရောက်လို့ သူ့အကြောင်းတွေးလိုက်တာနဲ့ အလိုလို ပြုံးနေမိတယ်"

"သေလိုက်"

မျ||၀၀၈၈၀

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ဒေသွးထိုးမရတော့ မျိုးမင်း စိတ်မရှည်ဖြစ်ကာ မျက်နှာတည့်တည့်ကြည့်၍ ရှတ်ချ၏။ သူက ဟက်ခနဲ ရယ်ချလိုက်ရင်း

"မာနရှိတာလေးက ချစ်စရာကောင်းတာကွ။ ငါပေးခဲ့တဲ့ နှစ်နာကြေးတွေကို အသုံးမချဘဲ သူ့ဘာသာ ရှန်းကန်နေတယ်၊ သူ့မျက်နှာမှာ ငါ့ကို ရင်းနှီးချင်တဲ့ပုံလည်း မပေါ်ဘူး"

"ဒါနဲ့များ"

"တို့ယောကျ်ားတွေ မိန်းမတစ်ယောက်ကို အထင်ကြီး ရွဲလမ်းတယ်ဆိုတာ မာနနဲ့ ကိုယ်ကျင့်တရားပဲရှိတယ်၊ ပေါပေါလောလော ရနေတဲ့ မိန်းမကို မင်းခရာအထင်ကြီးသလား"

ယောင်တောင်တောင်နှင့် မျိုးမင်း ခေါင်းရမ်းသည်။

"အေး ပန်းနီနီမှာ ငါတို့ယောကျ်ားတွေ အထင်ကြီးလေးစားလောက်တဲ့ မာနနဲ့ကိုယ်ကျင့်တရား ရှိတယ်"

"ငါရော ပန်းနီနီကို ကြိုက်ရမှာလား"

"ဟုတ်ကောင်"

ဆစ်ထန် ခေါင့်ခနဲ အော်လိုက်ပြီး မျိုးမင်း လက်မောင်းကို နှစ်ချက်ခင့်ထိုးပစ်လိုက်၏။

"အား၊ ငါ့လက်မောင်းတော့ ပုပ်တော့မှာပဲ၊ ခတောင်မစရသေးဘူးလားဟ"

"ပန်းနီနီကို အပြောင်အပျက် ပြောတာတောင် မကြိုက်ဘူး၊





ငါ့ရင်ဘတ်ကြီးနဲ့ ချစ်နေတဲ့ မိန်းကလေးဆို ပါးစပ်စည်းကမ်းရှိပါ"

"အယ်တော်"

မျိုးမင်း မိန်းကလေးကို အံ့သြဟန်ပြသည်။ ပြုံးတုံ့တုံ့မျက်နှာနှင့် သရော်သလိုလည်း မဲ့၏။ ဆစ်ထန်က ထိုင်ခုံကို ကျောကပ်မှီလိုက်ကာ လက်ကို ခပ်တင်းတင်း ပိုက်၍

"မင်းက ဘာကိုလှောင်ချင်တာလဲ"

"အံ့သြတာ၊ နိုင်ငံခြားမှာနေခဲ့တာတောင် ဘယ်မိန်းကလေးမှ ရင်ဘတ်ထဲ ထည့်လောက်အောင် မငြိဖူးဘူးဆို၊ ပန်းနီနီနဲ့က အဆင်ပြေတဲ့ ဆက်ဆံရေးမျိုးလည်း မဟုတ်ဘဲနဲ့၊ ထားပါတော့ မင်းက အဲဒီအပေါ်မှာ သာယာနေတော့၊ ဒါပေမဲ့ မင်းအမေက သူ့သား ထောင်ကျအောင် လုပ်တယ်ဆိုပြီး အဲဒီဘက်ကို တင်းနေတာ မဟုတ်လား၊ ရှေ့ဆက်ဘိုးရင် မင်းအတွက် ကောင်းလာနိုင်တာ ဘာမှမရှိဘူး"

"ငါလည်း အဲဒါကိုပဲ အစာမကြေတာ၊ ကိုကိုက သူ့အပြစ်ဒဏ်ခံရတာပဲ၊ မေမေက ငွေနဲ့ဖုံးဖိပြီး အမှုကိုပပျောက်ချင်တာ၊ ပန်းနီနီက တရားအတိုင်းဖြစ်ဖို့ သေသွားတဲ့မိဘတွေအပေါ် တာဝန်ကျေအောင် ကြိုးစားလိုက်တာပဲ ရှိတယ်"

"မင်းအမေ အတွက်ကြီးတာတော့ ငါတို့လည်း သိပါတယ်၊ သားကြီးဆို သည်းသည်းလှုပ်အောင်ချစ်တာ၊ မင်းကိုတော့"

"စာရင်းထဲမရှိတာ ငါ သိတယ်၊ သားဦးမို့ ဦးစားပေးရုံလောက်



www.burmeseclassic.com

www.burmeseclassic.com



ဆို ဖြေသာသေးတယ်၊ အခုက ငါ့ကိုသွေးတစ်စက်မှ မရောသလို ချိုးနှိမ်ထားပြီး ကိုကို့ကို ဟိုးအမြင့်မှာတင်ထားတာ၊ ဝေဒနာ သက်သာလိုသက်သာငြား ဖေဖေ့ကိုရင်ဖွင့်တော့လည်း ငါ့ကိုနှစ်သိမ့်တာကလွဲပြီး ငါ့ဘက်က ကာကွယ်ပေးတာမျိုး မရှိဘူး''

ပွင့်အံထွက်လာတော့ ရင်ထဲက တင်းတင်းကျပ်ကျပ်နှင့် အသက်ရှူလို့တောင် မဝချေ။ ပေါက်ကွဲမရသည့် ခံစားမှုများကို မျိုးမင်းနှင့်ဆုံတိုင်း ရင်ဖွင့်တတ်မြဲမို့ မျိုးမင်းက အားလုံးသိနေခဲ့သည်။ မျိုးမင်းက ဖေးမစွာပင် ရေသန့်ဘူးကို သူ့ရှေ့တိုးပေးပြီး

''အခု ငါနဲ့ရှယ်ပြီး အိုးလက်ထရွန်းနစ်ဆိုင်ဖွင့်တာရော ဘာပြောသေးလဲ''

''ငါ အသိမပေးရသေးဘူး၊ ကုမ္ပဏီကို ငါဝင်မှာ ကြောက်နေတာ သိသိကြီးနဲ့ ငါ ဖွက်ဘာရွတ် ဝင်ဖို့မလုပ်ချင်ဘူး၊ အပြိုင်အဆိုင်တွေနဲ့ တိုးတက်နေတဲ့ ဒီဘက်ခေတ်မှာ မေမေ ဘယ်လို ရုန်းမလဲဆိုတာ ငါ စောင့်ကြည့်မယ်''

''အေးကွာ မင်းအဖေလည်း အဲဒီစိတ်နဲ့ ရောဂါရသွားတာဖြစ်မှာ၊ မင်းအဖေက အမည်ခံ ဥက္ကဋ္ဌရာထူးပဲ ရှိတော့တာ၊ ဒေါ်မြသားနွယ်က သူ့သားကြီးနဲ့အတူတူ ကုမ္ပဏီကို ဦးစီးကြိုးကိုင်နေခဲ့တာ မဟုတ်လား၊ အခု မင်းအဖေက လေဖြတ်ခြမ်းဖြတ်လို့ ပိုးချဲနဲ့နေရတယ်၊ ဘုတ်ကောက်နဲ့ ကုမ္ပဏီကိုသွားလို့ရတာလည်း လက်မခံ၊ ရှေ့တန်းတင်ထားတဲ့



...ားကြီးလည်းမရှိ။ တကယ်ဆို အခုချိန်မှာ မင်းကို နေရာပေးရမှာ၊ ...းအစ်ကို ထောင်ကထွက်မလာခင် အချိန်ထိပဲဖြစ်ဖြစ်ပေါ့''

မျိုးမင်း သတိပေးမှ ပူလောင်လာသောရင်ကို ရေသန့်ဘူးထဲ...များဖြင့် လျှော့ချလိုက်ရ၏။ ဒါပေမဲ့ ပူလောင်မှုများက သက်သာမသွား။

''ခါးခါးသီးသီးကို ငါ့ကိုပယ်ချနေတာ၊ ဖေဖေက မဖြစ်မနေ...ခေါ်လို့ ငါ ရောက်လာတာကို ကျေနပ်ပုံမပေါ်ဘူး၊ မမြင်ကွယ်ရာမှာပဲ...စေချင်တာ၊ သံယောဇဉ်တစ်စွန်းတစ်စတောင် မရှိတဲ့ပုံမျိုးပဲ၊ သားအဖ...းဆိုပေမယ့် ငါလည်း အလိုက်မသိတဲ့သူတော့ မဖြစ်ချင်ဘူး၊ အဲဒါ...ဉ့် ဘွားဘွား ငါ့အတွက် သီးသန့်ပေးထားခဲ့တဲ့ အမွေပစ္စည်းတွေကို...ပြီး မင်းနဲ့ရှယ်လိုက်တာ၊ လိုအပ်ရင်တောင် မေမေ့ဆီမှာ လက်ဝါး...နိုးချင်ဘူး''

''မင်းမှာလည်း မာနရှိတာပဲ၊ ဒါပေမဲ့ မင်း ဘာလုပ်မယ်ဆိုတာ အဖေ့ကိုတော့ အသိပေးသင့်ထင်တယ်၊ တော်ကြာ မင်းကပါ...ပသွင်းဘူးထင်သွားရင် စိတ်ထိခိုက်သွားမှာ''

''အေးပါ ဆိုင်လည်း ဖွင့်နေပြီဆိုတော့ ဖေဖေ့ကို ပြောပြဖို့...းထားပါတယ်''

စကားပြောကောင်းနေခဲမှာ ဈေးဝယ်သူရောက်လာလို့ မျိုးမင်း...ကယာ ထရောင်းသည်။ သူကတော့ ညနေစောင်းရောက်နေပြီမို့...ဘက်ကို မျှော်ငေးကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားမှတ်တိုင်က မနီးမဝေးမှာဆိုပေမယ့် ဆိုင်ထဲကနေ လှမ်းကြည့်လျှင် တန်းနေအောင် မြင်ရသည်။

ပန်းနီနီက ဟစ်ခါတလေ အလုပ်ပြန်စောတတ်ပြီး တစ်ခါတလေတော့လည်း သူတို့ဆိုင်ပိတ်ခါနီးလောက်မှ လိုင်းကားပေါ်က ဆင်းလာတတ်၏။

ဘယ်အချိန်ဖြစ်ဖြစ် မျှော်ငေးစောင့်ကြည့်ဖို့ အားငန်ဘစ်ခုလို ဖြစ်လာခြင်းဟာ. . .။

□ □ □



## အခန်း (၁၁)

"သားကိုစောင့်ကြည့်နေတာကြာပြီ၊ အိမ်မကပ်ပါလား သား၊ သား ဘာတွေလုပ်နေတာလဲ၊ သားမေမေကြောင့် စိတ်လေပြီး"

"သူငယ်ချင်းနဲ့ အီလက်ထရွန်းနစ်ဆိုင်လေး ဖွင့်ထားလို့ အဲဒီမှာပဲ အချိန်ကုန်နေတာပါ မေမေ"

"ဘာ"

မေမေ့စကားမဆုံးခင်မှာပင် သူ ကပျာကယာ ဖြေရှင်းလိုက်တော့ မေမေ အံ့အားသင့်သွားဟန်တူသည်။ ဦးချဲပေါ်ကနေ သူ့ဘာသာ ထားဆိုက်ပြီး ဆိုဖာခုံပေါ် ပြောင်းထိုင်၍

"မေမေ့ကို ဘာမှလည်း မတိုင်ပင်ခဲ့ပါလား သား၊ ကိုယ့်မှာလည်း လုပ်ငန်းကြီးတွေ ရှိနေရဲ့နဲ့"

"မေမေ ကြည်ဖြူတာသိနေရဲ့နဲ့၊ အဲဒီလုပ်ငန်းကြီးတွေကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားမှု အရိပ်အရောင်တောင် မပြချင်ဘူး ဖေဖေ၊ မေမေက ဘယ်သူ့မှမရှိလည်း သူ့ဘာသာ ဦးဆောင်နိုင်တယ်လို့ ပြောနေတာပဲ"

"အဲဒါ မဟုတ်သေးဘူး။ ဒို့လို ကားလုပ်ငန်းဆိုတာ မိန်းမသား တစ်ယောက်က ဦးဆောင်လို့ အောင်မြင်နိုင်မလား။ သားကြီးရှိတုန်းက တွဲလုပ်တယ်ဆိုတာ ထားပါတော့၊ အခုက ခေတ်ရေစီးနဲ့ရော အသုံး အဆန်းတွေရော တိုးတက်ပြောင်းလဲနေတာ၊ ဒီလုပ်ငန်းကို ကိုယ်တိုင် ဦးတစ်ယောက်တည်းလုပ်နေတာလည်း မဟုတ်ဘူး သား၊ လုပ်ငန်းတူ အပြိုင်အဆိုင်တွေက ကိုယ့်ရှေ့က ကျော်တက်နေကြပြီ"

"အဲဒါကို မေမေ မသိဘဲနေမှာမဟုတ်ပါဘူး။ ဒါပေမဲ့ မေမေ ကျွန်တော့်ကို လူရာမသွင်းချင်တာ ကျွန်တော့်ဘာသာ လုပ်ငန်းခွဲလုပ်ချ ပေါ့ ဖေဖေ"

"အေး အဲဒီခွဲလုပ်တဲ့ အရင်းအနှီးက ဘယ်ကရတာလဲ၊ မင်း အဖေပေးတာလား"

စူးရှသော အသံနှင့်အတူ ဒေါ်မြသားနွယ် ခြေချင်းချိတ် ဝင်လိုက်သည်။ မလိုလားမှုများက မျက်နှာပေါ်မှာ အထင်းသား။ သူ ဒေါ်မြသားနွယ်မျက်နှာကို မော့မကြည့်ပြန်ဘဲ

"ဘွားဘွား ကျွန်တော့်ကို အမွေပေးခဲ့တဲ့ပစ္စည်းတွေကို ဖြ ပြီး သူငယ်ချင်းနဲ့ စပ်တူရှယ်သိုက်တာပါ"

"ဘာ မင်းအဘွားက ပေးခဲ့တာ ဟုတ်လား။ ဘယ်တုန်းကတုန်း



ပေးခဲ့တာလဲ၊ အဲဒါကို ငါ တောင်မသိလိုက်ပါလား။ ကိုမောင် ရှင်ရော အဲဒါကို သိလား"

"သိ သိတယ် အစကတည်းက ကိုယ်ပဲသိမ်းထားတာပါ၊ သား နိုင်ငံခြား က ပြန်ရောက်မှ ကိုယ်ပေးလိုက်တာ"

"ဘာ ပြော မြသားကို အသိမပေးဘဲနဲ့တောင် သားအဖချင်း ကြိတ်လုပ်ကြိတ်ကြံနေကြတယ်ပေါ့"

"မ မဟုတ်ပါဘူး မြသားရယ်၊ မေမေက သားကို ပေးတာ ကိုယ်က မပျောက်မပျက်အောင် ထိန်းသိမ်းပေးတဲ့သဘောပါပဲ၊ အခု သားပြန်လာတော့ ပြန်ပေးရမယ့်တာဝန်ရှိလို့ ကိုယ်ပေးလိုက်တာပါ၊ တခြား ဘာအကြံအစည်ရှိရမှာလဲ မြသားရယ် မဟုတ်တာ"

ဦးမောင်မောင်ဦး ပျာပျာသလဲ ဖြေရှင်းပေမယ့် ဒေါ်မြသားနွယ် မကျေနပ်ပေ။ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ဦးမောင်မောင်ဦးကို စိမ်း ကော်စွာကြည့်၍

"အဘွားလုပ်သူက မြသားမသိအောင် ပေးတယ်၊ ရှင်ကလည်း ဒီအကြောင်းရှိတယ်ဆိုတာ မပြောဘဲ ဖုံးကွယ်ထားတယ်၊ ကုမ္ပဏီ နေရာမရလည်း မပူနဲ့ဆိုပြီး တစ်စင်ထောင်ပေးဖို့ ကြံစားနေကြတာ ဟုတ်တယ် မဟုတ်လား"

"မေမေ ဘာကိုရန်လိုနေတာလဲ၊ ကိုကို့အတွက်လည်း ဘွား ခဲ့တာပဲလေ၊ အဲဒါကိုကျတော့ ကုမ္ပဏီမှာ ရှယ်ယာထည့်လိုက်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကို စည်းရုံးတယ်၊ ကျွန်တော့်ကိုပေးတာကျတော့ မေမေ မသီချင် ဟန်ဆောင်နေခဲ့တာ မဟုတ်လား။ ဥပေက္ခာပြုခံရတာကို ကျွန်တော်ဝမ်း မနည်းပါဘူး။ လူရာသွင်းမခံရတာကိုတော့ စိတ်မကောင်းဖြစ်မိတယ် မေမေ၊ ကျွန်တော့်အတွက်နဲ့ ဖေဖေ့ကို ပြဿနာမရှာပါနဲ့၊ မသိချင်ဟန် ပဲ ဆောင်နေလိုက်ပါ''

''ဘာ မင်းက''

''ကျန်းမာရေးမကောင်းတဲ့ စိတ်သက်သာအောင်လို့ပါ။ ကျွန် တော့်ကို ဘာမဆို ပြောလို့ရတယ်၊ ကျွန်တော် သည်းခံနိုင်တဲ့ အတိုင်း အတာဆိုရင် ပြန်ပြောချင်လည်း ပြောမှာပဲ၊ ပြီးတော့ ဖေဖေ့ကို သ ပြစ်သားတစ်ယောက်လို သိမ်ငယ်အောင် မဆက်ဆံပါနဲ့''

''သား သား အဲဒါတွေ မပြောနဲ့''

ဖေဖေက သူ့ပါးစပ်ကို လှမ်းပိတ်လိုက်တော့မလို မျာမျာသ ဟန့်တား၏။ သူ ဂရုမစိုက်ချင်လှပေ။

ဖေဖေက ဘာအပြစ်တွေ လုပ်ထားလို့ ဒီလောက်တောင် တ လှုပ်ကြောက်လန့်နေတာလဲ။ မေမေ့ရဲ့ မလိုလားမှု လွှမ်းမိုးမှုအောက် သိမ်သိမ်ငယ်ငယ် သည်းခံနေရတာလဲ။

သူ့ကိုလည်း စိတ်ထဲရှိသလောက် ပေါက်ကွဲလို့မရအောင် ထ ချုပ်သည်။ နားလည်အောင် ကြိုးစားမရတော့ ထိုနေရာမှ ထွက်သွား ဖြုန်းခနဲ သူ ထရပ်လိုက်၏။

ဖျူး၊ ၁၀၁၀၀



''ဒါ ဘယ်လဲ၊ စကားပြောနေတုန်း ရှောင်ထွက်တာ၊ ငါ့ကို မောမခန့်လုပ်တာပဲ''

''စကားပြောလို့မှ အဆင်မပြေတာ၊ ထိုင်နေပြီး စိတ်ရှုပ်ခံနေရ မှာလား''

''မထိမဲ့မြင် အဲလို နိုင်းဆိုင်းတတ်တာ ငါ့သွေးသား မဟုတ်''

''မြသား စကားပြောတာ ထိန်းသိမ်းစမ်းပါ၊ သားကြီးလည်း ဟိုခါတလေ ဒီလိုပြောတတ်တာပဲ၊ မိန်းမကိစ္စ လောင်းကစားကိစ္စ ပင်၊ ဘာတွေများ ဆုံးမသွန်သင်ခဲ့လို့လဲ''

''ရှင်''

''ကိုယ်ပြောတာ ခဏနားထောင်၊ ကုမ္ပဏီမှာ သားကြီးကို နေရာပေးချင်တာ ကိုယ် အပြစ်မပြောဘူး။ တခြားကိစ္စတွေ ဘယ်လိုဖြစ် ဖြစ် လုပ်ငန်းဘက်မှာတော့ လေ့လာကြိုးစားမှုရှိတာ ကိုယ် ယုံကြည်တယ်၊ ဒါပေမဲ့ သားငယ်ကို အရမ်းနှိမ်လွန်းတာလည်း''

''ကိုမောင်''

''သားငယ် မင်းအပေါ်တက်တော့၊ မေမေနဲ့ စကားပြောစရာ ရှိ၍ နေဦးသား၊ ဟိုတွေးဒီတွေးတွေးပြီး စိတ်မကောင်းလည်း ဖြစ်မနေနဲ့၊ သား ကုမ္ပဏီနဲ့မပတ်သက်ဘဲ လုပ်ငန်းခွဲလုပ်တာ ဖေဖေ အားပေးပါ တယ်၊ အောင်မြင်အောင်လုပ်''

ဦးမောင်မောင်ဦး တွန်းတွန်းထိုးထိုး နှင်လွှတ်မှ ဆစ်ထန်

ဖျူး၊ ၁၀၁၀၀

www.burmeseclassic.com

အပေါ်ထပ် တက်သွားသည်။ ဒေါ်မြသားနွယ်က ဆစ်ထန်အပေါ်ထပ် ရောက်သွားသည်အထိ မျက်စိတဆုံး ကြည့်ပြီးမှ ဦးမောင်မောင်ဦးဘက်ကို ချာခနဲ ပြန်ကြည့်သည်။

"ရှင်က ဘာသဘောလဲ"

"မင်းစကားပြော မဆင်ခြင်တာ သားငယ် သတိထားမိသွား ရင်"

"ပြော ဒါတော့ ကြောက်တတ်သလား။ သူ့အဖေက အိမ်ထောင်ရေးဖောက်ပြန်ပြီး မယားငယ်နဲ့သူ့ကိုမွေးခဲ့တာသိသွားရင် သိက္ခာကျမှာစိုးတယ်ပေါ့လေ၊ ဟွန်း ဘယ်လိုအတန်းအစားရဲ့မယားငယ်သားလည်း ရှင်အသိဆုံး ဖြစ်မှာပါ"

"မြသား"

"နာတတ်ရင် ရှင့်ဘက်က ဆင်ခြင်ရမှာပေါ့။ တာဝေ မမေ့နဲ့ ဆစ်ထန်ကို သားကြီးနဲ့ တစ်တန်းတစ်စားတည်း မထားနိုင်တာ မြသားအလွန်လား"

"မင်း အဲလိုတွေ သိပ်လုပ်ချင်နေလား မြသား ငါမှားခဲ့တယ် အဲဒီအတွက်လည်း မင်းကိုငါအမြဲတမ်း ဦးညွှတ်ပြီး တောင်းပန်နေခဲ့တယ် ယောကျ်ားတစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်တွေ သိက္ခာတွေ မင်းခြေဖဝါးအောက်မှာ ချထားပေးခဲ့တယ်၊ ခုချိန်ထိ မင်း မကျေနပ်နိုင်တာကိုလည်း နားလည်ပေးနိုင်တယ်၊ ဒါပေမဲ့ သား ဆစ်ထန်မှာ ဘာအပြစ်ရှိခဲ့လို့လဲ"



ဒေါ်မြသားနွယ် ဟွန့်ခနဲ မဲ့ရင်း ဦးမောင်မောင်ဦးဘက်လှည့်ကာ တည့်တည့်ရင်ဆိုင်၏။ လေသံမာမာနှင့် ဖြေရှင်းနေသော ဦးမောင်မောင်ဦးကို လေးစားကြောက်ရွံ့ဟန်တွေမရှိ၊ ကိုယ်ပိုင်စတိုင်လို မဲ့ပြုံးများနှင့်

"ဆစ်ထန်မှာ ဘာအပြစ်မှမရှိဘူး ဟုတ်လား။ ရှင့်မယားငယ်မွေးသားဖြစ်နေတယ်လေ ကိုမောင်၊ အဲဒါ အမေကွဲပါပြီး ဂုဏ်ယူကြားရမလား။ သူသာ မဖြစ်တည်ခဲ့ဘူးဆိုရင် မြသားတို့မိသားစုဘဝအေးချမ်းနေမှာ၊ အရာအားလုံးကိုလည်း သားကြီးတစ်ယောက်တည်းပဲ ပိုင်ဆိုင်ရမှာ"

"မင်း ဘာတွေကို မက်မောနေတာလဲ မြသား။ ပစ္စည်းဥစ္စာလား၊ ဘုမ္မဓာလား၊ ဒီအိမ်လား၊ ဒီခြံလား။ မင်းလိုအပ်သမျှအကုန်ယူသွား၊ မိသားစု အိမ်တွင်းရေးပြဿနာတွေကို ငါ ဒီထက်ပိုပြီး ခံနိုင်ရည်မရှိတော့ဘူး"

"ဘာ"

"သားငယ်ကို ဘာမှမပေးချင်နေပါ၊ အသိအမှတ်မပြုဘဲ တိုက်ခိုက်နေမှာဆိုရင် ငါ ဒီအိမ်မှာ မနေချင်တော့ဘူး မြသား"

"ဟင် ဘာပြောတယ်"

"သူ့အဖေက ဘာကောင်ပါ၊ အမေက ဘာဆိုတာသိပြီး သူ ခံစားရမယ့်အဖြစ်မျိုး အရောက်မခံချင်တော့ဘူး မြသား။ သူ ဘာမှ

www.burmeseclassic.com



မသိနိုင် မကြားနိုင်တဲ့နေရာကို သူ့ကိုခေါ်သွားတော့မယ်''

''ရှင် ရှင် ကိုမောင် ဘာတွေပြောနေတာလဲ''

ကွဲကွာဖို့စကားကိုကြားတော့ ဒေါ်မြသားနွယ် သွေးပျက်ထိတ်လန့်သွားချေ၏။ သူမ ဖြစ်ချင်တာ ဒီလိုမျိုးမဟုတ်။ ဒီယောကျ်ားက အသက်ပေးချစ်လောက်အောင် တစ်ယောက်နှင့်တစ်ယောက် တန်ဖိုးထားခဲ့ကြသည်။ ဆစ်ထန်အမေနှင့် ဖောက်ပြန်ပြီးမှ စိတ်တွေကို နူးညံ့သိမ်မွေ့လို့မရတော့တာ။

ဘာကြောင့်ပါလို့ ဖြေရှင်းတောင်းပန်နေလည်း ယုံကြည်မှုတို့ကင်းမဲ့လျက်။ ဒီအိမ်ထောင်ရေးကို အပြီးသတ် အဆုံးသတ်လိုက်ချင်သည်။ ဒါပေမဲ့ လက်တွေ့မှာ စိတ်ဆန္ဒတွေအတိုင်း ဘာမှလုပ်လို့မရ၊ နှလုံးသားက ကိုမောင်ကို လက်ခံနေသေးသည်ပဲ။ အခုကိုမောင်က ကွဲကွာဖို့စကားတွေ ပြောနေသည်။

ဒီရင်မှာ ခံနိုင်ရည်မရှိသလို ဆတ်ဆတ်ခါသွားတာ သံယောဇဉ်လက်ကျန်တွေ မကုန်ခမ်းသေး၍ပဲလား။

''မင်း ပြတ်ပြတ်သားသား စဉ်းစားပေးပါ မြသား၊ သားကိုလုံးဝ လက်ခံမပေးနိုင်ဘူးလား၊ မင်း ဒီလို မပြီးဆုံးခြင်းတွေနဲ့ စိန်ခေါ်တိုက်ခိုက်နေတာ အဆုံးမသတ်တော့ဘူးလား''

''သူ့ဘက်က တုံ့ပြန်မှုတွေ မဖြစ်ခဲ့ရင် ဒီလိုကိစ္စတွေ ရှိလာစရာလား''





''သူ့မှာပဲ အပြစ်ရှိနေလို့လား မြသား၊ မင်းဘက်က ဥပေက္ခာ
းတွကြောင့် သူ ဒဏ်ရာရနေပြီ၊ သံသယတွေနဲ့ တွေးတတ်လာတာ
ပင်းရဲ့ သူစိမ်းဆန်မှုတွေကြောင့်ပါ၊ ကိုယ်တစ်ယောက်တည်း ခံစားပေး
ဟာနဲ့တင် မလုံလောက်သေးဘူးလား မြသားရယ်၊ သားကို မင်းနည်း
နည်းလေးမှ သံယောဇဉ် မရှိဘူးလား''

ဒီမေးခွန်းကိုတော့ ဟင့်အင်းလို့ ချက်ချင်း မဖြေဖြစ်ပေ။ ဒီ
ကချိန်ထိ ထိန်းချုပ်လာခဲ့တာ နှောင်တွယ်ရစ်ပတ်လာသည့် သံယောဇဉ်
ကြိုးတစ်မျှင်ကြောင့်ပဲ မဟုတ်လား။

အနီးထုပ်လေးနှင့် ကလေး နီတာရဲလေး။

မွေ့ပိုက်ပြီး အိမ်ထဲဝင်လာခဲ့သည့် ကိုမောင့်ကို အံ့ဩမင်တက်
ကာ အကြာကြီး ကြည့်နေခဲ့မိသည်။

''ကိုယ် မှားခဲ့တယ်၊ တောင်းပန်ပါတယ်၊ မသိအောင် ထား
လိုက်မလို့တဲ၊ ဒါပေမဲ့ ကလေးကို မစွန့်ပစ်ရက်လို့ ခွင့်လွှတ်ပါလို့ တောင်း
ပန်ရမှာတောင် အားနာပါတယ် မြသားရယ်၊ ဒါပေမဲ့ ကိုယ့်စိတ်ဆန္ဒနဲ့
အမှားကို ကျူးလွန်ခဲ့တာ မဟုတ်ပါဘူး၊ ချောက်ချခံရမှန်းသိပေမယ့်
ယောကျ်ားကောင်းပီသချင်လို့ တာဝန်ယူလိုက်ရတာပါ၊ မိန်းကလေးက
ဖြူထည်၊ ရိုးစင်းလွန်းတယ်၊ ငွေအတွက် လုပ်လိုက်မိတာ နောင်တရ
ပေမယ့် သူလည်း ဘာမှမတတ်နိုင်တော့ဘူး''

ရှင်းပြတာတွေ အများကြီးဆိုပေမယ့် နားလည်ပေးဖို့ ဆန္ဒမရှိ



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ နှုန်းလွှတ်လိုက်ဖို့ မစွန့်စားရဲတာနှင့် ဒီအတိုင်းပဲ နေလိုက်ရတာ။ မိမိရင်ထဲ ဘယ်လိုခံစားနေရမလဲဆိုတာ ဘာလို့ ကူညီတွေးမပေးကြတာလဲ။

ဒီလိုနှင့် ငြိတွယ်လာခဲ့ရင်း အာသာဘတွေနှင့် အဆုံးအဖြတ် မှားနေတာရော စိန်ခေါ်မှုလို့ သတ်မှတ်နေသတွဲလား။

"ကိုအောင်"

"ပြော မြသား"

"ရှင်လည်း သားစိတ်နဲ့ ပြတ်သားအောင် ဆုံးဖြတ်ရဲနေပြီ လား"

"အခုက မြသားလည်း စိတ်ဖိစီးမှုများတယ်၊ သားလည်း ပင်ပန်းနေပါပြီ ကိုယ့်ရင်ထဲမှာ နစ်ဦးနစ်ဖက် မပြေလည်သရွေ့ မှလောင် နေရတာ ကျွမ်းတော့မယ် မြသား၊ ကိုယ် ဒီလိုမျိုး မဖြစ်ချင်ပါဘူး ဒါပေမဲ့ ဖခင်တစ်ယောက်ရဲ့မေတ္တာနဲ့ သားကို ဒဏ်ရာတွေ မပေးချင်လို့ပါ၊ ဦးမောင်မောင်ဦး ဒေါ်မြသားနွယ်ရဲ့ သားအဖြစ်နဲ့ပဲ ဂုဏ်တင့်တယ် စေချင်တယ်"

"မြသားရဲ့သား ထောင်ကျတာရော ရှင် ဘယ်လိုမှ မခံစားရ ဘူးလား"

"ဒင်းဝင်လည်း ကိုယ့်ရဲ့သားပဲ၊ ကိုယ် ခံစားရတာ နေပါ့မလား ဒါပေမဲ့ သားကြီး ဒီလိုဖြစ်တာ သားငယ်ကြောင့် မဟုတ်ဘူးလေ၊ အခွင့် အရေးပေးချင်လည်း မေတ္တာမပျက်သော ပြောတတ်မယ်ဆိုရင် သားငယ်





ငြိုငြင်စရာအကြောင်း ရှိပါ့မလား"

"ရှင့်သား မငြိုငြင်အောင် မြသား အပြောအဆို ဆင်ခြင်ရမယ် ပေါ့"

"အဲလိုကြီးလည်း မဟုတ်ပါဘူး မြသားရယ်၊ ခုနကလို ဒေါသ မလျှော့ဘဲ ဆင်ခြင်ဖို့ သတိလွှတ်သွားရင် မဖြစ်သင့်တာတွေ ဖြစ်သွား မှာစိုးလို့"

ဒေါ်မြသားနွယ် နားလည်သလို ခေါင်းညိတ်လိုက်သော်လည်း မျက်နှာက တင်းမာမှုတော့ လျော့ပါးမသွားချေ။ မာနတို့က အမြစ်တွယ် ခိုအောင်းနေဆဲပဲ မဟုတ်လား။

"ဆင်ခြင်ရမယ်ဆိုရင် မြသားဘက်ကလည်း တောင်းဆိုစရာ တွေ ရှိနေပါတယ်၊ ဆစ်ထန်ကို သားတစ်ယောက်လို သတ်မှတ်ပေးရမယ် ဆိုရင် မိခင်တစ်ယောက်ရဲ့ ဆိုဆုံးမမှုတွေကို နာခံတတ်အောင် သင်ကြား ထားပါ၊ ဒီအရွယ်ရောက်မှ အိမ်ထောင်ရေးမပြိုကွဲချင်တော့လို့ မြသားရဲ့ သို့နှိုင်းခြင်းပဲ"

"ကျေးဇူးတင်ပါတယ် မြသားရယ်"

ပြောသာပြောလိုက်ရပေမယ့် သားကို ပြောဆိုဆုံးမဖို့တော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်မရှိပေ။ သားမှာ မဟုတ်မခံ ဆတ်ဆတ် ကြဲ တဖွတ်တိုးညည်းလေးရှိသည်။ မှန်တယ်ထင်လျှင် မကြောက်မရွံ့ နောက် မတွန့်တတ်တာက မွေးရာပါ ဗီဇဖြစ်မည် ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကလည်း သားအခေါ် တစ်ခါမှ လိုက်လျှောပေးမှုဟော မျိုး မရှိတာမို့ ကတိပေးဖို့ ခက်နေ၏။

ဘာဖြစ်ဖြစ် မြသားဘက်က အိမ်ထောင်ရေး မပြိုကွဲလိုသည့် ဆန္ဒလေးရှိနေတာကို ကျေးဇူးတင်ရင်းဖြင့်. . . ။

□ □ □

## အခန်း (၁၂)

''ဒီအတိုင်း ပြီးသွားလား''

''မပြီးဘူး ဖေဖေနဲ့မေမေ ပဋိပက္ခတွေဆက်ဖြစ်ကြတယ်၊ ငါလည်း၊ မေမေနဲ့ပြဿနာမဖြစ်ချင်ပါဘူး၊ ရောဂါသည် ဖေဖေ့ကို အနိုင်ကျင့် ဟောက်စားလုပ်နေတာတော့ မကျေနပ်ချင်ဘူး၊ တကယ်ဆို ဘွားဘွားက ကိုကို့ကိုရော ငါ့ကိုရော အထိုက်အလျောက် ညီတူမျှတူ ပေးခဲ့တာပါ''

''အေးပါ ငါ သိတယ်၊ မင်းဟိုတစ်ခါပြောတော့ မင်းအစ်ကိုဟာအတွက ကုမ္ပဏီထဲ ရှယ်ယာသဘောမျိုး ထည့်လိုက်တယ်ဆို''

ဆစ်ထန် ခေါင်းညိတ်ရင်းမှ ဈေးဝယ်တစ်ယောက်ကို ဖုန်းခွေသွင်းဘာဒ် ထုတ်ရောင်းသည်။ ပြီးမှ ပြန်ထိုင်ကာ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်က ငါ့ကို ဘာပေးတာလဲ. ဘာယူတာလဲ သိပ် အာရုံမရောက်ဘူး၊ ကိုကို့ဥစ္စာကိုပဲ ထက်တက်ကြွကြွ ဖြစ်နေတာ၊ အခုမှ ထပေါက်ကွဲပြီး ဖေဖေ့ကိုပါ ရောယောင် အပြစ်တင်ချင်နေတာ"

"မင်းအဖေက ခံတာကိုးကွ၊ ယောကျ်ားမာနမှမရှိဘဲ ဖိဟောက်မှာပေါ့"

"ဟင့်အင်း ဒီတစ်ခါတော့ ဖေဖေ တော်တော်လေး တင်းသွားတယ်၊ ငါ့ကို အရင်လို ဆူပူမာန်မဲရုံမဟုတ်ဘဲ သွေးကွဲစကားတွေပါ ပြောလို့ ဖေဖေ ထပေါက်ကွဲတာ၊ ငါ့ရှေ့မှာ ရန်မဖြစ်ချင်လို့နဲ့ တူတယ်၊ သား အပေါ်တက်နေတဲ့ ဖွတ်ပဲ"

"ဟုတ်လား မင်းအဖေ တိုးတက်လာပြီပဲ"

"အေးကွာ အဲလိုလေး ဖေဖေ ငါ့ဘက်က ကာကွယ်ရပ်တည်ပေးတာလေးကို ငါ ကျေးဇူးတင်ပါတယ်၊ အရှင်သခင်မလို့ ကိုးကွယ်ပြီး မေမေ့ရှေ့မှာ အပြစ်သားတစ်ယောက်လို နေနေရတဲ့ ဖေဖေ့အတွက် ငါ စိတ်မကောင်းဘူး၊ ဖြစ်နိုင်ရင် ဖေဖေ့ကိုလည်း ငါ ကာကွယ်ပေးချင်တယ်"

"မင်းအမေကို မကြောက်နဲ့လို့ သွေးထိုးပေးမလို့လား"

မျိုးမင်း ရယ်ဟဟနှင့်ပြောတော့ သူလည်း ပြုံးမိ၏။ သူများ မိသားစုတွေလို ဖေဖေက မယားကြောက်လို့ အမည်တပ်ဖို့လည်း ခက်သည်။





လုပ်ငန်းတွေကို အောင်မြင်တိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့ပြီး စီးပွားရေးလောကမှာလည်း နာမည်တစ်လုံးနှင့် ထင်ပေါ်ကျော်ကြားသူပါ။ မေမေ့ရှေ့မှာလည်း အမြဲလို ယုန်သူငယ်လေးလိုဖြစ်နေတာ မဟုတ်ပေမယ့် သူနဲ့ပတ်သက်လျှင်တော့ ဘာပြောပြော တုံ့ပြန်မှုစွမ်းအားတွေ ပုံနေခဲ့ရှာတာ။

ဒါကိုပဲ သူ့စိတ်ထဲမှာ မကောင်းဖြစ်ရင်း မေမေ့အပေါ် ရန်လိုခြင်းတွေနှင့် တုံ့ပြန်နေမိခြင်းပင်။

"ဟာ ဟိတ်ကောင် ဟိုမှာ ပန်းနီနီ၊ ကားပေါ်ကဆင်းလာတာ နောက်မှာ ဘဲနှစ်ပွေပါတယ် တွေ့လား"

"ဟင်"

မှန်အတွင်းခန်းကနေ မျိုးမင်း မေးငေါ့ပြရာ လှည့်ကြည့်မိတော့ သူလည်း အံ့အားသင့်သွားသည်။ ဆွဲခြင်းလေးကို ကိုင်ကာ ပန်းနီနီ ဘောက်ဆတ်ဘောက်ဆတ် လျှောက်နေ၏။ မျက်နှာလေးကလည်း စိတ်ပျပ်ထွေးမှုများဖြင့် ရှုပုပ်မှုန်ကုတ်လို့။

နောက်က လိုက်လာဟန်ရှိသည့် အရွယ်လွန်ယောကျ်ားလေး ၂စ်ယောက်က ပန်းနီနီရှေ့က ကျော်တက်အောင် ကြိုးစားရင်း လက်ထဲက ခြင်းလေးကိုလည်း ဆွဲမလို လွှဲမလိုနှင့် တတွတ်တွတ်လည်း ဘာတွေ ပြောနေမှန်းမသိ။

"ဟိတ်ကောင် ဘယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



မျိုးမင်းကို ဘာမှပြန်မဖြေဘဲ သူ လှစ်ခနဲ ထွက်လာခဲ့သည်။ ကားလမ်းအကျော်မှာ ပန်းနီနီ ရှေ့က ပိတ်ရပ်လိုက်၏။

"ဟင်"

အံ့အားသင့်သွားဟန်ရှိသော ပန်းနီနီက ခြေလှမ်းတို့ တုံ့ဆိုင်းသွားရင်း မျက်ဝန်းလေးတွေ ပြူးလည်နေ၏။

"ပန်းနီနီ ဘာဖြစ်နေတာလဲ"

"ဟို"

"မင်းကို အဲဒါကြောင့် စိတ်မချတာ လာ"

"ဟင့်အင်း"

"ဟိတ်ကောင်"

သူက ပန်းနီနီလက်ကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်လိုက်ချိန်မှ ပန်းနီနီ နှုတ်ခမ်းပါးလေးတွေက တုန်တက်စွာ အာမေဍိတ်သံလေး ထွက် ၏။ ထိုအချိန်မှာပဲ နှစ်ယောက်ထဲက တစ်ယောက်က သူ့ပခုံးကို ဖတ်ခနဲ ပုတ်ကာ ခေါ်၏။ ပခုံးပေါ်က ငနဲသားလက်ကို ဆတ်ခနဲ ပုတ်ထုတ်ပြီး ပန်းနီနီလက်ကို မလွှတ်ဘဲ သူ လှည့်ကြည့်လိုက်သည်။

"ဘာလဲ"

"အချဉ်လာမဖမ်းနဲ့ ဟိတ်ကောင်၊ ကိုယ့်လမ်းကိုယ်သွား၊ ဒါ႑ လာရောတာ ရှိုးနေပြီ"

"လူစွမ်းကောင်းလုပ်ချင်ရင် ရုပ်ရှင်ထဲမှာပဲ ရမှာနော်၊ ေ



ခွဲပေးရမှာဆို ငါတို့က မသဒ္ဓါတတ်ဘူး"

အပြောနှ ၂ုပ်တွေက တစ်ယောက်မှမလိုက်ဖက်။ အားကိုးရှာ ချင်ဟန် ပန်းနီနီ မျက်နက်ဝန်းလေးများကြောင့် ဒီကောင်တွေ တမင် သက်သက် လိုက်နှောင့်ယှက်တာ သေချာနေသည်။ တစ်ဖက်မှာ ကား တွေက တဝီဝီနှင့် လမ်းမီးရောင် ထိန်ထိန်အောက်မှာ လူသွားလူလာ လည်း မပြတ်။

ဒါနဲ့တောင် လိုက်နှောင့်ယှက်ရဲတာက ဘယ်လိုအထာနှင့်ပါလိမ့်၊

"တစ်ယောက်တည်း သွားနေလာနေတဲ့ မိန်းကလေးမို့ အထင် သေးပြီး မင်းတို့လိုက်နှောင့်ယှက်တာဆိုရင် မင်းတို့နှမချင်း မစာနာတာ ပဲ၊ ပြန်ကြတော့ကွာ"

"မင်းကရော ဘာလဲ၊ အထာလား စပွန်ဆာလား"

"ဟိတ်ကောင်တွေ မင်းတို့ မမိုက်ရိုင်းနဲ့"

ရှေ့ကတစ်ယောက်ကို ဆစ်ထန် ရင်ဘတ်ဆောင့်တွန်းပစ်လိုက် ၏။ ရှုံးရှုံးရှားရှားဖြစ်သွားကာ ထိုတစ်ယောက်က ဆစ်ထန့်မျက်နှာကို လက်သီးနှစ်လုံး ဆင့်ထိုး၏။ ဆစ်ထန် ခေါင်းငုံ့ရှောင်လိုက်စဉ်မှာပဲ နောက် တစ်ယောက်က ခြေစုံပစ်ဝင်၍ ဝိုက်လက်သီးတစ်လုံး ပစ်သွင်း၏။

ဒီတစ်ခါ မရှောင်ဘဲ ခြေဖျားနှင့်ခတ်ထုတ်၍ တံတောင်တွေ လက်သီးတွေ တရစပ် သုံးပစ်လိုက်သည်။

"ဟာ ရဲတွေထင်တယ်ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က အော်လိုက်တော့ ရန်ပွဲက တိခနဲရပ်သွားပြီး မြုန်းခနဲ ထွက်ပြေးကြ၏။ သူလည်း ရှင်းတာလင်းတာတွေ မဖြစ်ချင်သာမို့ ပန်းနီနီ လက်ကိုဆွဲ၍ ဆိုင်ဘက်ကို ဒရောသောပါး ပြေးလာခဲ့သည်။

ပန်းနီနီက ယောင်တောင်တောင်နှင့် သူ ဆွဲခေါ်ရာလိုက်ပါလာရင်း ရင်တုန်ပန်းတုန်။ မျိုးမင်းက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့်

"ငါတောင် ဆိုင်ပစ်ပြီး လိုက်လာတော့မလို့၊ ဘယ်လိုဖြစ်လာကြတာလဲ"

"မေးမနေနဲ့၊ ငါတို့အတွက် ဟိုဘက်ဆိုင်က အအေးနှစ်ခွက်လောက် မှာပေးစမ်းပါ မောလို့"

"အေး အေး"

မျိုးမင်းက အလိုက်သိသည်၊ လှစ်ခနဲ အပြင်ထွက်သွား၏။ ပန်းနီနီက ဆိုင်ထဲကို ငေးငေးကြည့်ကာ ဒီအတိုင်း ရပ်လျက်ရှိပြီး

"သေရေးရှင်ရေး ပြေးလာပြီး အေးအေးဆေးဆေး အဲအေးထိုင်သောက်နေရဦးမှာလား ပြန်မယ်"

"ဟိုကောင်တွေ မင်းနောက်လိုက်လာတော့ ဘယ်လိုလုပ်မှာလဲ၊ ခဏနေမှ ကားနဲ့ ကိုယ်လိုက်ပို့မယ်"

"မလိုပါဘူး၊ ကိုယ့်ဘာသာ ပြန်နေကျ"

"အဲဒါကြောင့် ဟိုကောင်တွေ အထင်သေးပြီး ပမာမခန့် လိုက်လာခဲ့တာပေါ့၊ မိန်းကလေးတစ်ယောက်တည်း ဒီအချိန်သွားလာနေတာ



ဘယ်လောက် အန္တရာယ်များလဲ၊ ပြောလိုက်ရင် တစ်ခွန်းမခံပြန်ပက်ဖို့ပဲသိတယ်"

"အောင်မာ လူကိုများဝက်မှတ်နေလား၊ နီတို့ရပ်ကွက်က ဟိုတစ်လမ်းကျော်ဆို ရောက်ပြီ၊ အဲဒါကြောင့် ခပ်သွက်သွက်လျှောက်နေတာ၊ ရှင်ရောက်လာလို့ ရှုပ်ကုန်တာ"

"ဟာ မင်းတော်တော် ကျေးဇူးကန်းတာပဲ၊ လူပြတ်တဲ့နေရာရောက်ရင် မင်းကို ဆွဲစိသွားမှာ"

"အံမာ ဆွဲစိရဲ စိကြည့်ပါလား"

"ဘာပြန်လုပ်မှာလဲ"

"ငွမ်းသွားအောင် ကယ်ကြပါဦးရှင်လို့ အော်မှာပေါ့"

ဆစ်ထန် ပါးစပ်ပိတ်၍ ငိုခနဲ ရယ်သည်။ တကယ်ဖြစ်ခဲ့လျှင် လိုအော်ဖို့တောင် အချိန်ရပါ့မလားမသိ။

ပြောသာ ပြောနေရတာ ဒီလိုကူညီပေးတာကို ဆစ်ထန်ကို ကျေးဇူးတင်မိ၏။ ဒီလူတွေက ဘုရင့်နောင် ကားမှတ်တိုင်မှာကတည်းက ယူကို ဗီညံ့သည့်လုပ်နေကြတာ။ တခြားပွဲရုံကနေစား ကုန်ထမ်းသမားတွေ ဖြစ်မည်။

မိန်းကလေးတစ်ယောက်တည်းမို့ အထင်သေးပြီး အကဲစမ်းလိုက်လာကြတာတော့ သေချာသည်။ ခပ်တင်းတင်း မှန်မှန်နေတာကြောင့် ကားပေါ်မှာလည်း မထိတရိ စနောက်၏။ ကားပေါ်က ဆင်းလာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး နောက်ကပါလာကာ ခြင်းကိုဆွဲလိုက်၊ အသားချင်းထိကပ်မတတ် မလျော့မကန်တွေ ဖြစ်လာတော့ မိန်းမသားသဘာဝ ကြောက်ဒူးတုန် ရှက်ရွံ့ပြီး အားငယ်မိတာတော့ အမှန်ပင်။

ဆစ်ထန်သာ ဒီလိုမျိုး မကူညီလျှင်သူမ ဘယ်လောက်တော် အခက်တွေ့မည်မသိ။ ဒါပေမဲ့ ဒီလူကို ကျေးဇူးတင်သည့်အရိပ်အယော ပြလို့မဖြစ်။ ဒီလူမှာလည်း ဘယ်လိုရည်ရွယ်ချက်မျိုး ရှိနေသည်မှန်း မသိဘဲ။ သူမ လက်လေးကို တင်းတင်းကျပ်ကျပ် အားမနာ ပါးမ ဆုပ်ကိုင်ခေါ်လာခဲ့တာများ။ သူမရဲ့ နုနုဖတ်ဖတ် လက်ကလေး နာ မလား၊ ရှက်သွားမလား မစာနာတတ်သည့်လူ။

"ပြန်မယ်"

"နေဦး"

လှည့်အထွက်မှာပင် သူမ လက်ကလေးကို ဖတ်ခနဲ ချွေးသ အောင် ဆုပ်ကိုင်ခံလိုက်ရပြန်သည်။ ဆစ်ထန် ဒီလူ။

တော်တော် လက်ရဲဇက်ရဲနိုင်၏။

"ဘာလုပ်တာလဲ လွှတ်ပါ"

"လွှတ်စေချင်ရင် ခဏထိုင်၊ သူငယ်ချင်းလာရင် ပြန်လို မယ်"

"မလိုဘူး လွှတ်"

"မထိုင်ရင် ဒီအတိုင်း ကိုင်ထားမှာ"



"နာဘူး"

တစ်ဖက်လှည့်ကာ တိုးတိုးလေး ရွတ်ချလိုက်မိ၏။ ရှည်လျား ာ အရပ်အမောင်းကြောင့် မျက်နှာမော့ကြည့်ပြီး ရန်တွေ့နေရတာ ည်း တစ်ဒုက္ခ။ အသားအရေက ညိုစိမ့်စိမ့်မို့ ယောကျ်ားပီသခြင်း ငွင်တွေ ဆောင်ပါသည်။ မျက်ခုံးထူထူ၊ မျက်ဝန်းအိမ်စူးရှရှ။ ပြေပြစ် ာ မေးရိုးကျကျနှင့် ခံ့ညားမှုလည်း ရှိ၏။

အဝတ်အစားက ခုခေတ်လူငယ်တွေလို ဟော့ရမ်းစွာနှင့် တ်ဘဲ စတိုင်ပန်၊ မီးခိုးရောင် စပို့ရှပ်အဖြူစင်းကြား လက်တိုလေး ်ထားတာမို့ သပ်ရပ်သန့်ရှင်းလျက် ကြည့်ကောင်းနေသည်။

ဒါပေမဲ့ စကားပြောတာတော့ မာကျောကျော ဂျွတ်ဆတ်ဆတ် ပါ။ နာရေးအတွက် နစ်နာကြေးလာပေးစဉ်ကတောင် စကားပြော မြေမှ နူးညံ့ခဲ့တာမဟုတ်။

သူမကလည်း မပျော့ပျောင်းခဲ့တာမို့ ဘယ်မှာလဲ သူမနဲ့သူ့ရဲ့ င်ပြေမှု။ ဒါနဲ့တောင် ကူညီလိုက်ချင်တာလည်း တိုက်တိုက်ဆိုင်ဆိုင် ါနှစ်ခါမဟုတ်။

"ဟိုဘက်လှည့်ပြီး ငါ့ကိုဘာတွေ ကျိန်ဆဲနေပြန်ပြီလဲ"

"ဟင်"

နာဘူးလို့ ပြောလိုက်တာ ဒီလူ မကြားလို့ တော်သေးတာပေါ့။ ရင်းနှင့် ပွစိပွစိရေရွတ်နေတာ ဆစ်ထန် သတိထားမိသွားဟန်တူ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ ပြောလိုက်မှ သူမ လန့်ဖျပ်သွားပြီး

"ကျိန်ဆဲမှာပေါ့၊ ရှင် လူကို အနိုင်ကျင့်နေတာကိုး"

"ဘာအနိုင်ကျင့်လို့လဲ"

"ပြန်မယ်လုပ်ရင် လက်ဆွဲပြီး ထိုင်ခိုင်းနေတာ မိန်းကလေး တစ်ယောက်ကို လက်ကိုင်ပြီး အရသာခံနေပြီးတော့"

"ဘာ အာ မင်းတော့နော်"

မျက်နှာနား သူ့လက်သီးကြီး ဝဲလာတော့ ခက်ကလေးမှုဝ သွားပြီး ချက်ချင်းပင် ခေါင်းကိုတောင်မတ်လိုက်ကာ

"ရှင်က တဆိတ်ရှိ လက်ပါဖို့ပဲ၊ လာခဲ့ အဲဒီလက်ကို ကိုက်ပစ်မယ်"

ဟုတ်တိပတ်တိ ပါးစပ်ကြီးဟလာတော့ ဆစ်ထန့် ရယ်မိပြန်ခဲ ကလေးဆန်သည့် ပြောရမှာလား မဟုတ်မခံ ပဟာမခန့်သို့ ပြောရမှာလား တော်တန်ရုံ အကြောက်အလန့်မရှိတာတော့ လက်ဖျားခါသည်။

ဘယ်တော့မဆို အဝတ်အစားများကိုပေါ့ပေါ့ပါးပါးမျှသာ ဝ တတ်ကာ ဝတ်လိုက်သမျှလည်း ပြုံးသေးသွယ်သော သူမနှင့် မလိုက်ပ တာမရှိ။ နှုတ်ခမ်းပါးလေးတွေက ဆေးမကူပေမယ့် ရဲစိုအိစွေးနေ ရန်တွေ့သည့်အခါမှာတော့ စူထော်ထော်လေး ဖြစ်သွားတတ်သော နှ ခမ်းလေးတွေက ဆွဲဆောင်မှုအရှိဆုံး ဖြစ်၏။

"ရှင် ဘာရယ်တာလဲ"



"ဘာမှမဟုတ်ဘူး လာ"

"ဘယ်လဲ"

"လိုက်ပို့မလို့"

"သူငယ်ချင်းလာမှဆို"

သူ ရယ်မိပြန်၏။ လိုက်ပို့ဖို့ ခွင့်ပြုလိုက်သည့်သဘောပဲ မဟုတ် လား။ ထိုအချိန်မှာ မျိုးမင်း အဒေါ်ဘူးတွေမပါဘဲ စပ်ဖြဲဖြဲ ဝင်လာ သည်မို့ မျက်လုံးတစ်ဖက် မှိတ်ပြ၍ ပန်းနီနီလက်ကို ဆွဲကာ ထွက်လာ ခဲ့သည်။

"ဘာလုပ်တာလဲ၊ ဒီလက်ကြီးက ဖယ်စမ်းပါ"

ဆတ်တောက်တောက်လေး ပြော၍ သူမ လက်ကလေးကိုလည်း ရုန်းသည်။ သူ့လက်ကိုလည်း ပုတ်ချသည်။

သူက မြီးဖွာ ဆုပ်ကိုင်ထားရင်း ကားပေါ်က တွန်းတင်လိုက် ၏။ သူမက ထုံးစံအတိုင်း နှာခေါင်းရှုံ့သည်။ မျက်စောင်းရွယ်သည်။ ပါးစပ်က ပွစိပွစိ ကျိန်ဆဲဖို့ မမေ့။

ချစ်လိုက်တာ ပန်းနီနီရယ်လို့ ပြောဖို့ စောနေသေးသလား။

ညက မှောင်လွန်းနေသော်လည်း လေပြည်နုရဲ့ကျီစယ်မှုကြောင့် ငါတ်တို့က လန်းဆန်းဖေ့ပါးနေကာ. . . ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ကားမီးရောင် ဝင်းခနဲ မြင်လိုက်သည်နှင့် ဒေါ်မေခင် အိမ်ရှေ့ ပြေးထွက်လာသည်။ ပန်းနီနီက ကားတံခါးကို ဂျိုင်းခနဲဖွင့်ပြီး ခုန်ဆင်း၏။ ပြီးတော့ ကြီးမေကိုကျော်ကာ အိမ်ထဲကို ဝင်သွားသည်။

"ကြီးမေ"

"အေး သား မောင်ဆစ်ထန်၊ အိမ်ရှေ့ကား ရပ်တော့ အံ့သြနေတာ၊ ဒီအချိန်ကြီး မင်းလိုက်ပို့မယ်လည်း မထင်ဘူး၊ ဘယ်လိုတွေ့လာကြတာလဲ သား"

"သူ့ကို ကောင်လေးနှစ်ယောက် လိုက်နှောင့်ယှက်နေတာတွေ့လို့ ကူညီပေးရင်းနဲ့ အိမ်အထိ လိုက်ပို့တာပါ"

"ဟောတော် အဲလိုလား၊ ကျေးဇူးတင်ပါတယ်ကွယ်၊ လာ





...ပါဦး သားရယ်၊ ရေနွေးကြမ်းလေး ဘာလေးလည်း သောက်ပါဦး"

"ဗိုက်ဆာနေတာ ထမင်းရော စားလို့မရဘူးလား"

"ဪ ရပါတယ် သားရဲ့၊ ဟင်းကောင်းကောင်းတော့ မရှိ...။ သူ့လုပ်စာလေး မဖြစ်စလောက်နဲ့ဆိုတော့ အဆင်ပြေသလိုပဲ စား...ာက်နေရတာ"

သူ စိတ်မကောင်းဖြစ်သွားသလို ဒီလိုပြောလိုက်မိတာ အား...ည်း နာမိသည်။ ထမင်းစားဖို့ဆိုတာ သူ့ပါးစပ်က ဘယ်လိုပြောထွက်...မှန်းမသိ။

ဒါပေမဲ့ ကြီးမေက သူ ခုံတန်းလျားလေးမှာ ဝင်ထိုင်လိုက်စဉ် ...အိမ်ထဲကို ထမင်းဟင်းခူးခပ်ဖို့ ဝင်သွားခဲ့သည်။ ပန်းနီနီနှင့် တိုးတိုး...က်ကြိတ် ပြဿနာဖြစ်နေသံလည်း ကြားရ၏။

သူ့ကို ဘာလို့ ထမင်းကျွေးသည့်ခံမှာလဲဆိုပြီး ရန်ထောင်နေတာ ...ပိမ့်မည်။ ခဏနေတော့ ထမင်းဟင်းပန်းကန်တွေ စုပြုံထည့်လာ... လင်ပန်းတစ်ချပ်ကို သယ်မလျက် ပန်းနီနီ ထွက်လာသည်။ ...ပွဲပေါ်ကို သံစုံမြည်အောင် ဂလုံဂလွမ်နှင့်ချပြီး

"မဖြစ်စလောက် အကူအညီပေးပြီး ထမင်းပါတောင်းစားနေ...ယ်၊ ရှင့်ကို သဒ္ဓါစိတ်လည်း မဖြစ်ဘူး၊ ကျေးဇူးလည်း မတင်ဘူး၊ ...ိုက်ကန်းဆိုးမသိတဲ့လူကို အရမ်းမုန်းတယ်"

"မင်းကို ဘယ်သူက ချစ်ပါလို့ ပြောနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ထမင်းလည်း မင်းဆီက တောင်းစားတာမဟုတ်ဘူး ကြီးမေဆီက"

"ကျွန်မလုပ်စာလေ၊ ကျွန်မသွေးနဲ့ချွေးနဲ့ ရှာထားတဲ့ ပိုက်ဆံနဲ့ ချက်ထားတာ၊ ရှင်ပေးထားတဲ့ ငွေနဲ့မဟုတ်ဘူး အဲလိုအခွင့်အရေးတွေယူမှာစိုးလို့ အဲဒီပိုက်ဆံကို သုံးကိုမသုံးတာ"

"မင်း အဲဒါတော့ ငါ့စေတနာကို စော်ကားလွန်းနေပြီ ပန်းနီနီ၊ ငါ့ဘက်မှာ အဲဒီငွေပေးလိုက်တာ ဘာအရောင်မှ မရှိဘူး မင်းမသုံးချင်နေပါ၊ ပြောချင်တိုင်း ပြောထွက်တိုင်း မပြောပါနဲ့"

"ပြောတော့ ရှင်က ဘာလုပ်ချင်လဲ"

"ဟဲ့ ပန်းနီနီ"

အသံတွေကြောင့် ဒေါ်မေခင် ကပျာကယာ ဟန့်တားပြီး ပန်းနီနီခေါင်းကို နောက်ကနေ ဖတ်ခနဲ ပုတ်ချလိုက်၏။

ရှေ့စိုက်သွားသော ပန်းနီနီက သူ့ကိုသာ မျက်စောင်းထိုး၏သည်။

"မိဘတွေက ညည်းကို အဲလို နိုင်းစိုင်းအောင် သင်ပေးလိုက်သလား၊ လူကြားရင် မိဘဆိုဆုံးမမှုမရှိဘူး ဖြစ်ဦးမယ်၊ ဒီလောက်ကျညီခဲ့တာတောင် ကျေးဇူးတင်ရမှန်းမသိဘူး"

"သူ့ကို ဘယ်သူက အားကိုးတကြီး အကူအညီတောင်းနေလို့





လဲ"

"ဟဲ့ ပြောလေ ကဲလေ မနေလေပြီလေ လုပ်မနေနဲ့ မိကောင်း ဖခင်သားသမီးဆိုရင် လူကိုလူလို ဆက်ဆံတတ်ရတယ်၊ ထိုင်စမ်း စကားမများနဲ့ မောင်ဆက်ထန်ထဲ ဟင်းတွေထည့်ပေး"

"ဟွန်း"

ဒီလောက် ကြီးမေ ပြောနေတာတောင် ပြေပြစ်သော ဆက်ဆံရေး မဟုတ်ပါ၊ ပေါ်ရည်တွေကို ဖိုးခနဲဆတ်ခနဲ ပိုထည့်လိုက်ပြီး ပါးစပ်ကလည်း ပွစိပွစိ ရေရွတ်နေတာ မနား။

ဟင်းခွက်က များများစားစားမရှိ၊ ငါးခေါင်းချဉ်ရည်ဟင်းနှင့် ငါးပိရည်၊ တို့စရာ ဒီလောက်ပဲပါသည်။

ဒါပေမဲ့ မသာထာရေးစားမှုသား မသိ၊ သူမထည့်ပေးသော ထမင်းနှင့်ဟင်းကို မြိန်ရေယှက်ရေ အရသာတွေ့နေသည်။ အိမ်မှာဆို အသားငါးသုံးလေးခွက်နှင့် အသီးအရွက်အကြော်အလှော်လည်း သုံးလေးမျိုးလောက်ပါသည်။ ဒါပေမဲ့ ထမင်းဝိုင်းက အမြဲလို သွေ့ခြောက်အေးစက်ခဲ့၏။ စကားသံများ တိတ်ဆိတ်နေတာမျိုး မဟုတ်ပေမယ့် နွေးထွေးမှုကင်းမဲ့တာ ခံစားလို့ရနေသည်။

အိမ်ဦးနတ်ရေယ်လို့ မေမေ့အပေါ် တလေးတစား ဦးစားပေးတာမျိုး မရှိ။ သူနဲ့ဖေဖေ ထမင်းတစ်ဝိုင်းတည်း စားနေတာမြင်လျှင် မေမေဝင်စားချင်မှ စားတတ်သည်။ ဝင်စားဖြစ်လျှင်လည်း ဦးချစားတာ၊ ကြင်နာ



www.burmeseclassic.com

www.burmeseclassic.com



စွာဟင်းခပ်ထည့်ပေးတာမျိုးတွေ မလုပ်။ တာဝန်အရ စားသောက်ပြီး ဘယ်သူ့မှ အရေးတယူမရှိဘဲ ပြန်ထွက်သွားတတ်တာမျိုး။

"မောင်ဆစ်ထန် စားလို့မကောင်းဘူးလားကွယ်၊ ကြီးမေ လမ်းထိပ်သွားပြီး အသားဟင်း ဝယ်ပေးရမလား"

"ဟာ မဝယ်ပါနဲ့ ကြီးမေ၊ ကျွန်တော် စားတတ်တယ်၊ စားလို့ကောင်းပါတယ်"

"ဒီလိုအိမ်မျိုးမှာစားရင် ဒီလိုဟင်းမျိုးပဲ စားရမယ်ဆိုတာ သူသိပြီးသား၊ မစားနိုင်ရင် မစားနဲ့ပေါ့၊ ဘာလို့ ဟင်းဝယ်ပေးရမှာလဲ"

"မိပန်းနီနီ"

ကြီးမေ ဒေါသဖြစ်သွားသည်မှာ လေသံပင် မာသွား၏။ သူမက ကြောက်ရွံ့သလို ပခုံးလေးကျုံ့ဝင်သွားပြီး ထမင်းကိုငုံ့စားနေသည်။ သူလည်း သူမ ဘာပြောပြော မနာကျင်တတ်တာ ထူးဆန်းသည်။

ငါးပိရည် အတို့အမြှုပ်နှင့် အားရပါးရ စားနေတာ ဘာ ဟန်ဆောင်မှုမှမရှိ။ ပကာသနတွေ မခြံရံသော်လည်း ရိုးစင်းတာလေးကို သူ တန်ဖိုးထားနေမိတာ။

ကြီးမေက အရင်ဦးဆုံး ထမင်းစားပြီးကာ အိမ်အောက်ခုံတန်းလျားကိုဆင်းသွားတော့ သူနဲ့ပန်းနီနီ နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သည်။ ထိုအချိန်မှာ ထိန်းချုပ်ထားသော သူမ ဇာတိက ပြန်ပေါ်လာ၏။ မျက်လုံးကြီးပြူးဝိုင်းနေပြီး ကြီးမေ မကြားအောင်လည်း ခပ်ကြိတ်





ကြိတ်၊

"စားပြီးတာနဲ့ ဒိုးတော့၊ နောက်တစ်ခါလည်း လာစားဖို့ စိတ်မကူးနဲ့၊ ထမင်းတစ်နပ်တန်ဖိုး ဘယ်လောက်ရှိလဲ ရှင်သိလား"

"မသိဘူး၊ ဝယ်စားနေတာမှမဟုတ်တာ၊ မင်း ပင်ပန်းတကြီးရှာဝေးတဲ့ပိုက်ဆံနဲ့ ချက်လို့လားမသိဘူး အရမ်းစားလို့ကောင်းတယ်"

"ဘာ"

သူကလည်း သူမနည်းတူ တိုးတိုးကြိတ်ကြိတ်နှင့် မခံချင်အောင် ပြောလိုက်တော့ သူမ ဒေါသတကြီး အော်လိုက်သော ဘာသံက နည်းနည်းကျယ်လောင်သွား၏။ သူက ခပ်တည်တည်နှင့် နှုတ်ခမ်းဖျားမှာ လက်ညှိုးတာန့်လန့်ပြတ်၍

"ရှူးတိုးတိုး ကြီးမေ ကြားသွားရင် မင်းကို နားရင်းလာအုပ်နေဦးမယ်"

"သိတယ် မေ့သွားလို့ ဒီမယ် ရှင် အဲလို မျက်နှာပြောင်တိုက်တော်ကြီးကျနေတာ မရှက်ဘူး၊ ပန်းနီနီလို မိန်းမက အရှက်နဲ့သိက္ခာနဲ့နေတာ၊ ရှင်ပေးတဲ့ နစ်နာကြေးကို မသုံးဘဲ ဆင်းဆင်းရဲရဲ ရုန်းကန်ကျွန်ဖြတ်နေတာ"

"အဲလို မာနလေးတွေကြောင့် မင်းက ချစ်ဖို့ကောင်းတာ"

"ဘာ"

"ရှူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မရှုပ်နဲ့ ရှင် လူပါးဝလွန်းနေပြီ၊ ရှင်သွားတော့၊ ခု ဆင်းသွားတော့ သွား"

"နေပါဦး မင်း ပင်ပန်းမှာစိုးလို့ ပန်းကန်တွေ ကူဆေးဦးမယ်"

"မလိုဘူး ရှင်နော်၊ ငါးပိရည်တွေနဲ့ မျက်နှာကို ပက်ပစ်လိုက်မယ်၊ မလုပ်ဘူး မထင်နဲ့ မျက်နှာကို ပက်ပစ်လိုက်မယ်၊ မလုပ်ဘူးမထင်နဲ့ ငါးရှဉ့်ကျောက်ကျောပေါ်တက်ထိုင်တဲ့ရုပ်နဲ့"

သူမ တကယ်မလုပ်ဘူးလို့ မပြောနိုင်။ ငါးပိရည်ခွက်ကို ပိုင်ပိုင်နိုင်နိုင် ကောက်ကိုင်နေပြီမို့ . . ။

"ခုနကိစ္စ ညအိပ်ရာဝင်တာနဲ့ စဉ်းစားပေးနော်၊ အမှုလွန်အိုဟာအိုင်တင်လုပ်နေရင် ကျွန်ရစ်ဖြစ်မယ်၊ ကိုယ်က အရမ်းစန်းပွင့်တာ"

"သေနာ"

အလျင်မီအောင် ဆင်းပြေးခဲ့ပေမယ့် ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲသံကိုတော့ ကြားခဲ့သေးသည်။

"ဟဲ့ မောင်ဆစ်ထန် ပြန်တော့မလို့လားကွဲ့"

"ဟုတ်ကဲ့ အဲ ကျွန်တော် လက်တောင် မဆေးရသေးဘူး ကြီးမေ"

"ဟင် ဘာဖြစ်လို့လဲ"

"ကြီးမေ အောက်ဆင်းသွားတာနဲ့ ကျွန်တော့်ကောတော့တာပဲ ပိုးစိုးပက်စက်လည်း အပြောခံရတယ်၊ ငါးပိရည်ပန်းကန်နဲ့ပါ ကောက်





ပေါက်ဖို့လုပ်နေလို့ ဆင်းပြေးလာခဲ့ရတာ၊ ရုပ်ကလေးလှသလောက် တော်တော် ကြမ်းတမ်းတာပဲ ကြီးမေရယ်၊ ကြောက်လိုက်တာ"

"ဘာ ဒီကောင်မလေး ငါနဲ့တွေ့ပြီးမှ၊ ဩော် မောင်ဆစ်ထန် ဟိုရေစည်ပိုင်းမှာလက်ဆေးလိုက်ပါကွယ်၊ ဒင်းတော့ တွေ့မယ်"

သူ့ကို မျက်နှာပူအားနာသလို ကပျာကယာ မှာခဲ့ပြီး ကြီးမေ ပါသတကြီး အိမ်ပေါ်တက်သွားသည်။

"ယားစ်"

လေထဲကို လက်သီးဆုပ်ပစ်သွင်း၍ သူ ပေါ့ပါးကြည်နူးစွာ ယ်လိုက်မိ၏။ သူသွေးထိုးချွန်တွန်းလုပ်လိုက်တာသိလျှင် သူမ ဆတ်တ်ခါနေပေလိမ့်မည်။

ရေစည်ပိုင်းမှာ လက်ဆေးပြီး သူတစ်ချိုးတည်း ကားမောင်း အိမ်ပြန်လာခဲ့သည်။ ဒီအချိန်မျိုးမှာ သူ ဆက်ရှိနေလျှင် သူမရဲ့ပေါက်ကွဲစဉ်တွေ နားမခံသာအောင် ကြားရမှာ သေချာ၏။

သူမ သွေးအေးချိန်ရောက်မှပဲ . . ။

◻ ◻ ◻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဘယ်အချိန်ရှိနေပြီလဲ ဆစ်ထန်"

ဝင်လာကတည်းက လက်နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြ လျှောက်နေသော မေမေ့ကိုမြင်ခဲ့ပြီးသားမို့ အနားကပ်ပြောလိုက်ေ လည်း လန့်ဖျပ်တုန်တက်သွားခြင်း မရှိပေ။ မျက်နှာချင်းဆိုင်လိုက်ဂ မပြေလည်မှန်း သိပေမယ့် ရှောင်တိမ်းနေဖို့တော့ စိတ်ကူးမရှိပေ။

"သူငယ်ချင်းတစ်ယောက် အိမ်ဝင်နေလို့ပါ မေမေ"

"မင်းမှာ မျိုးမင်းဆိုတဲ့ သူငယ်ချင်းတစ်ယောက်ပဲ ရှိ မဟုတ်လား။ သူက ဆိုင်မှာအိပ်တာဆို"

"အဲဒါ ဟို"

သူ့ရဲ့တုံ့ဆိုင်းမှုကို မေမေက မသက်သာသလို မျက်မှောင်ကြ သွားပြီး



"မင်းချစ်သူတွေ ဘာတွေရနေပြီလား"

"အဲလို အဆင့်တော့ မဟုတ်သေးပါဘူး၊ ကြိုးစားတုန်းပါ"

"ဘယ်လိုအဆင့်အတန်းက မိန်းကလေးလဲလို့ မေးဖို့စောနေ သေးတယ်ပေါ့၊ မင်းမှာတော့ ဒီလိုလုပ်ဖို့ အချိန်တွေ အားလပ်နေတယ် နော်၊ အစ်ကိုလုပ်သူ ထောင်ကျနေတာတော့ ထောင်ဝင်စာသွားတွေ့ဖို့ စိတ်ကူးမရှိဘူး"

"ကျွန်တော် ပြန်ရောက်စက နှစ်ခေါက်လောက် သွားသေးတာ ပဲ၊ မေမေလည်း သွားနေလို့ ဆိုင်ကိစ္စမှာ အာရုံစိုက်လိုက်တာပါ၊ ကိုကို့ဆီ ကို မေမေ ဘယ်အချိန်ပဲသွားခိုင်းသွားခိုင်း ကျွန်တော် သွားပေးလို့ ရပါတယ် မေမေ"

"ပြောမှသိတော့မှာဆို တာဝန်အရ ဖြစ်မနေဘူးလား ဆစ်ထန်၊ ကိုယ့်အစ်ကိုတစ်ယောက် ဒီလိုဖြစ်နေတာ မင်းမှာဝမ်းနည်းပူဆွေးခြင်း ပရှိပါလား၊ သွေးသားအရင်း အစ်ကိုတစ်ယောက်လို့ရော သတ်မှတ်သေး ရဲ့လား"

"မေမေ ကျွန်တော့်ရင်ထဲကို ဘယ်လိုဝင်ကြည့်နေလဲ၊ ကိုကို့ ာတွက် ခံစားနာကျင်နေတာသိအောင် အချိန်ရှိတိုင်း ကျွန်တော် ထိုင် ပြုနေရမှာလား"

သူ အရွဲ့တိုက်မေးခြင်းကို မေမေက ခံရခက်သွားဟန်တူသည်။ ူးခနဲ. စိုက်ကြည့်ရင်း မိန့်လျက်ရှိသော နှုတ်ခမ်းလေးကို မဲ့ပစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို အရိပ်အရောင် မမြင်ရ။ ညဆယ်နာရီကျော်ဆိုတော့ ဆေးသောက်ပြီး အိပ်ရာဝင်သွားခဲ့ဟာဖြစ်မည်။ သူလည်း အခန်းထဲဝင် အနားယူကာ ပန်းနီနီအကြောင်းတွေးနေချင်ပါသည်။

ဒီနေ့မှ သူ ပြန်အလာကို တကူးတကစောင့်ကာ မေမေ အပြစ်မြင်နေတာ နားပင်မလည်နိုင်။

"မင်း ထိုင်ငိုပြလည်း ဟန်ဆောင်တာပဲဆိုတာ ငါသိတယ်၊ မင်းဘယ်ချိန်တုန်းကမှ မိသားစုအပေါ် အလေးအနက် မရှိတာ"

"ဘယ်သူက လူရာသွင်းလို့ အရေးတယူလုပ်လို့ ကျွန်တော့် စိတ်ရင်းအမှန်ကို သိကြမှာလဲ၊ မေမေလည်း ကျွန်တော့်ကို သူစိမ်းတစ်ယောက်လို သတ်မှတ်တာပဲ မဟုတ်လား။ သားတစ်ယောက်လို နွေးထွေးခဲ့ဖူးတာမှ မရှိတာ"

ဟုတ်တယ်လို့ ပြောထွက်ဖို့ စကားလုံးတွေ လည်ချောင်းဝနားအထိ ပြေးလွှားရောက်လာ၏။ သံယောဇဉ်တစ်စွန်းတစ်စကြောင့် ပြန်မျိုချလိုက်ရတာ သက်တောင့်သက်သာမရှိ။ ဒါပေမဲ့လည်း သားအရင်းက ထောင်ထဲမှာ အနေဆင်းရဲ အစားဆင်းရဲ ဂုဏ်သိက္ခာမဲ့ နာမည်ပျက်။

တိတ်တိတ်ပုန်း မယားငယ်မရဲ့သား ဆစ်ထန်ကတော့ ထည်ဝါပြည့်စုံစွာဖြင့် ချစ်သူရဖို့တောင် ကြိုးစားနေသည်။

ရင်ထဲ ဘယ်လိုမှ မကျေနပ်နိုင်ပါ။ ကိုမောင်ကို ကတိပေးထားတာတွေ ရှိပေမယ့် ဆစ်ထန်ကိုမြင်တိုင်း ကြည်နူးနိုင်စွမ်းတွေ မဲ့လို့၊

မျိုး၂၀၁၀၈



သည်။

ဆစ်ထန်သာ ဒီလောကမှာ ပေါ်မလာခဲ့လျှင် သားကြီးလည်း လိုအဖြစ်မျိုးနဲ့ ကြုံချင်မှကြုံမှာ။ ဒီကောင်လေးဘဝ ဘယ်တော့မှ သာယာဖြောင့်ဖြူးခြင်း မရှိစေရဘူးဆိုသည့် အကြွိတ်အခဲများဖြင့်. . .။

"မင်း အရေးမပါတာတွေ ပြောနေတာ ရပ်လိုက်ဦး၊ အရေးကြီးတာ ပြောစရာရှိတယ် ခဏထိုင်"

ဆိုဖာခုံမှာဝင်ထိုင်ပြီးမှ ပြောသင့်မပြောသင့် ချိန်ဆရသေး၏။ ကိစ္စကို ဆစ်ထန် လက်ခံလိုက်လို့ အောင်မြင်သွားပြီး ဒါရိုက်တာဖွဲ့ဝင်တွေက ဆစ်ထန်ကို ယုံကြည်သွားလျှင်လည်း အခက်။

"ပြောစရာရှိတာ ပြောပါ မေမေ"

"နိုင်ငံခြားက ဝင်လာတဲ့ ကားတွေကို တခြားကုမ္ပဏီတွေက လုပ်ပိုင်ခွင့် ပါမစ်တွေ ရသွားကြတယ်၊ သားကြီးကိစ္စကြောင့် အဲဒီဘက်ကို အာရုံမစိုက်နိုင်လိုက်တာ၊ ကုမ္ပဏီအတွက် အများကြီး ဆုံးရှုံးနစ်နာသွားတယ် ပြောရမှာပေါ့"

"အဲဒီတော့"

"နောက်တစ်ကြိမ်ဝင်လာမယ့် ကားတွေကို မင်းရအောင် ကြိုးစားပေးပါ၊ အဲဒါ အောင်မြင်ရင် မင်းအတွက် နေရာတစ်ခု ပေးမယ်"

"ကျွန်တော် မလုပ်နိုင်ပါဘူး"

"ဘာ"

မျိုး၂၀၁၀၈

www.burmeseclassic.com

www.burmeseclassic.com



"အဲလိုတွေ လုပ်ရတာကို ကျွန်တော် ဝါသနာပါတာ မဟုတ်ဘူးလေ၊ ကားကို တခြားနိုင်ငံခြားတွေနဲ့ အပြိုင် မော်ဒယ်အသစ် ဒီဇိုင်းအသစ်နဲ့ အရည်အသွေးအမြင့်ဆုံးလုပ်ပြီး ကမ္ဘာကသိအောင် ပြချင်တာ"

"ကြီးကျယ်လိုက်တာ ဆစ်ထန်ရယ်၊ စကားလုံးတွေက နင့်ပါးစပ်နဲ့ရော ဆံ့ရဲ့လား။ မြန်မာပြည်ကထုတ်တဲ့ကား မြန်မာတွေတောင် အထင်မကြီးတာ၊ ဘယ်နိုင်ငံက အထင်ကြီးမှာလဲ"

"မြန်မာတွေရဲ့အရည်အချင်း အစွမ်းအစကို ကမ္ဘာကသိပါတယ် မြန်မာအချင်းချင်းပဲ မသိတာ"

"အေး ငါလည်း မင်းအရည်အချင်းကို အထင်မကြီးဘူး၊ ငါ နိုင်းတာကို မင်းလုပ်ပေးနိုင်လား၊ လုပ်မပေးနိုင်ဘူးလား၊ ဒါပဲပြော"

"လုပ်မပေးနိုင်ပါဘူးလို့ ပြောပြီးပြီပဲ၊ ကုမ္ပဏီမှာ နေရာတစ်ခု လိုချင်နေတယ်လို့ ထင်မှာစိုးလို့ အီလက်ထရွန်းနစ်ဆိုင်တောင် ဖွင့်ပြီးပါပြီ၊ ကျွန်တော် မအားလပ်ပါဘူး"

ဆစ်ထန်ရဲ့ ပြတ်သားသော အဖြေကြောင့် ဒေါ်မြသားနွယ် ဒေါသတွေ ဆူဝေသွားသည်။ မိမိနိုင်းတာ မလုပ်ဘူး၊ သူ လုပ်ချင်တာ လုပ်မယ်ဆိုသည့်သဘော။

"ဒီမှာဆစ်ထန်"

သားလို့ တစ်ခါမှမခေါ်ဘူးတာကို ရင်မှာနာကျင်စွာ ခံစားမိပေမယ့် ဘာမှမဖြစ်သလို မျက်ခုံးတစ်ဖက် ပင့်၍ ပြောလာမည့်စကားကို



နားစွင့်လိုက်၏။

"မင်းက ပြောလိုက်တိုင်း ဟုတ်ကဲ့ပါလို့ နာခံတာမျိုး မရှိဘူး၊ သားကြီးနဲ့ကွာဟချက်က အဲဒါတွေပဲ၊ မိဘဖြစ်စေချင်တာကို ဦးစားမပေးဘဲ မင်းလုပ်ချင်တာပဲလုပ်ဖို့ ကြိုးစားတာ ဘာသဘောလဲ"

"မေမေသာ သားတစ်ယောက်လိုနေရာပေးရင် ကျွန်တော် မနာခံနိုင်စရာ မရှိပါဘူး မေမေ၊ ကိုကို့လို အခွင့်အရေးမျိုး မပေးချင်တောင် ပါဝင်တစ်ယောက်ရဲ့ ဆွေးနွေးမှုအစစ်အမှန်တွေပေးပါ၊ ကျွန်တော် ဘာမဆို လုပ်ပေးနိုင်တယ် မေမေ"

"တကယ်လား"

သေချာအောင်မေးလိုက်ခြင်းက ဘာကိုစိန်ခေါ်ချင်သည့် အပြောယ်လဲ။ အလွယ်တကူ ခေါင်းညိတ်ပြလိုက်မိတာ အမိန့်တွေ နာခံဖို့ ဆင်သင့်ဖြစ်သွားခဲ့သည်ဆိုလျှင်. . .။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဆိုင်မဖွင့်ခင် ငါ့ကိုဈေးလိုက်ဝယ်ပေးစမ်းပါ"

"ဟ ဘာလုပ်မလို့လဲ၊ မင်းတို့အိမ်က အိမ်ဖော်တွေ နေမကောင်းလို့ ဈေးမသွားနိုင်ဘူးလား"

"မဟုတ်ပါဘူး"

"ဒါဆို"

"အမေးအမြန်း ထူလိုက်တာကွာ၊ အဲလို စပ်စပ်စုစုနိုင်တာ ယောကျ်ားမပီသဘူးကွ"

"ဘယ်သူပြောလဲ"

"ငါပြောတာ မလိုက်ချင်နေကွာ၊ ငါ့ဘာသာ သွားတော့မယ်"

"နေပါဦးဟ လဒရ၊ စိတ်မြန်လိုက်တာလည်း လွန်ရော"





မျိုးမင်း ဆိုင်တံခါးသော့ပိတ်ပြီး သူ့နောက်က ပြေးလိုက်လာသည်။ သူ့လက်ကိုလည်း နောက်က ဆွဲထားလိုက်ကာ

"မင်း ဘာဝယ်မှာမို့ ဘယ်ဈေးကို သွားမှာလဲ"

"အသား ငါးနဲ့ အသီးအရွက်ပေါ့"

"မင်းအိမ်အတွက်လား"

"ကျွတ် မင်း စပ်စုပြန်ပြီ"

"ဒါ စပ်စုတာ မဟုတ်ဘူးလေကွာ၊ ဘယ်အိမ်အတွက်လည်း ဆိုတာက ဘယ်နှစ်ယောက်စာလဲဆိုတဲ့ အဓိပ္ပာယ်လည်း သက်ရောက်တယ်"

"ပန်းနီနီတို့အိမ်အတွက်ကွာ၊ ဟိုနေ့က သူတို့အိမ်က ထမင်းစားခဲ့လို့ ပြန်ဝယ်ပေးမှာ၊ ပန်းနီနီလည်း ဒီနေ့အလုပ်ပိတ်တော့ ဒါတွေပေးရင်းနဲ့ နေ့လယ်စာစားပြီးမှ ပြန်လာမှာ၊ ရှင်းပြီလား"

"မရှင်းဘူး။ မင်း အဲဒီအိမ်သွားပြီး အတူချက်ပြုတ်စားသောက်လောက်အောင် မင်းတို့ချင်း အဆင်ပြေတယ်လို့လည်း မကြားမိပါဘူး"

မျိုးမင်း မေးခွန်းက စေ့စပ်သေချာလွန်း၏။ သူက အရှက်ပြေ ခေါင်းကုတ်ကာ ဟက်ခနဲ ရယ်လိုက်ပြီး

"အဆင်မပြေပေမယ့် အဆင်ပြေဖို့ ကြိုးစားနေတာ ဒီလောက်တော့ ရင်းနှီးရမှာပေါ့"

"မင်း ဘာလုပ်လုပ် ပန်းနီနီက အကောင်းမြင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အမြင်ကောင်းအောင်လုပ်ရင် ဘာလို့ အကောင်းမမြင်စရာ အကြောင်းရှိလဲ၊ ငါက သူ အဲလိုနေတတ်ပြောတတ်တာလေးကို ချစ်တာ"

"အသည်းအသန်ကို ကျွမ်းနေပြီပဲ၊ တားလို့မရတော့ဘူးဆို လည်း အားပေးရတော့မှာပေါ့ကွာ၊ ဒါပေမဲ့ ဖြစ်လာနိုင်တဲ့ ပြဿနာတွေ ကို ကြုံကြံခံနိုင်ဖို့တော့ ကြိုးစားထား၊ မင်းအမေက ကျိုင်ရှာတဲ့နေ့ရာမှာ ချန်ပီယံ၊ မင်းလုပ်ချင်ရာလုပ် လွှတ်ပေးမယ်လို့ မင်းထင်လား"

သူ ခြေလှမ်းမှန်မှန် လှမ်းရင်း လေးပင်စွာ ခေါင်းရမ်းပြတော့ မျိုးမင်း သဘောပေါက်သလို ခေါင်းညိတ်သည်။

"ငါက အဲဒါပြောတာ မင်းအမေက မင်းအဖေကိုပါ လက်ဦး ကြီးအုပ်ချုပ်ကိုင်လာတာ၊ မင်းဘက်က မင်းအဖေ ရပ်တည်မှာမဟုတ် ဘူး"

"ပန်းနီနီနဲ့ ပတ်သက်ရင်တော့ ငါ့အားငါကိုးမှာပါ"

"အဲဒီ စကားကြားရတာ ပန်းနီနီကို မင်းတကယ်ချစ်တယ်ဆို တာ ငါ ယုံကြည်သွားပါပြီ၊ ဆုံးဖြတ်ပြီးရင်တော့ နောက်မဆုတ်နဲ့၊ ယောကျ်ားဆိုတာ ရှေ့ကိုပဲ မျှော်ကြည့်ရတယ်"

"စိတ်ချ မင်းစကားကို မြေဝယ်မကျ နာခံမယ်၊ ပန်းနီနီက မင်းညီမ မဟုတ်လို့ မနေ့ပြောဘူးဆိုတာ ငါသိသားပဲ"

"ခွေးကောင်"

မျိုးမင်း ဆဲလည်း သူမနာတော့။ ခြေလှမ်းတွေ တက်ကြွသလို



စိတ်တွေလည်း ကြည်လင်လန်းဆန်းနေသည်။ ရပ်ကွက်ဈေးကိုမသွားဘဲ ိုးတီးမတ်မှာပင် ပြည့်စုံအောင် ဝယ်လိုက်၏။ ဒီလောက်ပစ္စည်းတွေ ုများကြီး ဝယ်လာတာတွေ့လျှင် ပန်းနီနီ ရန်တောင်အပြစ်တင်ဦးမှာ ေသချာ၏။ ဒါကြောင့်လည်း ကြီးမေနဲ့သူမ မသိအောင် ရင်ဖွင့်ရင်းနှင့် ည်းဝါးတိုက်ထားရတာ၊ ဒီကောင်မလေးကာ ဆတ်ဆတ်ကြဲလေးမို့ . . ။

□ □ □

www.burmeseclassic.com

## အခန်း (၁၆)

''အာ အဲဒါ လုံးဝကို လက်ခံလို့မဖြစ်တာ ကြီးမေ၊ ပတ်ဝန်းကျင်က ဘယ်လိုဝေဖန်မလဲ၊ သူ ကားတဝီဝီနဲ့ အိမ်အဝင်အထွက်လုပ်နေတာကိုက အထင်သေးစရာဖြစ်နေပြီ၊ ကြီးမေက သူ ဒီလိုပစ္စည်းတွေ ဝယ်လာမှာကို ဘာလို့ မငြင်းလိုက်တာလဲ''

''မငြင်းရက်လို့ပေါ့အေ၊ သူ့ခမြာ ချမ်းသာတဲ့အသိုက်အဝန်းက ဆိုပေမယ့် သနားစရာပါ၊ မိဘတွေနဲ့ ပျော်စရာကောင်းတဲ့ ထမင်းဝိုင်းမျိုး မစားဖူးဘူးတဲ့၊ မိသားစုဘဝကို မအေကပဲ လွှမ်းမိုးထားပြီး သူ့အပေါ် အကောင်းမမြင်ဘူးတဲ့လေ''

''မြင်ချင်စရာမှမရှိတာ၊ သူက ဘယ်သူ့အပေါ်မှ ကောင်းပုံမပေါ်ပါဘူး၊ အမြဲဂျွတ်ဆတ်ဆတ် မိုက်တီမိုက်ကန်းနဲ့''



''ပြောတော့မယ် မှီချိုးမျှစ်ချိုး''

ကြီးမေက ဆစ်ထန် ဘက်တော်သားဖြစ်ကာ ဆတ်ဆတ်ထိပခံပေ။ ဆစ်ထန် ဘယ်လိုစည်းရုံးသိမ်းသွင်းထားသည် မသိဘဲ သူမကို ရန်လိုလာတာလည်း ဒင်းရဲ့ သွေးထိုးချောက်ချမှုတွေကြောင့်ပင်။

အခုမှ သူမမှာ အပြောအဆို အဆူအဆဲခံရ၊ မာန်မဲခြိမ်းခြောက်ဟာခံရနှင့် ဆိုးသွမ်းသည့် မိန်းကလေးလိုလို။

''ကဲ ညည်း ဘာမှအထွန့်မတက်နဲ့၊ ငါတို့ မိန်းမသားတွေချည်းနေရတာ၊ မိတ်ကောင်းဆွေကောင်း လိုတယ်ဟဲ့၊ ဒီကလေးကို ဘယ်လိုပဲကြည့်ကြည့် အပြစ်ပြောစရာရှိလို့လား၊ ဒီလိုလူမျိုးနဲ့သာ ညည်း အိမ်ထောင်ကျမယ်ဆိုရင် ကျုပ်တော့ စိတ်အေးလက်အေး ရွာပြန်နိုင်ပြီ''

''ကြီးမေ''

''ပြော''

''သူ့အစ်ကိုကြောင့် ဖေဖေနဲ့မေမေ သေရတာနော်၊ သူ့ကိုမြင်တိုင်း ဖေဖေနဲ့မေမေကို သတိရတယ်၊ အဲဒီအဖြစ်ဆိုးကြီးကို ပြန်ပြန်ပြီး မြင်ယောင်တယ်''

''ရုပ်ရှင်တွေ ဇာတ်လမ်းတွေထဲကလို လက်စားချေဖို့များ တွေးထားသေးလားအေ၊ ဥပါဒါန်ကြောင့် ဥပါဒါန်ဖြစ်တာပါ၊ နောက်နောက်ကကံအကြောင်းတရားတွေ ယုံကြည်ရင် ဘယ်သူ့အပေါ်မှ အာဃာတထားစရာ မလိုဘူး၊ ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်သတဲ့၊ ဘယ်သူက ဒီလိုမျိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေပျက်စေဆိုပြီး အပြုံးနဲ့လုပ်မှာလဲ၊ ကိုယ့်အတွက်လည်း မကောင်း၊ သူများအတွက်လည်း မကောင်းတဲ့ကိစ္စ''

ကြီးမေ ပြောနေတာတွေ သဘောပေါက်နားလည်ပေမယ့် အချိန်မတန်သေးဘဲ မိဘတွေကို အဖြစ်ဆိုးနှင့် ဆုံးရှုံးလိုက်ရတာ ရင်ထဲ မဖြေနိုင်သေးပေ။

ဒါပေမဲ့ ဆစ်ထန်နှင့် မဆိုင်ဘူးဆိုတာ သိသွားပြန်တော့ ဘယ်သူ့ကို နာကြည်းရမှန်းမသိ။ နိုင်ငံခြားက ပြန်ရောက်တာနှင့် အရေးတယူ နာရေးသတင်းမေးသည်။ နစ်နာကြေးကိစ္စ ဖြေရှင်းပေးသည်။ တောင်းပန်တာတွေ အားနာတာတွေနှင့် ဆစ်ထန်ဘက်က လိုအပ်မှုမရှိဘူးထင်၏၊ ပြီးတော့ ကိုယ့်ဘက်က မှားယွင်းမှုကို ဒေါသတကြီးထောက်ပြတာမျိုး မရှိ၊ လူငယ်သဘာဝ စကားပြော အဆင်မပြေ ဂရုတောက်တာဆ ဖြစ်ကြတာကလွဲရင်ပေါ့လေ။

"ဟဲ့ ပန်းနီနီ ငါပြောတာကို အသေလို နားထောင်နေတယ် သဘောမပေါက်ဘူးလား''

သူမ အတွေးလွန်သွားသည်ကို ကြီးမေက စိတ်မရှည်သလို ဒေါသဖြင့် ဖြတ်တောက်ပစ်၏။ မှုန်ကုပ်နေသော သူမမျက်နှာလေးက ပြုံးမဲ့မဲ့လေးဖြစ်ကာ

"သဘောမပေါက်လို့ မဟုတ်ပါဘူး ကြီးမေကသည်း နီ သူ့ကို ကြည့်လို့မရဘူး ကြီးမေ၊ ဥပဓိရုပ်နဲ့ သူ့လုပ်ရပ်တွေက မလိုက်ဖက်ဘူး။



တို့နေ့ကပဲကြည့်ပါလား ကြီးမေကို ချုန့်တွန်းလှုပ်ခဲ့တာ''

"အဲဒါ ညည်းကို ချစ်လို့စတာပေါ့အေ''

"ကြီးမေနော်''

"မနော်နဲ့ ညည်းမှာ အဖေအမေဆိုတာ ရှိတော့တာ မဟုတ်ဘူး၊ အားကိုးအားထားပြုဖို့ လင်ကောင်းသားကောင်းလိုတယ် နီနီ၊ ဘဝတစ်သက်တာလုံး အားကိုးလို့ရမယ်ထင်ရင် မချစ်ဘဲနဲ့တောင် လက်ထပ်နေကြသေးတယ်၊ အခု မောင်ဆစ်ထန်က ညည်းကို လေးလေးနက်နက် တန်ဖိုးထားနေတာ''

"အာ ဟိုက ဘာမှလည်းပြောသေးတာ မဟုတ်ဘဲနဲ့၊ ကြီးမေက လူကြီးဖြစ်ပြီး ကြားထဲက အောင်သွယ်လုပ်နေဘယ်၊ မသိဘူး သွာ ကြီးမေကို မချစ်တော့ဘူး''

ပန်းနီနီ ရှက်ရမ်းရမ်းကာ ကြီးမေကို ကလိထိုးနေသည်။ ကြီးမေက ဗျွတ်ရွတ်တယောင်ရင်း အိမ်ရှေ့မှာ ကားရပ်လိုက်တာမြင်တော့ ပြန်းခနဲ ကုန်းထြွဆယ်၍ ထရပ်၏။ ပန်းနီနီ မျက်နှာလေးလည်း ချက်ချင်း ဒိုသလို တည်တင်းသွားကာ အထုပ်တွေ ဆွဲဝင်လာသော ဆစ်ထန်ကို မျက်စောင်းရွယ်သည်။

"အရှုပ်ထုပ်၊ ရှင် ဘာလာလုပ်ပြန်ပြီလဲ''

"ဒီမှာ ချက်ပြုတ်စားအောင်လို့ ဈေးဝယ်လာတာ၊ ဒီနေ့ မင်း မလုပ်နားမယ်ဆိုတာ ကြီးမေ ပြောထားလို့''

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ထိုင်ဦး ပြောစရာရှိတယ်"

"ကဲ မောင်ဆစ်ထန်ရေ သူ ဘာပြောမလဲ နားထောင်လိုက်ဦး။ အဲဒီအထုပ်တွေ ကြီးမေကိုပေး၊ ကြီးမေ သွားချက်မယ်၊ တော်တော်ကို ဆရာကြီးလုပ်ချင်တယ်၊ ပန်းနီနီ ပြဿနာရှာပြီး ပြန်လွှတ်တာတွေ ဘာတွေ မလုပ်နဲ့နော်၊ ညည်း ငါနဲ့တွေ့မယ်"

ကြီးမေက ကြိမ်းမောင်း၍ ဆစ်ထန်လက်ထဲက အထုပ်တွေဆွဲယူ၍ အိမ်ပေါ်တက်သွားသည်။ ဆစ်ထန်က ပန်းနီနီရှေ့က ခုံတန်းလျားမှာ ဝင်ထိုင်ပြီး အမောပြေ ရေနွေးတစ်ခွက်ငှဲ့သောက်၏။ မျက်လုံးများက ပန်းနီနီ မျက်နှာလေးထက်မှာ ရီဝေစွာ ရစ်ဝဲနေသည်။

"ရှင် အဲလိုတွေ လုပ်နေတာ နီ သိက္ခာဘယ်လောက်ကျတယ်ဆိုတာ ရှင် မတွေးမိဘူးလား"

"ကိုယ်က ဘာတွေလုပ်နေလို့လဲ"

"ကားတဝီဝီနဲ့ အိမ်ကိုဝင်လိုက်ထွက်လိုက် ပစ္စည်းတွေ ဝယ်လာလိုက်၊ တစ်ခါတလေ အလုပ်ကိုလာကြိုတာ ပို့တာရှိတယ်"

"တစ်ခါတစ်ရံပါ"

"ဒါ အစလေ၊ နောက်အမြဲတမ်းဆိုတာတွေ ဖြစ်လာမယ်၊ ဒီထက်မကတဲ့ အခြေအနေတွေလည်း ဖြစ်ချင်ဖြစ်လာမယ်"

"လူတစ်ယောက်နဲ့ပတ်သက် ရင်းနှီးဖို့ ဒီလိုပဲ အစပြုရတာ၊ ကိုယ်ဘာတွေ မှားနေလို့လဲ"



ကားသော့ကို စားပွဲပေါ်ပစ်တင်ပြီး ဆိုဖာ်ပသုန် ရီဝေဝေ ကြည့်၍ ဆွစ်ထန် မချေမငံ ပြုံးသည်၊ ပန်းနီနီ နှုတ်ခမ်းပါးလေးတွေက ...ခဲနဲ့ ဖြစ်ကာ

"မမှားပေမယ့် မှန်နေတာလည်း မဟုတ်ဘူး ဆစ်ထန်၊ ရှင့်ရဲ့ အစပြုမှုတွေကို နီ လက်မခံချင်ဘူး၊ နီမှာ အုပ်ထိန်းသူ မိဘတွေမရှိ ...တဲ့အတွက် ဘယ်လို ကျခြေမဲ့ သိက္ခာတွေ ကိုယ်ကျင့်တရားတွေ ...လဲဆိုတာ ပတ်ဝန်းကျင်က မျက်လုံးဒေါက်ထောက် ကြည့်ခံနေရတာ ... တချို့က အပြစ်ဖြစ်အောင် သွေးတိုးခမ်းဘယ်"

"ဟိုနေ့က အဖြစ်မျိုးကို ပြောတာလား"

"အဲဒါက ပွဲရုံခန်းကျင်က တန်ဆာမ်းသမားတွေပါ၊ အလွယ်ရ ...ားလို့ အကဲစမ်းကြတာ၊ အဲလိုပဲ ရပ်ကွက်ထဲ ညမှောင်မှောင် ပြန် ...ခဲ့လည်း၊ ဟိုက ဒီက ရပ်ကွက်ထဲက လူငယ်တွေ တန်ဖိုးမဲ့ စ ...ာက်ချင်တာမျိုးတွေ ရှိတယ်၊ နီသာ မနေတတ် မထိုင်တတ် ကျခြေ ...နေမယ်ဆိုရင် ဘဝပျက်တာ ကြာပြီ"

"နောက်နေ့ကစပြီး ကိုယ် အကြိုအပို့လုပ်ပေးမယ်၊ ဘယ် ...ကောင်မှ နီကို မရိုးမသား မလုပ်စေရဘူး ကိုယ် နီကို စောင့်ရှောက် ...မယ်"

"ကျေးဇူးရှင်"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သူမ အရွဲ့တိုက်ခေါ်တာကို ဆစ်ထန် ခပ်တည်တည်ပင် ပြုံးတူး၏။ သူမ ရယ်လိုက်မိမလိုဖြစ်သွားသော်လည်း မျက်နှာပိုးသတ်ကာ ဆစ်ထန်ကို ခပ်စူးစူး ကြည့်ပစ်လိုက်ပြီး

"ရွဲ့ခေါ်တာကို အဟုတ်မှတ်နေသလား။ ရှင် အဲလိုလုပ်ပေးနေတာ စပွန်ဆာ အထင်ခံနေရဦးမယ်၊ ငွေကြေးချမ်းသာတဲ့ယောကျာ်းနဲ့ ဆင်းရဲတဲ့မိန်းမ ပတ်သက်မှုရှိလာရင် လူတွေက နိုးနိုးသားသားလို့ မတွေးဘူး ဆစ်ထန်၊ မြေနိမ့်ရာလှံစိုက်ချင်ကြတဲ့ ပတ်ဝန်းကျင်မှာ နီဘာ အရောင်စွန်းထင်း မခံရအောင် နီကိုယ်နီ ထိန်းချင်တယ်"

"အမှန်အတိုင်းပြောရင် မင်းကို အဲလိုတွေ ထိန်းသိမ်းတတ်တဲ့ မာနလေးတွေရှိလို့ ကိုယ် လေးစားမိတာ၊ လမ်းမှားဘယ်ခုပေါ် လျှောက်ဖို့ဆိုတာ အရမ်းလွယ်ပါတယ်၊ ထိန်းသိမ်းတတ်ဖို့ပဲ ခက်တာ၊ များသောအားဖြင့် တချို့ မိန်းကလေးတွေ မင်းလို မဟုတ်ကြဘူး"

"ဒါကြောင့်လား၊ တမင်တကာ ရှင် အသင်ကြီးအောင် လုပ်ပြနေတာ မဟုတ်ဘူးနော်"

"ကိုယ်ယုံတယ် မင်းရဲ့ ရိုးသားမှုကို ကိုယ့်ဘက်က အရိုးသားဆုံး ဝန်ခံရရင်လည်း ကိုယ့်ဘဝမှာ မိသားစုနွေးထွေးမှုဆိုတာ မရှိပါဘူး ချမ်းသာပြည့်စုံလို့ ဒါတွေကို တသီးတသန့် တောင့်တနေတာပါလို့ မင်း ယူဆနေမလားတော့ မပြောတတ်ဘူး၊ တကယ်တော့ ကိုယ့်အခြေအနေ မေတ္တာတရား ချို့တဲ့တယ် ပန်းနီနီ"

မျိုး[illegible]



ရင်ဖွင့်မိတာက ဘယ်သူတိုက်တွန်းမှုမှမပါဘဲ သူ့အလိုအလျောက် ဖွင့်အံလာခြင်းပင်။ ဒီတစ်ခါ ပန်းနီနီ စိတ်ဝင်တစား နားထောင်ပေးနေ၍ တော်ပါသေးသည်။

သက်ပြင်းအရှိုက်မှာ ပန်းနီနီ မျက်ခုံးလေးပင့်ကာ နားစွင့်၏။

"ကိုယ့်မှာ ဖေဖေရော မေမေရောရှိတယ်၊ ဒါပေမဲ့ မေမေ့ရဲ့ မေတ္တာတရားကို ခုချိန်ထိ ကိုယ်တစ်ခါမှ မခံစားခဲ့ဖူးဘူး ပန်းနီနီ၊ အမြဲတမ်း ကိုယ့်ကိုနှိမ့်ချပစ်ပယ်ထားပြီး အခု ထောင်ကျနေတဲ့ ကိုကို ကိုပဲ ဦးစားပေးတယ်၊ လုပ်ငန်းကြီးတစ်ခုလုံး ရှိနေပါရဲ့နဲ့ သူငယ်ချင်းနဲ့ အီလက်ထရွန်းနစ်ဆိုင်လေး ဖွင့်နေရတာပဲ ကြည့်ပါလား၊ ကိုကို့နေရာကို ကိုယ် ယူလိုက်မှာစိုးလို့ ရန်သူတစ်ယောက်လိုကို အတိုက်အခံလုပ်နေခဲ့တာ"

"ဆစ်ထန်က သားအရင်းရော ဟုတ်ရဲ့လား"

"ကိုယ်အမြဲတွေးပြီး မေမေ့ကိုမေးတတ်တာ အဲဒီစကားပဲ၊ ဖေဖေ့ကိုလည်း မခံစားနိုင်လွန်းလို့ မေးကြည့်ဖူးတယ်"

"ဘာပြောကြလဲ"

"မဟုတ်ပါဘူးပေါ့၊ မေးမိတဲ့ ကိုယ့်မှာပဲ အပြစ်ဖြစ်တယ်"

"ဆစ်ထန်အဖေကလည်း ဆစ်ထန်အပေါ် မနွေးထွေးဘူးလားဟင်"

"အင်း မေမေ့လို ခါးခါးသီးသီး အတွယ်ကပ်မခံတာတော့ မှ

မျိုး[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါဘူး။ အပြစ်သားတစ်ယောက်လို မေမေ့ကို မရှုနိုင်ဆန်နိုင်တာလဲ ရင် မေမေ့ကွယ်ရာမှာ ကိုယ့်အပေါ် ဖေးမနားလည်မှုတွေ ရှိပါတယ်"

နားထောင်ရင်းနှင့် အကြောင်းရင်းတွေရှိနေမည်လို့ သဘော ပေါက်လိုက်၏။ ဒီလို ပြည့်စုံသူတွေမှာလည်း တောင့်တာလိုအပ်မှုတွေ ရှိနေတာပါပဲလား။ စာနာမှုလေး တိတ်တဆိတ် နိုးထအောင်းနေတာ သူ့ မျက်နှာပေါ်က တင်းမာမှုလေးတွေ လျော့ပါးပျက်ပြယ်လာသည်။

"အခု ထောင်ကျသွားတဲ့ ရှင့်အစ်ကိုကရော ရှင့်အပေါ် ဘယ်လို ဆက်ဆံမှုမျိုးလဲ"

"ကိုကိုက ကိုယ့်ကိုချစ်ပါတယ်၊ ဒါပေမဲ့ ကိုကိုလည်း ဖေဖေ့လို ပါပဲ၊ မေမေ့ရှေ့မှာဆို ကိုယ့်အပေါ် သူစိမ်းဆန်တယ်လို့ ခံစားရတယ်၊ မေမေ့ရဲ့သွေးထိုးမှုကြောင့်လားတော့မသိဘူး။ တစ်ခါတစ်ရံ အနိုင်ကျင့် ချင်တယ်၊ သူသာ မြေဦးသားဦးဆိုပြီး အရာအားလုံးကို သူ တစ်ယောက် တည်း ပိုင်ဆိုင်ချင်တာမျိုးပေါ့၊ ကလေးဘဝက ကစားစရာပစ္စည်း၊ အဝတ် အစားအသုံးအဆောင်ဆိုရင် ကိုကို့အကျန်ကိုပဲ ကိုင်တွယ်အသုံးပြုခွင့် ရတာ၊ ဘွားဘွားမရှိကတည်းက ကိုယ် အရမ်းအထီးကျန်ခဲ့ပါတယ်"

ဒီတစ်ခါ သက်ပြင်းရှိုက်မိသူက ပန်းနီနီ ဖြစ်သွားသည် ဆစ်ထန် ဒီလိုနာကျင်မှုတွေ ရှိနေတာ မယုံနိုင်လောက်အောင်ပင်၊

သူ့ကိုကြည့်ရတာတော့ ပေါ့ပါးတက်ကြွသန်းဆန်းနေတာ မဟုတ်လား။ သူ့အကြောင်းတွေ စိတ်လိုလက်ရ နားထောင်ပေးမိတ





လည်း မိမိကိုယ်မိမိ အံ့သြနေမိသည်။ ကြီးမေက ရန်ဖြစ်နေကြပလား လို့ အပေါ်ကနေ ကွက်ကြည့်ကွက်ကြည့်။

သူမက စကားစဖြတ်မှပဲ တွေးကာ

"ကြီးမေတစ်ယောက်တည်း ချက်နေရင် ပင်ပန်းလိမ့်မယ်၊ သွားကူချက်မှပဲ၊ ရှင်လည်း ငါဝယ်ပေးထားတာဆိုပြီး ဒီအတိုင်း လက် လျှို့စားလို့တော့ မဖြစ်ဘူး၊ ဝိုင်းကူလုပ်ဦး"

"ကြော် အင်း လုပ်မှာပေါ့၊ ကိုယ်က အဲလိုနေချင်တာပါ"

တက်ကြွပျော်မြူးသွားသော သူ့ပုံစံကိုကြည့်၍ တကယ် နွေး ထွေးမှုတွေ လိုချင်နေတာပဲဟု ယုံကြည်လိုက်မိသည်။

ထိုနေ့က အရင်လို ရန်စောင်ဘက်တိုက်ခြင်းတွေ မလုပ်ဖြစ် ကြဘဲ တပျော်တပါး ချက်ပြုတ်စားသောက်ဖြစ်ကြသည်။ ကြီးမေက သူမတို့နှစ်ယောက် အဆင်ပြေသွားတာမြင်ပြီး ကြည်နူးပီတိများဖြင့် တပြုံးပြုံး။

ဒီလိုနေ့ရက်တွေကို တောင့်တတတ်လာအောင် ဆစ်ထန် တမင် တကာများ ဖန်ဆင်းနေလေသလား။

ဘဝမှာ စိတ်တိုင်းကျ ဖြတ်သန်းခွင့်လေး တစ်ကြိမ်တစ်ခါ တော့....။

◻ ◻ ◻



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁၇)

"အဲဒီအခွင့်အရေးရလိမ့်မယ်လို့ မျှော်လင့်မထားနဲ့ ဒေါ်မြသာ နွယ်၊ ထောင်ကျတယ်ဆိုကတည်းက ဘယ်လိုအမှုမျိုးဖြစ်ဖြစ် နာမည်က ပျက်ပြီးသားပဲ"

"ဟုတ်ပါတယ် အဲဒီအတွက် မောင်မင်းထန်ကို ထောင်က ထွက်လာရင်ဆိုတဲ့ နေရာရာထားမှုကို ဖျက်သိမ်းပေးပါ။ အခု ကျွန်တော် တို့ လက်တွဲလုပ်နေတယ်ဆိုတာက ဦးမောင်မောင်ဦးရဲ့ ထိန်းချုပ်ကိုင်တွယ် မှုရှိနေတယ်ထင်လို့ပါ၊ မိန်းမသားတစ်ယောက်ရဲ့ လက်အောက်မှာ ကျွန် တော်တို့ ရှယ်ယာတွေ အခိုးရှုံးမခံနိုင်ပါဘူး"

"ဘာ"

ဒေါ်မြသာနွယ် ဆတ်ဆတ်ခါသွားသည်။ မိမိကို ဘာမှအသ



ကျောသူမှာ စွပ်စွဲလိုက်ခြင်းပဲ မဟုတ်လား။

"ရှင်တို့ ပြန်စဉ်းစားကြည့်ဦး ကိုအောင်သော်၊ ကိုမောင် ကျန်း မာရေးမကောင်းကတည်းက သားကြီးနဲ့ကျွန်မ ကုမ္ပဏီကိုဆက်ပြီး အုပ် ချုပ်လာခဲ့ကြတာပါ"

"အဲဒါက ဦးမောင်က မင်းထန်ကို လွှဲထားတယ်ဆိုလို့ပါ၊ မင်း ထန်နဲ့အလုပ်လုပ်ရတာလည်း အဆင်ပြေတယ်လေ၊ အမှားအယွင်းနည်း နည်းပါးပါးရှိလည်း အိတ်စိုက်ပြီး ဆုံးရှုံးတာ တစ်ခါမှ မရှိဘူး၊ အခုက ဒေါ်မြသာနွယ်နဲ့လုပ်နေရတာ အဆင်မပြေမှုတွေ များတယ်"

"ယောက်ျားချင်းမဟုတ်တော့ ပွင့်ပွင့်လင်းလင်း မရှိတာ ပို ဆိုးတယ်၊ ဖြစ်မယ်ဆိုပြီးရင်းလိုက်၊ လက်သွက်တဲ့ ထက်မြက်တဲ့ကုမ္ပဏီ နောက်ကို ပါသွားလိုက်နဲ့၊ ကျွန်တော်တို့ဘက်က ဆုံးရှုံးမှုကို ဒေါ်မြသာ နွယ် ထည့်စဉ်းစားပေးပါ"

"အဲဒီတော့ ရှင်တို့ဖြစ်ချင်တာက"

ကုမ္ပဏီရဲ့ ဒုတိယရှယ်ယာအများဆုံး ပိုင်ဆိုင်သည့် ကိုအောင် သော်နှင့်ကိုထွန်းဝေ အကြည့်ချင်းဆုံ၍ ဆုံးဖြတ်ချက် အခိုင်အမာ ချလိုက် ကြသည်။

"ဦးမောင်ရဲ့ကျန်းမာရေးအခြေအနေက အိပ်ရာထဲလဲနေတဲ့ အခြေအနေမျိုးမှ မဟုတ်တာ၊ သူ့ရဲ့အရည်အချင်း အစွမ်းအစတွေ ကြောင့် ကျွန်တော်တို့က ငွေတွေအများကြီး ရင်းနှီးမြှုပ်နှံခဲ့တာပါ၊ သူ

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ ကုမ္ပဏီကို တာဝန်မယူနိုင်တော့ဘူးဆိုရင် ကျွန်တော်တို့ နုတ်ထွက်ပါမယ်"

"ဒါမှမဟုတ် ဆစ်ထန်လည်း လူငယ်ပီပီ သွက်လက်ထက်မြက်တဲ့အတွေးရှိတော့ သူနဲ့တွဲလုပ်ရမယ်ဆိုရင်"

"မဖြစ်ဘူး အဲဒါတော့ လုံးဝမဖြစ်ဘူး"

ဒေါ်မြသားနွယ်ရဲ့ ခါးခါးသီးသီး ငြင်းဆန်မှုကြောင့် ဦးအောင်သော်တို့ အံ့အားသင့်သွားကြသည်။ ဒေါ်မြသားနွယ်ဘာ့ကြောင့် ဘာကြောင့် လက်မခံနိုင်တာလဲ။

"ဘာဖြစ်လို့လဲ ဒေါ်မြသားနွယ်"

"ပင်းထန်ကိုတောင် ရာဇဝင်ကြီးကြီးပေးနိုင်သေးတာ ဆစ်ထန်က သူ့ထက်တော်လို့ နိုင်ငံခြားကိုတောင် ကျောင်းသွားတက်ခဲ့သေးတာ မဟုတ်လား"

"ဪ အင်း အဲဒါကြောင့် ပါမစ်ညွှဲပြောင်းယူဖို့ သူ့ကို ကြိုးစားနိုင်းဖူးတယ်၊ သူက မလုပ်ချင်ဘူး ဝါသနာမပါဘူးတဲ့လေ၊ တကယ်ဆိုကုမ္ပဏီကြီး ဒီလိုဖြစ်နေတာ မိသားစုဝင်တစ်ယောက်အနေနဲ့ သူ့မှာလည်း တာဝန်ရှိတယ်မဟုတ်လား၊ ဒါကို သူက ငြင်းနေတော့"

အမှန်မဟုတ်သော်လည်း လိုရင်းက ဒီအတိုင်းပဲမို့ ဒေါ်မြသားနွယ် ကတုန်ကယင် ရှင်းပြလိုက်သည်။ ဦးအောင်သော်တို့က လက်မခံချင်သလို မျက်နှာတွေပြောင်းသွားကြပြီး



"ဒါဆိုရင် ကျွန်တော်တို့ဘက်က ထပ်ပြီး အချိန်မပေးနိုင်တော့ပါဘူး။ တခြားဘက်ကလည်း ကမ်းလှမ်းထားတာတွေရှိလို့"

"နေ နေပါဦး၊ ကျွန်မတို့ ဒီအတိုင်း နောက်ဆုတ်လိုက်ရင် ထုံးရှိုးမှုအစတိုင်းအတာက မခန့်မှန်းနိုင်အောင် ဖြစ်သွားမယ်ဆိုတာ ရှင်တို့လည်း သိတယ် မဟုတ်လား"

"ဒေါ်မြသားနွယ်က ကျွန်တော်တို့ထက် ပဓာန ပိုများမှာပါ၊ ရှုံးနိမ့်ရင်ဆိုင်နေရတဲ့ လုပ်ငန်းတစ်ခုကို အချိန်မီ မပြင်ဆင်ရင် ပိုပြီး ရှုံးနိမ့်ရင်ဆိုင်ရမှာမဟုတ်လား"

"ထက်ညီလက်ညီ ရင်ဆိုင်ဖို့ဆိုတာထက် ဦးဆောင်ဖို့အရည်အချင်းရှိတဲ့သူကိုပဲ ကျွန်တော်တို့ မျှော်လင့်ပါတယ်"

ဘာလုပ်ရမလဲ။ ဆစ်ထန်ကို အတိအလင်း တောင်းဆိုနေကြတာပဲ မဟုတ်လား။

ကုမ္ပဏီမှာ မိမိဝင်လာကတည်းက အဆင်မပြေမှုတွေများနေတာကို စိတ်မရှည်ကြတာဖြစ်မည်။ ကားလုပ်ငန်းဆိုတာ မိမိကျွမ်းကျင်သည့်အရာမဟုတ်ပါ။ သားကြီးကို ပိုင်ဆိုင်စေချင်သော စိတ်ဆန္ဒတွေဖြင့် ကိုမောင်ကို အိမ်မှာပဲနေခိုင်းပြီး ဆစ်ထန်ကို အနားကပ်လို့မရအောင် ညှိနွယ်ချော်တွေကြီးမားခဲ့တာ။ အခုတော့ အခိုင်အမာရှိနေခဲ့သည့် လုပ်ငန်းကြီးက တမှုဟုတ်ချင်း ပျက်ပြားတော့မည့်အခြေအနေပါလား။

ကိုမောင်ကို တိုင်ပင်ရမလား။

www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း သူ့သားဆစ်ထန်ကို အလျှင်အမြန် နေ့ရာပေးလိုက်မှာ မရှုဆိမ့်ပါ။ ဘာတွေဖြစ်ဖြစ် ဆစ်ဘန် မစီးစားဘေး၊



BURMESE CLASSIC .com

အခန်း (၁၈)

"ဘာ မင်း ဘာပြောလိုက်တယ် မြသား"

"ရှင်ဘာလို့ ဒီလောက် အလန့်တကြား ဖြစ်သွားတာလဲ၊ ဒီလုပ်ငန်းလုပ်လို့ရတော့တာနဲ့ မြသားတို့ငတ်သေမသွားပါဘူး၊ ဒီကုမ္ပဏီအဆောက်အဦးနဲ့ လိုင်စင်ကို ရောင်းစားရင်တောင် တစ်သက်လုံး အေးအေးဆေးဆေး နေလို့ရပါတယ်"

"ဘာ ငါ့သွေးနဲ့ချွေးနဲ့ တည်ထောင်ခဲ့တဲ့ လုပ်ငန်းကြီး ပျက်စီးသွားတာ မင်း ဒီလိုမျိုး ပေါ့ပေါ့လေး ပြောထွက်သလား မြသား၊ ငါက ဘာကိုမက်မောတာလဲ၊ ဂုဏ်သိက္ခာကွ ဂုဏ်သိက္ခာ၊ ဒီလောက် အနိုင်အမာကြီး ရပ်တည်လာနိုင်ရဲ့နဲ့ မင်းလက်ထက်ကျမှကွာ ကျွတ် မြသားရာ မင်း"

ဗိုးချဲပေါ် ထိုင်နေလျက်က ဦးမောင်မောင်ဦး တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



တုန်ယင်လျက် နှုတ်ခမ်းဖျားတွေလည်း ဆတ်ဆတ်တုန်နေသည်။ နားလည်တတ်ကျွမ်းမှုများ စိတ်ခန္ဓာရင်းနှီးမြှုပ်နှံခဲ့မှုများကြောင့် ဒီအထိ အောင်မြင်တိုးတက်လာခဲ့ပြီးမှ

"ဝန် ဝန်ထမ်းတွေ အကုန်လုံးရော"

"ကုမ္ပဏီဒေဝါလီခံရမှာကို သူတို့ကို ခေါ်ထားပြီး ဘာလုပ်ရမှာလဲ၊ ကိုယ့်ကိုယ်ကိုယ်တောင် ဘာမှမတတ်နိုင်တဲ့အခြေအနေ"

"မြသား"

"ရှင် ဘယ်သူ့အတွက် တွေးပူနေတာလဲ၊ ကိုယ့်ကျန်းမာရေး ကိုယ်ပဲ ဂရုစိုက်"

"တောက်"

"ရှင် မြသားကိုပေါက်ကွဲဖို့ မစဉ်းစားနဲ့ ကိုမောင်၊ ရှင်း ဇတ် မသေအောင် မြသား လုပ်မှာပါ"

"မင်း မင်း ဘာလုပ်မှာလဲ"

"ကျန်နေတဲ့ငွေကို တခြားကုမ္ပဏီမှာ သားကြီးနာမည်နဲ့ ရှယ်ယာဝင်မယ်၊ အနည်းဆုံး ဒါရိုက်တာအဖွဲ့ဝင်နာမည်တော့ ရမှာပါ၊ ဆက်သွယ်ချိတ်ဆက်ပြီးလို့ ရှင် ဘာမှမပူနဲ့"

"ဟား"

ကြိတ်မနိုင်ခဲမရ ဖေါ်သတွေက ကုမ္ပဏီကြီး ဆုံးရှုံးလိုက်ရတာ၊ တစ်ခုတည်းကြောင့် မဟုတ်ပါ။ သားငယ်ကို ဘာခံစားခွင့်မှ မရှိအောင်





ယ်ချလိုက်တာကြောင့်ပင်။

နောက်ထပ် လုပ်မှာတောင် သောင်ထဲမှာ နှင်ရှည်လများ ုစုမည့်သားကြီးနာမည်နဲ့တဲ့၊

"မြသား မင်းရည်ရွယ်ချက်က ဒါလား၊ သားငယ်ကိုပေးရမှာ ိုးလို့ ဒီလိုလုပ်လိုက်တာလား။ ဝုဏ်သိက္ခာဆိုတာတွေ ထည့်မတွေး လာက်အောင် အငြိုးကြီးခဲ့တာလား"

"မရည်ရွယ်ပေမယ့် ဒီအတိုင်းဖြစ်သွားတာ မြသား ဘာမှ တတ်နိုင်ဘူး ကိုမောင်၊ ရှင့်သားငယ်ကသာ မလုပ်နိုင်ဘူးလို့ အရှုံးတိုက် ယ်ချခဲ့တာ"

"သားငယ်ကို အပြစ်ပုံချဖို့ အစောကြီးတည်းက ကြိုစဉ်းစား ားခဲ့တာလား။ ဘာပဲဖြစ်ဖြစ် မင်းဒီလိုတွေထိ လုပ်လိမ့်မယ်လို့ မထင်မိ ူး"

"ဒါဆို မြသား ဘာကြောင့် ဒီလိုလုပ်ဖြစ်သွားတယ်ဆိုတာ ှင်သားကို အမှန်အတိုင်း ပြောပြလိုက်ပါ"

"မြသား မင်း"

"ဒီလို အခြေအနေထိဖြစ်သွားအောင် မြသား တမင်ရည်ရွယ် ာ မဟုတ်ဘူးလို့ ပြောပြီးပြီ ကိုမောင်၊ ဟိုဘက်ကသာ ဟိုဘက်ယိမ်း ဘက်ကသာ ဒီဘက်ယိမ်း သစ္စာမရှိ အနှမ်းနာမခံချင်တဲ့သူတွေကြောင့် လောက်မြန်မြန်ဖြစ်သွားတာ၊ ဒါပေမဲ့ ဆင်ပိန်ရင်ကျွဲလောက်တော့ ကျ



www.burmeseclassic.com

www.burmeseclassic.com



ပါသေးတယ်၊ အခြေမဲ့အနေမဲ့ ဖြစ်မသွားနိုင်ပါဘူး"

"ကျွတ် မြသားရယ်"

ဘယ်လိုစကားလုံးမျိုးဖြင့် နားဝင်အောင်ပြောရမလဲ။ ရင်ထဲ ခံစားရသလောက် ပေါက်ကွဲပစ်လိုက်ရမလား မဝေခွဲနိုင်ပေ၊

လုပ်ငန်းကြီးတစ်ခု အခြေမနိုင်ယိုင်နဲ့သွားတာကို မြသားနှယ် ပြောနေတာ ပေါ့ပေါ့လွယ်လွယ်လေး၊ သားငယ်ကြောင့် မြသားနှယ် ဒီလိုလုပ်လိုက်သည်ဆိုတာ မသိဘဲနေပါ့မလား။

"ရှင့်မယားငယ်မသားကို သားကြီးနဲ့အခွင့်အရေး တန်းတူ မပေးနိုင်ဘူး။ ရှင်မကျေနပ်ရင် အချိန်မရွေးကွာရှင်း"

လို့တောင် ပြတ်ပြတ်သားသား စိန်ခေါ်ခဲ့ဖူးသေးတာ။ ဒီမိန်း မလုပ်ရဲ မပြောရဲတာ မရှိ။ ဒါပေမဲ့ သားကို ဒီအကြောင်း တိုက်ရိုက် မပြောသေးတာပဲ ကျေးဇူးတင်ရဦးမည်။

သားငယ်သာသိလျှင် ဘယ်လောက်များ သိမ်ငယ်ပြီး ရှက်လှ ရှာမလဲ။ ဗိုးချဲ့နောက်မှီမှာ တစ်ကိုယ်လုံးပုံကျ ကျောကပ်မှီချလိုက်ရ အသက်တောင် ပြင်းပြင်းမရှူနိုင်တော့။

"ရှင် ဘာကို စိတ်ခုတ်ကျသွားတာလဲ၊ ရှင့်သား ဘာမှမ တော့လို့ စိတ်ထိခိုက်နေတာလား"

"မြသား ဆစ်ထန်ကလေးဘာမရှိလို့ သူ့ဘာသာ ရပ်တည် တာ၊ မင်း သူ့အတွက် ဘာဒုက္ခတွေခံပြီး ဘာတွေပေးဆပ်ခဲ့ရလို့လဲ"





"ရှင်က ဒါကို မကျေမနပ်ဖြစ်နေတာလား"

"ကိုယ့်ကို မခနဲ့ပါနဲ့ မြသား၊ မှားခဲ့တာလေးတစ်ခုနဲ့ မြသား စိတ်တိုင်းကျပဲ ကိုယ်နေခဲ့တာပါ။ မင်းထန်အရွယ်ရောက်လာတယ်၊ ကိုယ် ကျန်းမာရေးမကောင်း ဖြစ်သွားတယ်၊ မင်းက နေရာတစ်ခုအတွက် ယုံပန်းတယ်၊ ကိုယ် ဘာတွေကို အတိုက်အခံလုပ်ခဲ့လို့လဲ"

"ဆစ်ထန်အတွက်တော့ အမြဲတမ်း စိတ်မကောင်းဖြစ်နေခဲ့ တာပါ"

"သူလည်း ကိုယ့်ရဲ့သွေးသားပေပဲ၊ မင်း အသိအမှတ်မပြုလည်း သူ့ကိုဖြတ်တောက်ပစ်လိုက်လို့ မရဘူး မြသား၊ ဒါပေမဲ့ သူ့အတွက်နဲ့ ကိုယ့်ကို အမြဲတမ်း တိုက်ခိုက်ဖို့ချည်း မစဉ်းစားပါနဲ့"

"ဘာ"

"မင်းအခု ဘာဆက်လုပ်မှာလဲ၊ လုပ်ချင်တာကို လုပ်တော့၊ ကိုယ်မင်းကို ဘာမှမပြောတော့ဘူး။ ကိုယ့်ကို မင်းရဲ့အနားမှာ ရှိနေတယ် ဆိုတာကို မအောက်မေ့ပါနဲ့၊ မင်းထန်အတွက်ပဲ မင်းမှာအစီအစဉ်ရှိတယ် မဟုတ်လား ကိုယ့်ကို သေလူတစ်ယောက်လိုပဲ သဘောထားလိုက်ပါ မြသား"

ဦးမောင်မောင်ဦး ငိုးချဲ့ကို ကိုယ်တိုင်တွန်း၍ အခန်းအောင်း ပြန်လိုက်သည်။ အရာရာကို လက်လျှော့ဆုံးရှုံးပြီးမှ ဘာကိုမှ တောင့်တ မက်မောမနေချင်တော့။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

အရင်ကအိမ်ပြန်ချိန်တွေဆို ဖေဖေ့ကို လက်လှမ်းမီရာမှာ ခုံ ချဲပေါ် ထိုင်လျက်တွေ့ရသည်။ ဒါမှမဟုတ် စာဖတ်ခန်းမှာ ညည့်နက်မှ အခု မမြင်မတွေ့ရသည့်နောက် များလာသောအခါ ဖေဖေ့အခန်းထဲသို့ သူ ဝင်လာခဲ့သည်။

ဖေဖေက ဝိုးချဲပေါ်မှာထိုင်လျက် ဝရန်တာကနေ အပြင်ကို ငေးမောနေ၏။ သူ အခန်းတံခါးကို ဖွင့်ဝင်လာတာကို သတိထားမိပုံ မတူ။

"ဖေဖေ"

"ဟင် သား"

အလန့်တကြား ဖြစ်သွားသလို မျက်နှာကိုလည်း ပွတ်သုတ်နေတာမြင်တော့ ဖေဖေ့အနားကို သူ ရွေ့ခနဲ ရောက်သွားသည်။



"ဖေ ဖေဖေ ငိုနေတာလား။ ဘာဖြစ်လို့လဲ ဖေဖေ၊ ဘာဖြစ်လို့လဲ"

"ဘာ ဘာမှမဟုတ်ပါဘူး သားရယ်"

"မညာပါနဲ့ ဖေဖေ၊ သားကို ခံစားနေရသမျှ ရင်ဖွင့်ပေးပါ၊ ဖေဖေ ဘာပြဿနာရှာပြီး ပြောဆိုတားဖြန်ပြီလဲ"

"သားရယ် ဘာမှမဟုတ်ပါဘူး၊ ဆိုင်က အခုမှပြန်လာတာ မဟုတ်လား သွားနားလိုက်တော့နော် သား"

"ဟင့်အင်း သား မပင်ပန်းပါဘူး။ ယောကျ်ားရင့်မာကြီးဖြစ်ပြီး မျက်ရည်ကျနေတာ တော်ရုံစိတ်ထိခိုက်လို့ မဟုတ်ဘူးဆိုတာ သား သိတယ်၊ ဖေဖေ မပြောချင်ရင် မေမေ့ကို သွားမေးမယ် ဖေဖေ၊ မေမေ့ကြောင့် စိတ်ဆင်းရဲရတာဆိုရင် သား မေမေ့ကို အပြတ်ပြောပစ်မယ်"

"သား"

ဖေဖေက ခြေလှမ်းအရွေ့မခံပါ၊ ဝိုးချဲလေးကို တစ်ပတ်လည်လိုက်ရင်း သူ့လက်ကို မိမိရရ ဆုပ်ကိုင်ထားသည်။

"မသွားပါနဲ့ သား၊ မေမေကို ဘာမှမမေးပါနဲ့၊ ဖေဖေ ပြောပြပါမယ် သား"

ဖေဖေ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။ ဒီရက်အတွင်းမှာ ဖေဖေ ဘယ်လောက်တောင် စိတ်ပင်ပန်းနေသည်မသိ။ အရွယ်ကျတာ ပိုသာလွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေတို့ ကုမ္ပဏီ ဒေဝါလီခံရတော့မယ် သား"

"ဗျာ ဘယ်လို ဖေဖေ"

"လုပ်ငန်းက တဖြည်းဖြည်း ဆုတ်ယုတ်လာတယ်၊ အရည်အချင်းရှိတဲ့လူတွေက တိုးတက်အောင်မြင်လာတော့ အဲဒီဘက်ကို ရှယ်ယာပါထားတဲ့လူတွေက ပြောင်းချင်နေကြတယ်လေ"

"အဲဒါ မေမေ ဘာမှမလုပ်ဘူးလား၊ မြင်တွေ့နေတာတော့ ဘာမှမဖြစ်သလို သွေးအေးအေးနဲ့ပါပဲ"

"သူလည်း ဘာမှမတတ်နိုင်တော့တာ"

"မအောင်မြင်ဘူးဆိုပေမယ့် လုပ်ငန်းက အခုထိ လည်ပတ်နေတုန်းမဟုတ်လား၊ ရှယ်ယာသမားတွေ ထွက်တာနဲ့ လုပ်ငန်းကြီးတစ်ခုလုံး ရပ်ဆိုင်းပစ်လိုက်ရမယ်ဆိုတာ မဟုတ်သေးပါဘူး"

"အဲဒါတွေကို မလျော်နိုင်ရင် ရပ်ရုံငါမို့တော့တာပေါ့ သားရယ် ဒေဝါလီခံလိုက်ရင် တစ်ဝက်လောက်ပဲ လျော်ရင် အဆင်ပြေမယ်ထင်လို့"

"ဂုဏ်သိက္ခာကိုရော ထည့်မတွက်တော့ဘူးလား"

အဲဒါကြောင့်မို့ ဖေဖေ စိတ်ထိခိုက်နေတာပေါ့လို့ မပြောလည်း သား နားလည်ပေလိမ့်မည်။

"သား အဲလိုအဖြစ်မခံနိုင်ဘူး ဖေဖေ၊ ကုမ္ပဏီကိုဆုံးရှုံးလိုက်ပြီဆိုရင် ဖေဖေ့ကိုပါ ဆုံးရှုံးရတော့မယ်ဆိုတာ သား သိတယ်"

"ဘယ်တတ်နိုင်မလဲ သား၊ ကံတရားပဲပေါ့"



"ကံတရားအတိုင်းဆိုပြီး ဆွေးမြည့်တက်နှင်းလို့မဖြစ်ဘူး ဖေဖေ၊ လူ့အသုံးမကျရင် အဲဒီဆုး စုနေ့ပဲ"

"ဒါဆို ဘာလုပ်ရမှာလဲ သား ရှယ်ယာသမားတွေကို လုံးဝ မပေးနိုင်ပါဘူးဆိုပြီး ငြောင်ငြင်းရမှာလား၊ တရားတပေါင်နဲ့ ရင်ဆိုင်ရမှာလား"

"အဲလိုလုပ်စရာ မလိုပါဘူး ဖေဖေ"

ယုံကြည်ချက်ရှိပြီးသားလို့ သေချာစွာပြောလိုက်တော့ ဦးဟောင်ဟောင်ဦး မျက်ခန်းများ မျှော်လင့်ချက်တို့ဖြင့် တောက်ပလာ၏။

"ပြောပါဦး သား"

"သားကို မေမေ တစ်ခါပြောဖူးတယ်၊ ဝင်လာမယ့်ကားတွေ ပြင်ရအောင်လုပ်လိုက်ဖို့ပေါ့၊ အဆက်အသွယ်ကောင်းမှလည်း ဒီကိစ္စ ပြီးမယ်တဲ့"

"သားက မလုပ်နိုင်ဘူးလို့ ငြင်းလိုက်တယ်ဆို"

"မဖြစ်ခင် ရှုတ်ချမယ်၊ ဖြစ်လည်း အကောင်းမြင် ချီးကျူးမယ့်လူ မဟုတ်တာ၊ ပြီးတော့ သား ဝါသနာပါတာ အဲဒါမဟုတ်ဘူးဆိုတာ မေမေ သိပါတယ် နောက်ပြီး အစတည်းက အိမ်ကလုပ်ငန်းတွေနဲ့ ပတ်သက်စေချင်နေတာ မဟုတ်လား"

သား ခံစားချက်ကို နားလည်ကာ ပခုံးလေးကို သုပ်ညှစ်၍ ပိုလိုက်၏။ ကိုယ့်မှာ သားအတွက် ဒါပဲတတ်နိုင်တာ။

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး သား၊ သားမှာ ဘယ်လိုအဆင်ပြေတာမျိုး ရှိနေ လို့လဲ"

"သား နိုင်ငံခြားမှာကျောင်းသွားတက်တုန်းက လူမျိုးပေါင်း နဲ့ ပိတ်ဆွေဖြစ်ခဲ့ပါတယ်၊ လုပ်ငန်းရှင်ငွေကြေးချမ်းသာတဲ့ သားသမီးတွေ မှ အဲလို ကျောင်းကို တက်နိုင်ကြတာ မဟုတ်လား"

"အဲဒီတော့"

"အဲဒီထဲမှာ ကားလုပ်ငန်းနဲ့ပတ်သက်တဲ့သူတွေပါတယ်၊ သာ က သူတို့အလုပ်ထဲမှာ လိုက်လေ့လာဖူးတယ်၊ မိဘတွေနဲ့လည်း ရင်း သွားတယ်ဆိုပါတော့၊ သူတို့က မြန်မာတွေ ဦးနှောက်ဉာဏ်ကောင်း အရမ်းအထင်ကြီးကြတာပေါ့၊ သားကိုကျောင်းပြီးရင် သူတို့ ကုမ္ပဏီခွဲအ နဲ့ မြန်မာပြည်မှာဖွင့်ဖို့တောင် အားပေးခဲ့ကြတာ"

"ဟင် ဒါနဲ့များ ဘာလို့ မလုပ်တာလဲ သားရယ်"

"တစ်စင်ထောင်ပြီး မေမေနဲ့ယှဉ်ပြိုင်သလို ဖြစ်မှာစိုးလို့ ဒါကြောင့်လည်း သားမှာရှိတဲ့ ငွေအင်အားလေးနဲ့ အီလက်ထရွန်း ဆိုင်လေးပဲ လုပ်လိုက်တာ"

"အဲ အဲဒီလူတွေနဲ့ အခုရော အဆက်အသွယ် ရှိသေးလ သား"

မျှော်လင့်တကြီး မေးလိုက်သည့် ဖေဖေ့လက်ကို ဆုပ်ကိုင် သူ ခေါင်းညိတ်ပြလိုက်၏။





"သူတို့က မြန်မာပြည်က လူတွေနဲ့ လက်တွဲလုပ်ချင်နေတာပါ၊ သူတို့မှာ စီးပွားရေးမျက်စိအမြင် ရှိတယ်၊ မြန်မာပြည်ဘယ်လောက် တိုးတက်လမ်းပွင့်နေပြီဆိုတာ သူတို့သိတယ်၊ သူတို့နဲ့ အမြန်ဆုံးဆက်သွယ် ကြည့်လိုက်ပါမယ် ဖေဖေ"

"ဝမ်းသာလိုက်တာ သားရယ်၊ အောင်မြင်ပါစေ"

"ဒါပေမဲ့ သားအစွမ်းအစ အရည်အချင်းနဲ့ လုပ်ရမယ့်ကိစ္စကို မေမေ သဘောတူပါ့မလား၊ သား လက်ဝါးကြီးအုပ်အပိုင်စီးသွားမယ် ထင်ပြီး"

"သား ဘာမှမမက်မောဘူးလို့ ဖေဖေ ပြောထားပါတယ်၊ ဒီလို ကယ်တင်မှာကို လက်မခံရင် ဖေဖေလည်း သည်းမခံနိုင်တော့ဘူး သား"

ဦးမောင်မောင်ဦး ဒီတစ်ခါတော့ အသေအချာ သန္နိဋ္ဌာန်ချလိုက် သည်။ မဖြစ်နိုင်ဘူးဆိုလျှင် သေကွဲရှင်ကွဲ တစ်ခုခုပဲပေါ့။

ဒါပေမဲ့လည်း သားအတွက် အတွေးရောက်တော့ ရှိုက်ထုတ် လိုက်မိသည့် သက်ပြင်းတွေက လေးပင်သွား၏။

"စိတ်မပူပါနဲ့ ဖေဖေ၊ သက်ပြင်းတွေချပြီး ရင်မမောပါနဲ့၊ ဒါ လုပ်ပေးလို့လည်း သား ပိုင်ဆိုင်မှုမှ မက်မောလို့ မဟုတ်ဘူးဆိုတာ မေမေ့ကို ကတိပေးလိုက်ပါမယ်၊ ဖေဖေသာ စိတ်ချမ်းသာအောင် ကျန်း မာအောင် နေပါနော်"

"သားရယ် သား ဒီလောက် လိမ္မာနေတာတောင်"



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်ဦး စကားမဆက်နိုင်ပါ။ ရင်ထဲဆို့နင့်လျက် သား၏ ကိုဖက်ကာ မျက်ရည်ကျမိပြန်၏။ ကိုယ့်ရဲ့အမှားကြောင့် သားကော အစား ထိုးပေးဆပ်နေရခြင်းပါလား။

ဝဋ်ကြွေးမကုန်သရွေ့ပေါ့ သားရယ်။

□ □ □

## အခန်း (၂၀)

"မကြူ ဆစ်ထန်ကို သွားခေါ်လာခဲ့"

ညတွင်းချင်း ကိုမောင် ပြောပြကာတည်းက ဒီကိစ္စကို မေးချင်နေတာ။ သား အိပ်နေလောက်ပြီ မနက်မှပဲမေးချင်တာ မေးပါဆိုလို့ ပိုးလင်းအောင် မနည်းစောင့်ပြီး မကြူကို ခေါ်ခိုင်းလိုက်သည်။

ဆိုင်သွားဖို့ ပြင်ဆင်ပြီးသည့် ဆစ်ထန်က အရင်နေ့တွေကလို ပေါ့ပါးသောအဝတ်အစားများနှင့်မဟုတ်ဘဲ နက်ခ်တိုင်တွေ ကုတ်တွေနှင့် သပ်ရပ်ခံ့ညားစွာ ဧည့်ခန်းထဲဝင်ထိုင်၏။

"မင်းကိုယ်မင်း သိပ်ယုံကြည်မှု ရှိနေတယ်ပေါ့"

"ကြိုးစားကြည့်မှာပါ။ ဒါပေမဲ့ ကျွန်တော့်အတွက် မဟုတ်ပါဘူး"

"ညကတည်းက အဲဒီဘက်ကို ဖုန်းဆက်ပြီးပြီဆို"

www.burmeseclassic.com

www.burmeseclassic.com



"အားလုံးအဆင်ပြေပါတယ်၊ ဒါပေမဲ့ ယုံကြည်ရအယ်လူလိုအပ် လို့ အချိန်စောင့်နေတုန်း ကျွန်တော် လှမ်းဆက်သွယ်တော့ အားရဝမ်း သာ လက်ခံပါတယ်၊ နှစ်ကုန်ပိုင်းလောက်မှာ အကောင်အထည်ဖော်ရ အောင်လို့ ပြောတယ်"

"မင်းမှာ အဲလို အဆက်အသွယ်ကောင်းတွေ ရှိတာတောင် ကုမ္ပဏီ ဒီအခြေအနေရောက်မှ လုပ်ပြတာ ဘာသဘောလဲ၊ ဝါ အစွယ် ကျိုးမှ နေရာဝင်ယူမယ်ဆိုပြီး၊ စိတ်ကူးထားတာလား"

"မေမေ"

လက်တင်ထားသော ဆိုဖာခုံ လက်တန်းကို ဖြန်းခနဲ ပုတ်၍ မေးရိုးများထောင်ကားလာအောင် အံကြိတ်လိုက်မိသည်။

မင်းအမေ အတိုက်အခံ အရှုံအဆောင်း တွေ့ဖော်ပြီ လုပ် လာနိုင်တယ်၊ အတတ်နိုင်ဆုံး သည်းခံပါသွားမယ်ဆိုသည့် ဖေဖေ့ရဲ့ စကားများကို ပြန်ကြားယောင်တော့ တင်းတင်းဆုပ်ထားမိသည့် လက်သီး ဆုပ်ကို ဖြည်းဖြည်းချင်း ဖြေလျှော့ရသည်၊ စိတ်ထဲရှိသလောက် ပေါက်ကွဲ ခွင့်မရသော်လည်း

"ဒါ သားတစ်ယောက်ကို မေးသင့်တဲ့မေးခွန်းလား မေမေ့ ရင်ဆိုင်ယှဉ်ပြိုင်တယ်လို့ အဲလိုခံနိုင်မှာစိုးလို့ ကျွန်တော့်တာသာ သူငယ်ချင်း နဲ့ အေးအေးဆေးဆေး ဆိုင်ခွဲဖွင့်တာပါ၊ အခုက ဖေဖေ အချမ်းစီတ်ထိ နိုက်နေလို့ မေမေ အရမ်းအခက်အခဲဖြစ်နေဘာယ်ထင်လို့၊ ကိုယ်ထမ်းနိုင်



ဝန်ကို ကြိုးစားကြည့်ဖို့ ဆုံးဖြတ်ခဲ့တာပါ၊ ပေပေ အဲလို ယူဆနေမယ် ဆိုရင် ကျွန်တော် ဒီအတိုင်း ရပ်နေလိုက်လို့ ဖြစ်တယ် မေမေ"

ဆစ်ထန်ဘက်က ပြတ်သားပြုတော့ ရင်မှာကျဉ်ခနဲ ခံရခက် သွားသည်။ ဒါပေမဲ့ တစ်ခုခုကျန်အောင်လုပ်ဖို့ဆိုလျှင် တစ်ခုမက ရင်း ရတော့မည်ပဲ။

"ထားလိုက်ပါ၊ မင်းပြောသလိုပဲ ကုမ္ပဏီက ဆက်ရပ်တည်ဖို့ ကြံခဲနေတယ်၊ မင်းအဖေကလည်း ဆုံးရှုံးမှာစိုးလို့ ကျန်းမာရေးတောင် ထိခိုက်နေပြီ၊ အဲဒီတော့ မင်းကိုပဲ အားကိုးကြည့်ရမှာပေါ့"

"ကျွန်တော် လုပ်ရမှာလား၊ မလုပ်ရဘူးလား ဒါပဲပြော"

"လုပ်ပါ ဒါပေမဲ့ မင်းအဖေ ပြောတာကို နားထောင်ကြည့်ရ တာတော့ မင်းက ဘာပိုင်ဆိုင်မှုမှ မမက်မောဘူးဆို"

"သေချာတယ် အဲဒီကိစ္စ ဖေဖေ့ကိုပြောပြီးပြီ၊ မေမေ့ကိုလည်း ကျွန်တော် ကတိပေးတယ်၊ အဲဒီပိုင်ဆိုင်မှုတွေနဲ့ပတ်သက်ပြီး သူစိမ်း တစ်ယောက်လို မဆိုင်သလိုနေပေးမယ် မေမေ၊ ဒါပေမဲ့ တစ်ခုလောက် တော့ မေးပါရစေ"

"ဘာလဲ"

"ကျွန်တော့်ကို မေမေ့ဝမ်းနဲ့လွယ်ပြီး မွေးခဲ့တာ ဟုတ်ရဲ့လား"

"ဘာ"

"ကျွန်တော် ဘာကိုမှ မမက်မောဘူးဆိုပေမယ့် မိခင်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့မေတ္တာကို အရမ်းကို စောင့်တမ်းပါတယ် မေမေ၊ ကျွန်တော့်ကို ဘာလို့ မချစ်တာလဲ၊ အငြိုးတွေနဲ့ ဘာလို့ အပြစ်မြင်နေတာလဲ ကျွန်တော် မေမေ့သား မဟုတ်ဘူးလား။ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောပေးပါ မေမေ"

"ဆစ် ဆစ်ထန်"

လေသံပြင်းပြင်းနှင့် တီးကျသေချာအောင် မေးနေသော်လည်း ဆစ်ထန် မျက်ဝန်းအိမ်မှာ မျက်ရည်ဝိုင်းတို့ မြင်တွေ့လိုက်ရတာမို့ ပြောထွက်လိုက်ဖို့ အင်အားတွေမဲ့နေသည်။

မချစ်သော်လည်း အမုန်းတွေ အငြိုးတွေရှိနေခဲ့သော်လည်း ကလေး နို့တာရဲလေးကတည်းက မွေးမြူခဲ့ရတာ မဟုတ်ပါလား။ တီတီတာတာ အရွယ်လေးရောက်တော့ "မေမေ" တဲ့။ ဆိုကလာ ပီကလာ ဖြင့် အရင်ဦးဆုံး အခေါ်ခံခဲ့ရတာ။ နို့ဘူးလေးကမ်းပေးတိုင်း ချိုချိုစို့မယ်ဟု မိမိရဲ့ရင်ဘတ်ကို လက်ညှိုးလေးထိုး၍ တကျီကျီတောင်းတာခဲ့သည့် ကလေး။

"ပြောပါ မေမေ"

"ဟင်"

"ကျွန်တော် မေမေ့သား ဟုတ်ရဲ့လားလို့"

"ဘာ ဘာလို့ အဲလိုမေးရတာလဲ၊ ငါ့မွေးတာမဟုတ်လို့ ဘယ်သူမွေးမှာလဲ"



"အဲဒါအမှန်ဆိုရင် သားဘယ်ယောက်လို ဆက်ဆံမခံရလို့ ကျွန်တော့်ရင်တွေ ဘယ်လိုမှ မခံစားနိုင်တော့ဘူး မေမေ၊ ဒီရင်ဘတ်ကြီးထဲမှာ အရမ်းနာတယ်၊ မချိမဆံ့ကို နာနေပါတယ်"

"ဆစ်ထန်"

ရင်ဘတ်ကြီးကို တဖုန်းဖုန်း ထုနေသော ဆစ်ထန်လက်ကို ယောင်ယမ်းကာ လှမ်းဆုပ်ကိုင်လိုက်မိသည်။ အမြဲလိုလို မခံချင်စိတ်များ မာနများဖြင့် တုံ့ပြန်နေတတ်သော ဒီကောင်လေးက ခုတစ်ချိန်မှာ မျက်ရည်များဖြင့် ပေါက်ကွဲနေတော့ ဘယ်လိုဖြေသိမ့်ရမှန်းမသိဘဲ ကိုယ့်ရင်တွေလည်း ဆတ်ဆတ်ခါနေ၏။ သွေးမသက်သော်လည်း သံယောဇဉ်ဆိုတာ ဖြတ်တောက်ပစ်ဖို့ ခက်သား။

ဒါပေမဲ့ ကိုယ့်ရင်က လွယ်မွေးရသော သားထက်တော့ ဘယ်လို ညီးနဲ့မှ မပိုနိုင်ပေ။ ပြီးတော့ သာယာချမ်းမြေ့နေသော မိသားစုဘဝကိုဖြိုခွဲခဲ့သည့် မယားငယ်မရဲ့သား။

"ကဲ လုပ်ငန်းကြီးလုပ်ကြည့်မယ့်လူက မရင့်ကျက်သလို စကားတွေ ပြောနေနဲ့တော့၊ မျက်ရည်ဆိုတာ ပျော့ညံ့တဲ့လူတွေမှ အလွယ်ကျတတ်တာ၊ မျက်ရည်တွေ သုတ်လိုက်၊ ငါ မမြင်ချင်ဘူး"

လေသံမာမာဖြင့် မျက်နှာလွှဲကာ ဥပေက္ခာပြုလိုက်၏။ ဆစ်ထန်ကလည်း ဖြည်းလေးစွာ ထရပ်ကာ

"မေမေ့နွေးထွေးမှုတွေရဖို့ မေမေ့စိတ်တိုင်းကျ နေပေးဖို့ လို

www.burmeseclassic.com

www.burmeseclassic.com



အပ်သလား မေမေ''

''မင်းဘာတွေ အထင်လွဲနေတာလဲ၊ ငါ့ဒီလိုပဲနေတတ်တာ''

''ကိုကို့ရဲ့တစ်ဝက်လောက်ပဲဖြစ်ဖြစ်''

''မင်း အလေ့အကျင့်ရလို့ နေသားကျနေပြီဆို''

''ရင်ထဲက မခံချင်စိတ်တွေ ရှန်းကြွလို့ မာနတွေနဲ့ တုံ့ပြန်ခဲ့ပေမယ့် တစ်ခါတလေ နင့်နင့်သီးသီး တောင့်တမိပါတယ် မေမေ၊ အဲဒါ ရင်ထဲက လာတဲ့ အမှန်တရားပါ။ ဒါပေမဲ့ ကျွန်တော့်ကိုယ်ကျွန်တော် အားပေးရင်းနဲ့ တောင့်ခံမှာပါ၊ မေမေ စေတနာမရှိရင် ကျွန်တော် ဘာမှ မယူဘူး''

ကောင်းသားပဲလို့ အရင်လို အရွဲ့မတိုက်လိုက်မိ။ ထွက်သွားရာကို လိုက်ငေးကြည့်ရင်း ရင်ထဲမှာ တစ်စုံတစ်ခုတော့ ကျန်ရစ်ခဲ့သည်။ ဘာလို့ မင်းက ငါ့ရင်နဲ့လွယ်မွေးရတဲ့ သားမဖြစ်ခဲ့တာလဲ ဆစ်ထန်။ ငါ့ဘဝအတွက် မင်းထန်ဆိုတဲ့ သားတစ်ယောက် မရှိခဲ့ရင်လည်း အကောင်းသား။

ငါ့အတွက် မင်းက ဘယ်တော့မှ ရင်ကမွေးတဲ့သားလို အဖိုးတန်ရတနာတစ်ပါး ဖြစ်လာမှာမဟုတ်ဘူး။ အဲဒါ သေချာတယ်..။

□ □ □

## အခန်း (၂၁)

''မင်းသေချာစဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့တာပဲ၊ ဒါဆို နိုင်ငံခြားသွားရဦးမှာပေါ့''

''တစ်ပတ်အတွင်း သွားရမယ်၊ ဦးအောင်သော်တို့ကိုတွေ့ပြီး ...ဂက်က အစီအစဉ်တွေလည်း လုပ်ပြီးပြီဆိုတော့ အဆင်ပြေပါတယ်''

''အေးကွာ မင်းအိမ်အတွက် မင်းကြိုးစားနေတာ ဝမ်းသာပေ...ယ့် ဒီဘက်က ကိစ္စကို လျစ်လျူရှုမှာကိုတော့ လက်မခံနိုင်ဘူး၊ ငါက ...င်းအားကိုးနဲ့ ပုံရင်းထားတာ၊ ငါက ဘာမှနားလည်တာ မဟုတ်ဘူး''

''စိတ်မပူပါနဲ့၊ ဒါက ငါ့ရဲ့ပင်မ အသက်သွေးကြောပါ၊ မင်းနဲ့ ...ွက်သွားဖို့လည်း မဟုတ်ဘူး၊ ဖေဖေနဲ့မေမေအတွက် လုပ်ပေးသင့် ...ယ်ထင်လို့ လုပ်ပေးတာ၊ ငါ ဘာမှမျှော်လင့်ထားတာ မရှိဘူး''

''မင်းအမေက မကြည်ဖြူလို့ မဟုတ်လား''

www.burmeseclassic.com

www.burmeseclassic.com



သူ ငြိမ်သက်နေတော့ သဘောပေါက်သည်လို့ရှိကာ ဒီနွေဝင်လာသည့် ပစ္စည်းသစ်တွေကို ကွန်ပျူတာထဲ စာရင်းသွင်းပြီး မျိုးမင်း သက်ပြင်းရှိုက်သံသဲ့သဲ့ဖြင့်

"ဒေါ်မြသားနွယ်က မင်းအမေအရင်း မဟုတ်လောက်ဘူး"

"ဘာ"

"မိခင်ရင်းတစ်ယောက်မှာ အဲလို အာဃာတတွေ ကြာရှည် မခိုအောင်းနိုင်ဘူး ဆစ်ထန်"

"မင်းကလည်း မေမေက ငါ့အမေရင်းမဟုတ်လို့ ဘယ်သူဖြစ်ရမှာလဲ၊ မေမေ့ကို ငါ သေချာမေးကြည့်ပြီးပြီ"

"သူမွေးတာ မဟုတ်လို့ ဘယ်သူကမွေးမှာလဲတဲ့"

"အဲလိုပဲ ပြောမှာပေါ့၊ မဟုတ်ရင်တော့ သားသမီးချင်းအတူတူ ခွဲခြားချစ်တတ်တဲ့မိဘတွေပဲ ဖြစ်ရမယ်၊ မင်းထန်ကိုပဲ ဦးစားပေးကြတာလေ၊ မင်းအဖေလည်း မင်းကိုချစ်တယ်ဆိုပေမယ့် မင်းထန်အပေါ်လောက် ပွင့်လင်းမှုမရှိဘူး မဟုတ်လား၊ ဒါနဲ့ ပန်းနီနီကိုရော မင်း ဘယ်လိုလုပ်ခဲ့မှာလဲ၊ သူ အဖြေပေးပြီလား"

"ဆိုပါတော့ ငြင်းမငြင်းတာ ဟိုမသွားခင်တော့ တိကျတဲ့ အဖြေတောင်းရမယ်၊ ပြန်လာရင် တစ်ခါတည်း လက်ထပ်လို့ရအောင်"

"စုတ်ရော လာဘ်ရော တစ်ခါတည်းဆင်ချင်လို့လား၊ ဆင်းတော့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ဖြစ်တော့မှာ"



"ဘာဖြစ်လို့လဲ"

သူ မေးတာမဖြေဘဲ မျိုးမင်း ရေခဲသေတ္တာထဲက ရေသန့်ဘူး သွားယူလာ၏၊ ပြီးတော့ ဖန်ခွက်ထဲထည့်ကာ သူ့ကိုပေး၏။

"ရင်မှုတော့ သက်သာမှာမဟုတ်ဘူး၊ ဒါပေမဲ့ နေသာထိုင်သာ ရှိပါတယ် သောက်"

သူ့ကိုတိုက်တွန်းပြီး မျိုးမင်းက ကိုယ်တိုင်လည်း မော့သောက်၏။ ပြီးမှ ရေဘူးကို ကောင်တာစားပွဲပေါ်တင်ပြီး

"ပန်းနီနီကို မင်းအမေက စွန့်လွှတ်နိုင်းရင် စွန့်လွှတ်မှာလား"

"ဘာဆိုင်လို့လဲ"

"သူ့သားကို ထောင်ကျအောင်လုပ်ထားတယ်ဆိုပြီး ပန်းနီနီကို မင်းအမေ လက်ခံမှာလား"

"ကိုကိုက သူ့အပြစ်သူခံရတာပါ"

"အဲဒါ ကိုယ်ချင်းစာစိတ်နဲ့ ပန်းနီနီဘက်က မင်းတွေးပေးထားတာလေ၊ ဘယ်သူမှားတယ် မှန်တယ်ဆိုတာ လူတိုင်းလည်း သိတယ်၊ ဒါပေမဲ့ မင်းအမေ မသိဘူး၊ ငါ့သွေးငါ့သား ဒီလိုဖြစ်ရတယ်ဆိုပြီး အတွေးသွားတာ တစ်ခုတော့ရှိတယ်၊ ပန်းနီနီကို ဘယ်သူဆိုတာ မင်း အမေ သိရင်ပေါ့"

"မသိဘဲနေမလား၊ ရှေ့နေကြီးတွေက နာမည်ပါပြောထားတာ၊ ငြင်းလို့မရတဲ့ အခြေအနေနဲ့ ထောင်တော် တင်းမာသွားကြတာပဲ၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



မရောက်ခင် သုံးလလောက်မှာ အဲဒီကိစ္စ အပူတပြင်း အခြေအတင်တွေ ဖြစ်ကြတာတဲ့"

"ဘာမှမဖြစ်လောက်ဘူးထင်ရင် ပန်းနီနီက ဘယ်သူပါဆိုတာ မင်းအမေကို အရင်ဖွင့်ပြောကြည့်လိုက်လေ၊ အဖြေမတောင်းခင် မင်း အမေ လက်ခံနိုင်မလား မေးကြည့်လိုက်တာ ပိုမကောင်းဘူးလား၊ လျှို ပြီးမှဆို ပန်းနီနီဘက်က နစ်နာစရာကိစ္စတွေ ဖြစ်လာလိမ့်မယ်"

သူ တွေခနဲဖြစ်ငြီး ခေါင်းရမ်းလိုက်၏။ ကုန်သွားသော ဧရာ ခွက်ကို စားပွဲပေါ် အသံမြည်အောင် ပစ်ချလိုက်ပြီး

"ရွေးချယ်ဖို့ ဖြစ်လာခဲ့ရင် ပန်းနီနီကို ငါ စွန့်လွှတ်မှာမဟုတ် ဘူး။ မေမေ့ဥပေက္ခာတွေကို ရခဲ့သည့်တိုင်အောင်"

"ဥပေက္ခာတွေနဲ့ နေသားကျပြီးသားမို့ မင်း ဒီစကားကို ရဲ တင်းတင်း ပြောရဲတာ မအံ့သြပါဘူး။ ပန်းနီနီဘက်က မိဘတွေ သေ တာဆိုပြီး မင်းအမေလို အာဃာတတွေမရှိရင် မင်း သက်သာသွားဘယ်"

"မင်းပြောမှ ဒီဘက်ကိစ္စတွေ လုံးပန်းနေရလို့ ပန်းနီနီနဲ့ မတွေ့ ရတာ ကြာသွားတာ သတိရတယ်။ ညနေ သူ့ အလုပ်ကအပြန် သွားကြို လိုက်ဦးမယ်ကွာ"

"သွားမယ်ဆိုလည်း၊ ဒီနေ့ဝင်တဲ့ပစ္စည်းတွေ ငါ စာရင်းလုပ် ထားတာ ပြန်စစ်သွားဦး။ ဖုန်းတွေက တောလားကာလတွေနဲ့ အရောင်းဆေး နေတာ ထပ်မမှားလိုက်ဘူး၊ ဂိမ်းဝက်တွေကလည်း တစ်မျိုးပြီးတစ်



ဝင်နေတာ၊ ငါတော့ နားမလည်တော့ဘူး၊ နည်းနည်းကြည့်လုပ်သွားဦး နော်"

"အေးပါ ကိုရိုးယားက ဝင်တဲ့ လျှပ်စစ်ပစ္စည်းတွေ ဈေးကွက် ငင်တယ်နော်"

"ကိုရိုးယားခေတ်လေကွာ၊ သူတို့ ဘာလုပ်လုပ် ကောင်းနေ တော့တာပဲ၊ အရည်အသွေးညံ့တောင် နားလည်ပေးကြတယ် အံ့ရောပဲ"

"အနုပညာနဲ့ ထိုးဖောက်တာ ထိရောက်တဲ့ သဘောရပါ၊ တို့ နိုင်ငံက အနုပညာရှင်တွေ အဲလို စွမ်းဆောင်ရည်ရှိရင် ဘယ်လောက် ကောင်းမလဲ"

"ဟိတ်ကောင် အဲဒါ မင်းနဲ့မဆိုင်ဘူး၊ တိတ်တိတ်နေ"

မျိုးမင်းက ကိုယ်တိုင်လည်း ပါးစပ်ပိတ်လိုက်ကာ နေရာက ထထွက်သွား၏။ သူလည်း လုပ်စရာရှိတာကွေလုပ်ပြီး ညနေစောင်း လောက်မှာ ပန်းနီနီ အလုပ်လုပ်သော ဘုရင့်နောင်ကို ထွက်လာခဲ့သည်။ ပွဲရုံရှေ့မှာ ဆယ်ဘီးကားကြီးတွေ ကုန်အတင်အချ လုပ်နေသည်မို့ ဒီနေ့ ည ပန်းနီနီ အိမ်ပြန်နောက်ကျလိမ့်မည် ထင်သည်။ မိဘတွေသာရှိလျှင် သမီး မိန်းကလေးကို စိတ်မချလို့ ဒီလိုအလုပ်တွေ ဘယ်ခိုင်းပါ့မလဲ။

ပွဲရုံနှင့်မျက်စောင်းထိုးလောက်မှာရှိသော လက်ဖက်ရည်ဆိုင်က နေ သူ စိတ်ရှည်ရှည်စောင့်နေလိုက်သည်။ မာနမင်းသမီးလေးကို လက် ထပ်ပြီးလျှင် ဘာအလုပ်မှ မလုပ်ခိုင်းတော့ဟု ဆုံးဖြတ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော"

နောက်တစ်နာရီကျော်လောက်အကြာမှာ ဆွဲခြင်းလေးဆွဲကာ ပန်းနီနီ ထွက်လာတော့ ကားစက်နှိုး၍ နောက်က လိုက်လာခဲ့သည်။

"တီ တီ"

"အံ့မယ်လေး"

အနားရောက်မှ ကားဟွန်းတီးလိုက်စဉ်မှာ သူမ လန့်ဖျပ်တုန်တက်၍ ချက်ချင်းမျက်စောင်းရွယ်၏။

"ဘာလုပ်တာလဲ၊ လူကို အလန့်တကြားဖြစ်အောင်"

"လာ ကားပေါ်တက်"

ကားတံခါးဖွင့်ကာ ခေါ်လိုက်တော့ သူ့တစ်ကိုယ်လုံးကို မြုံကြည့်၍ မျက်မှောင်ကြုတ်၏။ နက်ခ်တိုင်တွေ ကုတ်တွေ စတိုင်ပန်တွေနှင့်မို့ အထူးအဆန်းဖြစ်နေဟန်တူသည်။

"ပါတီတွေ ဒင်နာတွေကနေ လှည့်ဝင်လာတာလား"

"မဟုတ်ပါဘူး၊ ကားပေါ်ရောက်ရင် ပြောမှာပေါ့ လမ်းမကြီးမှာ"

"ဖြစ်ရမယ်"

သူမ ကားပေါ် ခွေ့ခနဲ ရောက်လာသည်နှင့် ကားလေးကို ရှောခနဲ လိမ့်ထွက်လိုက်၏။ ဒီအချိန်ထိ သူ့ဘက်က တီတီဆီတ်နေဆဲပင်။

"ဒီရက်တွေမှာ ရှင် ပျောက်ချက်သားကောင်းနေတော့ မိန်းပတွေ ဘာတွေရနေပြီထင်တာ"





"ပါးစပ်ပုတ်ကြီးနဲ့ ဘာတွေပြောနေတာလဲ၊ ကိုယ်ယူမယ့် မိန်းမက အခုမှ ကားပေါ်ပါလာတာ"

"သေလိုက်"

"မေတ္တာထားတယ်လား၊ နောက်မှမငိုနဲ့နော်၊ ကိုယ် ဒီရက်အတွင်း နိုင်ငံခြားသွားရတော့မှာ"

"ဟင် ဘာ ဘာလို့လဲ"

သူမ မျက်နှာလေး အရောင်ပြောင်းကာ မှာမှာသလဲ မေး၏။ သူက ကားကို အရှိန်လျှော့ကာ လမ်းဘေးကျကျမှာ ထိုးရပ်လိုက်သည်။

"ကိုယ့်ကို အဖြေပေးပါ"

"အာ ခုနက ဘာလို့သွားရမှာလဲဆိုတာပဲ အရင်ပြောစမ်းပါ"

"ကောင်မလေးတစ်ယောက် ကြိုလွမ်းသွားပြီ မဟုတ်လား"

"ကြည့်"

"ကြည့်နေတာပဲ"

"အား"

သူ့မျက်လုံးနှင့်အပြိုင် ပြူးကြည့်လာလျက် သူ့ဗိုက်ခေါက်ကို ဆတ်ခနဲ ဆွဲလိမ်ခံလိုက်ရသည်။ အဆိပ်ပြင်းသော သူမလက်ကလေးကို သူ လွှတ်မပေးတော့ဘဲ ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်သည်။

သူမ မျက်နှာလေးမှာ စိုးရိမ်စိတ်တို့သာ များနေပြီး ရှက်ရွံ့ ကုန်ခါခြင်းတို့ ဖြစ်မနေပါ။ ဒီကောင်မလေး မခွဲခွာလိုသည့် ဆန္ဒတို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်နေတာ သူ့ရင်မှာ တလှိုက်လှိုက် ကြည်နူးရသည်။

"ပန်းနီနီ"

"ဟင်"

သူမက တိုးတိတ်စွာထူးပြီး မျက်လွှာလေးပင့်မော့လာ၏။ သူက ထိုမျက်နှာလေးကို မလွှဲတမ်း ခပ်ငေးငေးလေး ကြည့်ဖန်နေမိကာ

"ကိုယ် ဟိုကပြန်လာရင် မင်းနဲ့လက်ထပ်ပါရစေ"

"ရှင် ဘယ်လောက်ကြာမှာလဲ၊ ဘာသွားလုပ်မှာလဲ"

"ကုမ္ပဏီကိစ္စနဲ့ သွားမှာ၊ သိပ်မကြာပါဘူး"

"ဘာမျှော်လင့်ချက်မှ မထားဘူးဆိုတဲ့ ကုမ္ပဏီအတွက် ဘာသွားလုပ်မှာလဲ၊ ရှင့်အနေမ နိုင်ပေဘာလား"

"ကိုယ့်ရဲ့ကြိုးစားမှုသက်သက်ပါ။ ကုမ္ပဏီက မြှောင်းထဲရောက်လုလုဖြစ်နေပြီ၊ အဲဒါကြောင့် ဖေဖေနဲ့မေမေ စိတ်မဆင်းရဲရအောင် ကိုယ် ကြိုးစားကြည့်နေတာ၊ ဘယ်သူ့တိုက်တွန်းမှုမှမပါဘဲ ဘာမျှော်လင့်ချက်မှမထားဘဲ ပြီးတော့ မေမေ အကောင်းမမြင်လည်းဘဲ"

"ဆစ်ထန်"

"ကိုယ့်ရဲ့ပေးဆပ်မှုသက်သက်လို့ပြောရင် စကားလုံးနဲ့မတန်မရာ ဖြစ်နေမလားမသိဘူး ကိုယ် ကြိုးစားကြည့်တာ အချည်းနှီးတော့ မဖြစ်လောက်ပါဘူး"

"ရှင့်မှာ ဘာသို့ နှုတ်ကျင်စရာတွေ ရှိနေရတာလဲ ဆစ်ထန်ရယ်"





စိတ်ထိခိုက်သလို ရေရွတ်ရင်း သူမ လက်ကလေးကို ဆုပ်ကိုင်ထားသည့် ဆစ်ထန်လက်ပေါ်မှာ ထပ်အုပ်ကိုင်လိုက်သည်။ နှလုံးသားချင်း နားလည်ပြီးမှတော့ နှုတ်ကျင်စရာရှိလည်း မျှဝေခံစားရုံပဲပေါ့။

"မင်းတစ်ယောက်ပဲ ကိုယ့်ကိုနားလည်ပေးမယ့်သူ ရှိတယ် ပန်းနီနီရယ်၊ ကိုယ် ခံစားနှုတ်ကျင်ရတိုင်း မင်းကို သတိရတယ်"

"နီကတော့ ဘယ်အချိန်ဖြစ်ဖြစ် ရှင့်ကို သတိရတယ်"

"တကယ်လား"

"ရှင်မလာတော့ ရှင်နဲ့ရန်မဖြစ်ရဘူးလေ၊ ကြီးမေကတောင် ပြောတယ်"

"ဘာတဲ့လဲ"

"မလာခါမှ မျှော်တော်ယောင် လုပ်မနေနဲ့၊ လာရင် ကောင်းကောင်းမွန်မွန် ဆက်ဆံတာမဟုတ်ဘဲနဲ့တဲ့၊ ကြီးမေက ရှင့်ရဲ့ဘက်တော်သား။ ရှင် ဘယ်လိုတွေ သိမ်းသွင်းထားလဲမှမသိတာ"

"ကိုယ်က မျက်နှာမြင်ချစ်ခင်ပါစေဆိုတဲ့ ဆုတောင်းပြည့်လို့နေမှာပေါ့၊ ကိုယ့်ကိုမြင်ရင် ဘယ်သူမှ မချစ်ဘဲ မနေနိုင်ကြဘူး"

"ပြောရဲလိုက်တာဟာယ်၊ ငပေါ သူ့ရုပ်ကြီးကိုများ"

ခပ်ချဉ်ချဉ် ပြောပစ်လိုက်တော့ ဆစ်ထန်က သူမနှာခေါင်းလေးကို နှုတ်ကျင်သွားအောင် ဆွဲလိမ်ပစ်သည်။ သူမ အားခနဲ အော်ကာ ရင်ဘတ်ကို ထုပစ်လိုက်တော့ ရှောင်ပစ်ခြင်းမပြုဘဲ သူမကိုယ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



သိမ်းဖက်ပစ်လိုက်၏။

ရင်ခွင်ကျယ်မှာ နစ်မြုပ်သွားရသည်မို့ သူမ အသက်ရှူပင်ကျပ်လာသည်။

"ဖယ်စမ်းပါ အဲလောက်ကြီး ဖက်ထားမှတော့ အသက်ရှူကျပ်ပြီး သေမှာပေါ့"

"ဒီလို ဖက်ရုံလေးနဲ့ အသက်ရှူကျပ်ပြီး သေစရာအကြောင်း မရှိပါဘူး၊ ဒါမျိုးလုပ်မှ"

"ဟာ ဆစ်ထန်နော် ဟင့်အင်း အရမ်းဆိုးတယ်၊ မသိဘူးသွား"

ရှက်ရွံ့စွာ တွန်းကန်ရုန်းဖယ်လိုက်သော်လည်း နှုတ်ခမ်းပါးလေးတွေက ဆန္ဒတို့နှင့် ဆန့်ကျင်စွာ လွတ်မြောက်ခြင်း မရှိခဲ့ပေ။

ဒါဟာ ချည်နှောင်လိုသည့် ကြိုးတစ်ချောင်းဆိုပါလျှင် ဘယ်တော့မှ လွတ်မြောက်ဖို့ ကြိုးစားဖြစ်တော့မှာမဟုတ်။

□ □ □

ဈ၂။ ၀၇၄၈

အခန်း (၂၂)

"ဒါဆို ဆစ်ထန်က သူ့အိမ်ကကိစ္စနဲ့ နိုင်ငံခြားကို သွားရတာပေါ့၊ နင်နဲ့သူက အဲဒီကပြန်လာရင် လက်ထပ်ကြမှာလား"

"ပြန်လာတာနဲ့ သူ့အမေကို ဖွင့်ပြောမယ် ပြောတာပဲ၊ ကုမ္ပဏီကြီး ပြန်ထူမတ်အောင် လုပ်ပေးထားလို့ သူ့အမေလည်း သူ အိမ်ထောင်ပြုမယ့်ကိစ္စကို ကန့်ကွက်မှာမဟုတ်ပါဘူးတဲ့လေ"

"အဲလို သူဌေးသားနဲ့ လက်ထပ်ရမှာ နင် အရမ်းကံကောင်းတာပဲ နီနီ၊ ဆစ်ထန်က နင့်ကိုတန်ဖိုးထားပြီးလည်း ချစ်တယ်၊ အားကျလိုက်တာဟယ်"

"အားကျရင်ရှာလေ၊ တော်ကြာသွေးဆုံးသွားမှဆို ကလေးမမွေးနိုင်လို့ ယောက်ျားပစ်တာ ခံရဦးမယ်"

"နင် ပြောမှတစ်လုံးကြီး၊ ကြက်သီးတောင်ထတယ်"

မသီတာ ကြက်သီးဖြန်းဖြန်းထသည့်ပုံစံ လုပ်ပြနေချိန်မှာ ကြီးမေ တရားပွဲက ပြန်ရောက်လာသည်။

ဈ၂။ ၀၇၄၈

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ သီတာမ မပြန်သေးဘူးလား"

"ကြီးမေ တရားပွဲသွားမယ်ဆိုလို့ နီနီ့ကို အဖော်လုပ်ပေးနေတာလေ ကြီးမေရဲ့၊ မနက်ဖြန်လည်း အလုပ်ပိတ်တော့ ဒီမှာပဲ အိပ်လိုက်ရ ကောင်းမလားလို့"

"အေး ကောင်းသားပဲ၊ သူငယ်ချင်းနှစ်ယောက် စကားပြောကြပေါ့၊ ညည်းတို့ဟာလေး အိမ်ထောင်ပြုသွားရင် ဒီလိုတွေ့ရ စကားပြောရတော့မှာ မဟုတ်ဘူး"

"ကြီးမေက ဆစ်သန်နဲ့ သဘောတူတယ်ပေါ့နော်"

"တူတာပေါ့အေ၊ ငွေကြေးချမ်းသာပြီး ခာနမကြီးဘူး။ စိတ်သဘောထား ပြည့်ဝတယ်၊ အရည်အချင်းလည်း ရှိတယ်ဆိုတော့ ဘာလိုသေးလို့လဲ၊ သူ့ကိုလည်း ဟိုက ချစ်လိုက်တာမှတုန်လို့"

"ကြီးမေလည်း အားကျနေပြီပေါ့"

"အံမယ် ငါက ဘာလို့ အားကျရမှာလဲ၊ ငါတို့က နန့်လို့ ဝ ပြီ၊ ဒါမျိုးတွေ စိတ်ကူးမယဉ်တော့ဘူး"

ကြီးမေ စကားကြောင့် မသီတာနှင့် ပန်းနီနီ ခွက်ထိုးခွက်လန် ရယ်လိုက်မိကြသည်။ အသက်ကြီးသော်မယ့် အရွယ်မကျသေးသော ကြီးမေက လူငယ်တွေနှင့် အပြောင်အပျက် လိုက်လျောညီထွေစွာလည်း နေတတ်သည်။

ညအိပ်ရာဝင်တော့ မသီတာက ခေါင်းအုံးပေါ် ခေါင်းချလိုက်သည်နှင့် တခူးခူး တခေါခေါ။ ဘုရားခန်းရှေ့မှာ အိပ်သော ကြီးမေ



တလည်း ဟောက်သံတွေ ကြားရသည်။

သူမကတော့ ဘယ်လျှညာလှိမ့်နှင့် အိပ်လို့မရ။

ဘာသံမှမကြားအောင် ခြေသံဖွဖွနှင့် အိမ်အောက်ကို ဆင်းလာခဲ့သည်။ ဒီနေ့မှ ထိမ်ညို့တွေ ကင်းလျက် လမင်းကြီးက ပြည့်ပြည့်ဝဝ သာနေ၏။ တစ်မိုးတည်းအောက်မှာဆိုပေမယ့် တခြားတစ်နေရာကို ရောက်နေသော ဆစ်ထန်ကို သူမ တမ်းတမ်းတတ လွမ်းဆွတ်နေမိသလို ပင်။

"ဆစ်ထန်နှင့်အတူရှိနေချိန်တွေမှာ စကားများရန်ဖြစ်ရတာတွေ ရှိသလို ကြည်နူးနှစ်ချိုက်ဖွယ်ရာကောင်းသည့်အချိန်တိုလေးတွေလည်း ရှိခဲ့သည်။

ဝေးနေရာမှ အချစ်က ဘယ်လောက် ထူထည်တက်နေပြီဆိုတာ ခန့်မှန်းလို့ပင် မရတော့။

"လွမ်းတယ် ဆစ်ထန်ရေ"

ကြားအောင် အော်ပြောလိုက်ချင်ပေမယ့် နှုတ်ဖျားက တိတ်ဆိတ်သာ အသံထွက်၏။ လမင်းကြီးက ပျောင်ပြောင်မှာစိုးလို့ပါ။ အနားမှာရှိနေစဉ်က အနမ်းတစ်ပွင့်ကိုတောင် တွန့်တိုခဲ့မိတာ မဟုတ်ပါလား-

ပြန်လာမှ အလွမ်းတွေနဲ့ အတိုးချပြီး နမ်းချင်သလောက် နမ်းတော့ ဆစ်ထန်ရေ...။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"အဲလောက်တောင် ရက်ရောတာလား၊ အံ့သြစရာပဲ"

တစ်ပတ်လောက်ကြာမည်ထင်ထားသော်လည်း ငါးရက်လောက်နှင့် လက်ဆောင်တွေ တနင့်တပိုး ပါလာသော ဆစ်ထန်ကို ဒေါ်မြသာနွယ် မြင်မြင်ချင်း ထွေးငေါ့လိုက်သည်။

ဦးမောင်မောင်ဦးကတော့ ဝမ်းသာအားရနှင့်ပါ။

"သား အစစအံ့ရာရာ အဆင်ပြေခဲ့တယ် မဟုတ်လား"

"ကုန်သွယ်မှုလမ်းပွင့်နေတာ စီးပွားရေးလုပ်ချင်သူတွေအတွက် အခွင့်အရေးကောင်းပါပဲ ဖေဖေ၊ မြန်မာပြည်ရဲ့တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်နဲ့ သား လက်မှတ်ထိုးခဲ့ပါပြီ"

"ဟင် တကယ်လား သား"



"အဲဒါလုပ်ဖို့ သားသွားတာ၊ ကိစ္စတွေ အားလုံးပြီးခဲ့ပါပြီ၊ ဩော်မေမေ ဦးအောင်သော်တို့နဲ့လည်း ကျွန်တော် တွေ့ပြီးပြီ"

"ငါသိတယ်၊ ရုံးခန်းမှာ သူတို့ကပြောတယ်၊ အဲလိုသာ အစောကြီးက ဖြစ်မယ်ဆိုရင် ရှယ်ယာတွေပြန်ထုတ်ဖို့ သူတို့ပြောမိမှာ မဟုတ်ပါဘူးတဲ့၊ မင်းတော်ပါတယ်"

ပြတ်တောက်သော နှီးမွှမ်းသံမှာ ဝမ်းသာလိုက်လှဲခြင်း၊ ပျော့ပျောင်းနူးညံ့ခြင်းတို့နှင့် ပျော်ဝင်မနေပါ။ တာဝန်ဝတ္တရားဆန်စွာ လက်ခံလိုက်ပြီး ပြီးမြောက်ခြင်းကို ဂုဏ်မယူလိုတာ သိသာစေလျက် အေးစက်သော အပြုအမူများက ဥပေက္ခာများဖြင့် ဟိုအရင်ကအတိုင်း. . .။

"မင်း ခရီးပန်းလာရင် နားလိုက်ဦး၊ ဒေါ်မူကို ညစာကောင်းကောင်း ချက်ခိုင်းထားတယ်"

"ဟို ကျွန်တော် မစားတော့ဘူး မေမေ၊ အပြင်သွားစရာရှိလို့"

"အခုမှ ပြန်ရောက်တယ် ဘယ်ကိုလဲ"

"အဲဒီကိစ္စ ဖေဖေရော မေမေရော ရှိနေတုန်း အခုပြောလိုက်ရမလား မသိဘူး"

"ဘာလဲ သား၊ ဘာပြောမလို့လဲ"

မေမေက မျက်နှာတစ်ချက် လှည့်လာပေမယ့် ဖေဖေက ကပျာကယာ မေးခွန်းထုတ်သည်။ ဆစ်ထန် ဖင်တကြွကြွ ဖြစ်နေပြီးမှ ပြန်ထိုင်လိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



"သား လက်ထပ်ချင်တယ်"

"ဘယ်သူနဲ့လဲ"

"သားချစ်သူ မိန်းကလေးနဲ့ပါ"

"အဲဒါက မပြောလည်း သိတယ်။ လက်ထပ်ဖို့ ဖွင့်ပြောပြီဆို ကတည်းက ချစ်သူမိန်းကလေးနဲ့ပဲမဟုတ်လား။ ဘယ်သူလဲ၊ ဘယ်ကလဲ၊ မိဘတွေက ဘာလုပ်လဲ၊ ဘယ်လိုအဆင့်အတန်းကလဲ ပြည့်စုံအောင် ပြော"

ဖေဖေက အလေးအနက် ငြိမ်သက်စွာ နားထောင်နေပေမယ့် မေမေက စိတ်မရှည်သလို မေးခွန်းတွေအများကြီး ထုတ်၏။ မပြောမဖြစ် တော့လို့ စလိုက်ရပေမယ့် သူ ဘာကြောင့် ဝန်လေးနေမှန်းမသိ။

"ပြောစရာရှိတာ ပြောလေ"

"ဟုတ်ကဲ့ သူ့မှာ မိဘတွေမရှိတော့ပါဘူး။ အခုလောလောဆယ် အဒေါ်နဲ့ နေနေပါတယ်"

"ချို့တဲ့တဲ့ အသိုက်အဝန်းကလား"

"ဟုတ်ကဲ့ မိဘတွေရှိနေရင်တော့ အဲလောက် ရုန်းကန်ရမယ့် အဆင့်အတန်းက မဟုတ်ပါဘူး"

"မင်း ဒီလိုပြောနေရင်တော့ အထင်ကြီးလောက်တဲ့ အဆင့် အတန်းက မဖြစ်နိုင်တော့ဘူး။ အခု သူ ဘာအလုပ်လုပ်လဲ၊ ပညာရော သင်ခဲ့ရလား"



"ဘွဲ့ရပြီးပါပြီ၊ ဆန်ပွဲရုံမှာ စာရေးမလုပ်နေပါတယ်"

"နာမည်က"

"ပန်းနိနိ"

"ဘာ"

"ကိုကို မောင်းတဲ့ကားနဲ့တိုက်မိလို့ သူ့မိဘတွေ ဆုံးသွားတာ၊ သူ့ဘဝက သနားစရာပါ၊ သူက"

"တော် တော် မင်း ဆက်မပြောနဲ့တော့ ဆစ်ထန်"

စကားဆုံးအောင် ပြောဖို့ အခွင့်အရေး မပေးဘဲ လက်ကာ ကာ၍ ပိတ်ပင်ခံလိုက်ရသည်။ ဒီလိုဖြစ်လာနိုင်သည်ဆိုတာ ကြိုတွေးထား ပြီးမို့ သူ့ဘက်က ထူးထူးခြားခြား တုန်လှုပ်မသွားသော်လည်း မေမေ့ မျက်နှာက တင်းမာခက်ထန်နေသည်။ မျက်ဝန်းများက စူးရှအေးစက် နေတာ

"မင်း ငါ့ကို အငြိုးတိုက်ဖို့ ဒီမိန်းကလေးနဲ့ပတ်သက်လိုက်တာ လား"

"မာ ဘာဆိုင်လို့လဲ၊ သူ့ကို ကျွန်တော် တကယ်ချစ်မိသွား လို့ပါ"

"ဘာ ချစ်မိသွားလို့ ဟုတ်လား။ အစ်ကိုတစ်ယောက်လုံး ထောင် ကျအောင်လုပ်လိုက်တဲ့ မိန်းကလေးကို ချစ်မိသွားတယ်၊ မင်းပါးစပ်က ပြောထွက်ရဲတယ် ဆစ်ထန်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူက မိဘနှစ်ပါးလုံးတောင် ဆုံးပါးခဲ့ရတာပါ။ ပင်ပန်းဆင်းရဲ ရုန်းကန်နေရတာလည်း သူ့မိဘတွေ မရှိတော့တာကြောင့်ပါ။ အဲဒီလို တွေးကြမယ်ဆိုရင် သူ့ဘက်က ပိုပြီး နားလည်ပေးလို့ရပါတယ် မေမေ အဲလိုဖြစ်အောင် သူ တမင်တကာ လုပ်ခဲ့တာမှ မဟုတ်တာ"

"မကြားချင်ဘူး၊ မကြားချင်ဘူး ဆတ်သနိုး၊ မင်း သူ့ဘက်က ဘာမှ ကာကွယ်ပေးပြီး ပြောမနေနဲ့။ မင်းက ငါ့သားကို တောင်ကျအောင် လုပ်တဲ့ မိန်းကလေးနဲ့ ပျော်ပွဲဝင် အောင်ပွဲခံမလို့လား။ မင်းဖြစ်ချင်တာ ဒါမျိုးလား"

"မြသား"

"ရှင် မပြောနဲ့၊ ရှင်ဘာမှဝင်မပြောနဲ့၊ ရှင့်သားက ကျမ့်ဆီငို ကို ကယ်တင်လိုက်တာ၊ မြသားတို့အတွက် မဖြစ်နိုင်တော့ဘူး။ သူ့ဆီမှ တခြားရည်ရွယ်ချက်တွေရှိနေလို့"

"မေမေ"

မခံမရပ်နိုင်စွာ ရှူးခနဲ အော်ပစ်လိုက်၍ မေမေ့စကား အဆုံး မသတ်လိုက်နိုင်။ သူ ကြိုးစားခဲ့သမျှတွေကို စေတနာလို့ မထင်ပါလား ငါ့သား ရှင့်သားလို့ ခွဲခွဲပြောနေတာကရော လွန်လွန်းဘူးလား။

သူ တကယ်ရော မေမေ့ဝမ်းနှင့်လွယ်မွေးတဲ့ သားရော ဟုတ် ရဲ့လား။

"မေမေ"



"မခေါ်နဲ့ မင်း အဲဒီကောင်မလေးနဲ့ လက်ထပ်မယ်ဆိုရင် ငါ့သားမဟုတ်ဘူး။ မင်းကို တစ်သက်လုံး အသိအမှတ်ပြုဖို့ စိတ်ကူး မရှိဘူး"

"မနိုးနိုးကို ရန်သူလို သတ်မှတ်နေတာ မတရားပါဘူး မေမေ မေမေတို့အတွက် ကျွန်တော် လုပ်ပေးသင့်တာ လုပ်ပေးပြီးပါပြီ၊ ဘာမှ လည်း ပြန်မမျှော်လင့်ပါဘူး၊ ဒါပေမဲ့ သားတစ်ယောက်အနေနဲ့ ဒီတစ်ခု ကိုတော့ လိုက်လျောပေးပါ"

"အစ်ကိုကို ဒီလိုဖြစ်အောင်လုပ်ထားတဲ့ မိန်းကလေးနဲ့ မင်း ဟာကယ် လက်ထပ်မှုဖြစ်မှာလား"

"မိဘတွေ ခွင့်ပြုချက်နဲ့ တင့်တောင်းတင့်တယ် လက်ထပ်ချင် လို့ ဒီတစ်ခါပဲ တောင်းဆိုပူးပါတယ်၊ ဒီတစ်ခါပဲ ခွင့်လွှတ်ပေးပါ မေမေ"

"မင်းထန်သာ မင်းအစ်ကိုရင်း သွေးသားအရင်းဆိုရင် မင်း ဒီလို လုပ်ရက်မှာမဟုတ်ဘူး"

"မြသား"

"ဘာ ဘာပြောတယ် မေမေ"

မေမေ့ရဲ့ အထိတ်တလန့် ဟန့်တားသံနှင့် ဗလုံးဗထွေး ဖြစ် သွားသည်မို့ သူ သေချာမကြားလိုက်ပါ။ ဖေဖေက ဗိုးချဲကို သူ့အနား ပလျင်မြန်ဆုံး တွန်းလာခဲ့ကာ တုန်ယင်နေသော အသံဖြင့်

www.burmeseclassic.com

www.burmeseclassic.com



"သား ပင်ပန်းလာတာ မဟုတ်လား၊ သွားနားလိုက်တော့ သား၊ သားက အဲဒီမိန်းကလေးနဲ့ လက်ထပ်မှာကို သားမေမေ အချမ်းသွေးပျက်တုန်လှုပ်နေတယ်၊ မေမေ့ကို ဖေဖေ နားဝင်အောင် ရှင်းပြပေးပါမယ်၊ သွားလိုက်နော် သား၊"

"ဟင့်အင်း သွေးပျက်ပြီး မေမေ့ရင်ထဲနှိုးလောက် ပွင့်အံထွက်လာတာတွေ သား အဆုံးထိ နားထောင်ကြည့်ချင်တယ်၊ ပြောပါအံ ပြောပါ မေမေ"

မေမေ့ဘက်တည့်တည့်လှည့်ကာ ရင်ဆိုင်နားစွင့်လိုက်သည်၊

ဖေဖေက မေမေနှင့် သူ့ကြားမှာ ပိုးချုံနှင့်တွန်းဝင်လာလျက်

"မြသားနွယ် မင်းကို ကောင်းကျန်အဆုံးထိ ပြောပြီးပြီနော်၊ နောင်တတွေနဲ့ မင်းတစ်ယောက်တည်း ကျန်ရစ်ချင်သလား၊ မင်းရဲ့အတွေးတွေနဲ့ မင်းပျော်မွေ့နိုင်မယ် ထင်သလား၊ သားရဲ့သိတတ်မှု၊ ကိုယ့်ဘဲ့လိုက်လျောနားလည်မှု ကြည်ဖြူမှုတွေကို မင်းညပေကျအောင်ဖြိုလိုက်တော့မယ်ဆိုရင် ငါ့ဘက်ကလည်း"

"ရှင်လည်း တော်တော် သင်ဒ္ဒိကောင်းလာပြီပဲ၊ ဟုတ်ပြီလေ မြသားနွယ်ဘက်က နားလည်ပေးစေချင်တယ်ဆိုရင် ရှင့်သားကို အဲ့မိန်းကလေးနဲ့ လက်မထပ်ဖြစ်အောင် ဖျောင်းဖျနားချပါ၊ မဟုတ်ရင်တော့ မြသားနွယ် ဘက်ကမှ ဂရုမစိုက်နိုင်တော့ဘူး ကိုမောင်၊ အဲဒီလို အာယာတွေနဲ့ မိန်းမရိုင်းကြီးဖြင်အောင် ရှင်ပဲလုပ်ခဲ့တာ၊ ဖြစ်ပျက်သမျှအား



အားလုံးရဲ့တရားခံဟာ ရှင်ပဲ"

"မေမေ"

"သား"

ရှင်းလင်းပြတ်သားစွာ ဘာတစ်ခုကျန် မပြောခဲ့တာမို့ မကျေမချမ်းလှည့်ထွက်သွားသော မေမေ့ကို သူ့ကာယကံမြောက် တားဆီးလိုက်ခြင်းပါ။

ဒါပေမဲ့ ဖေဖေက သူ့လက်ကို ဖျတ်ခနဲ ဖမ်းဆုပ်ဆွဲထားသည်။ မေမေ ဒေါသတကြီး ပေါက်ကွဲမှု အဖြစ်မှန်ကို သိရမှာမဟုတ်လား။

"ဘာဖြစ်လို့လဲ၊ ဖေဖေ ဘာလို့ တားနေတာလဲ၊ မေမေက ပေါက်ကွဲချင်နေတာ၊ ပြောချင်နေတာ၊ သားအရင်းမဟုတ်ဘူးဆိုတာ ကြော်ငြာချင်နေတာ"

"မ မဟုတ်ပါဘူး သားရယ်၊ သူ စိတ်ဆိုးဒေါသထွက်လာတိုင်း ဟင်းပေါင်းထင်မှားဖြစ်ပြီး စိတ်ဆင်းရဲအောင် ပြောနေကြပဲ"

"မဟုတ်ဘူး အမှန်တွေကို ပြောချလိုက်ချင်တာ သားသိတယ်၊ ကြိတ်ပြီး ထိန်းချုပ်ထားတာ ဖေဖေလည်း သိနေတယ် မဟုတ်လား၊ မေမေ့ကို ပြောခွင့်မပေးချင်ရင် ဖေဖေကိုယ်တိုင် ပြောပါ ဖေဖေ၊ သားက ဖေဖေတို့သားအရင်းမဟုတ်ဘူး မဟုတ်လား။ မွေးစားသားလား၊ လမ်းဘေးက ကောက်လာတာလား"

"သား"

"ဒီအတိုင်း၊ နှိပ်စက်ခံနေရတာထက်စာရင် မွေးစားသားဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်တစ်ကောင်လို မောင်းထုတ်လိုက်တာက တော်ပါသေးတယ်၊ သားရင်တွေ ဒီလောက်နာကျင်နေရတော့ ရှားပြီး မခံစားရတော့ပါဘူး။ ပြောပါ သားက ဖေဖေတို့သားအရင်း မဟုတ်ဘူး မဟုတ်လား"

"သားရယ်"

ဘယ်သူမွေးထုတ်မှန်းမသိဘဲ လမ်းဘေးက ကောက်ယူမွေးစား ခဲ့မိရင်တောင် စောစောကတည်းက အမှန်အတိုင်းဖွင့်ပြောပြီး နှစ်သိမ့် ပေးလိုက်ရင် အဆင်ပြေမည်ထင်၏။

အခုက ဖအေလုပ်သူက အိမ်ထောင်ရေးဖောက်ပြန် မယား ငယ်ထားလို့ တိတ်တိတ်ပုန်း မွေးလာခဲ့သည့်သား။ မယားကြီးရဲ့ ငြိုငြင်မှု များနှင့် ဥပေက္ခာပြုခံခဲ့ရသည့်သား။

ဘယ်လောက်များ ရှက်သွား နာကြည်းသွားရှာမလဲ။ သားလေး ကို ဖျစ်ညှစ်ဆုပ်ကိုင်ထားရင်း ဘယ်လိုမှ ပြောမထွက်ပါ။

"ဖေဖေ"

"ဘာမှမမေးပါနဲ့ ဘာမှလည်း မသိချင်ပါနဲ့ သားရယ်၊ ဖေဖေ့ အရမ်းကို မွန်းကျပ်ပြီး ပင်ပန်းနေလို့ပါ။ သားကို ဖေဖေချစ်တယ်၊ သား မေမေလည်း သားကိုချစ်ပါတယ်၊ သားကြီးအတွက်သာ စိတ်မ ကောင်းလွန်းလို့ ပန်းနီနီနဲ့ သဘောမတူတာ သားက နားလည်ပေးလို့ ပါ"

"ပန်းနီနီနဲ့ ပတ်သက်တာကိုပါ နားလည်ပေးခိုင်းနေတာလ၊



ဖေဖေ၊ သား ခံစားချက် သားနှလုံးသားကို နားလည်ပေးဖို့တော့ မေမေ့ကို ဘာလို့ ဖေဖေ မဖျောင်းဖျတာလဲ၊ သားရဲ့ဆန္ဒကို ဒီတစ်ကြိမ်လေးတော့ လိုက်လျှောပေးလိုက်ပါလို့ မေမေ့ကို နားဝင်အောင် မပြောပေးတာလဲ"

"သားရယ် ဖေဖေက"

"ဖေဖေ့ကို စိတ်မဆိုးပါဘူး၊ မေမေ့ကိုတော့ စိတ်နာတယ်၊ ဘာလို့ ဒီလောက်ကြီးတောင် သားကို ဥပေက္ခာပြုနိုင်ရတာလဲ၊ ပိုင်ဆိုင် မှုတွေအားလုံးကို သား မမက်မောဘူးဆိုတာ သက်သေပြပြီးပြီ၊ အခု လုပ်ခဲ့တာ မေမေ့ နာမည်နဲ့ပါ၊ မေမေ့ ပေးချင်တဲ့သူပေး၊ လုပ်ချင်တာ လုပ်လို့ရအောင်လို့ ဘာမှ မျှော်လင့်မှုမရှိ၊ တောင်းဆိုမှုမရှိခဲ့တဲ့ သားကို ပက်ဖက်ဖို့ချည်း တွေးနေတာ သား ခံနိုင်ရည် မရှိတော့ပါဘူး ဖေဖေ၊ မုန်းသင့်လို့ မုန်းနေတာဆိုလည်း မုန်းရခြင်းမှာ အကြောင်းအရင်းတော့ ရှိရမှာ မဟုတ်လား အခုတော့"

ဆက်မပြောချင်တော့ဘဲ ဖေဖေ့ရှေ့က ထွက်လာခဲ့သည်။ ပေါက်ကွဲချင်တာတောင် ဘာကြောင့်ရယ်လို့ အမည်တပ်လို့မရတာမို့ …တိုင်းပဲ...။

◻ ◻ ◻

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ရောက်ကတည်းက စကားလည်း မပြောနိုင်။ ရှေ့လည်း
မရောင်းနိုင်ဘဲ ငြိမ်သက်မှိုင်တွေနေသော ဆစ်ထန်ကိုကြည့်၍ မျိုး
စိတ်မချမ်းသာပေ။ အနားမှာ ကော်ဖီခွက်သွားချပေးသည်။
ဆစ်ထန် ယူမသောက်။ ရေခဲသေတ္တာထဲက အေးအေးနေ
ရေဘူးကိုချပေးတော့လည်း ဒီအတိုင်း။
အရင်ကဆို ဘာဖြစ်လာလာ ရင်ဖွင့်ပေါက်ကွဲနေကြပါ
'ဘာတွေကို ဒီလောက် ကြိတ်မှိတ်မျိုသိပ်ခံစားနေတာလဲ'

"ဆစ်ထန်"

သက်ပြင်းရှိုက်သံနှင့် မျက်ခုံးပင့်ကြည့်တာက တစ်ချိန်
"မင်း ဟိုက ပြန်လာတာ အားလုံးအဆင်ပြေတယ်ဆို
ကျိုင်လာတာလား။ ပန်းနီနီဆီရော ရောက်ပြီးပြီလား"

"မေမေက ပန်းနီနီနဲ့ သဘောမတူဘူးတဲ့"

"ဟင်"



မေးတာနှင့် ဖြေတာ သဟာဓာတမဖြစ်သော်လည်း ဘာကြောင့်
...ိုသည့်အဖြေက ထိရောက်လွန်းသည်။ ဒါကို ဆစ်ထန် ခံစားနေတာပါ
...တ။

"ငါ ကြုံပြောခဲ့သားပဲ သူ့သားကြီးကို ဒီလိုဖြစ်အောင် လုပ်လိုက်
... မိန်းကလေးဆိုပြီး လုံးဝ လက်ခံမပေးနိုင်ဘူးလို့"

"ငါလည်း သိနေပြီးသားပါ၊ ငါ လက်ထပ်မယ့် မိန်းကလေးက
...နီနီ ဖြစ်နေတာ မေမေ့အတွက် ကြည်ဖြူလက်ခံပေးလောက်စရာမှ
...တ်တာ"

"ဒါဆိုလည်း အစတည်းက စိန်ခေါ်ထားသလို အတိုက်အခံ
...ပြီး ရအောင်လက်ထပ်ပေါ့ကွ။ မင်းအမေက ဒီကိစ္စ နောက်ဆုတ်လိုက်
...ရော မင်းကို အကောင်းမြင် ကြည်ဖြူမှာမို့လား"

"အဲဒီလိုပဲ လုပ်လိုက်ချင်တယ်၊ ဒါပေမဲ့ ဖေဖေကပါ မေမေ့ဆန္ဒ
...ားလည်ပေးလိုက်ပါတဲ့၊ ပြီးတော့ ပန်းနီနီကို မိဘသဘောမတူဘဲ
...ယ်လိုလုပ် မိသားဖသားပီပီ တင့်တောင်းတင့်တယ် လက်ထပ်တောင်း
...ယူလို့ ရတော့မှာလဲ"

"ပန်းနီနီက မင်းကို နားလည်ပြီးသားပါ၊ မင်းကိုချစ်လို့ ဘယ်လို
...ျိုးနဲ့ပြဲမ်ဖြစ် လက်ခံမှာပါ"

"ဟင့်အင်း ပန်းနီနီက မာနရှိတယ်၊ ငါ့ကိုဘယ်လောက်ပဲချစ်
ဘယ်လောက်ပဲနားလည်လည်၊ မကြည်ဖြူတဲ့ အသိုက်အဝန်းထဲကို

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတိုးလျှိုဝင်မှာ မဟုတ်ဘူး''

''ဒါလည်း မိန်းကလေးတစ်ယောက်မှာ ရှိသင့်တဲ့မာနပဲ''

မျိုးမင်း လေသံပျော့ကာ သက်ပြင်းချ၍ ရှိုက်ထုတ်၏။ ဆစ်ဝ ကို ဘယ်လိုအားပေးရမှန်းပင် မသိတော့ပါ။

''မင်း ဘာလုပ်မှာလဲ''

ကိုယ်က ဘယ်လိုအားပေးရမှန်းမသိတော့ ဆစ်ဝန်းသွေကို မေးကြည့်မိ၏။ ဆစ်ဝန်းက အံတင်းတင်းကြိတ်လို့ မျက်ရည်တွေ ရပ်နေကာ

''အဲဒါတွေ ဖြေရှင်းဖို့အတက် ငါ့ကိုယ်ငါ ဘာလောင်မှန်းမသိ ပိုဆိုးတယ်''

''မင်း ဘာတွေ တွေးမိနေတာလဲ''

''မေမေက ငါ့ကို သားအရင်းမဟုတ်ဘူးဆိုတာ ပေါက်ကွဲ တယ်၊ ဖေဖေက ပိတ်ပင်တားဆီးတယ်၊ သေချာမသိရလို့ ငါလ အရမ်း မွန်းကျပ်နေပြီ''

''အဲဒါကို စိတ်ထဲက ထုတ်ပြီး မင်းလုပ်ချင်ရာလုပ်ပစ်

''ဖေဖေ ကျန်းမာရေးမကောင်းဘူး၊ ငါ့ကြောင့် စိတ်ထိခိုက် ဗုန်းဗုန်းလဲသွားမှာစိုးလို့ ငါ ဒီလောက်ထိ ထိန်းချုပ်နေတာ၊ ပန်းပွင့် လည်း အဲဒါကြောင့်''

''ပန်းနီနီကို မင်းသွားမတွေ့တော့ဘူးလား''





''အဲလို ကင်းကွာပြီး နေဖို့တော့ ငါ့မှာသတ္တိမရှိဘူး၊ ပန်းနီနီကို ရင်ထဲကနေ မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီးချစ်တာ''

''စွန့်လွှတ်ဖို့ရော စဉ်းစားထားလား၊ မင်းအမေကို မလွန်ဆန် င်လို့ မင်းအဖေ စိတ်ဆင်းရဲမှာစိုးလို့ဆိုပြီး''

''အဲလိုလုပ်နိုင်လိမ့်မယ် မထင်ဘူး၊ နိုင်ငံခြားသွားနေတဲ့ ရက် လေးအတွင်းမှာ ပန်းနီနီကို ငါ အရမ်းသတိရနေတာ၊ ဖေဖေ မသိ ကောင် မေမေ့ကိုပဲ အတိုက်အခံ လုပ်ကြည့်ရမလား မသိဘူး''

ဆစ်ဝန် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်မချနိုင်သေးဘူးဟု ဘူးလိုက်မိသည်။ သံယောဇဉ်နှင့် အချစ်ရဲ့ကြားမှာ ဒီကောင် မောပန်း ကောင် ရုန်းကန်ရတော့သည်၊

အသက်ရှူမဝသလို အပေါ်အင်္ကျီ ကြယ်သီးသုံးလုံးခန့် ဆစ်ဝန် ဖြုတ်ပစ်၏။

''ဟိုတစ်ကောင် ဟိုမှာ ပန်းနီနီ''

''ဟင်''

ဆိုင်ထဲကို ဝင်လာသော ပန်းနီနီကို အခုမှ နှစ်ယောက်လုံး င်လိုက်သည်။ လက်ကနာရီကိုမြှောက်ကြည့်လိုက်တော့ ပန်းနီနီရဲ့ လုပ်ပြန်ချိန်လည်း မဟုတ်သေးပါဘဲ။

''ပန်းနီနီ''

''ပြန်ရောက်နေတာတောင် အကြောင်းမကြား ဘာမကြားနဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



လား။ အဲလိုမှန်းသိ ဝင်ဘောင်မလာဘူး၊ ကိုမျိုးမြင့်ကို ဆစ်ထန် မရှောင်

သေးဘူးလားလို့ မေးမလို့ ပွဲရှိကာ ခွင့်ဘောင်းပြီး ပြန်လာတာ''

''ထိုင်ပါဦးကွာ ကိုယ်လည်း ခဏနေ မင်းကို လာကြိုမလို့ပဲ''

''ဟုတ်တယ် ပန်းနီနီရေ၊ အိမ်နဲ့ကပ်လျက်ကလို့ပဲ တစ်နေ့က

ဝေါင်နေဟာ''

''ဟင် ဟုတ်လား''

အခုလို ကြားရတော့လည်း စိတ်ဆိုးစိတ်ကောက်ဖို့တွေ ပျော့

လျော့သွား၏။

မျက်တွင်းတွေကျလောက်အောင် ညှိုးနွမ်းချောင်ကျနေသော

ဆစ်ထန့်မျက်နှာလေးကိုကြည့်၍ စိတ်မကောင်းပေ။

မျိုးမင်းက အလိုက်တသိပင် ရှောင်ထွက်သွားပေးသည်၊

''ဘာတွေဖြစ်နေတာလဲဟင်၊ လုပ်ငန်းကိစ္စ အဆင်မပြေ

လား''

ခုံလေးဆွဲကာ ထိုင်ရင်း သူ့မျက်နှာကို မော့ငေးငေးလေးကြ

ကာမေးတော့ လေးပင်စွာ ခေါင်းရမ်းပြလိုက်သည်။

''ဒါဆို ဘာပြဿနာလဲ''

''နောက်တော့ ကိုယ် ပြောပြပါမယ်''

''ဘာကို ထိန်ချန်ဦးမှာလဲ၊ ချစ်သူတစ်ယောက်ကို မျှဝေဖို့

မှာ ဝန်မလေးသင့်ဘူးနော်''



''ကိုယ့်ဘာသာ ကြိုးစားကြည့်လို့ အဆင်ပြေမှပဲ''

''နှီနဲ့ပတ်သက်တာကို မဟုတ်လား''

စီးပွားရေးကြောင့်မဟုတ်လျှင် ဒါပဲရှိတော့တာမို့ ဒဲ့တိုးပင် မေး

ပစ်လိုက်၏။ ရိုက်သံသဲ့သဲ့ဖြင့် ဆစ်ထန် ငြိမ်သက်နေတော့ အဖြေနား

ထောင်စရာမလိုတဲ့ သေချာသွား၏။

''သဘောမတူဘူး။ လက်ထပ်တောင်းရမ်းမပေးနိုင်ဘူးလို့ ပြော

လိုက်လို့ မဟုတ်လား''

''ကိုယ် ကြိုးစားကြည့်မှာပါ၊ ကိုကို ဒီလိုဖြစ်တာ ပန်းနီနီကြောင့်

လို့ မေမေ့မှာ အစွဲရှိနေတော့''

''အဲဒါ ရှင့်အမေ မတရားတာပဲ၊ နီက မိဘနှစ်ပါးလုံး လူ့ဘဝ

ထဲက ထွက်ခွာသွားရတာ၊ ရှင့်အစ်ကိုက အချိန်တန်ရင် အိမ်ပြန်လာရမှာ၊

ပါသားစုတွေနဲ့ ပျော်ပျော်ရွှင်ရွှင် နေရဦးမှာ''

''ဟုတ်ပါတယ် အဲဒါကို မေမေ နားမလည်ဘူး၊ မိဘတစ်

ယောက်ရဲ့အတ္တလို့ ပြောရမလား''

''အတ္တဆိုတာ လူတိုင်းကြီးတတ်တယ် ဆစ်ထန်၊ ဒါပေမဲ့ ဖြစ်

သင့်လို့ဖြစ်တာ ကံတရားဆိုတာတွေနဲ့ ဖြေသိမ့်လိုက်ရတာပဲ၊ အဲလို

အာဃာတတွေသာ နီမှာ ရှိနေရင် ရှင့်အစ်ကိုကြောင့် နီ မိဘတွေ

သေခဲ့ရတာဆိုပြီး ရှင့်ကို နီ ချစ်ခဲ့ပါ့မလား''

ပန်းနီနီ ပေါက်ကွဲတာ အမှန်တရားတွေမို့ မေမေ့ဘက်က

www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်မပြောနိုင်ခဲ့ပေ။ မေမေ့ကို နားလည်ပေးပါလို့ တောင်းပန်ရမှာလား။ ကိုယ်တိုင်တောင် ခွင့်မလွှတ်ချင်တာမို့ ဒီလိုဆိုး ်ရော တရားပါ့မလား။

"ရှင် တွေဝေနေတာ နီကြောင့်ဆိုရင် နီ စိတ်မကောင်းပါဘူး။ ဆစ်ထန် ကြိုက်သလို ဆုံးဖြတ်ပါ၊ နီကို ထားခဲ့မယ်ဆိုလည်း"

"ဟင့်အင်း ပန်းနီနီ ကိုယ့်မှာ အဲလို စိတ်ကူး အစကတည်းက မရှိခဲ့ဘူး၊ ကိုယ် မင်းကိုချစ်တယ်၊ လက်ထပ်ဖြစ်အောင် လက်ထပ်မှာ"

"ရှင့်မိဘတွေ သဘောမတူ၊ မကြည်ဖြူဘဲနဲ့လား"

"ဟုတ် ကိုယ်က"

"အဲဒါမျိုးဆိုရင် နီ့မာနက ခွင့်ပြုမှာမဟုတ်ဘူး၊ နီတို့က ဖွေ ကြေးချို့တဲ့ပါတယ်၊ ပကာသန ဂုဏ်ဒြပ်ထည်ဝါမှု မရှိ၊ လူမြင်ကောင်းအောင် ဘာမှလည်း ချပြစရာမရှိပါဘူး၊ ဒါပေမဲ့ မိန်းကလေးတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ ကိုယ်ကျင့်သိက္ခာနဲ့မာနကိုတော့ အတတ်နိုင်ဆုံး ထိန်းသိမ်းကာကွယ်ထားချင်တယ်၊ အဲဒါတွေကြောင့် ရှင့် ထားခဲ့ရင်လည်း ကျေနပ်တယ်"

"ပန်းနီနီ"

သူ အလန့်တကြားပင် ပန်းနီနီ လက်ကလေးကို ဆုပ်ကိုင်လို့ မိသည်။ ခွဲခွာဖို့ အကြောင်း သူ တစိုးတစိတောင် မတွေးခဲ့ဘူးတာပါ တစ်ခုခုကို ပိုင်ဆိုင်ချင်လို့ တစ်ခုခုကို စွန့်လွှတ်ရမယ်ဆိုရင်တောင် အဲ ပန်းနီနီ မပဟုက်။



"ကိုယ့်ကို အချိန်နည်းနည်းပေးပါ ပန်းနီနီ"

"ဘာအတွက်လဲ"

"မိဘတွေ သဘောတူညီမှုနဲ့ မင်းကို ကိုယ်လက်ထပ်မှာပါ"

"ရှင့်လို သူဌေးသားတစ်ယောက်ကို ပိုင်ဆိုင်မှုတွေ မက်မောလို့ မျှော်လင့်နေတာမျိုး မဖြစ်ချင်ဘူး၊ ရှင် အရာအားလုံးကို စွန့်လွှတ်ပြီး ထွက်လာနိုင်တယ်ဆိုရင်တော့"

ကိုယ့်စကားကိုယ် ထိတ်လန့်ကာ အဆုံးသတ်ဖို့ မဝံ့မရဲဖြစ်ရင်း မျက်နှာလေးကို လွှဲလိုက်မိ၏။ ဆစ်ထန်က သူမ မျက်နှာလေးကို ဖွဖွလေး ဆွဲလှည့်ကာ

"ပြောပါ ဘာဖြစ်လဲ၊ ကိုယ့်နှလုံးသားနဲ့ နားထောင်နေတယ်"

"နီလည်း မာနက အဲလို မဆုံးဖြတ်ချင်ပေမယ့် မိသားစု နွေးထွေးမှုတွေ မရတဲ့ဆစ်ထန်ကို ဥပေက္ခာပြုဖို့ နှလုံးသားက လက်မခံဘူးဖြစ်နေတယ်၊ ပစ္စည်းဥစ္စာတွေ တပ်မက်မှုမရှိဘူးဆိုတာ သေချာစေချင်လို့၊ ရှင်သာ အရာအားလုံးကိုစွန့်လွှတ်ပြီး ထွက်လာနိုင်တယ်ဆိုရင် နီ ဘာမဆို ရင်ဆိုင်ပါ့မယ်"

"ပန်းနီနီရယ်"

သူမအချစ်ကို သူ အလေးအနက်သိလိုက်ရသည်။ မေမေ့ကို ရင်ဆိုင်ဖို့ အင်အားတွေ ဖြည့်တင်းပေးလိုက်သလိုပါ။

ဒါဟာ သူတို့နှစ်ယောက်ရဲ့ သစ္စာရှိသော ချစ်ခြင်းဆုံပါလျှင်။ ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ပန်းနီနီရေ အိမ်ရှေ့မှာ ညွှန့်သည်လာတယ်၊ မောင်ဆစ်ထဲက ကားလည်း မဟုတ်ဘူးကွဲ့"

ကြီးမေအသံကြောင့် ပွဲရုံသွားဖို့ ပြင်ဆင်နေရာက အပြေးသွား အိမ်ရှေ့ထွက်လာရသည်။

"ဟင်"

သူမ မသိသော မိန်းမတစ်ယောက်ပါ။ အသက်လေးဆယ်ကျော်ဟု ခန့်မှန်းရသော်လည်း ထိုထက်ပို၍ နုပျိုသည်ဟု ထင်ရသည်။ တသိုက်ကြီးအိတ်ကို လက်မှာချိတ်လျက် ဆံပင်တွေကို နောက်လှန်သိမ်းထားပုံကြည်ချက်အပြည့်ဖြင့် လမ်းလျှောက်လာပုံက မာန်ပါလှသည်။

"ဒါ"





ဖိနပ်တွေကို ညှပ်နေအောင် ဝတ်လာသော အမျိုးသမီး မင်တင်ရွှံ့ကြည့်နေမိရင်း အဖြေတစ်ချက် လက်ခံနဲ ဖြစ်ပေါ်၏။ ဆစ်ထိန်အမေများ ဖြစ်နေမလား။

"ကြီးမေ ဈေးသွားမလို့ဆို၊ နီ ပွဲရုံမသွားခင် မြန်မြန်သွားလိုက်လေ"

"ညွှန့်သည်"

"ဪ ညွှန့်သည်က နီ ညွှန့်ခံထားလို့ ဖြစ်ပါတယ်"

"အင်း အဲဒါဆိုလည်း သွားလိုက်မယ်၊ လက်ဖက်ရည်ဖျော်ပေးခဲ့ရဦးမလား"

"ကြီးမေ သွားမှာသာ သွားပါ၊ ဒီညွှန့်သည်က နီတို့လို အိမ်မျိုးက ဘာမှစားမှာသောက်မှာ မဟုတ်ဘူး"

ကြီးမေ သဘောပေါက်မလား မသိပေမယ့် သူများအိမ်ထဲ ရဲရဲတွာ ဝင်လာသော အမျိုးသမီးကြီးကြားအောင် တမင်တကာ ပြောလိုက်ခြင်းပင်။ ကြီးမေ ဈေးခြင်းလေးဆွဲကာ ထွက်သွားချိန်မှာ အမျိုးသမီးကြီးက ခုံတန်းလျားသေးနားမှာ ရပ်နေသော သူမအနီးကို ရောက်လာသည်။

"ပန်းနီနီဆိုတာ မင်းလား"

"ဟုတ်ပါတယ်၊ အန်တီ့ကိုတော့ ကျွန်မ မသိဘူး၊ ဒါပေမဲ့ အိမ်ထဲတောင် ရောက်လာပြီဆိုတော့ ထိုင်ပါဦး အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်ဆိုတော့လည်း ဧည့်ဝတ်ပြုရသည်။ ဧည့်သည်တစ်ယောက်ရဲ့ ယဉ်ကျေးမှုကို မဲ့နေသော ဒေါ်မြသားနွယ်ကတော့ သူမျှား အိမ်ရောက်လာတာတော်င် အပေါ်စီးက ထင်းမာနေဆဲပင်။

"ငါ ဆစ်ထန် အမေ"

"ဟုတ်ကဲ့ အခုလေးပဲ ခန့်မှန်းမိလိုက်ပါတယ်၊ ကျွန်မအိမ်မှာ အဆင့်အတန်းမြင့်မြင့် ဝင်ထွက်သွားလာသူဆိုလို့ ဆစ်ထန် တစ်ယောက်ပဲ ရှိတယ်၊ အန်တီ့ကိုတော့ ဆစ်ထန်နဲ့ပတ်သက်ပြီး ရောက်လာတာလို့ ထင်ပါတယ်၊ လာရင်းကိစ္စကို အားမနာတမ်း ပြောပါ အန်တီ"

"အေး မင်း ခွင့်ပြုမှ ပြောမှာတော့ မဟုတ်ဘူး။ ပြောချင်လို့ကို ရောက်လာခဲ့တာ၊ ဆစ်ထန်နဲ့ အဆက်အသွယ် ဖြတ်ပေးပါ"

"ဘာဖြစ်လို့လဲ၊ မင်းထန်ဆိုတဲ့ အန်တီ့သားကြီး ကျွန်မကြောင့် ထောင်ကျခဲ့ရတာလို့ အစွန်းရောက်အတွေးတွေနဲ့ တစ်ဖက်သတ် တွေးထားလို့ မဟုတ်လား"

"ဘာ"

ကြိုသိနေတာ ဆစ်ထန်ကြောင့်ပဲ ဖြစ်မှာပေါ့၊ အံ့အားသင့်သလို ဖြစ်သွားပေမယ့် ဒါမှ ပိုပြောလို့ကောင်းမှာလို့ ကျေနပ်သွားမိသည်။

"အစောကတည်းက ဆစ်ထန်ပြောထားပြီးပြီဆိုရင် အဲဒီကတည်းက မင်း ဆင်ခြင်လိုက်ရမှာ၊ ငါ့သားကြီး ဒီလိုဖြစ်ရတာ မင်းရဲ့ ကျားကုတ်ကျားခဲ ကြိုးပမ်းမှုတွေကြောင့်လေ၊ ဒီလို မိန်းကလေးမျိုး





ငါ သဘောတူနိုင်ပါ့မလား။ မင်းမှာ ဦးနှောက်ရှိရင် ဆစ်ထန်ကို ငြင်းသင့်တယ်"

"ကျွန်မမှာ အန်တီ့လို အာဃာတတွေ ရှိမနေလို့ပါ"

"ဟုတ်လို့လား၊ လောဘကြောင့် အာဃာတတွေကို ကြိတ်မှိတ်မျိုချလိုက်တာရော မဖြစ်နိုင်ဘူးလား၊ ဒီလိုအခြေအနေမဲ့ဘဝကနေ အဆင့်အတန်းမြင့်တဲ့နေရာကို ခုန်ပျံကျော်လွှားစရာမလိုတဲ့ ရောက်သွားမှာကိုသိလို့"

"ကျွန်မ အဲလိုနေရာကို မမက်မောတတ်ပါဘူး၊ ဆစ်ထန်ကို ချစ်တာ သူ့ရဲ့နားကျင်မှုကို ကိုယ်ချင်းစာမိသွားလို့ပါ"

"ဟား ကြားကောင်းအောင် ပြောတဲ့စကားတွေ ဆစ်ထန်က ရှုံမက်နှစ်မျောနေမလား မသိပေမယ့် ငါကတော့ လုံးဝ အယုံအကြည်မရှိဘူး ပန်းနီနီ၊ ပြီးတော့ မင်းပြောတဲ့စကားတွေ နားထောင်ဖို့ ငါလာခဲ့တာ မဟုတ်ဘူး ငါတို့ အသိုက်အဝန်းထဲက ဝင်ဖို့မကြိုးစားပါနဲ့၊ ဆစ်ထန်က မင်းမိဘတွေသေလို့ပေးတဲ့ နစ်နာကြေးသိန်းနှစ်ဆယ်ထက် ဆယ်ဆ မက ငါ ပိုပေးမယ်"

"အန်တီ ခဏလေး"

ဒေါ်မြသားနွယ် ဆက်မပြောနိုင်အောင် လက်ကာတားလိုက်ပြီး အိမ်ပေါ်ကို ပြေးတက်ခဲ့သည်၊ ပြန်ဆင်းလာတော့ လက်ထဲမှာ ဘဏ်စာအုပ်။ ဒေါ်မြသားနွယ်ရှေ့က စားပွဲပေါ် ပစ်ချလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဘဏ်စာအုပ်ထဲမှာ ဆစ်ထန်က လူတစ်ယောက်အပေါ် သိတတ်စိတ်၊ စာနာစိတ်နဲ့ ကရုဏာကြေးပေးထားတဲ့ သိန်းနှစ်ဆယ်ရှိတယ်၊ တစ်ပြားမှ မသုံးရသေးဘူး"

"ဘာ"

"အဲဒီလို ပေးစာကမ်းစာနဲ့ ကျွန်မဘဝကို မထူထောင်ဘူး အန်တီ၊ ကျွန်မ မိဘတွေအတွက် ကျွန်မသွေးနဲ့ချွေးနဲ့ ရင်းပြီး ရှာလို့ရတဲ့ငွေနဲ့ပဲ ကုသိုလ်ဒါနလုပ်ပါတယ်၊ အဆင့်အတန်းဆိုတာက အန်တီက ငွေရှိမှမြင့်တယ်လို့ ထင်နေတာလား၊ ကျွန်မတို့လို လူတန်းစားတွေကတော့ အဆင့်အတန်းကို မာနတို့ ကိုယ်ကျင့်တရားတို့နဲ့ပဲ တိုင်းတာပါတယ်၊ အန်တီ့အတွက် အဲဒီငွေတွေ လိုအပ်တယ် မဟုတ်လား ပြန်ယူသွားပါ"

"တောက်"

ဒေါ်သအစိုင်အခဲတို့ ပြုဆင်းလာ၏။ ဒီလို မိန်းကလေးရဲ့ ရိုင်းစိုင်းသော တုံ့ပြန်မှုကို ခံရတာ အသည်းဆတ်ဆတ်ခါအောင် နာသည်။ ဆစ်ထန် ဒင်းကြောင့်။

ကိုယ့်ဘက်က အလျှော့ပေးဖို့ မစဉ်းစားပါ။

"မင်း ဒါကို ပြန်ပေးတာ တောင်မြင့်လို့ ရာစွန့်တဲ့သဘောမှန်း ငါသိတယ်၊ မင်းကိုယ်မင်း လူရည်လည်လှပြီလို့ မအောက်မေ့နဲ့၊ ငါဖြစ်စေချင်တာက ဆစ်ထန်နဲ့ အဆက်အသွယ်ဖြတ်ပါ၊ ငါ့သား ဒီလိုဖြစ်သွားရတာ လုံးဝမကျေနပ်နိုင်ဘူး၊ မင်းလို မိန်းကလေးကို ငါ့ချွေးမအဖြစ်



လုံးဝ အသိအမှတ်မပြုဘူး ရှင်းပြီလား"

ပန်းနီနီ ခနိုးခနဲ့ ပြုံးကာ ခေါင်းရမ်းလိုက်သည်။

"ဒါဆိုရင် ကျွန်မ ကျေနပ်အောင်လည်း အန်တီ လုပ်ပေးမှ ဖြစ်မယ်"

"ငါက ဘာလုပ်ပေးရမှာလဲ"

"ကျွန်မမိဘတွေ အသက်ရှင်အောင်လေ၊ ဒါဆို အန်တီ့သားလည်း ထောင်ကျစရာမလိုဘူး၊ ဆစ်ထန်နဲ့လည်း ဆုံဆည်းစရာ အကြောင်းမရှိတော့ဘူး"

"မင်း မဖြစ်နိုင်တာတွေ ကန့်လန့်တိုက်ပြီး မပြောနဲ့၊ ဘယ်သူက မင်းမိဘတွေကို သေစေချင်တဲ့ဆန္ဒနဲ့ လုပ်ကြံခဲ့လို့လဲ၊ ကံတရားကြောင့်"

"အဲဒါကို ယုံကြည်ရင် ကျွန်မအပေါ် ဘာလို့ အာဃာတထားနေတာလဲ အန်တီ၊ အခြေအနေချင်းမတူလို့ ဂုဏ်ပကာသနတွေ ကွာခြားလို့ ဆစ်ထန်နဲ့ ရိုးရိုးသားသား သဘောမတူဘူး ပြောတာက သဘာဝကျပါသေးတယ်၊ အခုက ဆစ်ထန်အပေါ် မေတ္တာစိတ်နဲ့မဟုတ်ဘဲ အန်တီ့သားကြီးကြောင့် အတ္တကြီးကြီး မာန်တက်နေတာ"

အနာပေါ်တုတ်ကျသလို ဆတ်ဆတ်ခါသွားရသည်။ ကိုယ်က မတန်မရာ ပြောဖို့လာခဲ့တာ။ အခု ဒီမိန်းကလေးကချည်း အကွက်စေ့စေ့ တိုက်ခိုက်နေပါလား။

ဆစ်ထန် ကျိုးနွံနာခံ နုံအတဲ့ မိန်းကလေးကို ရွေးချယ်ထားတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား။ ဥစ္စာခေ မကြွယ်ဝဘဲ အလွှတ်ကြီး ထက်မြက်ပြနေတာ မျက်မှန်းကျိုးစရာကောင်းလွန်းလှသည်။

"ဒီမှာ မင်း ငါ့ကို ဘာမှခေဝဖန်နေစရာမလိုဘူး။ ဘယ်လို အကြောင်းနဲ့ပဲဖြစ်ဖြစ် ဆစ်ထန်ကို အဆက်အသွယ်ဖြတ်ပေးပါ။ မင်းကို အဲဒါလာပြောတာပဲ"

"ကျွန်မ မိဘတွေကို အသက်ရှင်အောင် ပြန်လုပ်ပေးရင် စဉ်းစားမယ်"

"ဘာ မင်း မဖြစ်နိုင်တာ မပြောနဲ့"

"ကျွန်မလည်း ဆစ်ထန့်ကို လွယ်လွယ်ဖြတ်ပေးဖို့ မဖြစ်နိုင်ပါဘူး၊ ဆစ်ထန်ကိုချစ်လို့ ချစ်ခဲ့တာ၊ ဘာအရောင်မှ ဘာတာပ်မက်မှုမှ မပါဘူး၊ တခြားအကြောင်းအရာတွေနဲ့ အဲလို ဘေးရမယ်မှန်းသိရင် အစ တည်းက ဘယ်ချစ်ခဲ့ပါ့မလဲ"

"မင်း"

"မိခင်တစ်ယောက်ရဲ့မေတ္တာမျိုးနဲ့ ငါ့သားနဲ့ မတူမတန်ဘူးလို့ ရှေးရိုးစကားတွေနဲ့ ကန့်ကွက်ခဲ့ရင်လည်း အန်တီ့ကို တောင်းပန်ခယပြီး ဆစ်ထန်နဲ့ လက်ထပ်ဖြစ်အောင် လက်ထပ်မှာပါ၊ သူ လိုအပ်နေတဲ့ နွေးထွေးမှုတွေ မေတ္တာတွေ ကျွန်မ ပေးနိုင်တယ်၊ မွေးကတည်းက မိခင်ရှိရဲ့နဲ့ မိခင်မေတ္တာ ငတ်မွတ်တောင့်တနေတဲ့သူ့ကို မိခင်ရဲ့နွေးထွေးတဲ့ မေတ္တာတွေ၊ ဇနီးမယားတစ်ယောက်ရဲ့ ကြင်နာမှုတွေ သူ့ကိုအပြည့်အဝ



ပေးမှာ"

"တောက်"

နှုတ်လှန်ထိုးမှုကို ခံပြင်းကာ တက်တစ်ချက် ခပ်ပြင်းပြင်းခေါက် ၍ ပြန်ထွက်သွားခဲ့သည်။ ဒီမိန်းကလေး ဒီလောက်ထိ စော်ကားတိုက်ခိုက် ရဲတာ ဆစ်ထန် သွေးထိုးမြှောက်ပင့်ထားလို့ဆိုတာ သေချာသည်။

ဆစ်ထန် မင်းနဲ့ငါနဲ့ တွေ့ကြသေးတာပေါ့။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"ကျွန်တော်တော့ မတွေ့မိဘူး။ သခေါ်ခဲ့ပိကို ဒီနေ့တင် ကုန် ကုန်သွားချနေရလို့ အစ်ကိုသိချင်ရင် သူ့ဆွေကို သွားမေးပေးပါ"

"အေး ကျေးဇူးပါကွာ"

ပွဲရုံထဲကို အလုပ်သမားကောင်လေး ဖွတ်ခနဲ ဝင်သွား၊ ချက် ချင်းဆိုသလို ပြန်ထွက်လာသည်။

"ပန်းနီနီ ဒီနေ့ အလုပ်မဆင်းဘူး၊ ဖုန်းဆက်ပြီး ခွင့်တိုင်တာတဲ့ အစ်ကို"

"ဟင်"

ပန်းနီနီ အလုပ်မဆင်းဘူးတဲ့။ နေမကောင်းလို့လား။ တခြား ဘာအကြောင်းရှိလို့လဲ။





"ကျေးဇူးပဲ ညီလေး၊ အစ်ကို သွားလိုက်ဦးမယ်နော်"

ကားမောင်းထွက်လာခဲ့သည်အထိ သူ့စိတ်ထဲ ဇဝေဇဝါနဲ့ပါ။ နေမကောင်းလို့ဖြစ်ဖြစ် ဘာဖြစ်ဖြစ် သူ့ကို ဖုန်းဆက်အသိပေး ကောင်းတာပေါ့။ အခုတော့ သူ့မှာပွဲရုံကိုလာကြိုမှ သိရသည်။

မျိုးခင်းဆီ ပြန်ဝင်မနေတော့ဘဲ ပန်းနီနီတို့အိမ်ကိုပဲ ကား တောက်လျှောက် မောင်းလာခဲ့သည်၊ လမ်းမှာ တစ်ခုခုဝင်ဝယ်ဖို့ စဉ်းစား သေးပေမယ့် ဆိုးရိမ်စိတ်တွေနှင့် အမြန်တွေ့ချင်စိတ်ကြောင့် ဘယ်မှပဝင် ဖြစ်ခဲ့တော့ဘဲ

"ဟော မောင်ဆစ်ထန့်"

"ကြီးမေ နီရော၊ နီ အလုပ်မဆင်းဘူးဆိုလို့ အိမ်လိုက်လာတာ၊ နေမကောင်းဘူးလား၊ ဟင် ကြီးမေ၊ နီ အိမ်မှာရှိတယ် မဟုတ်လား"

"မရှိဘူးကွဲ့"

"ဗျာ ဘယ်ကို သွားတာလဲ"

"သိတာအမေ နေမကောင်းလို့ ဆေးခန်းလိုက်ပို့တယ်ကွယ့်"

"ဟင် နီ နေမကောင်းတာ မဟုတ်ဘူးလား"

"နီ့ နေကောင်းပါတယ်"

"ဒါဆို နီ ဘာလို့ အလုပ်မဆင်းတာလဲ ကြီးမေ၊ တော်ရုံတန် ဆို နီ အလုပ်ပျက်တတ်တာမှ မဟုတ်တာ"

"မနက်က ဧည့်သည်တစ်ယောက် ရောက်လာလို့ အလုပ်သွား



www.burmeseclassic.com

www.burmeseclassic.com



ဖို့ နောက်ကျသွားတယ်၊ အဲဒါကြောင့် ခွင့်တိုင်လိုက်တာ''

''ဗျာ ဘယ်ကညှေ့သည်လဲ''

''မင်း သိပ်သိချင်သလား။ ကြီးမေ ပြောပြမယ်၊ ထိုင်ဦး မော်ဆစ်ထန်''

ခုံတန်းလျားမှာ ဝင်ထိုင်လိုက်ရင်း ကြီးမေ မျက်နှာခါတိုင်းနဲ့ မတူဘူးဟု သတိထားမိသည်။ ဘာကြောင့်ဆိုတာတော့ ကြီးမေ ပြောပြမှ သိတော့မှာ။

''မနက်က မင်းအမေ လာသွားတယ်''

''ဗျာ မေမေက ဒီ ဒီအိမ်ကိုလာသွားတယ်''

သူ တကယ်ကို အံ့သြသွားခဲ့တာ။ မေမေက ဘာလို့ ပန်းနီနီ လာတွေ့ရတာလဲ။ ဘာတွေပြောသွားခဲ့တာလဲ၊

''ပန်းနီနီက ကြီးမေကိုဈေးဘက် ရှောင်ထွက်ခိုင်းလိုက်၊ အခြေအနေတွေ တင်းမာကြတယ် ထင်တယ်''

''မေ မေမေက ဘာတွေပြောသွားခဲ့တာတဲ့လဲ''

''မင်းနဲ့သဘောမတူဘူးပေါ့၊ လူချမ်းသာတို့ ထုံးစံအတိုင်း ချိုးမျှစ်ချိုး ပြောဆိုစော်ကားခဲ့မှာပေါ့ကွယ်၊ နီကတော့ မသိစေ မကြား ချင်လို့ ရှောင်ထွက်ခိုင်းပြီး ကြီးမေကို စကားကုန်ပြောခဲ့တာလည်း မပ ပါဘူး။ ခန့်မှန်းကြည့်ရသလောက် မင်းပေးတဲ့ ငွေသိန်းနှစ်ဆယ် ဘာ အပ်ထားတဲ့ဘဏ်စာအုပ်ပါ ပြန်ပေးလိုက်တာဆိုတော့''





''ဗျာ အဲဒါပါ ပြန်ပေးလိုက်ရတာလား''

ဒီလောက်ထိ ဖြစ်သွားမှတော့ အခြေအနေ ပြင်းထန်လို့ဆိုတာ ရှု သဘောပေါက်သွားသည်။ မေမေ ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ။ ပန်းနီနီကို အားနာတာလား စိတ်မကောင်း ဖြစ်မိသွားတာလား မသိဘဲ ရှု မျက်နှာတစ်ခုလုံး တရှိန်းရှိန်း ပူတက်လာသည်။ ညအမှောင်မှာ ပြင်သာပေမယ့် သူ့မျက်နှာ နီမြန်းပူထူနေမှာ သေချာသည်။

''နီ အရမ်းစိတ်ထိခိုက်မှာ ကြီးမေရယ်၊ အဲဒါကြောင့် သူ မလုပ်မခဝင်းနိုင်တာ ဖြစ်မယ်၊ အခု ဘယ်ဆေးခန်းကိုသွားတာလဲဟင်၊ ကျွန်တော် လိုက်သွားမယ်''

''အခန့်မသင့်ရင် ခေါင်းရှုံတင်ရမှာလို့ ပြောတယ်၊ ဘယ်ဆေးရုံ ဆေးခန်းသွားကြတာလဲ ကြီးမေ မသိပါဘူးကွယ်''

''မေမေဗျာ အဲလို မလုပ်သင့်ဘူး။ မလာသင့်ဘူး မပြောသင့် ဘူး။ ပြောစရာရှိ ကျွန်တော့်ကိုပဲ ပြောပေါ့၊ နီက ပတ်ဝန်းကျင်နဲ့သိက္ခာ ရေမ်းဘူးမှာကြောက်တာ၊ အခု သူ ဘယ်လောက် ရှက်သွားရှာမလဲ''

''မင်းကိုချစ်တဲ့စိတ်နဲ့ သူ ရှက်ရမှန်းလည်း မသိဘူးထင်ပါတယ်၊ ပူလည်း ပြောသင့်သလောက် ပြန်ပြောလိုက်တယ်လို့ ပြောတယ်၊ စိတ် မကောင်းလည်းမဖြစ်ပါနဲ့ ဒါက မင်းလုပ်တဲ့အပြစ်မှမဟုတ်တာ''

''ဒါပေမဲ့ ကျွန်တော့်မေမေက အိမ်တိုင်ရာရောက် လာစော် ကားသွားတာလေ၊ ကိုကျွဲအတ္တစိတ်ကြောင့် နီရဲ့ ရှိုးသားမှုကို မေမေ



www.burmeseclassic.com

www.burmeseclassic.com



မမြင်တော့တာ နိုကို ကျွန်တော် ဘယ်လိုတောင်းပန်ရမလဲ"

"ရပါတယ် မောင်ဆစ်သန့်ရယ်၊ အလွှားတွေတွဲသူတွေ ပတ်သက်မိကြတာ ဒီလို အခက်အခဲ အဟန့်အတားဆိုတာ ရှိမှာပဲပေါ့"

"ကြီးမေကိုလည်း စိတ်ဆင်းရဲအောင်လုပ်မိသလို ဖြစ်သွားပြီ။ အားနာပါတယ် ကြီးမေရယ်၊ တောင်းလည်းတောင်းပန်ပါတယ်နော်"

"အေးပါကွယ်၊ မင်းနဲ့ကြီးမေကြားမှာ ဒါတွေမလိုပါဘူး၊ ဘာ ဖြစ်ဖြစ် ဒီပြဿနာတွေကို ကျော်ဖြတ်ပြီး ခင်းတို့ချင်း အဆင်ပြေမယ်ဆို ကြီးမေ ကျေနပ်ပါတယ်"

"ကျွန်တော် နိုကို လက်ထပ်မှာပါ ကြီးမေ"

သေချာသောကတိကိုပေးခဲ့ပြီး သူ ပြန်လာခဲ့သည်။ ဒီကို မေမေနဲ့ ပြတ်ပြတ်သားသား ရှင်းရမှာ။ သူ့ကားလေးက ခြံဝင်းထဲကို အရှိန်ပြင်းပြင်း လှိမ့်ဝင်လာသည်။ ဒီအချိန်ဆို မေမေ အိပ်နေလောက်ပြီ ကားဟွန်း အကျယ်ကြီး တီးမနေတော့။

အိမ်ထဲကို လှမ်းဝင်ဖို့ ပြင်နေစဉ်မှာ ပေါ်တီကိုအောက်က ကြိုဆက်ဝင်ထိုင်ခုံမှာ မေမေ့ကိုမြင်လိုက်ရတော့မှ သူ မေမေ့အနားကို လျှောက်လာခဲ့သည်။ မေမေက ခုံးချွားစွာ ခြံရံထားသော မျက်ခမ်းများဖြင့် မျက်လွှာတစ်ချက် ပင့်ကြည့်၏။

မေမေ့မှာလည်း ပြောစရာစကားတွေ ရှိနေပုံပင်။

"မေမေ ဘာလို့ ပန်းနိုနိုကိုသွားတွေ့တာလဲ"





"မင်းက အဲဒီအိမ်ကို ရောက်ခဲ့တာလား၊ ဘာတွေများ ကိုက်ညှိအောင် သွင်းပေးခဲ့သေးလဲ"

"မေမေ"

"မင်းပြောပြထားလို့ ငါတို့အိမ်တွင်းရေးအကြောင်း အကုန်သိထားသဲ့ပုံပဲ၊ မင်းရဲ့အထီးကျန်မှုတွေကို ကိုယ်ချင်းစာပေးနေလိုက်တာများ ...င်း ဟင်း ငါကတော့ မယုံပါဘူး။ မင်းမှာ မက်မောစရာတွေ တစ်ပုံ ...စ်ပင်နဲ့လေ"

"မက်မောစရာရှိလည်း ကျွန်တော် ပိုင်ဆိုင်ရမှာတွေမဟုတ်မှန်း ...ပု သိပါတယ်၊ ရက်ရက်ရောရော ပေးတာကိုတောင် အပြုံငြင်ခဲ့ ကျေးဇူး ...င်ခံပြီး မယူတာ သူ့ရဲ့မာနပဲ မေမေ"

"မင်းက အဲဒါတွေကို အထင်ကြီးနေတာလား၊ ငါ့အတွက်တော့ ...နိုနိုဆိုတာ ဖြုပ်ဆိုးတစ်ကောင်ပဲ၊ ငါ့သားကြီးက သူ့ကြောင့်"

စကားမဆုံးခင်မှာပင် မေမေ့ရေ့ကစားပွဲကို ဖြန်းခနဲ သူ ...ပ်ပစ်လိုက်သည်။ မေမေတစ်ချက် တွန့်သွားသလို ဖြစ်သော်လည်း ...ျက်နှာကတော့ မကျေမချမ်း တင်းထန်နေဆဲ။

"ကိုကို ဘာကြောင့် ဒီလိုဖြစ်တယ်ဆိုတာ ခဏ ခဏ ရှင်းပြ ...းမနေချင်ဘူး မေမေ၊ မေမေလည်းသိတယ်၊ သိရဲ့နဲ့ အတ္တတွေကြောင့် ...မြင်နိုင် မသိနိုင် ဖြစ်နေတာ"

"ဘာ အဲဒါမျိုးပေါ့၊ မင်းရဲ့ အဲလိုစကားမျိုးနဲ့ ဟိုကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



က ငါ့ကိုတိုက်ခိုက်လိုက်တာ၊ ကလေးကချေ တစ်ယောက်လို အဆင့်အ တန်းမဲ့တာ မျိုးရိုးဗီဇကြောင့်ဆိုတာ ထယ်မှန်တာပဲ"

"မေမေ"

"ဒီလို အသိုက်အဝန်းကို ဘယ်လိုပဲ ရောက်လာလာ ဗီဇက တော့ ဘယ်ပျောက်လို့ ရမှာလဲ"

"ကျွန်တော့်ကို မေမေ့သားမဟုတ်ဘူးလို့ အတည်ပြုနေတာ လား ကျွန်တော်က"

"ဟုတ်တယ် မင်း ငါ့သားမဟုတ်ဘူး"

"ဗျာ ဒါ ဒါဆို ကျွန်တော့်မိဘတွေက ဘယ်သူလဲ၊ ဘယ်ကနေ ခေါ်မွေးစားထားတာလဲ"

တုန်လှုပ်စွာ သူ့ အမေးမှာ ခနဲ့ခနဲ့ မေမေ့အပြုံးက အဆိုး ပြင်းလှသည်။ ပြောဖို့အတွက်ကို အခွင့်သင့် စောင့်နေခဲ့ဟန်ရှိပြီး မသူ့ စိတ်ပိုက်လိုက်တာလည်း တင်းထန်ထားသော မျက်နှာတို့က သိသာ ၏။

"မေမေ ပြောဖို့ အကြိမ်ကြိမ် ကြိုးစားနေခဲ့တာမဟုတ်လား ဖေဖေ့ရဲ့ပိတ်ပင်တားဆီးမှုတွေကြောင့်"

"မှန်တယ် မင်းအဖေရဲ့တားဆီးမှုတွေကြောင့် မင်း စော်က နေသမျှ ငါ မျိုသိပ်သည်းခံနေခဲ့ရတာ"

"အဲဒါဆိုလည်း ဘာလို့ မွေးစားခဲ့သေးလဲ၊ ကိုကို ရှိနေရဲ့





မွေးစားခဲ့တာ မေမေတို့ မှားတာ ပြောပါ ကျွန်တော့်ကို ဘယ်လိုပုံစံမျိုး နဲ့ မွေးစားခဲ့တာလဲ"

"မင်းက မင်းအဖေရဲ့ အငယ်အနှောင်းမိန်းမရဲ့သားပဲ"

"ဗျာ ဖေ ဖေဖေ့ရဲ့"

သူ့မျက်နှာကို လက်ဝါးနှင့်အုပ်၍ ကြမ်းဆက်တီလေးပေါ် ဖင် ထိုင်ကျသွားခဲ့သည်။ ဒါကြောင့်မို့ မေမေ အငြိုးအာဃာတတွေ ကြီးမား နေခဲ့တာလား။ အငယ်အနှောင်းရဲ့သား ဖြစ်နေမှတော့ မယားကြီးဖြစ် သူက ဘယ်ကြည်ဖြူပါ့မလဲ။

မေမေ့ကို သူတစ်သက်လုံး လေးစားကြည်ညိုလာခဲ့တာ။ ဒီလို အိမ်ထောင်ရေး ဖောက်ပြန်မည့်လူစား ဖြစ်နေလိမ့်မည်လို့ လုံးဝ မထင်မိ။

မေမေ ဒါဆို သူ့ကိုမွေးခဲ့သည့်အမေဆိုတာ သပ်သပ်ရှိနေတာ ပေါ့။

"ကျွန်တော့်အမေ ဘယ်မှာရှိနေလဲ ပြောပါ၊ ကျွန်တော် အမေ့ဆီ ကို ပြန်ပါ့မယ်"

"မင်းလိုက်သွားချင်ရင် မြေကြီးထဲကို တူးဆွဝင်သွားပေတော့ စစ်ထန်"

"သြော် မေမေက သေသွားခဲ့တာလား"

သူ ဒီလောက်ပဲ တိုးတိတ်စွာ ရေရွတ်လိုက်မိပါသည်။ အရာရာ ကို သဘောပေါက်လိုက်မိသလို ဘယ်သူ့ကို အပြစ်ပြောရမှန်းလည်း



www.burmeseclassic.com

www.burmeseclassic.com



မသိပါ။ ဖေဖေကိုလား၊ မေမေ့ကိုလား၊ သူ့ကိုမွေးခဲ့သည့် အမေကိုလား။

သူကိုယ်တိုင် လူဖြစ်လာခဲ့ခြင်းက အပြစ်ကျူးလွန်မိခြင်းလား။

"ဟင်"

ဆစ်ထန်ရဲ့ မျက်ရည်တွေကိုမြင်တော့ ဒေါ်မြသားနွယ်ရင်ထဲ ဆို့နင့်နာကျင်သွားသလို ရှိသည်။ ဒီလို မပြောဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် သတိပေးထိန်းချုပ်လာခဲ့တာပါ။

တစ်စုံတစ်ရာနှင့် ပေါက်ကွဲခွင့်ကြုံတိုင်း ကိုမောင်ရဲ့တားဆီးမှုတွေကြောင့် မပြောဖြစ်ခဲ့တာလည်း ပါသည်။ ပြီးတော့ ဒီကလေးမှာ ဘာအပြစ်ရှိလို့လဲဟု အတွေးလည်း ဝင်မှုး၏။

အခုတော့

"မင်းကိုငါ မပြောဖို့ ဆုံးဖြတ်ထားခဲ့တာပါ၊ မင်းတို့က နှစ်ယောက်ဝိုင်းပြီး တိုက်နိုက်နေသော့"

"ဟင့်အင်း အခုလို ဖွင့်ပြောလိုက်မှ ကျွန်တော်လည်း ကိုယ့်တာ၀ အကြောင်းကိုယ်သိမှာပေါ့၊ မေမေ့ကို ကျွန်တော့်ရဲ့မွေးထုတ်ခဲ့တဲ့ အမေ ထင်ပြီး ဥပေက္ခာတွေနဲ့ ဆက်ဆံခံရတာကို လှုပ်ရှားလေခြင်း။ ပြောရက် လေခြင်း။ ရက်စက်ရက်လေခြင်းလို့ ရင်တွေနာနေခဲ့တာ၊ အခုတော့ အငယ်အနှောင်းရဲ့သားတစ်ယောက်ကို မေမေ ပြောသင့်ဆိုသင့် ဥပေက္ခာ ပြုသင့် ရက်စက်သင့်တာပဲ"

ရှိုက်သံတို့ဖြင့် ထိုစကား၊ နားထဲမှာ ကြောင်းနိုင်သလို ရင်တွေ



ကလည်း လက်မခံနိုင်သလို နာကျင်လာသည်။

ဘာသူဘာယ မဟုတ်ပေမယ့် ဒီကလေးကို ကိုယ်ပဲ ပွေ့ပိုက်မွေး ပြုခဲ့ရတာ၊ အဲဒီမျက်ရည်တွေ သုတ်ပစ်လိုက်ပါတော့လား။

"အိမ်ထောင်ရေး ဖောက်ပြန်ပြီး အငယ်အနှောင်းထားပြီးမှ ရလာတဲ့ ကျွန်တော့်ကိုကြည့်ပြီး မေမေ အရမ်းနာကျင်ခံစားနေခဲ့ရမှာပဲ နော်၊ အစတည်းက ကျွန်တော့်ကို ဖွင့်ပြောခဲ့ရောပေါ့၊ မေမေရယ်၊ မေမေ မနာကျင်ရအောင် မခံစားရအောင် ကျွန်တော် ထွက်သွားပေးမှာပေါ့"

"မင်း ဘာတွေပြောနေတာလဲ"

"ကျွန်တော့်ရင်ထဲက အမှန်တရားတွေပါ၊ ကျွန်တော် မေမေ့ကို ချစ်တယ်၊ မေမေ ပြောသလိုပဲ အဆင့်အတန်း နိမ့်တဲ့ဗီဇသွေးတွေပါလာ လို့ မေမေ့ကို ချစ်နေရဲ့နဲ့ ရိုင်းရိုင်းစိုင်းစိုင်းတွေ တုံ့ပြန်ပြောဆိုမိတာ ပါတယ်၊ ခွင့်လွှတ်ပါ မေမေ၊ ပြုခဲ့သမျှ အမှားတွေအတွက် ကျွန်တော် ဦးချပြီး တောင်းပန်ပါတယ်"

ပါကေးခင်းခေါ်တိုင်ချပြီး ကန်တော့လိုက်ချိန်မှာ မိမိရင်တစ်ခု လုံး နင့်သီးစွာ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ပြောလိုက်မိခြင်းအတွက် နောင်တလည်း ရလိုက်သည်။

မိမိအပေါ် တွယ်တာနေရှာသည့် ဒီကလေးကို နာကျင်စရာ စကားရာတွေ တနင့်တပိုး ပေးလိုက်မိပြီပဲ။

"ဆစ် ဆစ်ထန့်"

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဖျားက အသံထွက်မသွားပါ။ ကန့်ဘော့နေရာမှ ပြန်းခနဲ ခြိပြင်ပြေးထွက်သွားသော ဆစ်ထန်ကို ဘယ်လိုမှ တားဆီးချိန်မရလိုက်။ မာနတို့က ခွင့်မပြုတာလား။

အတ္တတို့က ထိန်းချုပ်ထားလိုက်ခြင်းလား။ လွှန့်ဆွဲနေသော ဒွိဟစိတ်တို့မှာ သံယောဇဉ်ဆိုသော ကြိုးတစ်မျှင်ကာသည်း . . .။

□ □ □



## အခန်း (၂၇)

''ဆစ်ထန် သူငယ်ချင်း ဟာ ဆစ်ထန်''

ကိုယ့်ကိုဖက်ကာ သိမ့်သိမ့်လှုပ်အောင် ရှိုက်ငိုနေတာကြောင့် ပျိုးမင်း အံ့ဩပြူးပျာနေသည်။ ညကြီးမိုးချုပ် ဆိုင်တံခါးကို လာခေါက်တော့ ဆစ်ထန် ဖြစ်နေလိမ့်မည်ဟု မထင်မိ။

ကိုယ်က ဆိုင်မှာအိပ်တာကြာပြီဖြစ်သော်လည်း ဒီအချိန် ဘယ်ညည်သည်မှ မလာဘူးတာမို့ ဆစ်ထန်ကိုမြင်တော့ ဝမ်းသာသွားမိသေး၏။ အဖော်လာလုပ်ပေးသည်ထင်မိလို့ပါ။

''ဆစ်ထန် မင်း ဘာဖြစ်လာတာလဲ ပြောဦးလေကွာ၊ မင်း ယောက်ျားဖြစ်ပြီး အဲလောက်တောင် နှင့်နှင့်သီးသီး ငိုနေရလား၊ ဘယ်လောက်တောင် ငမ်းနည်းစရာကိစ္စနဲ့ ကြုံလာတာလဲ''

''မေ မေမေက ငါ့အမေရင်း မဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဩော် အဲဒါက မသေချာပေမယ့် သံသယနဲ့တင် ခံနိုင်ရှာ ရှိနေပြီးသားပဲ မဟုတ်လား၊ အထူးအဆန်း"

"ငါ့အဖေက အိမ်ထောင်ရေး ဖောက်ပြန်ပြီး အငယ်အနှောင်း ရလာတာ၊ မယားကြီးဖြစ်တဲ့ မေမေက မွေးရတာ မထူးဆန်းဘဲနေပါ့ လား"

"ဘာ ဟိတ်ကောင် ဆင်ထန်၊ တကယ်လားဟ"

မျိုးမင်း ထိတ်လန့်သွား အော်လိုက်မိတာ၊ ဆင်ထန် ဝမ်းနည်း ရခြင်းအကြောင်းအရင်းက ဆိုးဆိုးဝါးဝါး။ မယားငယ်နှင့်မွေးသည့်ကလေး မယားကြီးအိမ်ခေါ်လာမှတော့ နှိပ်စက်ခံရပြီပေါ့။

တစ်အိုးတစ်အိမ်မှာ သီးသန့်ခွဲထားပြီး တာဝန်ကျေအောင် ကြိုးစားရင်တော်သေး။

"အခု ဒါကို မင်းအဖေက ပြောလိုက်တာလား၊ မင်းအမေ လား"

"ဖေဖေက အရင်ကတည်းက မေမေ ပြောလိုက်မှာနိုးလို့ နေခဲ့တာ၊ အခုက ဖေဖေ့ရှေ့မှာ ပြောလို့မရတဲ့ စကားတွေကို မေမေ ငါသိအောင် ပြောလိုက်တာ"

"အမှန်တွေရော ဟုတ်ပါ့မလား"

"အပြောင်အပျက် စနောက်ရအောင် မေမေနဲ့ငါ အဲလော မရင်းနှီးတာ မင်း သိသားနဲ့ကွာ"



"အခု မင်း ဘာလုပ်မှာလဲ"

"အိမ်က အပြီးထွက်လာခဲ့တာ၊ ဘာမှမယူလာဘဲနဲ့"

"ဆင်ထန်"

အခုမှ ဆင်ထန် ကားယူမလာတာကို သတိထားမိသည်။

"လက်ချည်းသက်သက် ဘာမှမပါဘဲ ထွက်လာခဲ့တာ မေမေ့ ပိုင်ဆိုင်မှုတွေနဲ့ မပတ်သက်ရာဘူးထင်လို့ပါ၊ အရင်က အမေဖြစ်ရဲ့နဲ့ ဥပေက္ခာပြု ရက်စက်လွန်းတယ်ဆိုပြီး အရှုံ့တိုက်နေခဲ့တာ၊ အငယ်အနှောင်း အောက်တန်းကျတဲ့သူရဲ့သား မိုက်ရိုင်းလွန်းတယ်လို့ မေမေ ကျိန်ဆဲနေခဲ့မှာပဲ၊ တကယ်တော့ အိမ်အရိပ်ကို ခိုခွင့်ပေးတာပဲ မေမေ့ကျေးဇူးတွေ များနေပါပြီ"

"မင်း အဲလိုကြီးတော့ လုပ်စရာမလိုဘူးထင်ပါတယ်၊ အဖေက မင်းအဖေအရင်းပဲ၊ အဲဒီမြေသားနွယ် မကြည်ဖြူလည်း ခံစားခွင့်တစ်ဝက် မင်း ပိုင်ဆိုင်သင့်တယ်"

မျက်ရည်တွေကို ပခုံးစောင်းနှင့်ပွတ်သုတ်ပြီး ဆင်ထန် ခေါင်းခါမိသည်။

"ကျေးဇူးမသိတတ်ဘာထက် အလိုက်မသိတဲ့သူတော့ တကယ် မဖြစ်ချင်ဘူး။ ငြိုငြင်မှုတွေနဲ့ မလိုလားတာ အရင်တည်းက သိနေရဲ့နဲ့ ဘာမှမမက်မောပါဘူးလို့ ဟစ်ကြွေးနေခဲ့တာလည်း မေမေ ယုံခဲ့ ဘာမှမဟုတ်တာ၊ ငါ့ကို အရိပ်တကြည့်ကြည့်နေခဲ့ရင်း တစိမ့်စိမ့် နာကျင်

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ရမှာ၊ အခုမှ ပြန်တွေးပြီး မေမေ့ကို အရမ်းအားနာတယ်"

"အဲဒါနဲ့ပဲ မင်းထွက်သွားမယ်ဆိုတာက မင်းအမေကို အပြစ်တွေကြောင့် စွန့်ပစ်ခဲ့သလို ဖြစ်မနေဘူးလား"

"အဲလို မဟုတ်ပါဘူး၊ မေမေလည်း ငါ့ကြောင့် အနေကျပ်အစားကျပ်နဲ့ စိတ်ပင်ပန်းခဲ့ရတာ ငါ့မျက်မြင်ပဲ"

"မင်း ဘယ်သူ့ကိုမှ အပြစ်မမြင်တာ သားကောင်းပီသပါတယ်၊ ငါ အရမ်းလေးစားပါတယ် ဆစ်ထန်၊ ဒါနဲ့ ပန်းနီနီကို မင်း ဘယ်လိုလုပ်ခဲ့မှာလဲ"

ဆစ်ထန် ခေါင်းတစ်ချက်ခါကာ တွေဝေနေ ဖြစ်၏။ ပြီးမှ သူ၏ ပြင်းရှိုက်သံတို့က ပြင်းထန်လွှင့်ပျံ့ကာ

"အမှန်တရားတွေပြောလိုက်ရင် ပန်းနီနီ နားလည်ပေး မလားမသိပေမယ့် ပန်းက မာနကြီးတဲ့သူ၊ ဂုဏ်သိက္ခာနဲ့ကိုယ်ကျင့်တရားကို ကိုးကွယ်လေးစားတဲ့သူ၊ သူ့မှာလည်း ပိုင်ဆိုင်မှုတွေ အများကြီး မရှိပါဘူး၊ ငါကလည်း ခုချိန်မှာ အခွံသက်သက်လေ၊ သူ့ဘဝနှင့်ပူ အောင် ငါ ထပ်မလုပ်ရက်ဘူး"

"အဲလိုတွေ အကုန်လုံး စွန့်ပစ်လိုက်ရင် မင်းအရမ်း အထီး သွားမှာပေါ့၊ မင်းအမေကို မင်းလုပ်ပေးခဲ့တာတွေ အများကြီးပါ၊ သူ့ အရေးတွေလည်း တောင်းဆိုဖူးတာ မဟုတ်ဘဲနဲ့"

"အချိန်တန်ရင် အရာအားလုံးက နဂိုအတိုင်း ပုံမှန်ဖြစ်





မှာပါ"

"ဆစ်ထန်"

"ငါ ပိုင်ဆိုင်သင့်တာ ဘာမှမရှိပါဘူး၊ ဒီတစ်ည ဒီမှာတည်းခိုပြီးရင် နောက်တစ်နေ့ကစပြီး ငါ့အနာဂတ် ပျောက်သွားပြီ"

"မင်း ပန်းနီနီ အပေါ် အဲလို မတရားမလုပ်သင့်ဘူး၊ မင်းကို သူ နားလည်မှုတွေနဲ့ တန်ဖိုးထားပြီး ချစ်ခဲ့တာ၊ သွားမယ်ဆိုရင်တောင် သူ့ကိုအသိပေးသင့်တယ် မဟုတ်လား"

ပြောသင့်သလောက် ပြောပြီး ဖျောင်းဖျနေပေမယ့် ဆစ်ထန်က ဆုံးဖြတ်ချက်ချပြီးသူလို ခေါင်းမာတင်းခံနေဆဲပင်။ ဖြစ်သမျှ သူ့အပြစ်သွေးချည်းလို့ ခံယူလို့ အပြစ်ဒဏ်သင့်ခံဖို့ အဆင်သင့်ပြင်လို့နေ၏။

ဘယ်သူက စွန့်လွှတ်အနစ်နာခံနိုင်သူကြီးလို့ ဂုဏ်ထူးဆောင်လက်မှတ်ပေးမှာမို့လဲ။

ခံစားခွင့်ရှိသော ဗလာသက်သက် ပေးဆပ်မှုများမှာ သူ့အတွက် ဘာတရားပဲလို့ မှတ်ယူနေလေသလား။

"မင်းနဲ့ ရှယ်ထားတာတွေ တတ်နိုင်တဲ့နေ့ မေမေ့ကို ပြန်ပေးလိုက်ပါ၊ သူတို့ပိုင်ဆိုင်မှုတွေကို ငါ့ပဲလို့သတ်မှတ်ပြီး အောက်ခြေလွတ်နေခဲ့တာ အရမ်းရှက်ဖို့ကောင်းတယ်၊ ငါ ဘယ်ကိုသွားတာလဲလို့မေးရင် မပြောပါနဲ့၊ ဘာတွေ ခံစားသွားရလဲလို့ စာနာစိတ်နဲ့ရောက်လာခဲ့ရင် မသိချင်ယောင်ဆောင်နေလိုက်"



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတွေ အဆုံးသတ်မှာ လေးပင်သွားပြီး မျက်ရည်စက်တို့ လိမ့်ဆင်းကျလာ၏။

မဖျောင်းဖျတော့ပါဘူး၊ မျက်ရည်ကျလို့ အေးနွေးသက်သာမယ်ဆိုရင် ထပ်ငိုလိုက်ပါ သူငယ်ချင်း...။

□ □ □



အခန်း (၂၈)

"ဘာ မင်း ဘာပြောတယ် မြသား၊ သားကို သားအရင်းမဟုတ်ဘူးလို့ မင်းပြောလိုက်တယ်၊ အဲ အဲဒါကြောင့် သားက"

"ခဏစိတ်ပြေလက်ပျောက် ထွက်သွားပြီး ပြန်လာမယ်ထင်တာ၊ ...က်က မျိုးမင်းကို ဖုန်းဆက်ကြည့်တော့မှ"

"မြသားနွယ် မင်း"

တုတ်ကောက်ဖြင့် အားပြုထရပ်သိက်ပြီး ဦးချဲ့ကိုတွန်းကန်ပစ်...က်၏၊ ယိုင်နဲ့သွားသော ကိုယ်ကို ဆိုဖာခုံနောက်မှီနှင့် ထိန်းကိုင်ထား...က်ပြီး တက်ဘာစ်ချက် ပြင်းပြင်းခေါက်မိသည်။

"သားကို မင်း အဲလိုပြောလိုက်တော့ ဘာအကျိုးအမြတ်တွေ ...ည်အရေးတွေ ရလိုက်သလဲ မြသားနွယ်၊ အခု မင်းစိတ်ချမ်းသာသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီလား၊ စိတ်သက်သာသွားပြီလား"

"အကျိုးအမြတ်ရချင်လို့ ပြောလိုက်တာ မဟုတ်ဘူး၊ စိတ်သက်သာအောင် အမှန်တရားတွေ ဖွင့်ထုတ်ချလိုက်တာလည်း မဟုတ်ဘူး၊ ကိုမောင်၊ စော်ကားမှုတွေကို သည်းမခံနိုင်တော့လို့ ဖွင့်အံထွက်သွားတာ၊ ရန်ပြုတိုက်ခိုက်ချင်တာဆိုရင် အစတည်းက သူ့ကိုလက်မခံခဲ့ဘူး"

"မင်းပြောတော့ ခင်ဆကားခြေ၊ ဒါပေမဲ့ မင်းအပြုအမူတွေ ရန်သူနဲ့ အနိုင်အရှုံး စီးချင်းထိုးနေသလို ဖြစ်နေတယ် မြသားနွယ်၊ မှားခဲ့တာကို ငါတစ်ယောက်တည်း အပြစ်ဒဏ်ခံရုံနဲ့ မလုံလောက်ဘူးလား၊ သားမှာဘာအပြစ်ရှိသို့လဲ၊ သားကဘာလို့ ငါမှားတဲ့အပေါ် အပြစ်ဒဏ်ခံရမှာလဲ"

"ဆစ်ထန်မှာ ရှင့်ရဲ့သွေးတွေ စီးဆင်းနေတယ်လေ၊ ရှင်းအနှောင်းရဲ့ အသွေးအသားတွေနဲ့ တည်ဆောက်ထားတာလေ၊ သမိန်းမက ကိုယ့်ယောက်ျား အငယ်အနှောင်းနဲ့သားသမီးကို ကြည်ဖြူ လက်ခံချင်မှာလဲ၊ ရှင် သူ့ကို ဒီအိမ်ခေါ်လာကတည်းက မှားတာ ထောင်ရေးဖောက်ပြန်၊ အပြင်မှာ ပွေရှုပ်တာကို အဲဒီအချိန်မှသိ ရှင့်ကိုအထင်ကြီး လေးစားခဲ့တာတွေ အဲဒီတော့မှ ရှုံးရာရောက် သိရတာ"

ဆတ်ဆတ်ခါအောင် အော်ပစ်လိုက်ရင်း မျက်ရည်တွေက အတားမဲ့သွန်ကျလာ၏၊ ဘယ်သူ့အတွက်လဲ၊ ဘာကြောင့်လဲ၊



အခုင်ကလို မာကြောစွာနှင့်ခနိုးခနဲ့ ပွဲရွဲပြီး တုံ့ပြန်တိုက်ခိုက်သင့်၏။ ဆစ်ထန် ထွက်သွားတာကို ထိခိုက်ခံစားနေမိတာလား။

"မင်းကို ငါပြောဖူးပါတယ် မြသားနွယ်၊ သားကို အဲဒီအကြောင်း ဖွင့်ပြောလို့ သားလေး မခိုမခံ့ ရှက်ရွံ့နာကျင်သွားရင် ငါလည်း ဒီအိမ်မှာ မနေဘူး၊ မင်းမျက်စိအောက်မှာ မနေတော့ဘူးဆိုတာလေ"

"ကိုမောင်"

'မင်းကိုငါ အတန်တန် တားခဲ့ပါတယ်၊ အတတ်နိုင်ဆုံး ဖြည့်ဆည်းလိုက်လျော့ခဲ့ပါတယ်၊ လင်ယောက်ျားတစ်ယောက်ရဲ့ မာနတွေ သိက္ခာတွေ ခဝါချခဲ့ပါတယ်၊ ဒါပေမဲ့ မြသားနွယ်ရယ်"

ဦးမောင်မောင်ဦး မျက်ခန်းအိမ်က မျက်ရည်ဥကြီးတွေ လိမ့်ဆင်းပြိုကျလာ၏။ ရင်တစ်ခုလုံးက တဆစ်ဆစ် ရှူးရှနာကျင်နေသည်။ တုတ်ကောက်ကို ကိုင်ထားသော လက်က တဆစ်ဆစ် တုန်ယင်လို့။

"အနှစ်နှစ်ဆယ်ကျော် ဒီလိုတွေ နေလာခဲ့ပေမယ့် မင်း ခွင့်မလွှတ်နိုင်သေးတာ၊ ငါ စိတ်မကောင်းပါဘူး။ အိမ်ထောင်ရေး ဖောက်ပြန်တဲ့အဖေ၊ အပြစ်တွေကို သူ့ကိုပါ ခံစေခဲ့တဲ့ အဖေရယ်လို့ သားလေး ငါ့ကို ဘယ်လောက်တောင် မုန်းတီးနာကြည်းသွားမလဲ၊ ဒီအမှားတစ်ခုကြောင့် သူ့ရှေ့က မားမားမတ်မတ် ကာကွယ်မပေးနိုင်ခဲ့တဲ့ အဖေကို သူ ဘယ်လောက်တောင် ရွံမုန်းသွားမလဲ၊ မင်း ရက်စက်တယ် ရက်စက်

www.burmeseclassic.com

www.burmeseclassic.com



လွန်းတယ် မြသားနွယ်ရယ်"

အင့်ခနဲ ရှိုက်သံလား။ နာကျင်စွာ ညည်းညူလိုက်ခြင်းလား။

ဦးမောင်မောင်ဦး ယိုင်နဲ့ တုန်ရီစွာ တချွေချွေ လွမ်းထွက်သွ

သည်။

"ကိုမောင်"

အပြေးလိုက်လာ ရှေ့က ပိတ်ရပ်လိုက်၏။

"သား သားကို မြသား လိုက်ရှာပေးပါမယ်၊ မသွားပါနဲ့ မသွ

ပါနဲ့ ကိုမောင်ရယ်၊ ဒီလို ဒုက္ခအခြေအနေကြီးနဲ့ ကိုမောင် တစ်နေ့ပြီး"

"သေသွားမှ ငါ့အပြစ်တွေက ကျေမှာမဟုတ်လား ငါ့ကိုကြ

ရင်း သားကိုကြည့်ရင်း မင်းစိတ်ဆင်းရဲခဲ့ရတဲ့အချိန်တွေအတွက် အရ

အားနာပါတယ် မြသားနွယ်၊ ပိုင်ခိုင်သမျှအားလုံး သားကြီးနဲ့မင်း

ယူလိုက်ပါ၊ ကိုယ်နဲ့သားငယ် ဘာမှမကျော်မောတူးဆိုတာ သစ္စာတရား

မြသား"

"ဟင့်အင်း ခုချိန်မှာ အဲဒါတွေ မပြောပါနဲ့ ဆယ်သိန်း

မြသား လိုက်ရှာပြီး ခေါ်လာခဲ့ပါ့မယ်၊ ကိုမောင်ဘယ်မှ မသွားပါနဲ့နော်"

"သား ဘယ်လောက် စိတ်ပြတ်တယ် မာတယ်ဆိုတာ ငယ်

တည်းက မင်းထိန်းကျောင်းမွေးမြူလာတာ မသိဘူးလား မြသားနွ

ငယ်ငယ်ကလို မင်းရိုက်လို့ ဆူလို့ တစ်နေရာမှာ သွားပုန်းနေ

စိတ်ကောက်တာမျိုး မဟုတ်ဘူး၊ အရွယ်ရောက်နေတဲ့ သားတစ်ယော





ယူ့ဘာသူ ရင်နာပြီး မိဘတွေကိုစိတ်နာရှုံ့မုန်းပြီး ထွက်သွားတာ၊ အလွယ်

တကူ ရှာလို့ရတဲ့နေရာမှာ သူ ရှိနေပါ့မလား၊ မင်းလည်း မိခင်တစ်ယောက်

ရဲ့ ပေးဆပ်လိုတဲ့မေတ္တာတရားနဲ့ ခေါ်မှာမှ မဟုတ်တာ ရှိပါစေတော့၊

ကိုယ်တို့သားအဖနှစ်ယောက်လုံး မရှိတော့ရင် မင်းရဲ့နာကျင်မှုတွေ

သက်သာမယ်၊ စိတ်ချမ်းသာမယ် မဟုတ်လား၊ ကိုယ်တို့သားအဖ မင်း

ကျေနပ်အောင် အပြစ်ကြွေးတွေ ဆပ်သွားတယ်လို့ပဲ အောက်မေ့ပါ၊

ဖြတ်ဆက်ပါတယ် မြသားနွယ်"

"ကိုမောင်"

နင်းသီးစွာ ခေါ်သံကို ဂရုမစိုက်ပါ။ ဘယ်လိုကျန်ခဲ့လည်း လှည့်

ကြည့်ပါ၊ လေပွေတစ်ချက်က စိတ်အစဉ်ကို လွင့်ပါးစေသည်။ နာကျင်

ခြင်းဝေဒနာကို ဖိအားပေး နှိပ်စက်၏။

ပြန်ဆုံဖို့ရာ ဆုတောင်းရင်ရော ကျေအေးပါ့မလား။

မဆုံရာအရပ်မှာ ချန်ထားခဲ့ရသော ဒီနှလုံးသားက မွမွကြေ

လို့ ●●●

□ □ □



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၉)

"ဟင် ဆစ်ထန်မရှိတော့ဘူး၊ ကိုမျိုးမင်း ပြန်ပြောပါဦး၊ သူ ဘာလို့ထွက်သွားတာလဲ"

"သူ့ဘဝသူ စိတ်နာသွားတာ၊ သူက ဒေါ်မြသားနွယ်ရဲ့သား မဟုတ်ဘူးတဲ့၊ သူ့အဖေ အိမ်ထောင်ရေး ဖောက်ပြန်ပြီး ရလာတဲ့သား"

"အမယ်လေး ဖြစ်ရလေ"

ရင်ဘတ်ဖိရင်း နေရာမှာတင် ပုံသိုင်ကျသွား၏၊ ဆင်ဝ... ဘယ်သူ့သားဆိုတာကို ရင်နာသွားတာမဟုတ်၊ ဘာကြောင့် ထွက်သွား ရသည်ဆိုသော အကြောင်းကိုသိလိုက်ရတာမို့ ပြန်မလာတော့မှာကို ထိ... လန့်သွားခဲ့ခြင်းပင်။

"သူ ဘယ်ကိုသွားတာလဲ၊ ဘယ်ချိန်တုန်းက သွားတာလဲဟ"

"ညတွင်းချင်းပဲ ပြောရမလား၊ မနက်မိုးမလင်းခင် ထွက်သွား





...ယ်လို့ ပြောရမလား မသိဘူး၊ ဒီကောင် တစ်ညလုံးလည်း မအိပ်ဘူး ...လ၊ ပန်းနီနီကို မခွဲနိုင်လို့ ဆုံးဖြတ်ရခက်နေတာ ထင်ပါတယ်၊ ကျွန်တော် ...ည်း အတတ်နိုင်ဆုံး ဖျောင်းဖျနေခဲ့တာပဲ၊ ဒါပေမဲ့ ကျွန်တော် တစ် ...ပ္ပုးအလာက် အိပ်ပျော်သွားပြီး နိုးလာတော့ ဒီကောင် မရှိတော့ဘူး"

"နီကို မခွဲနိုင်ဘူးဆိုရင် သူ ဒီလိုလုပ်မှာ မဟုတ်ဘူး၊ အနည်း ...ုံးတော့ နီကို လာနှုတ်ဆက်သင့်တယ်၊ နီ သူ့ကို ဒီလောက်တောင် ...ားလည်ပေးခဲ့တဲ့ဟာကို"

"ပန်းနီနီရဲ့မာနနဲ့ဂုဏ်သိက္ခာကို သူ လေးစားလို့ပါ၊ ပြီးတော့ ...နိုဖိုးတားလို့ အခြေခံအနေမဲ့ အတန်းအစားကလာရင်တောင် သူဒီလို ...ုံးဖြတ်မယ် မထင်ဘူး၊ အခုက သူ့ကိုယ်သူ သားအရင်းပဲထင်ပြီး ဒေါ်မြသားနွယ်ကို တုံ့ပြန်တိုက်ခိုက်တာတွေ ရှိခဲ့တယ်၊ သူ့အဖေကိုလည်း ...ပု အနိုင်ကြည်သို့လေးစားခဲ့တာ"

"ဒါဟာ ကံတရားလေ၊ ဘယ်သူ့ကိုအပြစ်ပုံချလို့ရမှာလဲ၊ လူ ...ိုင်း မှားဖူးတယ်၊ အပြစ်ကင်းတဲ့သူ လက်ညှိုးထိုးပြစမ်းပါ၊ အမှန်တ ကယ်ဆို ဂုဏ်ပကာသနတွေနဲ့ ဖုံးကွယ်ထားတဲ့အပြစ်တွေက ပိုကြီးပါ တယ်"

"ကိုယ်တိုင်ကြုံလာရတဲ့အခါ မခံစားနိုင်လို့ လွတ်မြောက်ရာ ရှာသွားကြတာ၊ ရင်မဆိုင်ရဲလို့ပဲ မဟုတ်လား၊ ဒီကောင် သူ့ကိုယ်သူ ...ပုကျုံးမခြစ်နေတာ၊ ပြီးတော့ ဒီကောင် ဘယ်သူ့ကိုမှ မုန်းမနေဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သူ ပြန်လာနိုင်သေးတယ်ပေါ့"

မျိုးမင်း လေးပင်စွာ သက်ပြင်းရှိုက်၏။ ခေါင်းရှမ်းရမလား ခေါင်းခါရမလား မဝေခွဲနိုင်ပေ၊ ဆစ်ထန်းက ဖြစ်ချင်သမျှကို အောင်မြင်အောင်လုပ်တာလည်းရှိပြီး ဆုံးဖြတ်ပြီးလျှင် နောက်ဆုတ်တွေဝေနေသောမျိုးလည်း မရှိ။

အခုကိစ္စ သေချာဆုံးဖြတ်ပြီးလို့ လုံးဝပြန်မလာတော့ဘူးဆိုလျှ

"ပန်းနီနီ ဘယ်လိုမျှော်လင့်ထားတာလဲ"

"ဘာကိုပြောတာလဲ"

"ဆစ်ထန်းက ဒီလို အသိုက်အဝန်းကလူမျိုးဆိုတော့"

"နီ ဆစ်ထန်းကို ချစ်တာပါ၊ သူ့ရဲ့အသွေးအသားစိတ်ဓာတ်နဲ့ နီအပေါ် တန်ဖိုးထားတတ်တာတွေကိုချစ်တာ၊ သူ့ရဲ့နောက်ကြောင်းရာဇဝင်ကိုဆိုးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ ပြီးတော့ သူ့မှာ ပိုင်ဆိုင်တာတွေ ရှိရှိ မရှိရှိ၊ နီ သူ့ကိုချစ်မှာပဲ"

"ပန်းနီနီ အချစ်တွေကို နားမလည်ဘဲ ထားခဲ့တာမျိုး စိတ်ပူနေလား"

"သူ့ကိုမျှော်လင့်နေမှာပါ၊ သူ နီ့ကို တကယ်ချစ်တယ်ဆိုရင် အချိန်အကြာကြီး ဝေးဝေးနေမှာမဟုတ်ပါဘူး၊ သူ နီဆီကို လာမှာပါ"

"ကျွန်တော်လည်း အဲလိုပဲ ဖြစ်စေချင်ပါတယ်၊ ဒီကောင် အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဘာမှယူမလာဘဲ ထွက်သွားတာ စိတ်မ





လွှင့်ပြီး ဒုက္ခရောက်မှာတော့ စိုးရိမ်တယ်"

"သူတစ်ခုခု အဆိုးဆုံးလုပ်ပစ်မှာတော့ မဟုတ်ပါဘူးနော်"

"ဒီကောင် ပျော့ညံ့တာတစ်ခုမှတော့ မတွေ့ဖူးဘူး၊ ဒါပေမဲ့ စိတ်ထိခိုက်ပြီး အရှမ်းငိုတော့ ကျွန်တော် ဆို့နစ်ပြီး စိတ်မကောင်းဖြစ်ရတယ်"

"ဟင် သူ ငိုတယ်"

ဆစ်ထန် ချက်ရည်ကျသည့်လို့ကြားလိုက်ရတော့ ဘယ်လောက်တောင် ခံစားသွားရမလဲလို့တွေးကာ ရင်မှာထိရှကျဉ်တက်သွားရသည်။ မျိုးမင်း အသံတွေလည်း တုန်အက်နေကာ

"ငိုလိုက်တာမှ ကျွန်တော် ဘယ်လိုမှ နှစ်သိမ့်လို့မရနိုင်အောင် ထိုးဘဲ့ကိုစိတ်ခံစားကြနိုင်တယ်လို့ ထင်ခဲ့တာ၊ ဒေါ်မြသားနွယ် ဘယ်လို ပုံစံမျိုးနဲ့များ ပြောလိုက်တယ် မသိဘူး"

ဘာမှမဆိုင်သေးပါဘဲ ဒေါ်မြသားနွယ်ကို အမုန်းစိတ်ဝင်သွားသည်၊ ချစ်တဲ့သူကိုအပြစ်လုပ်တာ ရင်မှာ မနာကျင်ဘဲ နေပါ့မလား။

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ပန်းနီနီ၊ ဆိုင်ကို ခဏပိတ်ပြီး ထွက်လာခဲ့တာ ပန်းနီနီကို ဒီအကြောင်း အရင်ဆုံးအသိပေးသင့်တယ် ထင်လို့၊ ပြောဘို မနက်ကတော့ ဒေါ်မြသားနွယ် ဖုန်းဆက်မေးသေးတယ်"

"ဘာတဲ့လဲ"

"ဆစ်ထန် ညက အဲဒီမှာ အိပ်တာလားတဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ပြဿနာဖြစ်ပြီး ... သွားတာ ပြန်လာမယ်လို့ ထင်နေတာနေမှာပေါ့"

"ညမရောက်တောင် နေက်စိတ်ပြေရင် ပြန်လာမယ်လို့ အောက်မေ့နေတာနေမှာ"

"ထွက်သွားပြီလို့ ပြောတော့ သူ ဘာပြောလဲ"

"ဘာမှမပြောနိုင်ဘူး၊ အကြာကြီး တိတ်ကျသွားပြီးမှ ပုန်းသွားတယ်၊ သူလည်း မှန်းနေပေမယ့် အတူနေကြတော့ သံယောဇဉ်တော့ ရှိမှာပါ"

"နီတော့ မယုံဘူး၊ သူ့မှာ အတ္တတွေပဲရှိတာ၊ ဒါကြောင့်လည်း တရိရိနဲ့ နှိပ်စက်လာခဲ့တာပေါ့၊ ဆစ်ထန် စိတ်သက်တောင့်သက်သာ နေရတဲ့နေ့မှမရှိဘဲ၊ အမေရင်းမဟုတ်ရဲ့လားလို့ သူ အမြဲတမ်း နာကျ နေတာ"

"အမေရင်းမဟုတ်ဘူးဆိုတာကို သူ သိမ်မခံစားရဘူးထင်တာ၊ အရင်တည်းက မဟုတ်သေးဘူးလို့ ပြောသိမ့်နေခဲ့ပြီးသား မဟုတ်လား၊ အခုမှ သူ့အဖေ အိမ်ထောင်ရေးဖောက်ပြန်လို့ မယားငယ်နဲ့ရလာ ကလေးကို အငြိုးနဲ့ပြုမူဆက်ဆံရတာကို သူ ကြေကွဲသွားတာ၊ ဒါ ဒီလိုလုပ်သင့်တယ် ပြောသင့်တယ်၊ အငယ်အနောင်းရဲ့သားကို ဒေါ်မြ နွယ် မကြည်ဖြူတာ သဘာဝကျတယ်တဲ့လေ"

"အမေရင်းအမှတ်နဲ့ အတူနေတာကြာတော့ သူ သံယော





ရှိမှာပေါ့၊ ပြီးတော့ ဒေါ်မြသားနွယ် မေတ္တာကို သူ အရမ်းကိုတောင့်တခဲ့တာ၊ မိခင်မေတ္တာငတ်နေဘာ၊ ဆစ်ထန်ကို နီ သနားလိုက်တာ ကိုမျိုးမင်းရယ်"

ပန်းနီနီ မျက်ရည်လည်နေသည်၊ မျိုးမင်း ပြန်သွားသည်အထိ စိတ်မကောင်း ဖြစ်နေသည်ပါ။ ခဏနေတော့ ကြီးမေ နာရေးသတင်းမေးပြီးပြန်လာသည်။

"နီနီ နေမကောင်းဘူးလား၊ မျက်နှာလေး ညှိုးနေပါလားကွယ်"

"စိတ်မကောင်းဖြစ်နေတာပါ ကြီးမေရယ်"

"ဟင် သီတာအမေ ဆေးရုံက မဆင်းရသေးလို့လား၊ ဒီနေ့ အလုပ်ပိတ်တာပဲ၊ ဆေးရုံကုစောင့်ပေးချင်ပေးချည်လေ သမီး"

"အဲဒါက ညနေကျရင်သွားမှာ၊ အခုက ဆစ်ထန်ကြောင့်"

"မောင်ဆစ်ထန် ဘာဖြစ်လို့လဲ သမီး"

"သူ မရှိတော့ဘူး ကြီးမေ၊ ဘယ်အဝေးကိုမှန်းမသိဘူး သူ ထွက်သွားပြီ"

"ဟဲ့ ဘာဖြစ်လို့တုန်း၊ သမီးနဲ့ စိတ်ဆိုးစိတ်ကောက်နေကြတာလား၊ အဲဒါကြောင့် ပြောတာ ညည်းက ဘယ်တော့မဆို ပါးစပ်စည်းကမ်းမရှိ အထိန်းအသိမ်းကို မဲ့လွန်းတယ်၊ သူ့ခမြာ ညည်းကိုသည်းခံ ချစ်ရှာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆစ်ထန် ဘက်တော်သား ကြီးမေကတော့ ထင်ရာတွေပြောဆို မာန်မဲနေသည်။ အရင်ကလိုဆို ကြီးမေကို ဘုဘောက် ပြန်ပြောပြီး စိတ်ကောက်မိမှာပါ။

အခုတော့ ရင်မှာမချိဖွာ နာကျင်နေရသည့်မို့ သက်ပြင်းတွေသာ အလုံးလိုက်အရင်းလိုက် မှုတ်ထုတ်ပစ်လိုက်သည်။

"နီကြောင့် မဟုတ်ပါဘူး ကြီးမေရယ်၊ သူ့အိမ်မှာ ပြဿနာတက်လို့"

"ဩော် အေး အဲဒါဆို တော်ပါသေးတယ်၊ ဒါနဲ့ ညည်းနဲ့ လက်ထပ်ဖို့ ပြောရင်းနဲ့ ဖြစ်ကြတာလား၊ ဟိုနေ့က သူ့အမေလာပြီး ညည်းနဲ့သဘောမတူဘူး၊ ဘာညာတွေ လာပြောသွားတယ်လေ အဲဒါက ဖြည်းဖြည်းချင်း ညှိနှိုင်းရမှာ၊ အဆင့်အတန်းမတူရင် အဲလို ပဋိပက္ခတွေ ကြုံရမှာပဲ"

"ကျွတ် ကြီးမေရယ် ထင်သလိုပြောနေတော့တာပဲ နီ ပြောတာလည်း နားထောင်ပါဦး၊ ဒီမှာ စိတ်ထိခိုက်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတဲ့ဟာကို"

"ဩော် အေး ပြောပါအေ၊ ဒါလည်း ဘာတွေဖြစ်တာလဲလို့ စိတ်ပူလို့ပါ"

"ဒေါ်မြသားနွယ်က ဆစ်ထန့်အမေ မဟုတ်ဘူးတဲ့ ကြီးမေ"

"ဟဲ့ ဒါဆို"



"သူ့အဖေ အငယ်အနှောင်းက မွေးတာတဲ့"

"ဟယ်တော် အဲဒါကို အခုမှသိတာလား၊ မြသားနွယ်ဆိုတဲ့ မိန်းမက အဲလိုကျ ဒီကလေးကို သဘောကောင်းကောင်းနဲ့ မွေးသားပဲ"

"သဘောမကောင်းလို့ပဲ ဆစ်ထန်ဘဝ ဒီလိုနာကျင်စရာတွေနဲ့ ကြုံရတာပေါ့၊ ဒီအကြောင်းတွေ မသိခင်တည်းက ဆစ်ထန်ဘဝ ဘယ်လောက်တောင် သနားစရာကောင်းလဲ၊ အခုဆို ပိုတောင်ဆိုးသွားပြီ၊ သူ မခံစားနိုင်တော့လို့ ထွက်သွားတာနေမှာ"

ဒီလိုကြားရတော့ ကြီးမေ မျက်ရည်တစမ်းစမ်း ဖြစ်သွားသည်။

"ဒီကောင်လေးနှယ် ကံဆိုးလိုက်တာကွယ်၊ ဘဝမှာ အဲလို နာကျင်စရာတွေရှိနေလို့ ကြီးမေတို့ကို ခင်တွယ်နေရှာတာ၊ သမီးအပေါ်လည်း သူ ချစ်ရှာပါတယ်၊ တခြားကို မသွားဘဲ ဒီကို လာနေရောပေါ့ကွယ်၊ ရုံးတက်လက်မှတ်ထိုးပြီး လက်ထပ်လိုက်လည်း ပြီးတာပဲ"

"နီကို တန်ဖိုးထားလို့ သူ အဲလိုပုံစံမျိုးနဲ့ လုပ်ချင်မှာမဟုတ်ဘူး၊ နီလည်း ဒီလိုတွေဖြစ်မယ်မှန်းသိရင် မာနကြောင်းတွေ သိက္ခာကြောင်းတွေ မပြောခဲ့ပါဘူး ကြီးမေရယ်၊ သူ့ကိုဒီထက်ပိုပြီး အားပေးနှစ်သိမ့်ခဲ့မှာပါ"

"အဲဒါကြောင့် ပြောတာပေါ့ သူ့အကြောင်း ဂဃဏနလည်း သိတာမဟုတ်ဘဲနဲ့ အရမ်းနိုင်စားတယ်၊ ညည်း အခု နောင်တရပြီ မဟုတ်လား၊ သူ တစ်သက်လုံး ပြန်မလာတော့ရင် ဘယ်လိုလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း သူ ပြန်လာမှာပါ၊ နို့ကို တကယ်ချစ်ရင် သူ ပြ လာမှာပါ"

ပြောသာပြောရပေမယ့် ယုံကြည်ချက်တော့ သိပ်မရှိလှပေ၊ ချစ်လို့ တန်ဖိုးထားလို့ပဲ စွန့်လွှတ်ခဲ့တာ မဟုတ်လား။ ကြီးမေက မျက်နှာ မကောင်းစွာနှင့်ပင်။

"ဒီကလေး ညနေမျှောသာမလားလို့ သူ ကြိုက်တဲ့ ငါးရံ့အုပ် တောင် ချက်ထားတာ၊ ဘယ်တွေမျှောသွားနေပါလိမ့်မယ်၊ ကံတရား တယ်ကြောက်စရာကောင်းတာပဲ၊ ဘြော် ဖြစ်မှဖြစ်ရလေ"

ကြီးမေ တမ်းတမ်းတတ ဖြစ်မှ စိတ်မကောင်းစွာနှင့်စွာ မျက် ရည်တွေ ဝဲတက်လာပြန်သည်။

ဆုံနိုင်ခွင့်ပေးဖို့ ကံကြမ္မာကြီးကို တောင်းဆိုချင်သည်။ ကျွန်မ တွေ မလိုအပ်ပါဘူး။ ဆစ်ထန်ရဲ့ အချစ်တစ်ခုတည်းနဲ့ အရာအား ပြည့်စုံတယ်လို့. . .။

□ □ □



## အခန်း (၃၀)

ဘယ်သူမှ အနားမှာမရှိတော့တာဆို့ အထီးကျန်နေသော ရင် ထဲကြီးက နေမထိထိုင်မသာ။ အိပ်ချိန်စားချိန် မမှန်တော့ဘဲ ကမ္ဘာ သွားချင်စိတ်လည်းမရှိ သားကြီးကို တောင်ပစ်ခဲ့လည်းသွားမတွေ့မိ။

ဘာလုပ်ရမှာလဲ၊ ဘာလုပ်ရမလဲ။

ကိုယ်က ဘာတွေမှားယွင်းနေလို့ ထားပစ်ခဲ့ကြတာလဲ။

နာကျင်ကြေကွဲခံစားခဲ့ရတာကို ဒီလောက်တောင် ပေါက်ကွဲခွင့် ပြန်ခွင့် မရှိတော့ဘူးလား။ နာကျင်ကြေမွခဲ့ရတာက တနင့်တပိုးပါ။

မှားခဲ့တာကို ခွင့်မလွှတ်နိုင်ခဲ့ဆုံးက ဆစ်ထန်ကို အိမ်ခေါ်လာမှ တွေ့ဖြစ်ခဲ့တယ်ဆိုတာ သိခွင့်ရခဲ့ခြင်းပင်။

မိမိကပဲ နုံအလို့လား။ ကိုမောင်ကပဲ အဖုံးအဖိကောင်း သိသိပ်



www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့လား။

"ကိုယ့်ကို ခွင့်လွှတ်ပါလို့ အရင်ဆုံး တောင်းပန်ပါရစေ မြသား ဒီကိစ္စက မြသား မသိအောင် ဘယ်လိုမှ ဖြေရှင်းမရတော့လို့ပါ။ ကိုယ် တိုင်ကျူးလွန်တဲ့အမှားမဟုတ်ပေမယ့် ယောကျ်ားကောင်းပီသဖို့ ကိုယ် တာဝန်ယူခဲ့ရတယ်၊ သူသာရှိနေသေးရင် မြသား စိတ်ဆင်းရဲရမယ့် အဖြစ်မျိုး ဖြစ်လာမှာ မဟုတ်ပါဘူး၊ ကလေးမွေးပြီးတာနဲ့ သူ ကွာရှင်း ပေးမယ်လို့ ပြောပါတယ်၊ သူကိုယ်တိုင် အပြစ်မကင်းခဲ့လို့ ကိုယ့်ကိုဒုက္ခ မပေးချင်တော့တဲ့ သဘောပါ။ ဒါပေမဲ့ သူ ဆုံးသွားပြီ မြသားရယ် ကလေးလေးကို ကိုယ်မစွန့်ပစ်ရက်ဘူး။ ဖခင်တစ်ယောက်အနေနဲ့ တာ မယူလို့မရတော့တဲ့ အခြေအနေမို့ပါ၊ ကိုယ့်ကို နားလည်ပေးပါ ခွင့်လွှတ် ပေးပါ၊ ကျန်တာကိုတော့ မြသားဆန္ဒရှိသလို စီစဉ်ပါ၊ ကိုယ် အဲဒီအ ကြွေးကို တစ်သက်လုံးဆပ်သွားပါမယ်"

ပြောခဲ့တုန်းကတော့ မြသားဆန္ဒရှိသလို စီစဉ်ပါ။ အပြစ် ကို တစ်သက်လုံး ဆပ်ပါ့မယ်တဲ့။

အခုတော့ လမ်းခုလတ်မှာတင် အဆမတန် နာကျင်အောင် ခဲ့ရလား။ ကျေနပ်လောက်အောင် စိတ်ဖြေသာခွင့်ပေးဦးမှပေါ့။ သ စိတ်ကြောင့် ကိုမောင် ဒီလောက်ထိ စိတ်ပြတ်မာကျောသွားလိမ့်မည် မထင်မိ။ ဆစ်ထန်ကရော ဒါကို သိသွားတာနှင့် ဒီလောက်ထိ အ ကို စွန့်ခွာသွားရလောက်အောင် စိတ်ထိခိုက်ရလား။ တကယ်ဆို

မြူ(၀၀၁၈၀)



ဝကိုသိပြီး ငမ်းနည်းနာကျင်ရုံလောက်သာ တော်သေးသည်။

အရင်လိုပဲ ချစ်ခြင်းပါတော့လား တိုက်ဆိုက်ပါတော့လား။ မိမိ မမရပ်နိုင်ဖြစ်အောင် အရွဲ့တိုက်အော်ဟစ်ပါတော့လား။ အခုတော့ မျက်ရည်တွေနဲ့ နာကျင်ခံစားနေတာ ယောကျ်ားမဟုတ်သလို ဒီလောက်ပဲ ပျော့ညံ့ရလား။

ပြီးတော့ မေမေ့ကိုချစ်တယ်တဲ့၊ သူ ပြောသွားတာ ရင်ထဲက ပိုက်လိုက်လှဲလှဲ ဒီလောက် သူ့အပေါ်မောက်မာခဲ့ ဥပေက္ခာပြုခဲ့ရက်စက် သူကိုမှ မေမေလို့ တတွတ်တွတ် ခေါ်ရင်း မေမေ အရမ်းနာကျင်ခံစား မှာပဲနော်လို့ စာနာပေးခဲ့သေးသည်။

ဒါက မင်းမုန်းသင့်တဲ့သူ၊ နာကြည်းသင့်တဲ့သူပါလို့ တိုက်တွန်း ပြင်း မရလိုက်။

"မမကြီး ဆေးသောက်ချိန် ရောက်ပါပြီ"

မိတူး တံခါးခေါက်ပြီး ဘေးဗန်းလေးကိုင်ကာ ဝင်လာတော့ နေရာက ဖြုန်းခနဲ ထရပ်လိုက်ရင်း

"အဲဒီဆေးတွေ အကုန်လုံးလွှင့်ပစ်လိုက်တော့ ငါ မသောက် တော့ဘူး"

"ရှင် ဟို ဆရာဝန်က သေချာမှာသွားတာ၊ ဆေးကိုအချိန်မှန် ဆိုက်တိုက်နော်"

"မိတူး ငါ ပြောနေတယ် ဘယ်သူကမှာမှာ ငါ့ကို စောဒက

မြူ(၀၀၁၈၀)

www.burmeseclassic.com

www.burmeseclassic.com



မတက်နဲ့၊ အသက်ရှင်နေပြီး စိတ်မချမ်းသာရရင် လူ့ဘဝမှာ နေရတာ ဘာထူးမှာလဲ၊ အားလုံးက ငါ့ကိုနားလည်မှုမရှိဘူး။ ငါ့ကိုအားလုံး စွန့်ပစ် သွားကြတယ်၊ ကိုမောင်ရော ဆစ်ထန့်ရော သားကြီးရော"

"ဦးမောင်က သူ တရားထိုင်နေကျ ရိပ်သာတစ်ခုခုမှာရှိမှာပါ၊ မိတူး သွားခေါ်ပေးရမလားဟင်"

"ဟင့်အင်း သူ့သား မလာဘဲ သူ ပြန်လာမှာမဟုတ်ဘူး"

"ဒါဆို အစ်ကိုလေးကို အရင်ရှာရမှာပေါ့"

ဟုတ်တယ် ရှာရမှာလို့ ပါးစပ်က ထုတ်မပြောဖြစ်။ ပန်းနီနီ... သော ကောင်မလေးကို အရင်ဆုံး ပြေးမြင်သည်။ ဒီကောင်မလေးဆီ... ဆစ်ထန် ရောက်ချင်ရောက်နေနိုင်၏။

မရောက်တောင် ဆစ်ထန့် ဘယ်မှာ ရှိသည်ဆိုတာ သိနေ... သည်။

"မမကြီး ဘယ်သွားမှာလဲ၊ ဆေးသောက်ပြီးမှသွားပါ"

"နေစမ်းပါ ငါ့ဘာသာ ဘယ်သွားသွား"

အစိုးရိမ်ကြီးနေသော မိတူးကို စိတ်မရှည်။ တွန်းဖယ်၏... ဆလင်းဘတ်အိတ် ကောက်လွယ်ကာ မောင်း၍ထွက်လာခဲ့သည်။ ဘ... မှာ စိတ်ကူးနဲ့ခြေဦးမတည့်တာ ဒီတစ်ကြိမ်တည်း...။

◻ ◻ ◻



## အခန်း (၃၁)

အလုပ်က ပြန်ရောက်လို့ အိမ်ပေါ်လှမ်းတက်လိုက်ချိန်မှာပဲ ...မ်ရှေ့က မီးရောင်က အိမ်ထဲကို ဝင်းခနဲ ဖြစ်သွားစေသည်။ ကား ...ှန်းသံ ခေါင်ခနဲကြောင့် ဆင်ထန် မဖြစ်နိုင်ဘူးဆိုတာလည်း သိလိုက် ...၏။

"ဒေါ်မြသားနွယ်"

ကမူးရှူးထိုး ဝင်လာသည့်အရိပ်ကြောင့် တိုးတိတ်စွာ အသံ ...ွက်သွား၏၊ ခင်းဦးကြို့မပြုလိုသော်လည်း အိမ်ရှင်ပီသစွာ အိမ်အောက် ...ြန်ဆင်းလိုက်ရသည်။

"ဆစ်ထန် ရှိသလား"

"ရှင်"

"ဆစ်ထန် ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုယုံကြည်ချက်နဲ့ သေချာပေါက် မေးနေတာလဲ အန်တီ၊ ဆစ်ထန် ပျောက်သွားတာ ဒီမှာရှိနေမယ်လို့ ထင်နေတာလား"

"သူ သွားစရာ ဒီအိမ်ပဲရှိတယ်"

"ကျွန်မကလည်း ယာစေချင်ပါတယ်၊ သူ ရောက်မလာဘူး"

ရှင်ကိုမုန်းနေတာလို့ ဆက်ပြောဖြစ်လျှင် ဒေါ်မြသားနွယ် ဆ… ဆတ်ခါသွားပေလိမ့်မည်။ အနုတောင် တင်းသန်နေသော မျက်နှာ… ညှိုမှောင်သွားကာ

"မင်း ငါ့ကိုအတည်ပေါက်နဲ့ လိမ်နေတာတော့ မဟုတ်ပါ… နော်၊ ဆစ်ထန် ဒီမှာမရှိရင် ဘယ်သွားတယ်ဆိုတာတော့ မင်း သိ… သိနေတယ်မဟုတ်လား"

"အဲလိုသာ သိရင် ကျွန်မ အရင်ဆုံး သွားခေါ်မိမှာပါ အန်… ဘာလို့လဲဆိုတော့ မေတ္တာအကြင်နာ ငတ်နေတဲ့သူကို အပြည့်… ပေးဆပ်ချင်လွန်းလို့ပါ"

"ဘာ"

"အန်တီ့အရိပ်အောက်မှာ သူ နာကျင်ခံစားပြီး အထီး… ခဲ့ရတယ်၊ သူ ရင်ဖွင့်တဲ့အချိန်တိုင်း ကျွန်မလည်း သူနဲ့ထပ်တူ ခံ… ရပါတယ် အန်တီ၊ တကယ်လို့ မယားငယ်ရဲ့သားမို့ မမွေးချင်ဘူး… အန်တီ ဘာလို့ လက်ခံခဲ့သေးလဲ"

"မင်း ဘယ်လောက်သိလို့ ဝေဖန်နေတာလဲ ငမ်းနီနီ၊ သ…





သက်သက် နာကျင်ရတဲ့ ငါ့ရင်ဘတ်ကိုရော ဘယ်သူ ကိုယ်ချင်းစာပေးလဲ၊ ချစ်လွန်းလို့ ဘဝတစ်ခုလုံး ပုံအပ်ခဲ့ရတဲ့ယောက်ျားက တခြားမိန်းကလေးနဲ့ဖောက်ပြန်တဲ့အချိန်မှာ မိန်းမတစ်ယောက်ရင်ထဲ ဘယ်လောက် မုန်တိုင်းထန်နေမလဲ၊ အဲဒီဝေဒနာကို မခံစားနိုင်လို့ အဲဒီအချိန်က ကိုယ့်ကိုယ်ကိုယ် သေပါစေလို့တောင် ဆုတောင်းမိတယ်"

ဒါလည်း၊ ဟုတ်မှာပဲလို့ မိန်းမသားချင်း စာနာစိတ်လေး ဝင်မိ၏။ ယောက်ျားသားတွေ အပျော်ရှာလျှင် မိန်းမတွေမှာ မျက်ရည်နဲ့မျက်နှာ နေစဉ် အဆိပ်ရည်တွေသောက်သုံးနေရသလို ပူပြင်းလောင်မြိုက်နေခဲ့ရတာ မဟုတ်လား။ ဒါပေမဲ့ ဖြစ်တည်လာခဲ့သော အသွေးအသားရင်သွေးတစ်ယောက်မှာ ဘာအပြစ်ရှိလို့လဲ။ ဆစ်ထန် ဘာတွေမှားလို့လဲ။

"မင်း ငါ့ကို မေးခွန်းတွေ မေးချင်နေတယ် ထင်တယ်၊ ဆစ်ထန် ချစ်သူတစ်ယောက်အနေနဲ့ ဒီအဖြစ်အပျက်မှာ ငါ့ကို ရန်ပြုတိုက်ခိုက်ချင်နေတယ် မဟုတ်လား။ အဟင်း ဟင်း မိန်းမသားချင်းဖြစ်ပေမယ့် မင်းလည်း ငါ့ကို ကိုယ်ချင်းမစာတတ်ပါဘူး"

ညည်းညူလိုက်တာလား အပြစ်တင်လိုက်တာလား။

တိုးတိတ်သော အဆုံးသတ်မှာ ဒေါ်မြသားနွယ် မျက်ဝန်းအိမ်က မျက်ရည်စက်တွေ လက်ခနဲ တွေ့ရသည်။ အသည်းမာသော မောက်မာသော မိန်းမတစ်ယောက်ရဲ့ မျက်ရည်စက်က ဘယ်လို ရည်ရွယ်ချက်တွေနဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဆစ်ထန်ကို သံယောဇဉ် ရှိခဲ့သလား အန်တီ"

ဒေါ်မြသားနွယ် ထန်းခနဲ မဖြေ။ မျက်ရည်စက်တွေ ပါးပြင်ပေါ် လိမ့်ဆင်းကျမလာအောင် မျက်တောင်ရှားတို့ဖြင့် ပုတ်ခတ်ထုတ်လိုက်ပြီး အသက်ကို ပြင်းပြင်းရှူ၏။

"သူ့အပေါ် သားအရင်းတစ်ယောက်လို မချစ်နိုင်တောင် သံယောဇဉ်တစ်စွန်းတစ်စတော့ ရှိခဲ့မှာပေါ့။ ဒါကြောင့်လည်း ကျွန်မဆီကို ဆစ်ထန် ရှိနေမလားလို့ လာမေးခဲ့တာ မဟုတ်လား"

"မင်း အဲလိုသဘောပေါက်နေရင် ငါ မေးတာကို အမှန်အတိုင်း ဖြေရောပေါ့"

"မသိလို့ မသိဘူးပြောတာ၊ ဘာအကြောင်းနဲ့မှ ကျွန်မဘက်က လိမ်ညာစရာအကြောင်းမရှိပါဘူး၊ သူ ကျွန်မကို တန်ဖိုးထားသို့တဲ့ အငယ်အနှောင်းရဲ့သားအဖြစ်နဲ့ ဂုဏ်ငယ်မှာစိုးရိမ်တယ် ထင်ပါတယ်"

"ဩော်"

"သူ ဘယ်တော့မှ ပြန်မလာမှာကို ကျွန်မ ကြောက်နေမိတယ်၊ သူက ဆုံးဖြတ်ပြီးရင် ပြန်မလာတတ်တဲ့သူလေ၊ ခက်ခက်ခဲခဲနဲ့ သူ ရှောင်ထွက်သွားတာ၊ အန်တီ့ကို စိတ်ချမ်းသာစေချင်လို့ ဖြစ်မှာပါ"

"ဟင့်အင်း သူ အတွေးမှားတယ်၊ အန်တီ စိတ်မချမ်းသာပါဘူး"

"ဘာလို့လဲ"





"သူထွက်သွားကတည်းက သူ့အဖေလည်း အိမ်မှာမနေတော့ဘူး"

"ရှင်"

အံ့ဩနားမလည်နိုင် ဖြစ်သွားရတာက ပန်းနီနီ။

"ဘာဖြစ်လို့လဲ သားထွက်သွားတာ စိတ်မကောင်းဖြစ်လို့လား၊ ကြားရသလောက်တော့ ဆစ်ထန့်အပေါ် သူ့အဖေကလည်း မကြင်နာခဲ့ဘူးမဟုတ်လား"

"မင်းတော်တော် သိနေပြီပဲ၊ ဒါပေမဲ့ သိတိုင်းလည်း အမှန်တရား မဖြစ်နိုင်ဘူး ပန်းနီနီ"

"အန်တီ ပြောချင်တာက"

"သူ့အဖေက သူ့ကိုသိပ်ချစ်တာ၊ ဒီအကြောင်းကို ဖွင့်မပြောဖို့အတွက် အန်တီ ဘာလုပ်လုပ် ဘာပြောပြော လိုက်လျောသည်းခံခဲ့တယ် ယောကျ်ားတစ်ယောက်ရဲ့မာန ဂုဏ်သိက္ခာ အားလုံး အားလုံး အန်တို့ ခြေဖဝါးအောက်ကို စပ်ဆင်းပုံချထားခဲ့တာ"

ဒီလောက်ဆိုလျှင် ဆစ်ထန်အဖေရဲ့အချစ်ကို အပေါ်ယံအလွှာ လောက်တော့ ခန့်မှန်းမိလိုက်သည်။ ဒါဆို ဒေါ်မြသားနွယ် အလွန်ပေါ့လို့ မပြောရသေးခင်မှာပင် ဒေါ်မြသားနွယ်ဆီက နောင်တရောင်လက်သော မျက်ရည်စက်တချို့ တွေ့လိုက်ရပြန်သည်။

"ဒါတွေကို မသိလို့ မဟုတ်ဘူး၊ သိရဲ့နဲ့ မာနက ခွင့်မပြုတာ၊



www.burmeseclassic.com

www.burmeseclassic.com



မယားငယ်ရဲ့သားကို ဒီလောက်တောင် တန်ဖိုးထားရမလားဆိုပြီးတော့ ပေါ့၊ အရွဲ့တိုက်တဲ့စိတ်တွေနဲ့ သားကြီးကို ပိုပြီး ဦးစားပေးမိတယ်''

''ဆစ်ထန်ကို မုန်းတဲ့စိတ်ကြောင့် မဟုတ်လား''

ဒါကိုတော့ ဒေါ်မြသားနွယ် မဖြေ၊ စားပွဲပေါ် လက်တွေတောက်က နားထင်ကို လက်ညှိုးလေးနှင့် ဖိနှိပ်လျက် ခဏတာ ငြိမ်သက်နေ၏၊ ပြီးမှ အသက်ကို ဝဝရှူသွင်းလိုက်ပြီး

''မုန်းနေသလားလို့ ခဏခဏတွေးတယ်၊ မုန်းသင့်တယ်လို့ လည်း ကိုယ့်ကိုယ်ကိုယ် သတိပေးနေခဲ့တယ်၊ ဒါပေမဲ့ ကိုမောင်ဆစ်ထ ကို ခေါ်လာပြီး ကိုယ့်လက်ထဲကို ထည့်လိုက်တဲ့အချိန်မှာ အူဝဲ အူဝဲ ငိုနေရင်း တိခနဲ ရပ်သွားတဲ့ ခံစားမှုကို ဒီနေ့ထိ မေ့လို့မရဘူး''

''မိခင်တစ်ယောက် ဖြစ်နေတဲ့အတွက် မိခင်တစ်ယောက် ခံစားမှုမျိုးနဲ့လား အန်တီ''

''အိုး ဟုတ်တယ်၊ မင်းထင်မြင်ချက် သိပ်မှန်တယ် ပန်းမိုး ငါ့ရင်ထဲမှာ ဒေါသတွေ မာန်မာနတွေ အာဃာတတွေ ခိုအောင်း အ တွယ် မသိစိတ်ထဲက ဆစ်ထန်ကို သားတစ်ယောက်အဖြစ် အသိအမှ ပြုနေမိတယ် ထင်တယ်၊ ပြန်မပြော နားမထောင် သားကြီးကို အကော မြင်ပြီး အမြဲအတိုက်အခံ ကန့်လန့်တိုက်နေတဲ့ ဆစ်ထန်ကိုတော့ ေ သားရင်း မဟုတ်လို့ နိမ့်ကျတဲ့ မယားငယ်ရဲ့ဗီဇသွေးတွေပါလို့ ဒီလို တယ်လို့ပဲ အဆိုးဘက်က တွေးမိတယ်''



''သူ အန်တီ့ကို မမုန်းပါဘူး''

''ဟုတ်တယ် မမုန်းဘူး၊ ငါ့သွေးသား မဟုတ်ဘူးလို့ အမှန် တရားအတိုင်း ပေါက်ကွဲခဲ့တာတောင် မေမေမဆိုတဲ့ နာမ်စားကို မဖျောက် ဖျက်ဘဲ မေမေ့ကိုချစ်တယ်တဲ့ သူပြောသွားခဲ့တာ''

ဒီတစ်ကြိမ်မှာတော့ ပြောရင်းနှင့် ဒေါ်မြသားနွယ် မျက်ဝန်းအိမ် ကမျက်ရည်စက်တွေ ပါးပြင်လေးပေါ် လိမ့်ခနဲ ခုန်ဆင်းပြိုကျလာသည်။ စာနာစိတ်နှင့် ကျဉ်ခနဲ ထိတိရှရှ ရင်မှာနင့်သွား၏။

သံယောဇဉ်ဆိုတာ သွေးမှငြိတွယ်တတ်တာမျိုး မဟုတ်ပါဘဲ ဒေါ်မြသားနွယ် ဘာကြောင့် မသိခဲ့တာပါလဲ။

''မင်းကို ဆစ်ထန် ဘယ်အတိုင်းအတာထိ ရင်ဖွင့်ခဲ့လဲ မသိ ပေမယ့် သူ ငါ့ကို ချစ်နေတာကို မင်းသိနေကဲ့အတွက် ရင်ထဲမှာ ကြည်နူး မိသလိုပဲ ပန်းနီနီ''

''အဲဒါ အန်တီကလည်း သူ့ကိုချစ်နေလို့ပါ''

''အင်း ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ အန်တီ့ရင်ထဲ အဲလိုဖြစ်နေတာ ကို သူ့ကို ဘယ်လိုပြောပြရမလဲ၊ သူ့ကိုဘယ်မှာလိုက်ရှာရမလဲ''

''သူ့အဖေအိမ် ပြန်ရောက်လာလို့ မျှော်လင့်ချက်နဲ့ ဆစ်ထန် ကို ပြန်လာစေချင်တာလား အန်တီ''

ဘယ်အရာက တိုက်တွန်းနှိုးဆော်လိုက်သည်မသိပါဘဲ ဒေါ်မြ သားနွယ် ဆတ်ခနဲ ခေါင်းခါရမ်းမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့စကားပြောရင်း အန်တီ့ရင်ထဲမှာ ဖြစ်နေတာတွေ ငါ အမှန်အတိုင်း သိမြင်လာပါပြီ ပန်းနီနီ၊ ဆစ်ထန်ကို အန်တီ တွေ့ချင်တယ်၊ အာဃာတတွေနဲ့ ဖုံးလွှမ်းပိတ်လှောင်ထားခဲ့မိတဲ့ မေတ္တာတွေကို အတိုးချပေးချင်တယ်၊ ဒါဟာ ရင်ထဲက လာတဲ့ တောင့်တမှုပါ ပန်းနီနီ ရယ်"

"အန်တီရယ်"

နားလည်မှုတွေ စာနာမှုတွေဖြင့် ဒေါ်မြသားနွယ် လက်ကလေးကို ပန်းနီနီ ဆုပ်ကိုင်ထားလိုက်မိသည်။ ဒေါ်မြသားနွယ်အပေါ် ထား၍ ခဲ့မိသည့် အမုန်းတရားတွေကိုပါ ပယ်ဖျက်လိုက်မိခြင်းသည် ဆစ်ထန်ကို မြတ်နိုးတန်ဖိုးထားစွာ ချစ်နေခဲ့တာကြောင့်ဖြစ်သည်။

သံသရာမှာ ကြာကြာမဝေးချင်ဘူး ဆစ်ထန်ရယ်။ ရောက်ရာ အရပ်က နီရဲတောင့်တ ဆာလောင်မှုတွေကို သိစေကြားစေ မြင်စေချင်လိုက်တာ။ အချိန်တွေကိုသာ ရွှေ့လျားပြောင်းလဲလို့ရမယ်ဆိုရင်. . .၊

□ □ □

[illegible]

အခန်း (၃၂)

ရှေ့ကိုလျှောက်ရင်း နောက်က ကျောမလုံစွာ ခံစားနေရသည်မို့ ပဉ္စမရဲ နောက်ကိုလှည့်လှည့်ကြည့်နေမိသည်။ ဣန္ဒြေပျက်လုလု ဖြစ်နေလည်း ဂရုမစိုက်နိုင်။

ဘာကြောင့် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်နေမိတာလဲ။ မနက် အလုပ်ကို လာတုန်းကလည်းက ဒီလိုဖြစ်နေတာ။

ဆစ် ဆစ်ထန်များလား။

အတွေးနှင့် ရင်မှာလှိုက်ခနဲ ခုန်လှုပ်ညွတ်နူးသွား၏။ နောက်ကို ခြေစုံလှည့်ရပ်၍ မျက်လုံးများက ကျိုးကန်းတောင်းမှောက် ဝေ့ဝဲသွားသည်။

သို့သော် ဆစ်ထန်ရဲ့ အရိပ်အရောင်သော်မှ မမြင်ရ။ ရင်မှာ

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းသလိုလို ငိုချင်သလိုလို။

"ကိုမျိုးမင်း"

နောက်ကြောင်းပြန်လှည့်ကာ ဆိုင်တံခါးပိတ်ထားပြီဖြစ်သော ကိုမျိုးမင်းကို တံခါးခေါက်ကာ ခေါ်မိသည်။ ကိုမျိုးမင်းဆီ ဆစ်ထန် ရောက်ချင်ရောက်နေနိုင်သည်မဟုတ်လား။

"ဟာ ပန်းနီနီ ဒီအချိန်ကြီး ဘယ်လိုလုပ် ကျွန်တော့်ဆိုင် ရောက်လာတာလဲ"

ပြန်မဖြေသေးဘဲ ဖွင့်ပေးလာသော တံခါးပေါက်ကနေ အထဲကို ဖွတ်တိုးဝင်ကာ မျက်လုံးတို့က ဝေ့ဝဲမငြိမ်။

"ထိုင်ဦး ပန်းနီနီ"

"ကိုမျိုးမင်း"

"ဟုတ်ကဲ့"

"ဆစ်ထန် ရောက်နေလား"

"ဗျာ မ မရောက်ပါဘူး။ ဆစ်ထန်နဲ့ ဘယ်မှာတွေ့လာလို့လဲ"

"မျက်နှာချင်းဆိုင် တွေ့ရတာ မဟုတ်ဘူး၊ ဒါပေမဲ့ နီကို နောက်ယောင်ခံ လိုက်ကြည့်နေတယ်လို့ ခံစားမိနေတယ်"

"ဪဗျာ"

မျိုးမင်း ပြုံးစိစိဖြစ်ကာ ပန်းနီနီရှေ့မှာ ဝင်ထိုင်လိုက်သည်၊

"ကိုမျိုးမင်း နီကို အမှန်အတိုင်းပြောပါ၊ ဆစ်ထန် ရန်ကုန်ကို



ပြန်ရောက်နေပြီမဟုတ်လား။ ကိုမျိုးမင်းဆီကိုလည်း လာတယ်မဟုတ်လား ဟင်"

"ဟင့်အင်း၊ အခုပဲ ပန်းနီနီ ပြောမှ ကျွန်တော် အံ့သြနေတာ၊ ဒီကောင် ရန်ကုန်မှာရှိတယ်ဆိုရင် ကျွန်တော့်ဆီ လာမှာပါ၊ သူ့မှာ တခြားရင်းနှီးတဲ့ အပေါင်းအသင်းမိတ်ဆွေမှမရှိဘဲ"

"အခု တကယ်ကို ကိုမျိုးမင်းဆီ သူ မလာဘူးလို့ ပြောတာလား"

မသင်္ကာ မေးခွန်းများဖြင့် ပန်းနီနီ မျက်ဝန်းအိမ်မှာ မျက်ရည် ရိပ်တို့ ခိုတွယ်လာ၏။ မျိုးမင်းက စိတ်မကောင်းဟန် ပင့်သက်ရှိုက်လိုက်ပြီး

"ကျွန်တော် စိတ်မကောင်းပါဘူး ပန်းနီနီ၊ တစ်နေ့နေ့တော့ ပန်းနီနီဆီကို ဒီကောင် ရောက်လာမှာပါ"

"အဲဒီတစ်နေ့နေ့ဆိုတာကို မစောင့်ချင်တော့ဘူး ကိုမျိုးမင်းရယ်၊ ဟိုနေ့က သူ့အမေ ဒေါ်မြသားနွယ် နီ့ဆီကို လာသွားတယ်"

"ဟင် ဒေါ်မြသားနွယ် ဘာလို့လာတာလဲ"

"နီ့ဆီ ရောက်နေမလားဆိုပြီး လာကြည့်တာ"

"သူကိုယ်တိုင် ဒီအခြေအနေမျိုးဖြစ်အောင် ဖန်တီးပြီးမှ ပန်းနီနီ ကို ပြဿနာ လာရှာတာလား"

"မဟုတ်ဘူး အင်း အစကဟုတ်မယ် ထင်တယ်၊ ဒေါ်သတွေ့

www.burmeseclassic.com

www.burmeseclassic.com



တနင့်တပိုး သယ်ဆောင်လာတာ၊ အကြမ်းဖက်ဖို့ ပြင်ဆင်မှုတွေနဲ့ပေါ့ နိုဆီမှာ ဆစ်ထန် ရှိနေလိမ့်မယ်ဆိုတဲ့ သေချာမှုတွေနဲ့"

မျိုးမင်း ဟွန့်ခနဲ မဲ့ကာ ထိုင်ခုံနောက်မှီကို ကျောကပ်သွား၏။ သူတစ်ပါးအပေါ် ဒေါ်မြသားနွယ် နိုင်လိုမင်းထက် သက်ကမကောင်းရိုလွန်း၊ တာ ပန်းနီနီ ပြောမပြလည်း ယုံပါသည်။

"အဲဒီတော့ ပန်းနီနီ ဘာပြန်ပြောလိုက်လဲ၊ ပန်းနီနီ အနားက ဆစ်ထန် ထွက်သွားရတာ ဒေါ်မြသားနွယ်ကြောင့်ဆိုပြီး မုန်းနေခဲ့တာ မဟုတ်လား။ စိတ်ရှိသလောက် ပေါက်ကွဲပစ်လိုက်မှာပေါ့"

"ဟင့်အင်း အဲဒီလို ပြင်ဆင်ထားခဲ့ပေမယ့် စိုးရိမ်ရေမှတ် ကျော်ချိန်မရလိုက်ဘူး။ သူ့မျက်ရည်တွေကြောင့် အဟာန့်အတားဖြစ်သွားတယ်"

"ဗျာ"

"ဆစ်ထန်ကို သူ သံယောဇဉ်ရှိနေတယ်၊ မသိစိတ်နဲ့ တိုက်နိုက်နေခဲ့ပေမယ့် ငယ်စဉ်တည်းက မချစ်ခေါ်လည်း အောင့်ကာနမ်းပြီး ထွေးပိုက်ခဲ့ရတဲ့အတွက် မိခင်တစ်ယောက်ရဲ့မေတ္တာစိတ် ဆိုအောင်းနေတယ်"

"အဲဒါ ပန်းနီနီဘက်က အမြင်နဲ့ယှဉ်လိုက်တာ မဖြစ်နိုင်ဘူးလား"

"နီ အဲလောက် လူကဲခတ်ညံ့ပါဘူး၊ ပထမအကြိမ် လာတွေ့





တုန်းကနဲ့ တခြားစီပဲ"

"ဆစ်ထန်အတွက် ဝမ်းသာသင့်တယ်ပေါ့"

"သူ့ကိုတွေ့ရင် ပြောပြချင်တာပါ၊ ဒေါ်မြသားနွယ် တကယ် မုန်းနေတာ မဟုတ်ဘူးလို့လေ၊ သူလည်း ဝမ်းသာကြည်နူးသွားမှာပါ၊ ဒေါ်မြသားနွယ် မေတ္တာကို သူ မျှော်လင့်နေတာပဲ"

မျိုးမင်း တွေခနဲ ငြိမ်သက်သွား၏။ ဒေါ်မြသားနွယ်အပေါ် ပန်းနီနီ အကြောင်းမဲ့သက်သက် စာနာပေးနေတာ မဖြစ်နိုင်။ သေချာ အောင်တော့။

"ဒေါ်မြသားနွယ်ကို ပန်းနီနီ ယုံကြည်နေပြီပေါ့"

"သူ့မှာဒဏ်ရာတွေ ဗရပွနဲ့ အရမ်းကို ထိခိုက်ခံစားနေရတယ် ထင်တယ်"

"ဗျာ အဲဒါက ဘာကိုပြောတာလဲ"

"ဆစ်ထန်အဖေလည်း အိမ်မှာမရှိဘူး၊ ဆစ်ထန် ထွက်သွားတဲ့ နေ့ကတည်းက အိမ်ကထွက်သွားတာ"

"ဟာ ဆစ်ထန် အဖေက ဘာကြောင့်လဲ၊ ဆစ်ထန်အတွက်နဲ့ သူတို့လင်မယားစကားများကြတာလား"

"အဲလိုပဲ ထင်ပါတယ်၊ အခု ဒေါ်မြသားနွယ် အရမ်းကို သနား ရကောင်းနေသလိုပဲ၊ ဆစ်ထန်အဖေက ဆစ်ထန်ကို သိပ်ချစ်တာတဲ့ လေ၊ ယောက်ျားမာန ဂုဏ်သိက္ခာအားလုံး ဒေါ်မြသားနွယ်ရှေ့ ပုံချထား



www.burmeseclassic.com

www.burmeseclassic.com



တာ ဆစ်ထန်ကို ချစ်လို့တဲ့"

"ပန်းနီနီပြောတော့လည်း ယုံရမလိုပါဘဲ၊ ဆစ်ထန် မေတ္တာရောင်ပြန်ဟပ်တယ်လို့လည်း ပြောလို့ရတယ်၊ ဆစ်ထန်က ဒေါ်မြသားနွယ်ကိုမှန်းမှ မှန်းမနေတာ၊ ဒါနဲ့ ပန်းနီနီကရော ဆစ်ထန်ကို ဘာလို့မေ့မကြိုးစားသေးတာလဲ"

"မေ့ဖို့ချစ်ခဲ့တာမှ မဟုတ်တာ၊ နီ သူ့ကိုချစ်တာ ဘာအရောက်အဆင်းမှမပါပါဘူး၊ သူ့မှာ ဘယ်လိုအပြည့်အစက်တွေပဲရှိရှိ အမြဲစင်သေတစ်သက်လုံး ချစ်သွားမှာ"

ပန်းနီနီ ရင်ထဲက သစ္စာစကားတွေဟု မျိုးမင်း ယုံကြည်လိုက်၏။ ပန်းနီနီက လိမ်ညာသိုဝှက်တတ်သည့် မိန်းကလေးမှမဟုတ်တာ၊ ဒီအဖြစ်မှန်တွေကိုသာ ဆစ်ထန်သိလျှင်. . .။

◻ ◻ ◻

အခန်း (၃၃)

"မင်းအားလုံးကြားတယ် မဟုတ်လား ဆစ်ထန်၊ ဒေါ်မြသားနွယ် မျက်ညှော်ကျတယ်ဆိုတာရော ပန်းနီနီ ချစ်တယ်ဆိုတာရော"

ဆစ်ထန် မဖြေ၊ အခန်းထဲကမထွက်ဘဲ ဒီအတိုင်း ရှိနေဆဲဆစ်ထန်အနားမှာ မျိုးမင်း အပြေးဝင်လာကာ ပြောသော်လည်း ဆစ်ထန်တုန်မလှုပ်။

"အားလုံးနဲ့ဝေးရာမှာနေတော့မယ်လို့ ဆုံးဖြတ်ထားရင် မင်းတာလို့လာနေသေးလဲ၊ အခု သူ့နောက်မှာ အရိပ်လိုရှိနေတာ ပန်းနီနီပဲဆိုတာ သိထားမိနေပြီ"

"တစ်ယောက်ယောက်လို့ သူ ထင်မှာပါ"

"မင်း အမြဲတမ်း ပုန်းအောင်းနေနိုင်မှာမို့လား"

"မြင်နေရတာ ဖဝဒနာသက်သာတယ်၊ ငါက အများကြီး ပိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ချင်တဲ့ကောင် မဟုတ်ပါဘူး''

''မင်းလောဘမရှိပေမယ့် ကျန်တဲ့သူတွေ ဒေါ်ရာရနေပြီ''

''ဖေဖေအနားမှာ မရှိလို့ ပန်းနီနီဆီကို မျက်ရည်ခံလာတိုး တာ မဖြစ်နိုင်ဘူးလား၊ မေမေ ဘယ်တုန်းကမှ ငါ့ကိုမချစ်ခဲ့ပါဘူး။ ဒါက ငါ ခံစားခဲ့ရတဲ့ အတိုင်းပြောတာ''

''လူ့ရဲ့စိတ်က တသမတ်တည်း ရှိနေတာမှ မဟုတ်ဘဲ၊ မုန်းဖ အချိန်ရှိသလို ချစ်တဲ့အချိန်ဆိုတာလည်း ရှိမှာပဲ၊ ဥပေက္ခာပြုမယ်ဆိ အစတည်းက မင်းကိုလက်မခံဘဲ နေခဲ့မှာပေါ့''

''ဖေဖေ့ရဲ့အမည်းစက်က ငါ့ကိုတစ်သက်လုံး အနိုင်မိုးထားမှ မေမေ့ရဲ့အမုန်းတွေကို ငါ မခံစားနိုင်တော့ဘူး မျိုးမင်း၊ အရင်က ဥပေက တွေကို လျစ်လျူရှုလို့ရပေမယ့် ဒါကြောင့်ဆိုတာကြီးက ငါ ဘယ်လို မေ့ပျောက်လို့ရမှာမဟုတ်ဘူး မေမေ့မျက်လုံးစိမ်းတွေကို အခုထိ ယောင်နေသေးတယ်''

''မင်းအဖေကို ခွင့်မလွှတ်နိုင်တာလား''

ဆစ်ထန် ငြိမ်သက်နေတော့ မျိုးမင်းက ပခုံးဖက်ကာ နှစ် ဖျောင်းဖျ၏။

''အပြစ်ဆိုတာ လူတိုင်းလုပ်ဖူးတယ်၊ အမှားဆိုတာလည်း တိုင်းကြုံဖူးတယ်၊ အဲဒီအမှားမျိုး အပြစ်မျိုး ကိုယ်မကျူးလွန်မိအော မင်းကြိုးစားစမ်းပါ''



''ငါ''

''မင်း အိမ်ပြန်ပါကွာ''

''ငါ့ကိုတွေ့ချင်တာ သက်သက် မဟုတ်နိုင်ပါဘူး မျိုးမင်းရာ၊ ဖေဖေ့ကို ပြန်လာစေချင်တာဖြစ်မှာပါ၊ မေမေ အဲလောက် မပျော့ညံ့ မနူးညံ့ပါဘူး။ ငါ မေမေ့ကို မုန်းလို့ပြောနေတာ မဟုတ်ဘူးနော်၊ မေမေ စိတ်ပင်ပန်းခဲ့ရတာတွေကို သနားတာ''

''ပန်းနီနီကိုရော ဒီအတိုင်း လွှတ်ထားလိုက်မှာလား၊ အချစ် ကြီးရင် အမုန်းကြီးတတ်တယ်တဲ့၊ ပုထုဇဉ်လေ၊ ပန်းနီနီ ဘယ်လောက် ထိ ခံနိုင်ရည်ရှိမှာလဲ''

''အမုန်းတရားတွေနဲ့ ကျော်နိုင်းသွားပြီး ဘဝသစ်မှာ ပျော်စေ ချင်တယ်''

''မင်း စွန့်လွှတ်နိုင်သလား''

ဆင်ထန် အသံတိတ် ငြိမ်သက်သွားပြန်၏။ အမှန်အတိုင်း ပြောချလိုက်ဖို့ သူ ဝန်လေးနေသည်။ ဘယ်လိုမှ ဝေးဝေးမနေနိုင်လို့ပဲ သူ ပြန်ရောက်လာခဲ့ရတာ မဟုတ်လား။

မေမေ့ခွင့်ပြုချက်မယူဘဲ ကိုကို့ကို ထောင်ဝင်စာ သွားတွေ့ခဲ့ သည်။ ဘာအကြောင်းရယ် မပြောနိုင်ဘဲ ကိုကို့ရှေ့မှာ သည်းထန်စွာ ငိုကြွေးခဲ့၏။

ဘဝမှာ မထင်မှတ်တာတွေ ဖြစ်လာခဲ့ပြီး ကိုကိုကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



သွေးမကွဲနိုင်။ ပန်းနီနီကိုလည်း မမေ့နိုင်ဘဲ မေမေ့ကိုလည်း တမ်းတမိ၏။ ဘာကြောင့် စိမ်းပြတ်စွာ မနေနိုင်ခဲ့တာလဲ။

ထိုမေးခွန်းတွေက သူ့ကိုတစိမ့်စိမ့် အသေသတ်နေသလို။

"အသံမဲ့တဲ့စကားတွေမှာ အမှန်တရားတွေရှိတယ်၊ မင်း ငြိ သက်နေတဲ့ ပန်းနီနီကို မစွန့်လွှတ်နိုင်ဘူးဆိုတဲ့ သက်သေတွေပဲ၊ အချိန် ကြာလာရင် အရာရာက ပုံမှန်ဖြစ်သွားမှာပါ၊ မင်း အိမ်ပြန်သင့်တယ် ဆစ်ထန်"

"ဖေဖေ့ကိုပဲ ပြန်ခိုင်းလိုက်ပါမယ်"

"မင်း အဖေကို ဘယ်လိုက်ရှာမလို့လဲ"

"ဖေဖေရှိမယ့်နေရာ ငါ သိတယ်၊ ဖေဖေ ပြန်ရောက်သွားရင် မေမေ့ဆန္ဒတွေ ပြည့်ဝသွားမှာပါ"

"မင်းအမေက မင်းကိုချစ်တယ်ဆိုတာကို မယုံကြည်ဘူးလား"

"ငါက အငယ်အနှောင်းရဲ့သား၊ မေမေ ဘယ်တော့မှ ကြည့်မှာမဟုတ်ဘူး"

"ဒါဆို ပန်းနီနီ့ဆီကို"

"သူ ငါ့ကို မေ့သွားတဲ့အချိန်ထိ သူ့အနားမှာ ငါ ရှိနေမှာပါ"

"မင်း မပြတ်သားဘူး"

"အဲဒါ အချစ်ကြောင့်"

"မဟုတ်ဘူး၊ ကိုယ့်အတ္တကိုယ် ကိုးကွယ်နေတာ၊ ပန်းနီနီ့



ချစ်ကို လျစ်လျူရှုတာ၊ တကယ်ဆို မင်းကို ပန်းနီနီ မုန်းသင့်တယ်၊ မေ့ပစ်ပြီး ဘဝသစ်တစ်ခု စလိုက်ရမှာ"

ငါလည်း အဲလိုဖြစ်စေချင်တာလို့ မပြောဖြစ်။ အတွေးနဲ့တောင် အသည်းက ဆတ်ဆတ်ခါသည်။ စွန့်လွှတ်နိုင်သူကြီးလို့ မမော်ကြွားနိုင်တာ ကိုယ့်ကိုယ်ကိုယ် အပြစ်ဒဏ်သင့်တာပဲ ထင်၏။

မြုန်းခနဲထကာ ရေခဲသေတ္တာထဲက ရေတစ်ဘူး ဒီအတိုင်း မော့သောက်တော့ သူ့အနားကို မျိုးမင်း လိုက်လာပြီး ရေဘူးကို ဆွဲလု၏။

"မင်းဘယ်လောက်သောက်သောက် ရင်ပူသက်သာမှာမဟုတ် ဘူး၊ ဒီအပူတွေကို မင်းကိုယ်တိုင် ဖန်တီးနေတာ"

"သူတို့ဘက်က ရပ်တည်ချင်နေပြီလား"

"အခြေအနေတွေက အရင်လို မဟုတ်တဲ့ ပြောင်းလဲနေပြီဥစ္စာ၊ ကိုယ်က စေတနာဆိုပေမယ့် တစ်ဖက်မှာ ဝေဒနာဖြစ်သွားတတ်တာမျိုး တွေ ရှိတယ်"

"ငါ အစွန်းရောက်နေတယ်လို့ ယူဆနေသလား စိုးလင်း၊ လူတစ်ယောက်ရဲ့ အမုန်းနဲ့ အာဃာတတွေကို မင်း မခံစားဘူးလို့ပါ၊ ဒီရင်ဘတ်ထဲမှာ အခုထိ နာနေတုန်းပဲ"

"ဒေါ်မြသားနွယ်ကို မင်း မမုန်းဘူးဆို"

"မုန်းလို့ရှောင်နေတာမှမဟုတ်တာ၊ ဖြစ်လာသမျှတွေကို မခံစား နိုင်လွန်းလို့ ထွက်ပြေးနေတာ၊ လောကမှာ ကိုယ်ကျင့်တရားပျက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



မိဘတွေရဲ့သားသမီးဖြစ်ရတာလောက် ရှက်စရာ သိမ်ငယ်စရာကောင်း တာ မရှိဘူး။ ဒီအပြစ်ကို ဖေဖေ ကျူးလွန်ခဲ့တာ၊ ငါ့ကို ဒသေသတ်လိုက် တာနဲ့ အတူတူပဲ၊ ပြီးတော့ မေမေ့ကို ဝေဒနာတွေပေးခဲ့တာ"

"ဖြစ်ခဲ့သမျှတွေအားလုံး မင်းအဖေက တရားခံလို့ စွပ်စွဲ တာလား ဆစ်ထန်၊ မင်းလည်း ယောကျ်ားတစ်ယောက်ပါ၊ တစ်သက်ရ ဒီအပြစ်မျိုး မကျူးလွန်ဘူးလို့ အာမခံသလား"

ဆစ်ထန် သွက်လက်စွာပင် လက်မထောင်၍ ခေါင်းညိတ် လိုက်၏။

"ယောကျ်ားဖြစ်လို့ ဒီလိုအမှားမျိုး ကျူးလွန်တာ မဆန်းဘူး မင်းတွေးနေလား မျိုးမင်း၊ ယောကျ်ားဆိုပြီး ကိုယ်ကျင့်တရား ပျက်ချ တိုင်းပျက်၊ အိမ်ထောင်ရေး ဖောက်ပြန်ချင်လို့ ဖြစ်မလား၊ ကိုယ့်ရဲ့ဇနီ မယား၊ သားသမီး၊ မိဘအသိုက်အဝန်း၊ အဲဒါတွေရဲ့ဂုဏ်သိက္ခာကို ထိန်းသိမ်းရမယ့်စည်းဆိုတာ ရှိတယ်ကွ"

"မှားချင်လို့ မှားနေကြတာ မဟုတ်ဘူး၊ အခြေအနေနဲ့ တရား"

"အဲဒါ ဆင်ခြေတွေပဲ၊ ကိုယ်လုပ်တဲ့အမှားကို တာဝန်မယူချ တဲ့ ဆင်ခြေတွေ၊ တကယ်တမ်းဆို မွေးကင်းစအရွယ်တည်းက ငါ့ကို စွန့်ပစ်ခဲ့ရမှာ"

"ဘယ်မိဘမှ အဲလိုလုပ်ရက်ကြမှာမဟုတ်ဘူး ဆစ်ထန်၊ သူ့



အမှား သူ့အပြစ် တာဝန်မယူချင်ဘူးဆိုရင် မင်းကိုလူဖြစ်အောင် မွေးခဲ့ ပါ့မလား၊ မုန်းနေတာလည်းမဟုတ်ဘဲနဲ့ နားလည်ပေးလိုက်စမ်းပါ ဆစ် ထန်ရာ"

ဆစ်ထန် ခေါင်းညိတ်ခေါင်းခါခြင်းမရှိဘဲ အိပ်ရာခုတင်ပေါ် ပစ်လှဲ၍ နဖူးပေါ် လက်တင်စဉ်းစားခန်းဝင်နေ၏။ အရင်က ဆစ်ထန် ပြောရဆိုရ လက်ပေါက်မကတ်ပါ။ အခု သူ့ရင်ထဲ ဘာတွေဖြစ်နေသလဲ ဆိုတာ ကိုယ်ပင်မပြောတတ်တော့။

ဒေါ်မြသားနွယ်အပေါ် တုံ့ပြန်မိတာတွေ နောင်တရနေသလား။ ဒီအပြစ်မျိုးနှင့် ပန်းနီနီအချစ်ကို ပိုင်ဆိုင်ရမှာ သိမ်ငယ်နေသလား။ ချိန်တစ်ခုကို စောင့်ကြည့်ရင်ဖြင့်. . .။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

အချိန်အကြာကြီး စောင့်လိုက်ပြီးမှ တရားထိုင်နေသော ဖေ
နှင့် တွေ့ခွင့်ရသည်။ အပြစ်တွေကို ဒီလိုနည်းနှင့် ဆေးကြောနေတာလ
ဟု မခန့်ရက်။

သူ့ကိုမြင်၍ အံ့ဩနေသော ဖေဖေ့ရှေ့ကို သူ အရင်ရော
အောင် လျှောက်သွားလိုက်သည်။

"ဖေဖေ"

"သား"

ဦးမောင်မောင်ဦး လက်ထဲက တုတ်ကောက် လွတ်ကျသွား
သားကိုဖက်၍ အမိုပြု၏။ ဘုန်းကြီးကျောင်းဝင်းအတွင်းက ဗာဒံပင်အား
ရဲ့ ထိုင်ခုံတွေရှိရာ ဆစ်ထန် တွဲခေါ်လာခဲ့သည်။

"ဘယ်တွေရောက်နေတာလဲ သားရယ်၊ ဘယ်တွေသွားနေ



လဲ"

"ဒီလိုပါပဲ ဖေဖေ၊ မိဘအရိပ်လောက် မအေးချမ်းပေမယ့် ခိုစရာနေရာတော့ ရှိပါတယ်"

"ဘာလို့ အဝေးကိုထွက်သွားပြီး ဒုက္ခခံနေတာလဲ၊ သားက ဖေဖေ့သားပါ၊ ဖေဖေပိုင်ဆိုင်သမျှတွေက သားအတွက်ချည်းပါပဲ"

"ဘာခံစားခွင့်မှ သား မယက်မောလို့ပါ ဖေဖေ"

"ဖေဖေသိတယ်၊ ဒါပေမဲ့ အဲဒီလို ထွက်သွားဖို့အထိ မလိုအပ်ဘူးလေ သားရယ်၊ ဖေဖေ့ကို သား မုန်းသွားသလား၊ ရွံသွားသလား၊ အိမ်ထောင်ရေး ဖောက်ပြန် ကိုယ်ကျင့်တရားပျက်တဲ့သူရယ်လို့ သား အထင်သေးသွားလို့လား"

ခေါင်းကြီးငုံ့ကာ ဆစ်ထန် ဘာမှပြန်မဖြေတာမို့ ဦးမောင်မောင်ဦး ဝမ်းနည်းနှင့်သီးသွား၏။ သားရင်ထဲမှာ ကိုယ်ထင်ထားသလို ဒဏ်ရာတွေ အမြစ်တွယ်သွားပါရောလား။

"ဖေဖေ တောင်းပန်ပါတယ် သားရယ်၊ ဒီအပြစ်က ဖေဖေ စိတ်ပါလက်ပါ ကျူးလွန်ခဲ့တာမဟုတ်ပါဘူးလို့ပြောရင် ဆင်ခြေတွေပါလို့ သား ထပ်ပြီး နာကြည်းသွားမလား မသိဘူး"

"ဘယ်လိုတွေပဲပြောပြော သားက ဒေါ်မြသားနွယ် မွေးတဲ့ သားဖြစ်မလာနိုင်ပါဘူး ဖေဖေ၊ ဖေဖေ အပျော်ရှာလို့ ရလာတဲ့ အငယ်အနှောင်းရဲ့သားပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သားရယ် ဒါပေမဲ့"

"သားကို ဘာမှရှင်းပြမနေဘဲ မေမေ့ဆီကို ပြန်သွားလိုက်ပါ ဖေဖေ၊ အခုလို ဖေဖေ အိမ်ကထွက်လာတာ မေမေ့ကို ဒဏ်ရာ ထပ်ပေးသလို ဖြစ်မနေဘူးလား"

"ဒါကတော့"

"မေမေ နာကြည်းသင့်တဲ့လုပ်ရပ်တွေ ဖေဖေ လုပ်ခဲ့တာ ဒီထက်မက မုန်းတီးတိုက်ခိုက်ခံရရင်တောင် တန်ပါတယ် ဖေဖေ"

မြသားနွယ်ဘက်က စာနာတတ်နေသော သားရဲ့တုံ့ပြန်မှု ကို ရင်မနာနိုင်ဘဲ သားကို ကျေးဇူးတင်ရသေးသည်။ မြသားနွယ် ရက်စက်မှုတွေ ဥပေက္ခာတွေ နာကျင်စွာခံစားခဲ့ရပေမယ့် မုန်းတီးနေ မျိုး မဟုတ်ပါလား။

"မြသားနွယ်ကို စိတ်မနာဘူးလား သား"

သွေးတိုးစမ်းကာမေးတော့ ဆစ်ထန် ယဲ့ယဲ့မျှ ပြုံး၏။

"အမေရင်းလို့ထင်ခဲ့တဲ့အချိန်တွေတုန်းကတော့ သား ယောက်အပေါ် ဥပေက္ခာပြုရက်လေခြင်း၊ ရက်စက်ရက်လေခြင်းလို့ ရင် လို့မဆုံးခဲ့ဘူး၊ ဘယ်လို အရွဲ့တိုက်တုံ့ပြန်ရမလဲဆိုပြီး အမြဲခေါင်းငုံ့မခံ ပြင်ဆင်နေခဲ့တယ်၊ အခုတော့ အဲဒီအကြောင်းတွေ တစိမ့်စိမ့်တွေး တမြေ့မြေ့ ရှက်နေမိပါတယ် ဖေဖေ"

"သားရယ် ဒါတွေကို အတိတ်တစ်ခုလို မေ့ပစ်ပြီး အိမ်ပြ





လာခဲ့ပါလား၊ ဖေဖေလည်း သားပြန်ရောက်မှ အိမ်ပြန်ဖို့ စဉ်းစားတော့ မယ်"

"မေမေ့အပေါ် အပြစ်တွေထပ်လုပ်ဦးမလို့လား ဖေဖေ၊ သား ကြောင့် ဖေဖေ အိမ်ကထွက်လာတာဆိုရင် မေမေက သားကို ဒီထက်ပို ပြီး မုန်းတော့မှာပေါ့"

"အဲလိုဖြစ်သွားလည်း မတတ်နိုင်တော့ဘူး သား၊ ဒီကိစ္စကို မြသားနွယ်နဲ့ဖေဖေ အခြေအတင် ဆွေးနွေးပြီးသားပါ၊ သားကို ဒီ အကြောင်းတွေပြောမပြဘူးဆိုရင် သူဘာတွေလုပ်လုပ် သည်းခံမယ်၊ သားအပေါ် မကျေနပ်ချက်တွေ ပုံချမယ်ဆိုလည်း မသိချင်ယောင်ဆောင် မယ်၊ နောက်ဆုံး ဖေဖေ့ရဲ့ယောက်ျားမာနနဲ့ ဂုဏ်သိက္ခာတွေပါ မြသား နွယ်ကို အပ်ထားပြီးသားပါ၊ သူ နှင်းလိုနှင်း၊ ချေလိုချေ"

"ဗျာ"

သူ လွှတ်ခနဲ အာမေဋိတ်သံ ထွက်သွားရသည်အထိပါ။ ဒါ ကြောင့် ဖေဖေက မေမေ့ကို အရှုံးပေးနေခဲ့တာလား။

သူ့အပေါ် အနေစိမ်းစွာ မသိချင်ယောင်ဆောင်နေခဲ့တာလား။ သူ့ကို တကယ်မချစ်လို့ မဟုတ်ခဲ့ဘူးပေါ့။

ပါးစပ်ဖျားမှာပင် မေးခွန်းပေါင်းများစွာဖြင့် ဖေဖေ့ဘက် တည့် တည့်လှည့်ထိုင်မိသည်။ ဖေဖေ့ဆီက ပင့်သက်ရှိုက်သံပြင်းပြင်းကြားရပြီး နောက်



www.burmeseclassic.com

www.burmeseclassic.com



"သားကြောင့်ပါ၊ လူမမယ်သားလေးကို မစွန့်ပစ်ရက်လွန်းလို့ မိန်းမတစ်ယောက်ကို ဒူးထောက်အရှုံးပေးနေခဲ့တာပါ သား ရယ်၊ သား လေးကို မွေးဖို့ မျက်ရည်တွေနဲ့ အသနားခံခဲ့တယ် ခုကျွတာဘာသနဲ့ လူဖြစ် ရှုံးတဲ့အထိပါ"

"ဖေဖေ"

"သား ယုံမလား မသိပေမယ့် ဒီအပြစ်ကို ဖေဖေ စိတ်ပါလက် ပါ ကျူးလွန်ခဲ့တာ မဟုတ်ပါဘူး၊ လုပ်ငန်းတူ မိတ်ဆွေတွေရဲ့မနာလိုမှုရဲ့ ထောင်ချောက်ဆင်ခံခဲ့ရတာပါ၊ ဒါပေမဲ့ ဖေဖေ ယောကျ်ားပီပီသသ တာဝန်ယူခဲ့တယ်၊ ဒါကြောင့်လည်း သားဖြစ်လာမယ့် သန္ဓေသားလေးကို ဖေဖေ အဖျက်စီးမခံခဲ့တာပေါ့၊ သားလေး ရှင်သန်ရာရဖို့ ဖေဖေ့ဘဝတစ်ခု လုံးကို မြှသားနွယ်လက်ထဲ ဝကွက်အပ်ခဲ့တာပါ သားရယ်"

"ဖေ ဖေဖေရယ်"

အလုံးစုံ နားလည်လိုက်တာ မဟုတ်ပေမယ့် ဖေဖေ့မျက်ရည် စက်တွေကိုတော့ ခံနိုင်ရည်မရှိပါ။ အပြစ်ကို ဖိုမယ်ပွဲပြီး တမင်းးကြီးလက် မှန်းနေခဲ့တာမှ မဟုတ်ဘဲ။

ဖေဖေ့ကို သူ ချစ်ပါသည်။ အနေစိမ်းခဲ့ဘားတောင် မေမေ့ရဲ့ ဥပေက္ခာများကြောင့် ဖေဖေ့ကို သနားခဲ့၏။ ငယ်စဉ်တည်းက လုပ်ငန်းပိုင်၊ မှာ ကျွမ်းကျင်ထက်မြက် စွမ်းဆောင်မှုတွေကို လေးစားခဲ့သည်၊

တည်ငြိမ်ရင့်ကျက် အနေအေးဆေးခဲ့သည်မို့ အတုယူစရာ

ပုဂ္ဂိုလ်တစ်ယောက်လို အထင်ကြီးခဲ့၏။

ဒါပေမဲ့ ထို့နောက်ပိုင်းမှာ ဖြစ်ပျက်ခဲ့သမျှတွေသည်။ ..

"ဒါတွေ သားမသိခဲ့ပါဘူး၊ သိခဲ့သမျှတွေကလည်း သားဘဝ မှောင်ကျသွားသလိုပါပဲ၊ ဒါပေမဲ့ ဖေဖေ ပြောတာတွေ နားထောင်ပြီး ဖေဖေ့ကို သား နားလည်ပေးနိုင်ပါတယ်၊ ဘာတွေပဲဖြစ်ဖြစ် မေမေ့ဆီကို ပြန်လိုက်ပါ ဖေဖေ"

"သားရော လိုက်လာမယ် မဟုတ်လား"

"ဟင့်အင်း၊ မေမေလိုအပ်နေတာ ဖေဖေ့ကိုပါ၊ ဖေဖေသာ ပြန်သွားမယ်ဆိုရင် မေမေ့ဆန္ဒတွေ ပြည့်ဝသွားပါလိမ့်မယ်"

"မဟုတ်တာ သားရယ်"

"မေမေ စောင့်တာတာယ်ဆိုရင် သားရောက်အောင် ပြန်လာခဲ့ မယ်၊ မက်မောမှုတွေရှိလို့ ပြန်တွယ်ကပ်တာမျိုး မဖြစ်ချင်ဘူး ဖေဖေ၊ မေမေ့အတွက် ဖေဖေရှိလို့ ပြည့်စုံသွားတယ်ဆိုရင် သား ကျေနပ်ပါတယ်"

"သားမပါဘဲ ဖေဖေ မသွားချင်ဘူး သားရယ်၊ သားကို ဥပေက္ခာ ပြုသလိုဖြစ်ပြီး ဖေဖေ စိတ်ချမ်းသာနိုင်ပါ့မလား"

"သားကို တကယ်ချစ်တယ်ဆိုရင် မေမေ့ကိုသာ ဂရုစိုက်ပေး ပါ ဖေဖေ၊ သားကို မေမေ သံယောဇဉ်ရှိလိမ့်မယ်ဆိုတာ ယုံကြည်ပါတယ်၊ ဒါပေမဲ့ သားအနေနဲ့ တစ်ယောက်လို မေတ္တာတွေတော့ ပေးနိုင်မှာမဟုတ် ဘူး၊ သားကိုမြင်ပြီး အရင်လို စိတ်ဆင်းရဲနေဦးမှာဆိုရင် သား ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



ကန်းရာရောက်လိမ့်မယ် ဖေဖေ သားကို နားလည်ပေးပါ''

ဒါပါပဲ။ သားကို ဘယ်လိုမှ ဖျောင်းဖျနိုင်မှာမဟုတ်ပေ။ မြသား နွယ်ဆီက စစ်မှန်သော မေတ္တာတရားကို မရသရွေ့ သားမာနကြီးနေပေ လိမ့်မည်။

သားလိုချင်တာတွေ မြသားနွယ်ဆီက ရအောင် ကြိုးစားပေး ရတော့မှာပေါ့။ ဒါဟာ နောက်ဆုံးအခွင့်အရေးတစ်ခုပဲမို့ . . ။

□ □ □

ဈ၂ျ၁၈၁၈၆

## အခန်း (၃၅)

''နောက်ဆုံးအနေနဲ့ သားမျက်နှာလေးကို မြင်တွေ့သွားချင် တယ်၊ သားကို နူးညံ့ချိုသာတဲ့စကားတွေပြောပြီး ထွေးပွေ့သွားချင်သေး တယ်၊ သားကို ရှာပေးပါလား၊ အန် အန့်တီ တောင်းပန်ပါတယ် ပန်းနီနီ ယ်''

''အန့်တီ''

ထိတ်လန့်စွာနှင့် ဒေါ်မြသားနွယ် ပါးပြင်ပေါ်က မျက်ရည်တွေ ကို ကပျာကယာ ဖွဖွညင်သာ သုတ်ပေးမိ၏။ အိမ်ဖော်မလေး မိတ္တူး လာခေါ်စဉ်က ဒေါ်မြသားနွယ်ကို ဒီပုံစံမျိုးနှင့် တွေ့ရလိမ့်မည်ဟု မထင်မိ။

''မမပန်းကို ဒေါ်မြသားနွယ် ခေါ်ခိုင်းလိုက်လို့ပါ၊ သူ တော် တော် နေမကောင်းဖြစ်နေလို့ အရမ်းတွေ့ချင်နေတယ် ထင်တယ်၊ ဆက် ဆက်လိုက်ဖြစ်အောင် လိုက်ခဲ့ပေးပါလို့ သေချာမှာလိုက်ပါတယ်''

ဈ၂ျ၁၈၁၈၆

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအတိအကျ ပြောလာတာမို့ မဖြစ်မနေ လိုက်လာခဲ့တာ၊ အခုလို လေသံယဲ့ယဲ့နှင့် အိပ်ရာထဲလဲနေလိမ့်မည်ဆိုတာတော့ တွေးပင် မတွေးမိပေ။

ဒီလို စိတ်ဓာတ်ကျ ငုန်းငုန်းလဲနေတာမြင်တော့ ရင်ထဲဆို့နင့်လျက် ဘယ်လို ဖြေသိမ့်ဖျောင်းဖျရမှန်းပင် မသိ။

"အန်တီ နေကောင်းအောင်နေပါနော်၊ ဆစ်ထန် ပြန်ရောက်လာမှာပါ၊ ဟို အန်ကယ်ရှိနိုင်တဲ့နေရာ သိတယ်ဆို၊ နီ သွားခေါ်ပေးရမလားဟင်"

"ဟင့်အင်း သူ့သားမလာဘဲ သူလည်း ပြန်လာမှာမဟုတ်ဘူး သူလည်း မာနကြီးတဲ့လူတစ်ယောက်ပဲ၊ သားအတွက်နဲ့ သူ့မာနတွေ ဂုဏ်သိက္ခာတွေကို အန်တီ့ဆီမှာ စတေးထားတာ၊ ဒါတွေကို အစက ဖခင်တစ်ယောက်ရဲ့ မေတ္တာတွေလို့ အန်တီ နားလည်မပေးတတ်ခဲ့ဘူး ပန်းနီနီရယ်၊ မယားငယ်ရဲ့သားအတွက် သူ ဒီလိုပေးဆပ်နေတာကို အကျေးဆိုးတွေနဲ့ ရင်တွေနာနေခဲ့တာ၊ ဒါကြောင့်လည်း ဆစ်ထန်အပေါ် အမုန်းတွေပိုခဲ့မိတာ ထင်တယ်"

"ဒါတွေ မပြောပါနဲ့တော့ အန်တီရယ်၊ အခု အရေးကြီးတာက အန်တီ ဆေးရုံတက်ပြီး ဆေးကုသဖို့ပဲ၊ ဒီလို မစားမသောက် ဆေးမကုဘဲနေတာ ကိုယ့်ကိုယ်ကိုယ် အပြစ်ဒဏ်ခတ်နေတာနဲ့ မတူဘူးလား"

ဒေါ်မြသားနွယ် ဝေဒနာကို မချိမဆံ့ ကြိတ်မှိတ်၍မှ ခံစားရင်းက



ယဲ့ယဲ့မျှအားယူ၍ ပြုံးလေသည်။

"ပန်းနီနီ ပြောတာ မှန်တယ်၊ ဟုတ်တယ် အန်တီ ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်နေတာပဲ၊ ဘာလို့ ဆစ်ထန်နဲ့သူ့အဖေကို ဘာလိုဒုက်ဆင်းရဲမှုတွေ ပေးခဲ့မိသလဲလို့ပေါ့၊ သူတို့ဘက်က ဘယ်လောက်တောင် ခံစားနာကျင်ရမလဲဆိုတာ အခုမှ နောင်တရမိတယ်၊ အန်တီ တော်တော်မိုက်မဲခဲ့မိတာပဲ၊ မင်းအပေါ်မှာရော"

"နီ အားယားတာ မထားပါဘူး အန်တီ၊ အန်တီလည်း အဲဒီ အပြစ်တွေ မေ့နိုင်အောင် ကြိုးစားလိုက်ပါ၊ ဆစ်ထန်အပေါ် မိခင်မေတ္တာ ပြည့်အဝနဲ့ ဖြူဖြူစင်စင် ပေးဆပ်ချင်သေးတယ်မဟုတ်လား၊ သူပြန်လာတဲ့အထိ အားတင်းပြီး စောင့်နေရမှာပေါ့"

"အန်တီ မစောင့်နိုင်တော့ဘူး ထင်တယ်၊ ဘယ်အချိန်ဆိုတာ ကြိုလင့်လို့မှမရတော့တာ၊ ဘယ်နေရာမှာရှိနေတယ်၊ ဘယ်နေ့ပြန်ရောက်မယ်ဆိုတာ ပန်းနီနီ သေချာသိသလား"

လေးဆင် ထုံ့နှေးစွာပင် ခေါင်းရမ်းပြမိ၏။ သူမ တကယ် သေချာမသိပါ။ အရိပ်လို လိုက်နေသလားဟု ထင်ယောင်ထင်မှား ရှာဖွေကြည့်သော်လည်း တွေ့မှမတွေ့ဘဲ။

တကယ်ဆို သူမရှေ့မှာ ကိုယ်ထင်ပြ၍ အလွမ်းဖြေပေးသင့်သည်။ အဝေးများနှင့် ဒေးငိုင်နေသည်မှာပင် ဒေါ်မြသားနွယ်ကို ဆုပ်ကိုင်ထားမိသော သူမ လက်ကလေး နွေးခနဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမလက်ကလေးကို ဒေါ်မြသားနွယ် မိထွေးဆုပ်ကိုင်ထားသည် ပဲ။

''မင်းနဲ့ စကားပြောပြီးတဲ့အချိန်ကစပြီး သားအကြောင်းကို နေ့စဉ်လိုလို တွေးဖြစ်တယ်၊ သူ့အပေါ် သံယောဇဉ်ရှိရုံလေးပဲလားလို့ပေါ့ ဟင့်အင်း အဲဒီလောက်လေးပဲ မဟုတ်ဘူးလို့ အန်တီ သိလိုက်ရတယ်၊ သားအရင်းတစ်ယောက်လိုကို အန်တီ ချစ်နေခဲ့တာပါ။ ဒီစကားလေးကို အန်တီကိုယ်တိုင် ပြောခွင့်မကြုံတော့ရင် ကိုယ်စားပြောပေးပါလား ပန်းနု''

''အန်တီ''

''မင်းကိုလည်း အန်တီ တောင်းပန်ပါတယ်၊ ဆစ်ထန်နဲ့မင်းကို အန်တီ ခမ်းခမ်းနားနား လက်ထပ်ပေးပြီး သတို့သားရဲ့မိခင်နေရာမှာ အန်တီ မော်ကြွားဂုဏ်ကြွားချင်လိုက်တာကွယ်''

''အန် အန်တီရယ် အဲလိုမျိုး ဖြစ်ချင်တယ်ဆိုရင် ဆေးရုံတက်လိုက်ပါလား၊ မိခင်နေရာက ရှိနေပေးမယ့် အန်တီ့ကို နု မြင်ချင်ပါ၊ ဆစ်ထန် ရောက်လာရင်လည်း ဆစ်ထန်ကလည်း အန်တီ့ကိုမြင်ရ သူ့ကိုလိုက်ရှာပြီး အန်တီ့ရှေ့ကို နု ခေါ်လာခဲ့ပါမယ်''

စိတ်တွေလျှော့ချလိုက်မှာနိုးရိမ်၍ ပန်းနုနု တတွတ်တွတ် ပြော ပေးနေမိသည်။ နွမ်းယဲ့ဖျော့တော့နေသော ဒေါ်မြသားနွယ်ကိုကြည့်၍ တစ်ခုခုဖြစ်သွားမလား တွေးပူကာတုန်လှုပ်နေမိ၏။



ဒေါ်မြသားနွယ်က သူ့ကိုယ်သူ သိနေသလိုမျိုးဖြင့်

''အခုမှ ဆေးရုံတက်လည်း ဘာမှထူးလာတော့မှာ မဟုတ်ပါ ဘူး။ အန်တီ သူတို့ကို စောင့်နေခဲ့တယ်၊ ဖြစ်ပျက်ခဲ့သမျှတွေအတွက် တောင်းပန်ချင်လို့ပါ၊ ကိုယ့်ကိုယ်ကိုယ်လည်း ဒီတစ်သက် နောင်တရစရာ အကြောင်းမရှိတော့ဘူးလို့ ထင်တာ၊ ဒါပေမဲ့ သူတို့တွေ ထားသွားတော့''

ဒေါ်မြသားနွယ် အင့်ခနဲ ရှိုက်သံသဲ့သဲ့ တိုးထွက်လာ၏။ ပိန်ကျ သွားသော ပါးပြင်လေးထက်မှာ မျက်ရည်စီးကြောင်းနှစ်သွယ်။

''အန်တီရယ်''

''သားကြီးဆီကိုတောင် မသွားဖြစ်ဘူး၊ သူတို့ပြန်ရောက်လာရင် အန်တီနဲ့မတွေ့လိုက်မှာစိုးလို့ ကုမ္ပဏီမှာ ဘာတွေဖြစ်နေလဲ၊ မရောက်ဖြစ် တော့ဘာလည်း သူတို့ကြောင့်ပဲ ဥပေက္ခာပြုခံရတဲ့ဘဝ၊ တကယ်ကြောက် စရာကောင်းတာ ချမှသိတယ်၊ ဆစ်ထန်လေး အန်တီရဲ့ဥပေက္ခာတွေ ကြောင့် ဘယ်လောက်တောင် စိတ်ပင်ပန်းရှာမလဲ''

မောဟိုက်ပင်ပန်းနေသောအသံနှင့် ပြောစရာစကားတွေ ရပ် တန့်ပါတော့လို့ သူမ မပြောရက်ပေ။ နောက်ဆုံးမှာတမ်း ခွဲခြင်း မဖြစ်ပါ စေနဲ့ဟုသာ ရင်ထဲမှာ ကြိတ်၍ ဆုတောင်းနေမိသည်။

ဘာလုပ်ရမလဲ။ ဆစ်ထန်ကို ဘယ်မှာလိုက်ရှာရမလဲ။

မိတ္တူကို တိုးတိုးတိတ်တိတ် မိသားစုဆရာဝန် ခေါ်ခိုင်းလိုက်ပြီး ဒေါ်မြသားနွယ် ငြိမ်းဆန်နေသည့်ကြားက ဆေးစစ်ခိုင်း ကုသခိုင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ဆရာဝန်ကြီးက စမ်းသပ်နေရင်းက ခေါင်းတရမ်းရမ်း။ အချိ့ သိပ်မကျန်တော့ဘူးဟု တိုးတိတ်စွာ သတိပေးပြီး ပြန်သွားသည်။ ကိုယ် သွေးရင်းသားရင်းလိုပင် ရင်မှာဆို့နစ်ဝမ်းနည်းနေမိ၏။ ဒီအချိန်လေးပ ဆစ်ထန်နှင့် သူ့အဖေ အမြန်ဆုံး ပြန်ရောက်လာဖို့ သူမ ဘယ်လိုလုပ် မလဲ။

ခေါ်မြသားနွယ်ကို အထီးကျန်စွာ မသေဆုံးစေချင်ပါ။

◻ ◻ ◻

## အခန်း (၃၆)

"ဦးမောင့်မောင်ဦး ညှိုသည်ရောက်နေပါတယ်"

အသံကြားတော့ နောက်ပြန်လှည့်ရသည်။ အခုမှ သားပြန် သွားလို့ ကိုယ်နေသော အခန်းဆောင်လေးထဲဝင်ဖို့ ပြင်နေတာ။

ညှိုသည်ဆိုတော့ ဘယ်သူများလဲလို့ အံ့ဩရသေးသည်။ ဒီ ရိပ်သာကျောင်းမှာ တရားထိုင်တာ မြသားနွယ်ကလွဲ၍ ဘယ်သူမှမသိ။ ဒါတောင် မြသားနွယ် တစ်ခေါက်နှစ်ခေါက် လိုက်လာဖူးလို့ပါ။

"အန်ကယ်"

"ဟင်"

ရှေ့ရောက်လာသော မိန်းကလေးကို မသိပါ။ ဘာအကြောင်း ကိစ္စဆိုတာမသိပေမယ့် ညှိုဝတ်ကျေစွာ ထိုင်ခုံလေးမှာ ထိုင်ခိုင်းရသည်။

"သမီးက အန်ကယ့်ကို သိသလား"

"ဟုတ်ကဲ့ ဒါပေမဲ့ အခုမှ မြင်ဖူးတာပါ၊ ကျွန်မက ဆစ်ထန်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဪ သမီး အန်ကယ် သိပါပြီ၊ သားတောင် အခုလေး
အန်ကယ့်ဆီ လာသွားတယ်"

"ရှင် ဆစ် ဆစ်ထန် လာသွားတယ်"

"ဟုတ်တယ် သမီး၊ အန်ကယ့်ကို မြသားနွယ်ဆီ ပြန်နိုင်း
တာ သမီးကိုရော သူ လာတွေ့တယ် မဟုတ်လား"

"ဟင့် ဟင့်အင်း မတွေ့ဘူး၊ သူ မလာဘူး အန်ကယ်"

"ဪ"

ဘာကြောင့်ရယ်ဆိုတာ သဘောပေါက်လိုက်သလိုရှိသည်။ သ
က် ချစ်သူမိန်းကလေးကိုပါ ရှောင်တိမ်းနေခဲ့တာပဲ။

"သူ ရန်ကုန်ပြန်ရောက်တာ ကြာပြီတဲ့လား၊ ဘယ်မှာနေ
တာတဲ့လဲ"

"အဲဒါတော့ အန်ကယ် မမေးလိုက်မိဘူး၊ သူလည်း ပြ
မသွားဘူး၊ သူ့သူငယ်ချင်း မျိုးမင်းဆီ ရောက်နေမလားတော့ မသိ

မျိုးမင်းဆီ သွားမေးပြီးပြီဟု ပြောပြမနေတော့။ ဒီကိုရောက်
ရသည့်အကြောင်းအရင်းက ပိုအရေးကြီးနေသည်။

"အန်ကယ်"

"ပြော သမီး"

"ဒေါ်မြသားနွယ် နေမကောင်းဘူး"

"ဟင်"



"နောက်ဆုံးအချိန် ဖြစ်နေမလားတောင် မသိဘူး၊ အန်ကယ်နဲ့
ဆစ်ထန်ကို သူ စောင့်နေတာ"

"ဘာ မြ မြသား အဲလိုအခြေအနေတောင် ဖြစ်နေလား၊
ဘာကြောင့် အဲလို ဖြစ်သွားတာလဲ"

အသံတွေ တုန်ယင်လို့ ရင်မှာအထိတ်တလန့်ပါ။ တုတ်ကောက်
ကို ကိုင်ထားသည့်လက်တွေလည်း တဆတ်ဆတ် တုန်လို့။

ပန်းနီနီ မျက်ဝန်းအိမ်က မျက်ရည်တွေ ရစ်ဝိုင်းနေကာ

"ဆစ်ထန်နဲ့အန်ကယ် ထွက်သွားမှ သူ့ရဲ့အမှားတွေကို ပြန်
မြင်လာတယ် ထင်ပါတယ်၊ အဲဒီနောင်တတွေနဲ့ သူ့ကိုယ်သူ အပြစ်ပေး
ခတ်တာ၊ ဆေးမကုသဘဲ အဲလိုနေလိုက်တော့"

"ကျွတ် မြသားက ဘာလုပ်လုပ် တစ်ဖက်စွန်းရောက် လွန်း
တယ်၊ အခု ဘယ်လိုလုပ်ကြမလဲ၊ မြသား ဆေးရုံမှာလား သမီး"

"မဟုတ်ဘူး အိမ်မှာပဲ၊ မိတ္တူးနဲ့ထားခဲ့ပြီး အန်ကယ့်ဆီ ထွက်လာ
ခဲ့တာ၊ မိတ္တူးက ဒီမှာ ရှိနိုင်တယ်ဆိုလို့"

"ဟုတ်တယ် အိမ်ကထွက်ကတည်းက ဒီမှာလာနေတာ၊ ဒီဘုန်း
ကြီးကျောင်းမှာ သိမ်ဆောက်ပြီး လှူထားတော့ ဘုန်းကြီးက အစစအရာ
ရာ ဂရုစိုက်ပါတယ်၊ ဘုရားရိပ်တရားရိပ်က အရမ်းအေးချမ်းတယ်လေ၊
မာနကြီးလွန်းတဲ့ မြသား ဒီလိုတွေဖြစ်နေမယ် မထင်တာကြောင့် ကြာကြာ
နေဖြစ်သွားတာ"

www.burmeseclassic.com

www.burmeseclassic.com



နောင်တရသွားတာ ဟုတ်ဟန်မတူပေမယ့် စိတ်ထိခိုက်သွားတာတော့ ဦးမောင်မောင်ဦး ဟန်ပင်မဆောင်နိုင်ပေ။

တုတ်ကောက်ကို အားပြုကာ ထရပ်လိုက်ပြီး

"အန်ကယ် တက္ကစီငှားပြီး အိမ်ကို အမြန်လိုက်သွားမယ်၊ သမီးက မျိုးမင်းဆီသွားပြီး သားအကြောင်း စုံစမ်းလိုက်ပါ၊ အဲဒီမှာ ရှိတယ်ဆိုရင် တစ်ခါတည်း ခေါ်လာခဲ့ပါ သမီး"

"ဟုတ်ကဲ့ သူ အဲဒီမှာ ရှိမနေဘူးဆိုရင်"

"မြသားအနားကို ပြန်လာပေးပါ သမီးရယ်၊ မာနတွေကြီးလို့ အတွယ်တာမဲ့ဘဝနဲ့ အထီးကျန်ပြီး ထွက်မသွားစေချင်ဘူး"

"ဟုတ်ကဲ့ နီမှာလည်း အဲလိုဆန္ဒမျိုး ရှိပါတယ်၊ နီကို ခွင့်ပြုပါဦး အန်ကယ်"

နှုတ်ဆက်ပြီး အမြန်ဆုံး ပြန်ထွက်လာခဲ့သည်။ ဆစ်ထန်နဲ့သူ့အဝင်အထွက်လေးပဲ လွဲတာပေါ့။ ဒီထိအောင်တောင် ရောက်လာပြီးမှ သူမကို လာမတွေ့တာ ဆစ်ထန် ရက်စက်လွန်းသည်။ ဒါပေမဲ့ စိတ်မနိုင်တာ ဝင်္ကြေးတစ်ခုပဲ ထင်၏။ ကိုမျိုးမင်းဆီမှာရော သူ ရှိနေပါ့မလား။

"ကိုမျိုးမင်း"

"ဩော် ပန်းနီနီ လာလေ ထိုင်"

ဈေးဝယ်တစ်ယောက်ကို ပိုက်ဆံရှင်းပေးနေသော ကိုမျိုးမင်းက ပျာပျာသလဲပင် ထိုင်ခိုင်း၏။ သူမမှာတော့ ထိုင်ပင်မထိုင်နိုင်ဘဲ စိတ်ရော





မျက်လုံးရော ဂနာမငြိမ်ပါ။ ဆစ်ထန်နှင့်ပတ်သက်ပြီး ဘယ်မှာနေတယ် ဘယ်မှာစားတယ်ဆိုတာ ကိုမျိုးမင်း သိကိုသိနေရမည်ဟု ယုံကြည်နေမိသည်။

"ဆစ်ထန် ဒီမှာရှိတယ် မဟုတ်လား ကိုမျိုးမင်း"

"ဗျာ မ မရှိပါဘူး ပန်းနီနီရဲ့၊ ဟိုတစ်ခါတည်းက ကျွန်တော် သေချာပြောလိုက်သားပဲ"

"ကိုမျိုးမင်း လိမ်နေတယ်လို့ တပ်အပ်မစွပ်စွဲချင်ပေမယ့် သူ့အဖေဆီကိုတောင် လာသွားတယ်ဆိုတော့ ကိုမျိုးမင်းဆီ သူ ရောက်မလာဘဲ နေမှာမဟုတ်ဘူး"

"ဟို ကျွန်တော်"

"မှသားပဲဆိုရင် ရှင်းမပြပါနဲ့တော့ ကိုမျိုးမင်း၊ နီကို သူမေ့နိုင်တယ်ဆိုရင် မေ့ပါစေတော့၊ နီဘက်က နားလည်မှုတွေပေးနေပါလျက်နဲ့ သူ စွန့်ပစ်ရက်တယ်ဆိုရင် နီ မတောင့်တတော့ပါဘူး၊ ဒါပေမဲ့ သူ့အမေရဲ့နောက်ဆုံးအချိန်လေးမှာတော့ သူ့ကိုအနားမှာရှိစေချင်တယ်"

"ဗျာ ဒေါ်မြသားနွယ်ကို ပြောတာလား၊ ဒေါ်မြသားနွယ် ဘာဖြစ်"

"ဆစ်ထန်နဲ့ သူ့အဖေ အိမ်ကထွက်သွားကတည်းက စိတ်ကတ်ကျ၊ နောင်တတွေရနဲ့ တစ်ယောက်တည်း အထီးကျန်ရတဲ့ အခြေအနေကို သူ ခံနိုင်ရည်မရှိ ဖြစ်သွားတာ၊ ပထမတစ်ခေါက် နီကို လာတွေ့



www.burmeseclassic.com

www.burmeseclassic.com



ပြီးကတည်းက ထင်ပါတယ်၊ အခု သူ ခံစားရတဲ့ဝေဒနာတွေ ကျူး
သွားပြီ၊ ဆရာဝန်ကပါ လက်လျှော့သွားပြီ ကိုမျိုးမင်း"

"ဟာ အဲ အဲဒီအခြေအနေတောင် ရောက်သွားပြီလား"

"အဲဒါကြောင့် ဆစ်ထန် အပေကို နီကိုယ်တိုင် သွားခေါ်ပြီ
ဒေါ်မြသားနွယ်ဆီ လွှတ်လိုက်တာ၊ အခု နီ ပြန်သွားရင် ဒေါ်မြသားနွ
အသက်ကိုတောင် မီပါ့မလား မသိဘူး"

"မင်း တ တကယ်ပြောနေတာလား နီ"

"ဟင် ဆစ်ထန်"

အနားရောက်လာပြီး တုန်လှုပ်စွာအမေးမှာ ပန်းနီနီ အံ့အ
သင့်သွားမိသည်။ ဘယ်ကဘယ်လို ဝင်လာတာလဲ၊ အစတည်းက ဒီမှ
ရှိနေတာလား သူမ မသိပါ။

ကတုန်ကယင်နှင့် သူမရှေ့ ပြုံးပြုံးဖျာဖျာ ရောက်လာသ
ဆစ်ထန်ကို သူမ ဆွေးမြေ့စွာပင် ခပ်ငေးငေးကြည့်ဖြစ်သည်။

"ထန်ရယ် ဒီမှာရှိနေရဲ့နဲ့"

"ဘာကြောင့်ဆိုတာ မျိုးမင်း ပြောပြသွားပြီးပြီမဟုတ်လ
နီကို ချစ်ပေမယ့် ပိုင်ဆိုင်ဖို့ မကြိုးစားရဲလောက်အောင် ကိုယ့်မှာ အ
အားမဲ့နေပါတယ် နီရယ်၊ နီအချစ်ကို မယုံကြည်လို့မဟုတ်ပါဘူး၊ နီ
နားလည်ပေးနိုင်မှုတွေကို မလေးစားလို့ မဟုတ်ပါဘူး ဒါပေမဲ့"

"အဲဒီ ဒါပေမဲ့ရဲ့နောက်က ပြေရှင်းမှုတွေ ဆင်ခြေတွေကို

[illegible]



နားမထောင်ချင်ဘူး ထန်၊ နီက ထန် ထားခဲ့ရက်တယ်ဆိုလည်း သစ္စာ
ဖောက်မယ့်သူပါ၊ ဒါပေမဲ့ အစားထိုးလို့မရနိုင်တဲ့ မိဘမေတ္တာကိုတော့
ထန် ဒီထက်ပိုပြီး ဥပေက္ခာမပြုသင့်ဘူး"

"မေမေ ဘယ်မှာလဲ၊ ဆေးရုံမှာလား"

"ဟင့်အင်း အိမ်မှာ"

"ဘာလို့ ဆေးရုံမတက်တာလဲ၊ ဘာလို့ အဲလို ဖြစ်သွားတာလဲ"

"ထန်တို့ ထားခဲ့လို့ ရင်ကွဲနာကျသွားတာ၊ ထန် အချိန်မီ
တောင်းပန်သင့်တယ်"

"နောက်ဆုံးဆိုတဲ့ စကားကြီးနဲ့ နိုင်ပိတ်မထင်ပါနဲ့၊ မေမေ့ကို
အဲလို အဖြစ်မခံနိုင်ဘူး"

"ဒါဆို ထန်ကိုယ်တိုင် သွားပြောပါ၊ အသေမခံနိုင်ဘူး၊ အတူတူ
နေမယ်လို့ ဒေါ်မြသားနွယ်က ထန်ကို အရမ်းတွေ့ချင်နေရှာတာ၊ ထန့်
ကို သူ့သားအရင်းလို ချစ်တယ်တဲ့၊ နီကို ပြောပြတာ"

"ဆစ်ထန် ဟိတ်ကောင် မင်းအခုသွားတော့၊ အသက်မမီရင်
မင်း နောင်တရနေရဦးမယ်"

မျိုးမင်းက တိုက်တွန်းသည်၊ ပန်းနီနီက လက်ဆွဲခေါ်၏။

မေမေ ဒီလိုဖြစ်နေသည်ဆိုတာ သူ မယုံကြည်နိုင်သေးပါ။ ဒီ
အဖြစ်အပျက်တွေ အမှန်မဟုတ်ပါစေနှင့်ဟု ဆုတောင်းနေမိပါသော်
လည်း . . . ၊

□ □ □

[illegible]

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၇)

"မေမေ"

ပါးစပ်ဖျားကတောင် အသံထွက်မလာနိုင်ပါ။ ရင်ထဲမှာသာ တုန်နိုက်အက်ရှလျက် နင့်သီးစွာ ခေါ်လိုက်မိခြင်းပင်၊

ပိန်လှီဖျော့တော့နေသော မေမေ့ရုပ်ခန္ဓာက ဘယ်လိုမှ မြင်ရက်စရာမရှိ၊ ဘယ်မှာလဲ အရင်က အလှမာန်တွေ နေမာန်ပေ့ မောက်မာမှုတွေနှင့် မျက်လုံးစိမ်းများ။

"မေမေ"

အနားတိုးသွားကာ လက်ကလေးကို ဖွဖွဆုပ်ညှစ်၍ ခေါ်မိသည်၊ မျက်လုံးလေး လည်လာသော်လည်း သူ့ကိုကြည့်နေတာမှုတ်မဟုတ်၊ သူ့အသံကို မှန်းဆကာဖြင့် မေမေ ငယ်ပယ့်လေး ပြုံး၏။



သားလို့ ခေါ်လေ မေမေရယ်၊ ကျွန်တော် နားထောင်ချင်လို့ပါ။ ဆစ်ထဲနင်လို့ မာထန့်စိမ်းပြုံးစွာပဲ ခေါ်ခဲ့ဖူးတာ မဟုတ်လား။ နူးညံ့ညင်သာတဲ့အသံလေးနဲ့ နောက်ဆုံးအနေနဲ့ဖြစ်ဖြစ် သားဆိုတဲ့ ခေါ်သံလေးကို ကြားချင်လှပြန်းသို့ပါ။

မေမေ ပြုံးနေတယ်။ ကျွန်တော် ရောက်လာတာကို သိနေတယ် မဟုတ်လား။ ဖေဖေ့ကိုရော ဘာတွေပြောလိုက်သေးလဲ၊

ကျွန်တော် ရောက်မလာခင် ဖေဖေ့ကို တောင်းပန်ပါတယ်လို့ ပြောလိုက်သေးလား မေမေ။ ကျွန်တော့်ကို ခုထိ မုန်းနေတုန်းပဲ ဘာတစ်ခွန်းမှ မပြောချင်တော့ဘူးလား၊

"မေ မေမေ မေမေ"

"သား သား မေမေဆုံးပြီ၊ မျက်လုံးတွေ မှိတ်ပေးလိုက်ပါ သားရယ်၊ သူ့ အသေဖြောင့်အောင် မျက်လုံးတွေ မှိတ်ပေးလိုက်ပါ"

"မဟုတ်အင်း မဟုတ်ဘူး မေမေ မသေဘူး၊ မသေသေးပါဘူး၊ ကျွန်တော့်ကိုကြည့်နေတာ၊ ကျွန်တော့်ကို သားလို့ ခေါ်ဖို့ အားယူနေတာ၊ ကျွန်တော့်ကို ချစ်တယ်လို့ပြောဖို့ ပြုံးနေတာ"

"သား"

ဖေဖေက မေမေ့လက်လေးတွေကို ဆုပ်ကိုင်ထားသော သူ့လက်တွေကို ဆွဲဖြုတ်သည်၊ နူးညံ့သအေးယောင် ထင်ရသော မေမေ့မျက်လုံးတွေကို အသာလေး မှေးမှိတ်ပစ်၏၊

www.burmeseclassic.com

www.burmeseclassic.com



"မ မလုပ်နဲ့ မေမေ့မျက်လုံးတွေကို မပိတ်လိုက်ပါနဲ့၊ ဒီမျက်လုံး ဒီအပြုံးမျိုး ကျွန်တော် တစ်ခါမှ မခံစားဘူးလို့ပါ မေမေ၊ မေမေ ကျွန်တော့်ကို ချစ်တယ်ဆို၊ နီ့ကိုပြောခဲ့တာလား၊ ကျွန်တော်က မေမေ့ပါးစပ်က ပြောတာကို ကြားချင်တာ မေမေရ၊ မေမေ့မေတ္တာတွေကို အနမ်းလို့ချင်တာ၊ တောင့်တခဲ့တာပါ မေမေရယ်"

"ထန်"

ပန်းနီနီက သူ့ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ကာ နှစ်သိမ့်၏၊ သူ နီ့ကိုဖက်ကာ ကလေးတစ်ယောက်လို အသံကုန်ဟစ်၍ ငိုကြွေးပစ်လိုက်သည်။

"နီရယ် မေမေက ကိုယ့်ကို စကားတစ်ခွန်းမှ ပြောမသွားဘူး၊ သားလို့တစ်ခွန်းခေါ်မသွားဘူး၊ ကိုယ့်ကို အခုထိ မုန်းနေတာ၊ ဒီအမုန်းတွေကို သံသရာထိ သယ်သွားပြီထင်တယ် နီရယ်"

"မဟုတ်ပါဘူး ထန်ရယ်၊ ထန်ရောက်လာတဲ့အထိ ဆေးနာတွေကို ကြိတ်မှိတ်သည်းခံပြီး စောင့်နေခဲ့တာပါ၊ သူလည်း ထန့်ရဲ့အချစ်တွေကို အပြည့်အဝခံစားပြီးမှ ထွက်သွားချင်ရှာမှာပါ၊ တရားနဲ့ဖြေပါ ထန်ရယ်၊ ဒီလိုတွေ ဖြစ်လာမယ်လို့ ဘယ်သူ ကြိုသိမှာလဲ"

"မေမေကတော့ ကြိုသိနေလိမ့်မယ်၊ ဒီလိုမျိုး သေသွားရင် ကိုယ်တို့သားအဖ ပူကျုံးမရ ခံစားရမယ်ဆိုတာ မေမေ သိနေမှာ၊ မေမေ အနိုင်နဲ့ပိုင်းသွားတာ၊ မေမေ အနိုင်ယူသွားတာ"





"ထန်"

"တောက် မေမေ ကျွန်တော် မကျေနပ်ဘူးဗျာ၊ ဒီလိုပုံစံမျိုးနဲ့ အနိုင်ပိုင်းသွားတာ ကျွန်တော် မကျေနပ်ဘူး၊ ကျွန်တော့်ကို အရင်ကလို မျက်လုံးစိမ်းတွေနဲ့ ကြည့်ပြီး တိုက်ခိုက်ပါလား၊ ရက်စက်ပါလား၊ စိန်ခေါ်ပါလား၊ မေမေ စိတ်ချမ်းသာအောင် ဒီတစ်ခါ အရှုံးပေးပါမယ် မေမေရဲ့၊ သား မေမေကို ပြန်မပြောတော့ဘူးလေ မေမေရယ်၊ ရှိုင်းရှိုင်းစိုင်းစိုင်း မတုံ့ပြန်တော့ပါဘူး၊ မင်းက ငါ့သားမဟုတ်ဘူးလို့ ပြောလည်း မနာကျင်တော့ပါဘူး၊ ဘာလို့ အခုလို အရှုံးပေးသွားတာလဲ မေမေ မေမေ"

သူ့ရူးသင်ယောက်လို တတွတ်တွတ် ပြောသည်။ မေမေ ကြားလောက်အောင် အံကြိတ်တက်ခေါက်ပြ၏။

မေမေက အပြုံးပျက်မသွား၊ အငိုလို ရန်လိုစွာ အော်ငေါက်ဆူပူမာန်မဲခြင်းလည်း မရှိ။

ဒီဘဝ ဒီမျှပါပဲလို့ နှုတ်ဆက်နေတာလား၊ ဟင့်အင်း လက်မပြနဲ့ နှုတ်မဆက်ပါနဲ့ မေမေ၊ သားအရင်းတစ်ယောက်အဖြစ်နဲ့မဟုတ်တောင် နောင်ဘဝတွေမှာ ပြန်ဆုံချင်ပါသေးတယ်။

သားက မေမေ့ကိုသိပ်ချစ်တာ၊ သိပ်ချစ်တာပါ မေမေရယ်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

BURMESE CLASSIC .com

ရပ်တန့်သေဆုံးခြင်းဆိုတဲ့အရာတွေထဲမှာ အချိန် နာရီ စက္ကန့်တွေမပါ။ သဘာဝရဲ့တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်လို့ တရွေ့ရွေ့ လွန်မြောက်ကုန်ဆုံးခဲ့သည်။

အထီးကျန်သောနေ့ရက်တွေကို မေမေ နာကျင်စွာ ဘယ်လိုဖြတ်သန်းခဲ့လဲ။ အသက်ကိုရင်းပြီး သက်သေပြခဲ့တာလား။

နောင်တတွေဖြင့် တမြေ့မြေ့ကျွမ်းလောင်အောင် မေမေ၏ အပြစ်ဒဏ်ချခဲ့သည်။ တစ်သက်စာ နာကျင်စေတော့တဲ့။

"ထန် ခုထိ မဖြေနိုင်သေးဘူးလား ထန်ရယ်၊ ထန် ဒီလိုကြီး ခံစားနေရင် တမလွန်ကနေ ထန် မေမေ စိတ်ကောင်းပါ့မလား"

"မေမေ ကိုယ့်ကိုကြည့်နေမယ်လို့ ထင်သလား။ ကြည့်နေခဲ့ရင်တောင် ကိုယ် ဒီလို ခံစားနေတာမြင်ပြီး မေမေ ဝမ်းသာနေမှာ"

"ထန်ရယ် ဘာလို့ တစ်ဖက်စွန်းရောက်တဲ့ အတွေးတွေ့





အမေ့ကိုပစ်မှားနေတာလဲ၊ ဒေါ်မြသားနွယ်က ထန့်တို့ကို တမ်းတရင်းနဲ့ အသေဖြောင့်ခဲ့ရှာတာ မဟုတ်ဘူး၊ ပြီးတော့ ထန်အတွက် လုပ်ပေးသင့်တာတွေကို လုပ်ပေးခဲ့တယ်"

"ဘာ အဲဒါ ဘာပြောတာလဲ နီ၊ ကိုယ့်အတွက် လုပ်ပေးတယ်ဆိုတာ"

"ထန့်အဖေ ထန့်ကို ဘာမှပြောမပြသေးဘူးထင်တယ်၊ ဒေါ်မြသားနွယ်က လုပ်ငန်းတွေကို ထန် နာမည်နဲ့ အားလုံး လွှဲထားခဲ့တယ်၊ ရှေ့နေကြီးကတစ်ဆင့် ထန် ဖေဖေကို စာချုပ်စာတမ်းတွေအားလုံး ပေးပြီးပြီ"

"ဟုတ်တယ် သား၊ ဖေဖေ့လက်ထဲကို အားလုံးရောက်နေပါပြီ၊ သားကို ဖေဖေ မပြောသေးတာက သားမေမေရဲ့ မေတ္တာတွေရလိုက်လို့ သားပိုပြီး နောင်တတွေနဲ့ ခံစားရမှာစိုးလို့ပါ၊ မြသားက ဖေဖေ ရောက်သွားတဲ့အချိန်မှာ သားကိုသားအရင်းလေးလို သူ သိပ်ချစ်တဲ့အကြောင်း သေချာ ပြောသွားခဲ့ပါတယ်၊ သားလိုချင်ခဲ့တဲ့ မေတ္တာတွေ၊ သက်ရှိထင်ရှားနဲ့ မပေးနိုင်လို့ သူ စိတ်မကောင်းဘူးတဲ့"

မေမေရယ်လို့ အသံတိတ်ညည်းညူရင်း သူ့ရင်တွေ အဆမတန် ဆို့နင့်နာကျင်သွားရသည်။ သေမှတသော နောင်တမျိုးဖြင့် သူ မျက်ရည်မကျချင်တော့ပါ။

ဘာကြောင့်များ သက်ရှိထင်ရှား ရှိစဉ်တွေအချိန်က ဒီလို



www.burmeseclassic.com

www.burmeseclassic.com



နားလည်မှုတွေ မရှိခဲ့ကြတာလဲ၊ မေတ္တာတွေဖြင့် ကြည်နူးဖွယ်မကောင်းခဲ့ကြတာလဲ။

အမုန်းတွေ နာကြည်းမှုတွေ၊ အာဃာတတွေဖြင့် အပြန်အလှန် ဘာလို့ တိုက်ခိုက်နေမိကြတာလဲ။ လူ့ဘဝသက်တမ်းက အချိန်တိုင်းခဏလေး။

အပြစ်တွေ အမှားတွေကို နားလည်မှုပေးပြီး ဖေးမဆက်ဆံမှန်းမသိ။ နောက်ဆုံးတော့ နောင်တတွေသာ တပွေ့တပိုက် ကျန်ရစ်ခဲ့တာ။ အခုမှ မေမေ မရှိတော့မှ။

ဒီပိုင်ဆိုင်မှုတွေကို ဘာလုပ်ရတော့မှာလဲ။

"အဲဒါတွေ အားလုံး ကိုကို ထောင်ကထွက်လာရင်ပေးလိုက်ပါ ဖေဖေ၊ သား ဘာမှမလိုချင်ဘူး"

"မင်းအမေရဲ့မေတ္တာကို အသိအမှတ် မပြုချင်ဘူးလား သား"

"ပယားငယ်ရဲ့သားပီပီ မိုက်ရိုင်းခဲ့မိလို့ မတန်ဘူးထင်လို့ပါ ဖေဖေ၊ မေမေ့အပေါ် သား ဘာကျေးဇူးမှ မဆပ်ဖူးခဲ့ဘဲနဲ့"

"အဲလိုတွေ မတွေးပါနဲ့တော့ သားရယ်၊ သားမေမေ ဆန္ဒတွေကို အခုထိ မကျေမနပ် အတိုက်အခံ လုပ်နေတယ်လို့ ဖေဖေ မယူဆချင်ဘူး"

"အဲလို မဟုတ်ပါဘူး ဖေဖေ"

"အေး မဟုတ်ရင် သားမေမေရဲ့ဆန္ဒ နောက်တစ်ခု ရှိသေး



တယ်"

"ဘာလဲ ပြောပါ ဖေဖေ"

"မြသားက သေသေချာချာ မှာသွားတာ၊ ပန်းနီနီနဲ့ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လက်ထပ်ပါတဲ့"

"ဗျာ"

"ဒါက သတို့သားရဲ့အမေနေရာကနေ သူ့ အလုပ်ပေးချင်တိုးဆန္ဒပဲ သား၊ ဖေဖေ့ကို ဒီစကားတွေပြောရင်းနဲ့ အမောဖောက်လာခဲ့တာ၊ သူ ဒီတစ်ခုတော့ ပြင်းပြင်းပြပြ တာဝန်ကျေသွားခဲ့ချင်ရှာတာ၊ အမုန်းတွေနဲ့ ဖြတ်သန်းခဲ့တဲ့အချိန်တွေကို အရမ်းနောင်တရတယ်တဲ့"

သူ့မျက်ဝန်းအိမ်က မျက်ရည်တွေ လိမ့်ခနဲ ကသောကမျောပြေးဆင်းလာကြ၏၊ ဒီမေတ္တာစကားတွေ ကိုယ်တိုင်နားနဲ့ မထောင်ခဲ့ရပါလား။ တကယ်သာ နားထောင်ခဲ့ရလျှင်လည်း ဒီထက်မက ယူကျုံးမရ ရင်ကျိုးမှာသေချာသည်။ ပန်းနီနီလည်း ထို့အတူ။

"ဒီစကားတွေ နီ့ကိုလည်း ပြောပြပြီးပါပြီ"

"နီက မေမေ့ဆီ ဘယ်လိုလုပ် ရောက်နေတာလဲ၊ မေမေက မင်းကို မုန်းနေသလို မင်းလည်း မေမေ့ကို မုန်းနေခဲ့တာ မဟုတ်လား"

"လူတစ်ယောက်နဲ့တစ်ယောက် အကြာကြီး မုန်းနေကြလို့မှ မဖြစ်ဘဲ ထန်ရယ်၊ ရှင်းပြပြောပြရင် နားလည်သွားကြတာပါပဲ၊ ထန်တို့ မရှိတဲ့အချိန်မှာ နီ့ကို ရင်ဖွင့်ပြောပြတော့ စာနာသနားမိသွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မာနကြီးမောက်မာတဲ့ မိန်းမတစ်ယောက်ရဲ့ အထီးကျန်မှုက ပိုပြီး သနားစရာ ရင်နာစရာကောင်းပါတယ် ထန်၊ အဲဒါကြောင့် ကိုယ့်အမေတစ်ယောက်လို လာပြီးပြုစုပေးနေမိတာ"

ဒီလိုဆိုတော့ ပန်းနီနီရဲ့စိတ်ထားဖြူစင်မှုလေးကို ပို၍လေးစားမိပြန်သည်။ ဖေဖေက တုတ်ကောက်ကိုကိုင်လျက် ခြေလှမ်းပြင်ကာ

"ဖေဖေ ရိပ်သာသွားလိုက်ဦးမယ်၊ သားတို့လည်း သွားအားပေးဆန္ဒပြည့်ဝအောင် အမြန်ဆုံးလက်ထပ်ဖို့ ပြင်ဆင်ကြကွာ"

ဖေဖေက ဒါပဲပြောပြီး ထွက်သွားသည်။ သူ မဝံ့မရဲဖြင့် ပန်းနီနီကို ငဲ့ကြည့်မိ၏။

ကိုယ်လွတ်ရုန်း ထွက်ပြေးသွားသော သူ့ကို ပန်းနီနီ မုန်းမနေခဲ့ဘူးတဲ့လား။

"နီ"

လက်ဖဝါးလေးကို ဆုပ်ညှစ်၍ တိုးသဲ့စွာ ခေါ်လိုက်စဉ်မှ ပန်းနီနီ မျက်လွှာလေးပင့်ကြည့်လျက် ရင်ခွင်ကျယ်မှာ မျက်နှာလေးအပ်၏။

"နီရယ် အခုလို ကိုယ့်အနားမှာ သစ္စာမပျက် အမုန်းမဖက်ဘဲ ရှိနေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကိုယ် တစ်နေ့မှ မေ့လို့မရပါဘူး၊ မေ့အောင်ကြိုးစားရင်းနဲ့ကို မေ့လို့မရခဲ့တာပါ"

"ထန် ကျိန်မပြောလည်း နီ ယုံပါတယ်၊ မေ့ဖို့ကြိုးစားရင်





မေ့လို့မရတဲ့အကြောင်းရင်းတွေ ရှိနေခဲ့တာပဲ"

"အဲဒါ ဘာလဲ"

"အချစ်လေ၊ ထန် နီ့ကို မုန်းလို့ရှောင်နေခဲ့တာမဟုတ်ဘူးဆိုတာ နီ သိပါတယ်၊ နီလည်း ထန့်ကို မေ့လို့မရတာ၊ ထန်ရဲ့ခံစားမှုတွေကို နားလည်နေခဲ့လို့ပဲပေါ့"

"အိပ်မက်ဆိုးတွေပဲ နီရယ်၊ ဖြစ်ပျက်ခဲ့သမျှထဲမှာ မေမေ့ကို ဆုံးရှုံးလိုက်ရတာ ရင်အနာဆုံးပဲ၊ မေမေ ဒီလိုဖြစ်သွားမယ်မှန်း သိရင် ကိုယ် ထွက်သွားမိမှာ မဟုတ်ပါဘူး"

"အဲလို နောင်တဆိုတာမျိုးတွေနဲ့ မကြုံရအောင် သတိထားဆင်ခြင်သင့်တာလို့ ပြောတာပေါ့ ထန်ရယ်၊ အခု ဖြန့်တွေ့ပြီး စိတ်ပကောင်းဖြစ်နေရပြီမဟုတ်လား"

"ဟုတ်ပါတယ် အဲဒါကြောင့် အခုတော့ အဲလို နောင်တမျိုးတွေ နောက်ထပ်ခါမရအောင် မေမေ့ဆန္ဒကို ဖြည့်ဆည်းတော့မယ်လို့ ဆုံးဖြတ်ထားတယ်"

ဘာလဲလို့ မမေးတော့ဘဲ ရင်ခွင်မှခွာကာ သစ်ထန်မျက်နှာကို မော့ငေးကြည့်လိုက်၏။ သစ်ထန် မျက်ဝန်းများက ရီဝေညှို့ငင်နေကာ အနည်းငယ် ပြုံးယောင်သမ်းလာပြီး

"မေမေက နီနဲ့ လက်ထပ်နိုင်းတယ်လေ၊ အရင်က ကိုယ့်ကို မုန်းတဲ့စိတ်နဲ့ လက်မခံနိုင်ဖြစ်ခဲ့ပေမယ့် သေခါနီးအချိန်မှာ နီကို ချွေး



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်လို အသိအမှတ်ပြုသွားခဲ့တာ အံ့သြစရာပဲ"

"ဘယ်လိုပဲ အသိအမှတ်ပြုပြု ထန် စိတ်မပါရင် နီ့ကို လက်မခံပါနဲ့"

"ဘယ်လိုပြောလိုက်တာလဲ နီရယ်၊ ကိုယ် နီ့ကို မချစ်လို့ ထွက်ပြေးသွားတာ မဟုတ်ပါဘူး၊ အရမ်းကန့်ဖိုးကားလို့ ကိုယ့်ရင်တွေ အနာခံခဲ့တာပါ၊ အနုတော့"

"အလကား စတာပါ ထန်ရယ်၊ ထန် နီ့ကို ချစ်တယ်ဆိုတာ နီ ယုံပါတယ်၊ နီလည်း ထန်ကို အရမ်းချစ်တယ်၊ မေ့လို့မရအောင် [illegible]ပါတယ် ထန်ရယ်"

"နီရယ်"

[illegible] တွေးဖက်သိုင်းမှုက်ကာ နှုတ်ခမ်းပြင်ဝင်းဝင်းလေးကို မှုပ်ညှင်[illegible] [illegible]မ်းမွေးဆိုက်၏။

ဒီဝန်းကျင်[illegible] အမေ့ရဲ့ ဝိညာဉ်အရိပ်အာရောင်များရှိခဲ့လျှင် ကျေနပ်[illegible] [illegible]နိုင်ပါစေ။

[illegible] [illegible]ယ်ကျော့မှ မေ့မရတော့မယ့် မေမေ။

[illegible] နာကျင်စရာတွေကိုလည်း မမေ့ပါဘူး။

လုံမ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ

မေ့လို့မရသည့်အကြောင်းအရင်း





www.burmeseclassic.com